A Thousand Miles to Freedom
MY ESCAPE FROM NORTH KOREA
EUNSUN KIM
မိုင်ပေါင်းတစ်ထောင်
မြောက်ကိုရီးယားမှလွတ်မြောက်ခြင်း
စိန်ဝင်းစိန်
ဘာသာပြန်သည်
WHISPER OF WORDS

A Thousand Miles to Freedom

MY ESCAPE FROM NORTH KOREA

EUNSUN KIM

with SEBASTIEN FALLETTI

မိုင်ပေါင်းတထောင်

မြောက်ကိုရီးယားမှလွတ်မြောက်ခြင်း

စိန်ဝင်းစိန် ဘာသာပြန်သည်

[၁]

၁၉၉၇၊ ဒီဇင်ဘာ။

အွန်ဒီအုတ်လို့ခေါ်တဲ့ မြောက်ကိုရီးယားမြို့ကလေးက အေးစက်နေတဲ့ တိုက်ခန်း ကျဉ်းကျဉ်းလေး ထဲမှာ ကျွန်မတယောက်တည်း ရှိနေတာ သီတင်းတပတ်နီးပါး ရှိပါပြီ။ အွန်ဒီအုတ်က ကျွန်မရဲ့ ဇာတိမြို့ပါ။ ကော်ဖီစားပွဲနဲ့ ပန်းကန်စင်ကလွဲလို့ အိမ်မှာ ဘာပရိဘောဂမှ မကျန်တော့ဘူး။ အားလုံး ရောင်းစားလိုက်ရပြီ။ အခင်းကော်ဇောတောင် မကျန်တော့လို့ သမံတလင်းကြမ်းပြင်ပေါ်မှာ အဝတ်ဟောင်းတွေ ခင်းအိပ်နေရတယ်။ အခန်းနံရံတွေပေါ်မှာ 'ရာသက်ပန်သမ္မတကြီး' ကင်အီဆွန်း နဲ့ 'ချစ်လှစွာသော ခေါင်းဆောင်ကြီး' ကင်ဂျုံအီတို့ရဲ့ ဓာတ်ပုံနှစ်ပုံအပြင် တခြား ဘာတခုမှ မရှိတော့ဘူး။ ဒီဓာတ်ပုံနှစ်ပုံတောင် ရောင်းစားရင် သေဒဏ် ပေးခံရမှာကြောက်လို့ ကျန်နေတာ။

ဒီဇင်ဘာနှောင်းပိုင်း ညနေစောင်းမှာ မှောင်ရီသန်းလာပေမယ့် ကျွန်မရေးနေတဲ့စာကိုတော့ ကျွန်မ ဖတ်လို့ရပါတယ်။ နေဝင်သွားရင် အလင်းရောင် မရှိတော့ဘူး။ လျှပ်စစ်မီးဆိုတာ ဝေလာဝေး။ မီးသီးတွေ မရှိတော့တာလည်း ကြာပါပြီလေ။ အပူပေးစနစ်ကော ရှိသေးလားဆိုတော့ ဒါလည်း မရှိပြန်ဘူး။ ဒါပေမဲ့ ရက်ပေါင်းများစွာ အစာမစားရတော့ အေးလို့အေးမှန်း မသိတော့သလောက်ပါပဲ။ ကျွန်မ ငတ်လို့ သေတော့မယ် ထင်ပါရဲ့။

ဒါကြောင့် ဒီစာကို ကျွန်မ နောက်ဆုံးရေးခဲ့တာ။

ကျွန်မအသက် ၁၁ နှစ်ရှိပါပြီ။

* * *

အဲဒီနေ့ စောစောပိုင်း။

လွန်ခဲ့တဲ့ သီတင်းပတ်ထဲမှာ အမေနှင့် မမ ကီအွန်ဆန်ကို ရှာဖို့ ကျွန်မ သုံးကြိမ်မြောက် ဆုံးဖြတ်လိုက်တယ်။ သူတို့ အိမ်ကထွက်သွားတာ ခြောက်ရက်ရှိပြီ။ အွန်ဒီအုတ်မှာ စားစရာ မရှိတော့လို့ ရာဂျင်ဆွန် ဘောင်းမြို့မှာ စားစရာ သွားရှာကြတာ။ ကျွန်မကိုယ်ထဲက သတ္တိတွေ စုစည်းပြီးတော့ မြစ်ကူးတံတားကိုဖြတ်၊ အဲဒီနောက် လမ်းမကြီးအတိုင်း ဘူတာရုံဆီ ဦးတည်သွား။ လမ်းလျှောက်နေတဲ့လူတွေ သိပ်မတွေ့ရဘူး။ လူတိုင်းကို ကျွန်မ စေ့စေ့စပ်စပ် ကြည့်သွားလို့ရတယ်။ အမေပြန်လာတာကိုများ တွေ့မလားလို့ပေါ့။

ကျွန်မရဲ့ဘယ်ဘက်မှာ ကျွန်မစားနေကျ ခေါက်ဆွဲဆိုင် တဆိုင်။ တော်တော်လေးလှမ်းလှမ်းမှာ ကျွန်မတို့ မိသားစု ဓာတ်ပုံရိုက်ခဲ့ဖူးတဲ့ ဓာတ်ပုံဆိုင်တဆိုင်။ နောက်ဆုံးမှာ ဘတ်စ်ကားဂိတ်ကို ရောက်သွားတော့ ရာဂျင်ဆွန်ဘောင်းကို သွားတဲ့ ဘတ်စ်ကားကို အခမဲ့ စီးခွင့်ရလိုက်တယ်။ တစ်နာရီစီးရမယ့်ခရီးမှာ အခမဲ့စီးခွင့် ရလိုက်တယ်ဆိုတာက ကျွန်မဟာ ကလေးငယ်တယောက် ဖြစ်နေလို့ပါပဲ။

ခရီးစဉ်တလျှောက်လုံး ဖြတ်သွားတဲ့ကားတိုင်းကို အမေ့များ တွေ့မလားဆိုတဲ့စိတ်နဲ့ အသည်းအသန် လိုက်ကြည့်နေမိပေမယ့် အချည်းနှီးပါ။ ကားဂိတ်ရောက်တော့ ယူနီဖောင်းဝတ်ထားတဲ့ လူတွေကြားထဲ ကျွန်မရောက်သွား။ ကျွန်မရှေ့မှာ လျှပ်စစ်ခြံစည်းရိုးတခု။ ရာဂျင်ဆွန်ဘောင်းကို မဝင်နိုင်အောင် တားထားတာ။ မြို့ထဲကို ဝင်ဖို့ ခွင့်ပြုချက်လိုတယ်။ ဂိတ်ဝမှာ တစ်နာရီလောက် ကျွန်မ စောင့်ကြည့်နေမိတယ်။ ထွက်လာတဲ့လူတွေထဲမှာ အမေ့မျက်နှာများ မြင်ရမလားလို့။ ကံမကောင်းပါဘူး။ အမေ့ကိုရော၊ ကီအွန်ဆန်ကိုရော မတွေ့ဘူး။ နောက်ဆုံး စိတ်ဓာတ်ကျပြီး အိမ်ပြန်ဖို့ ဆုံးဖြတ်လိုက်တယ်။ မှောင်ရီသန်းလာပြီလေ။ ဒီခရီးကို အရင်က နှစ်ကြိမ် သွားခဲ့ဖူးပါ တယ်။ အခုတခေါက် သွားပြီးတဲ့နောက် အမေနဲ့ မမ ကျွန်မဆီကို ပြန်လာတော့မှာ မဟုတ်ဘူး ဆိုတာ သိလိုက်တယ်။ ကျွန်မကို သူတို့စွန့်ပစ်သွားတာလား။ အဲဒီအတွေးနဲ့ အမေ့အပေါ် နာကြည်းစိတ် ဝင်လာတယ်။ အမေသွားတုန်းက နှစ်ရက်၊ သုံးရက်အတွင်း စားစရာယူပြီး ပြန်လာမယ်လို့ ပြောသွားတာ။ မြောက်ကိုရီးယားငွေ ၂၅ ဝမ် ကျွန်မကို ပေးသွားတယ်။ ဒီလောက်ငွေဟာ အဲဒီတုန်းကတော့ အများကြီးလို့ ထင်မိခဲ့တာပေါ့။ ကျွန်မ ပျော်လိုက်တာ။ ကျွန်မဘဝမှာ အဲဒီလောက် ငွေများများ မကိုင်ဖူးခဲ့ဘူးရှင့်။ ပျော်လွန်းလို့ ကျွန်မမျက်လုံးတွေ အရောင်တောက်နေမယ် ထင်ပါရဲ့။ ကျွန်မဟာ တကယ့် လူကြီးတယောက်လို မြစ်ဘေးက ဈေးကိုသွား၊ ဈေးထဲမှာ တို့ဟူးတတုံးဝယ်ပြီး ဒုတိယအထပ်မှာရှိတဲ့ ကျွန်မတို့အခန်းလေးဆီ ပြန်လာခဲ့တယ်။ အခန်းထဲရောက်တော့ တို့ဟူးကို ဇွန်းလေးနဲ့ ကော်ပြီး အဆာပြေ စားလိုက်တယ်။ အမေနဲ့ မမ ပြန်မလာမချင်း စားရဦးမှာလေ။ ပြတင်းပေါက်ကနေပြီး လမ်းပေါ်လျှောက်သွားသူတွေကို နှစ်ရက်တိုင်တိုင် ကျွန်မ ငေးကြည့်နေခဲ့တယ်။ လွန်ခဲ့တဲ့ သီတင်းပတ်အနည်းငယ်အတွင်း ကျွန်မအဖေ ကွယ်လွန်သွားချိန် နိုဝင်ဘာ ၃၁ ရက်နေ့ကစ၍ ကျွန်မတို့ ညီအစ်မ ကျောင်းမတက်ရ တော့ဘူး။ တောင်တွေပေါ်မှာ သစ်တိုသစ်စတွေ လိုက်ရှာရတာနဲ့တင် အချိန်တွေ ကုန်လို့ ကုန်မှန်း မသိ။ အဲဒါတွေကိုရောင်းပြီး ကျွန်မတို့ အသက်ဆက်ရတာ။ ကျောင်းလည်း ပြန်မတက်ချင်တော့ ပါဘူး။ တူတူတန်တန် အဝတ်အစားမရှိလို့ ကျောင်းသွားရမှာ ရှက်နေမိ။ ကျွန်မတို့မှာ ရှိသမျှတွေ ရောင်းစားပြီး အစုတ်အပြတ်တွေ ဝတ်နေရတယ်။ အပြင်ထွက်သွားရင် ကျောင်းနေဖက် သူငယ်ချင်း တွေနဲ့ တိုးမှာကို ကြောက်နေရတဲ့ နေ့ရက်တွေပေါ့ရှင်။

၄၈ နာရီ ကျော်ပြီးတဲ့နောက် ဆာလောင်မွတ်သိပ်ခြင်းက ကျွန်မရဲ့အစာအိမ်ကို ကိုက်ဖြတ်နေကြ တယ်။ တို့ဟူးကုန်သွားတဲ့အခါ အခန်းထဲမှာ စားစရာ ဘာမှမကျန်တော့ဘူး။ အမေကလည်း ပြန်မလာသေး။ ကြမ်းပြင်ပေါ်လှဲပြီး မျက်လုံးတွေမှိတ်လို့ တစ်ကနေ တစ်ဆယ်အထိ စိတ်ထဲ ရေနေမိတယ်။ တစ်ဆယ်ပြည့်ရင်တော့ အမေ ရောက်လာမယ် ထင်ပါရဲ့။ ဒါပေမဲ့ ရောက်မလာတဲ့ အတွက် တစ်ဆယ်ကနေ တစ်ကို ပြောင်းပြန် ပြန်ရေပြန်တယ်။ ဒါလည်း မထူးပါဘူး။

မကြာခင် ကျွန်မ ထမင်းတွေ နပ်ကျော်ဖြစ်လာတယ်။ လသာဆောင်ပေါ်မှာ ဖုန်တွေတက်နေတဲ့ တရုတ်မုန်လာရွက်တွေ တွေ့တယ်။ ကျွန်မတို့ နေလှန်းတုန်းက ကျန်ခဲ့တာတွေပါ။ အဲဒီထဲက အကောင်းဆုံး အရွက် နည်းနည်းယူပြီး ဟင်းချိုချက်လိုက်တယ်။ ဒီဟင်းချိုနဲ့ပဲ ကျွန်မ အသက် ဆက်လိုက်တာ နှစ်ရက်ကြာပေါ့။

နောက်နှစ်ရက်လုံးလုံး ကျွန်မ ဘာဆို ဘာမှ မစားရဘူး။ ရာဂျင်ဆွန်ဘောင်းကိုသွားတဲ့ တတိယမြောက် ခရီးစဉ်ကလွဲလို့ အပြင်ထွက်ပြီး တောင်းဖို့ ရမ်းဖို့၊ ဒါမှမဟုတ် ခိုးဖို့ဝှက်ဖို့ ကျွန်မမှာ ခွန်အားမရှိတော့ဘူး။ ငတ်မွတ်မှုကြောင့် အစာအိမ်ထဲက နာကျင်တဲ့ဒဏ်ကို တတိတတိနဲ့ ကျင့်သားရလာပေမယ့် ခွန်အားတွေကတော့ ဆုံးရှုံးခဲ့ပြီ။ ကျွန်မ အိပ်ပျော်အောင် အိပ်ဖို့ ကြိုးစားတယ်။ မြေထုကြီး အက်ကွဲပြီး ကျွန်မတကိုယ်လုံးကို စုပ်ယူသွားသလိုပဲ။

ရုတ်တရက် ကျွန်မ မကြာခင် သေတော့မယ်ဆိုတာ သိလိုက်တယ်။ အမေပြန်လာတဲ့အခါ သိပ်ကို နောက်ကျနေမှာ။ မြောက်ကိုရီးယားမှာ အငတ်ဘေးကျရောက်တဲ့ ၁၉၉၀ ပြည့်လွန်နှစ်များ ကတည်းက ဒီတောင်ကို ကျော်နိုင်လိမ့်မယ် မဟုတ်ဘူးလို့ ကျွန်မထင်ခဲ့တာ။ ကျွန်မမှာ အဲဒီအထင် စွဲမြဲလာတာနဲ့အမျှ သေရမှာလည်း မကြောက်တော့ဘူး။ ဒါပေမဲ့ ဒီပုံအတိုင်းနဲ့တော့ လောကကြီးထဲက ထွက်မသွားချင်တာ အမှန်ပဲ။ ကျွန်မ စာရေးထားခဲ့ဖို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်မကြုံခဲ့တာတွေကို အမေသိအောင် စာရေးထားချင်မိတယ်။ အမေ့ကို စောင့်နေတဲ့အကြောင်း၊ အမေ့ကို ရှာတွေ့ဖို့ အကောင်းဆုံး ကြိုးစားခဲ့တဲ့အကြောင်း၊ ပြီးတော့ ကျွန်မ စွန့်ပစ်ခံရသလို ခံစားရတဲ့အကြောင်း။

ကော်ဖီစားပွဲ အံဆွဲထဲမှာ မှတ်စုစာအုပ်နဲ့ ခဲတံတချောင်း ထုတ်လိုက်တယ်။ မှတ်စုစာအုပ်စာရွက် တွေက အကောင်းစားတွေပါ။ ဆည်း ဆာချိန်ရဲ့ မှုန်ဝါးဝါးအလင်းရောင် အောက်မှာ ကျွန်မ စာစရေးလိုက်တာ တစ်မျက်နှာပြည့်သွားရော။

အမေ.... သမီးစာရေးခဲ့တယ်။ အမေ့ကို သမီးစောင့်နေတာ ခြောက်ရက်ရှိပြီ။ မကြာခင် အသက်ထွက်သွားတော့မလားပဲ။ အမေ ဘာဖြစ်လို့ သမီးဆီ ပြန်မလာသေးတာလဲဟင်။

စာကို အဆုံးသတ်ပြီးတဲ့နောက် ကျွန်မ မျက်ရည်တွေကျပြီး အမှောင်ထုက ကျွန်မကို တဖြည်းဖြည်း ဝါးမျိုသွားပါရော။ ရုတ်တရက် လှေကားဆီက အသံကြားလိုက်လို့ ကျွန်မ ရင်ခုန်သွား။

အို... အိမ်နီးချင်းတွေပဲ။ သူတို့အခန်းကို ပြန်လာကြတာ။ ကျွန်မစာကို ကော်ဖီစားပွဲပေါ် တင်ထားလိုက်တယ်။ မျက်နှာမှာ မျက်ရည်တွေရွှဲလို့။ ကျွန်မ တုံးလုံးလှဲပြီး မျက်လုံးတွေ မှိတ်ထားလိုက်တာ ဘယ်တော့မှ ပြန်နိုးမှာ မဟုတ်တော့ဘူး။

* * *

၂၀၁၁၊ မတ်။

အလိုအလျောက် တံခါးပိတ်သွားတယ်။ ကျွန်မတက်စီးတဲ့ ရထားက ဆိုးလ် မြေအောက်ရထား။ လိုဏ်ခေါင်းတွေကို ဖြတ်မောင်းစပြုနေတယ်။ မှန်ပြတင်းကို မှီထားရင်းနဲ့ ဥမင်လိုဏ်ခေါင်း နံရံတွေပေါ်က တောက်ပတဲ့ ရောင်စုံကြော်ငြာတွေကို မြင်နေရ။ ဘာအဓိပ္ပာယ်မှန်း မသိတဲ့ ကြွေးကြော်သံတွေလည်း ပါရဲ့။ ဆိုးလ်မှာ အရာရာတိုင်း မြန်ဆန် သွက်လက်နေလိုက်တာ။

ကျွန်မနာမည် အွန်ဆန်ကင်ပါ။ ဒီစာကို ရေးနေတဲ့အချိန်မှာ ကျွန်မ အသက် ၂၅ နှစ်ရှိပါပြီ။ ရှင်တို့ ကျွန်မကိုမြင်ရင် ကောလိပ်ကျောင်းသူတယောက်လို့ ထင်ကြမှာပဲ။ ကိုယ်လုံးကိုယ်ပေါက်က သေးသေးသွယ်သွယ်ဆိုတော့ ကျွန်မကို သူငယ်ချင်းတွေထက် ပိုပြီး အသက်ကြီးတယ်လို့ ထင်ကြမှာ မဟုတ်ဘူး။ မိနစ် ၄၀ အတွင်းမှာ တောင်ကိုရီးယားက အကောင်းဆုံး တက္ကသိုလ်ဖြစ်တဲ့ ဆိုဂန်းတက္ကသိုလ်ဂိတ်ဝကို ရောက်တော့မယ်။ ကျွန်မရဲ့ တက္ကသိုလ်နယ်မြေဟာ ဂုဏ်သတင်း ကြီးမားလှတဲ့ ကိုရီးယားတက္ကသိုလ်၊ ယွန်ဆေး တက္ကသိုလ်တို့လို မကြီးကျယ် မခမ်းနားပေမယ့် ကိုယ့်ရပ်ကိုယ့်မြေ၊ ကိုယ့်အိမ်ကိုယ်ရာလို ဖြစ်နေပြီ။

ကျွန်မမှာ အစီအစဉ်ရှိတယ်။ အနက်နဲ့ လိမ္မော်ရောင် ဆမ်ဆောင်း လက်ပ်တော့ပ် ယူလာပြီး စာကြည့်တိုက်ထဲမှာ စာမေးပွဲအတွက် ပြင်ဆင်ဖို့ပါ။ ခရမ်းရောင်ဘူးထဲက ကျွန်မရဲ့ iPhone ကိုယူပြီး တက္ကသိုလ်ဝင်းထဲက Starbucks မှာ ဆုံဖို့ သူငယ်ချင်းတွေဆီ စာရိုက်ပို့လိုက်တယ်။ ကျွန်မက Coffee Latte ကို ကြိုက်တယ်။ Espresso က နည်းနည်းခါးသက်သက်နဲ့။ ကော်ဖီ သောက်ပြီးတဲ့ နောက် စာကြည့်တိုက်ကို ပြန်သွားမယ်။ အဲဒီမှာ စာဖတ်ရင်း အိပ်မပျော်အောင် ကြိုးစားရဦးမှာ။ ဆိုဂန်း တက္ကသိုလ်မှာ ကျွန်မ တရုတ်ဘာသာစကားနဲ့ ယဉ်ကျေးမှုကို သင်ယူပါတယ်။ ဒီဘာသာရပ်တွေ ကျွန်မသင်ယူရတဲ့အကြောင်းကိုတော့ နောင်ကျရင် သိလာမှာပါ။

တောင်ကိုရီးယားမှာ အကောင်းဆုံးအဆင့်ရဖို့ ယှဉ်ပြိုင်ရတာ ကြောက်ခမန်းလိလိပါ။ ကျွန်မ အကောင်းဆုံး ကြိုးစားပါတယ်။ ကျွန်မ ကျောင်းတက်ဖို့ အခွင့်အရေး နှစ်ပေါင်းများစွာ မရခဲ့တာကို အတန်းသားအချို့ သိကြတယ်။ ကျွန်မအပေါ် တခြားကျောင်းသားတွေ အာရုံစိုက်မှာကို မလိုလားဘူး။ စာသင်ရတာ ပျော်စရာပါ။ အထူးသဖြင့် ပါမောက္ခတွေ တက်တက်ကြွကြွ စိတ်ပါလက်ပါ ရှိကြတဲ့ နှစ်စမှာ ပျော်စရာအကောင်းဆုံးပဲ။ ဒီနေ့ည ၁၀ နာရီဝန်းကျင်လောက်မှာ ဆိုးလ်မြို့လယ်ကောင်မှာရှိတဲ့ ကျွန်မရဲ့အခန်းလေးကို ပြန်ပြီး မမကြီးအွန်ဆန်နှင့် အမေ့ကို တွေ့မယ်။

*

တောင်ကိုရီးယားမြို့တော် ဆိုးလ်မြို့က လူမျိုးပေါင်းစုံနေထိုင်တဲ့ မြို့ကြီးပါ။ လူဦးရေ ၁၅ သန်းကျော် ရှိတယ်။ မိုးခြေမျဉ်းတလျှောက်မှာ မိုးထိတိုက်ကြီးတွေ ပြည့်လို့။ ကျယ်ပြန့်တဲ့ အဝေးပြေးကားလမ်း စနစ်လည်း ရှိတယ်။ ဟန်မြစ်ကြီးက မြို့လယ်ကို ဖြတ်စီးနေပေမယ့် ဆောင်းတွင်းရောက်လို့ ရေခဲတဲ့အခါ တဖက်ကမ်းကို ဖြတ်လျှောက်လို့ရတယ်။ မြစ်ရဲ့ ဟိုမှာဘက်မှာ မတ်စောက်တဲ့ တောင်တန်းတွေ။ တောင်ထိပ်တခုပေါ်မှာ ရောမရုပ်သံမျှော်စင်ကြီးတခု။ နမ့်စန်တာဝါဟာ ဆိုးလ်ရဲ့ အမှတ်သင်္ကေတပါ။ ဆိုးလ်မှာ တခါတလေ ကားလမ်းပိတ်တာ နာရီ အတော်ကြာတဲ့အထိပဲ။ မိုးကြီးတဲ့ ဇူလိုင်လမှာတောင် ကားလမ်းတွေ ပိတ်တာ။ တိုက်ခန်းငှားခ ဈေးကြီးလိုက်တာလည်း လွန်ပါရော။ ဒါပေမဲ့ ဒီမှာနေထိုင်ရတဲ့ဘဝက ပျော်စရာကောင်းတယ်။ သက်သောင့်သက်သာ ရှိတယ်။ အရာရာတိုင်း မြန်မြန်ဆန်ဆန်ကြီးကို ရွေ့လျားနေကြ။ ဘယ်နေရာမှာမဆို မြန်နှုန်းမြင့် အင်တာနက် အသုံးပြုနိုင်တယ်။ နေ့နေ့ညညမဟူ လမ်းထောင့်တွေတိုင်းမှာ ပျော်စရာ၊ စိတ်ဝင်စားစရာ တခုမဟုတ် တခုတော့ ရှိနေတတ်တာ။

ဆင်ချွန်းက သူငယ်ချင်းတွေနဲ့ အရက်ဆိုင်တွေမှာ မကြာမကြာ တွေ့ပြီး ကျွန်မ မတ်ဂျူ သောက်တယ်။ ရေဘဝဲကြော်နဲ့ ရေဘဝဲပေါက်စလေးတွေ အကင်ကိုလည်း စားကြတယ်။ ရေဘဝဲပေါက်စလေးတွေက သေးသေးလေးတွေဆိုတော့ တကိုက်စာပဲ ရှိတာ။ မြောက်ကိုရီးယားမှာ ပင်လယ်စာ ပိုလတ်ဆတ်တယ်၊ ပိုအရသာရှိတယ်လို့ ပြောတာကို သူငယ်ချင်းတွေ မယုံကြဘူး။ အဲဒါ တကယ်ပါ။ သူတို့ ကျွန်မကို အမြဲတမ်း နားမလည်ကြဘူး။ ကျွန်မက လုံးဝ ခြားနားတဲ့ ကမ္ဘာတခုက လာတာလေ။ ပြီးတော့ လူအများစုက ကျွန်မမွေးဖွားကြီးပြင်းခဲ့တဲ့ ဒီ တခြားကမ္ဘာအကြောင်းကို တွေးတောင် မတွေးကြဘူး။

*

မြန်နှုန်းမြင့်ရထားဟာ ကျွန်မခြေထောက်တွေအောက်မှာ တုန်ခါနေတယ်။ ကျွန်မဝန်းကျင်မှာ အာဂျီးမ (အဒေါ်ကြီး) တွေက အင်တင်နာတိုင်ထုတ်ထားတဲ့ သူတို့ရဲ့ ဆဲလ်ဖုန်းတွေကို ကြည့်နေကြ။ ဒေါက်မြင့်ဖိနပ်စီးပြီး သံတန်းကိုင်ရပ်နေတဲ့ ကျောင်းသူတချို့က သူတို့ရဲ့ iPhone တွေကို နားထောင်နေကြ။ ကျောင်းသူတချို့က အိပ်ဆောင်မှန်လေးတွေ ကြည့်ရင်း သူတို့မျက်တောင်တွေကို ဆေးခြယ်နေကြ။ ဖရန့်ဆင်နာထရာ စီဒီတွေရောင်းတဲ့ ဈေးသည်ကို သူတို့ ဂရုမစိုက်ကြဘူး။ ရထားက တစ်ဘူတာပြီးတစ်ဘူတာ ရပ်လာတာနဲ့အမျှ ခရီးသည်တွေလည်း တက်ချည်ဆင်းချည်နဲ့။ တောင်ကိုရီးယား

မြေအောက်ရထားပေါ်မှာ ထိုင်ရင်း မြောက်ကိုရီးယားမြို့တော် ပြုံယမ်းက ဘူတာရုံတွေကို သတိရမိတယ်။ ဘူတာရုံတွေက သိပ်ကို ခမ်းနားတာပဲ။ ခရမ်းရောင် မီးပန်းဆိုင်း တွေနဲ့ ဟောလီးဝုဒ်ရုပ်ရှင်ကားတွေထဲကလိုပဲ။ တောင်ကိုရီးယား ဘူတာရုံတွေက ထူးခြားမှု သိပ်မရှိဘူး။ ပြုံယမ်းသွားတဲ့ခရီးကို ကျွန်မ သတိရနေတော့မှာ။ အဲဒီတုန်းက ကျွန်မအသက် ကိုးနှစ်။ ကီအွန်ဆန်ရယ်၊ အဖေရယ်၊ ကျွန်မရယ် သွားကြတာ။ အမေ မပါဘူး။ အငတ်ဘေးကျရောက်လို့ စားစရာ မရှိပေမယ့် သွားရတဲ့ခရီးကတော့ ပျော်စရာပါ။ မိုးထိတိုက်တွေ မမြင်ရပေမယ့် မီတာ ၁၅၀ မြင့်တဲ့ ဆောက်လက်စ ဟိုတယ်တလုံး တွေ့ခဲ့။ ဆောက်လုပ်ရေးလုပ်သားတွေနဲ့ ယန္တရားတွေကို အဝေးကနေ ကြည့်ရတာ ပုရွက်ဆိတ်ကလေးတွေလိုပဲ။

အခု ဆိုဂန်းတက္ကသိုလ်နယ်မြေနဲ့ ကျွန်မအကြားမှာ သုံးဘူတာပဲ ခြားတော့တယ်။ ကျွန်မ ရင်တွေ ခုန်လို့။ ရထားကလည်း မြန်လာလိုက်တာ။ ရထားရဲ့မြန်ဆန်မှုက ကျွန်မဟာ မတူခြားနားတဲ့ ကမ္ဘာတခုက သူပါလားလို့ ကျွန်မကို သိစေလိုက်တယ်။ မြောက်ကိုရီးယားမှာ အွန်ဒီ အုတ်ကနေ ၆၅ ကီလိုမီတာဝေးတဲ့ အဘိုးအဘွားတွေနေတဲ့ ချွန်ဂျင်းကို နှစ်ရက်သွားရတယ်။ ချွန်ဂျင်းကိုသွားရတဲ့ ခရီးဟာ တကယ့်ကို ခြေကုန်လက်ပန်းကျစရာပါ။ ရေခဲလောက်တဲ့ အပူချိန်ကို ဖြတ်ကျော်ရင်း ကျွန်မတို့ တယောက်နဲ့တယောက် ကျွဲတွေ၊ နွားတွေလို တိုးဝှေ့ပူးကပ်လို့ပေါ့။ အပေါ့အပါး သွားတဲ့အခါ ကျွန်မတို့နဲ့အတူ ယူလာတဲ့ သံဘူးလေးတွေကို အသုံးပြုရတယ်။ နေရာရွှေ့လိုက်တာနဲ့ နေရာပျောက်သွားရော။ တောင်ကိုရီးယားမှာ ဒီခရီးကို မိနစ် ၂၀ စီးရင် ရောက်တယ်။ မြောက်ကိုရီးယားမှာကျတော့ မြို့တော်မှာသာ မြေအောက်ဘူတာတွေရှိတာ။

အခု ကျွန်မ စွန့်ခွာခဲ့တဲ့လူတွေအကြောင်း တွေးနေမိပြီ။ တိုင်းပြည်က ထွက်လာခဲ့ကတည်းက သူတို့အကြောင်းကို မကြားရတာ။ အဲဒီတုန်း ကျွန်မအသက် ၁၁ နှစ်။ စားစရာ မရှိဘူး။ နေစရာ အိမ်မရှိဘူး။ အဒေါ်တွေ၊ ဦးလေးတွေ၊ ကျောင်းက သူငယ်ချင်းတွေ အငတ်ဘေးဆိုတဲ့ တောင်ကြီးကို ကျော်မှကျော်နိုင်ကြရဲ့လား။ ရထားပေါ်မှာ ခရီးသည်တယောက်က ကျွန်မကို မျက်လုံးစွေကြည့် နေတယ်။ ကျွန်မကို တောင်ကိုရီးယားက မဟုတ်ဘူးလို့ ထင်ဟန်တူပါရဲ့။ ဒါတောင် ဒေါက်မြင့်ဖိနပ်၊ စကတ် ဂျက်ကက်တိုတို၊ ဂျာကပ်ကျပ်ကျပ်တွေနဲ့ ကျွန်မကိုယ်ကျွန်မ ဆင်ထားတာ။ တောင်ကိုရီးယားသူနဲ့ တူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ကျွန်မဟာ မြောက်ကိုရီးယားနိုင်ငံ မြောက်ဟမ္မဂျောင်းပြည်နယ်၊ အွန်ဒီအုတ်ရွာကလေးမှာ ၁၉၈၉ ဩဂုတ်လ ၁၅ ရက်နေ့က မွေးဖွားခဲ့သူပါ။ ကျွန်မ လွတ်လပ်မှုကို ရှာဖွေရင်း တောင်ကိုရီးယားကို ရောက်လာခဲ့တယ်။ တရုတ်နှင့် မွန်ဂိုလီးယားကို ကိုးနှစ်ကြာအောင် ဖြတ်ခဲ့ပြီးမှ တောင်ကိုရီးယားကို ရောက်လာတာ။ ဆိုးလ်မှာ နိုင်ငံကူးလက်မှတ်တခု ကျွန်မမှာ ရှိနေပြီ။ ဟိုပုန်း ဒီပုန်း

လုပ်နေစရာ မလိုတော့ဘူး။ ကျွန်မကိုယ်တိုင်အတွက် ဘဝသစ်တခု ထူထောင်လို့ ရပြီ။

မြောက်ကိုရီးယားအကြောင်း တွေးမိတိုင်း မေးခွန်းတခုက ကျွန်မကို ခြောက်လှန့်တုန်းပဲ။ ကျွန်မတိုင်းပြည်ကလူတွေ ဒီဒုက္ခတောကြီးထဲမှာ ဘာကြောင့် ဆက်နေရမှာလဲ။ ဆိုးလ်ကို ရောက်ကတည်းက စာအုပ်တွေ၊ သတင်းစာတွေ ဖတ်ပြီး မြောက်ကိုရီးယား ဆင်းရဲတာဟာ အကြွင်းမဲ့ အာဏာရှင်အစိုးရရဲ့ အပြစ်ဖြစ်ကြောင်း ကျွန်မ သိလိုက်ရတယ်။ တိုင်းပြည်မှာ လုံးဝကို စီးပွားရေး ချွတ်ခြုံကျနေပြီ။ ကမ္ဘာပေါ်မှာ တခုတည်းသော ကွန်မြူနစ်မင်းဆက်ဖြစ်တဲ့ ‘ကင်’ မိသားစု မင်းဆက်ဟာ သဘောထားကွဲလွဲမှု မှန်သမျှကို ရက်ရက်စက်စက် ချေမှုန်းနေတယ်။

ဒီအဖြေတွေက ကျွန်မကို စိတ်တိုင်းကျ မဖြစ်စေဘူး။ နှလုံးသားထဲက မသက်သာ ခံစားချက်ကို နည်းနည်းလေးပဲ ဖြေသာစေတယ်။ တကယ်တော့ ဒီအဖြေတွေက ကျွန်မကို ခွန်အားမဲ့အောင် လုပ်လိုက်တာ။ ကျွန်မရဲ့ ဇာတိ တိုင်းပြည်နဲ့ ခွဲခြားထားတဲ့ သံဆူးကြိုးတွေနဲ့ ကျွန်မနေတဲ့နေရာက ကီလိုမီတာ ၄၀ လောက်ပဲ ဝေးပါတယ်။ ဒါနဲ့တောင် ကျွန်မရဲ့ ပြည်သူတွေအတွက် ကျွန်မ လုပ်နိုင်တာ ဘာတခုမျှ မရှိဘူး။ မြောက်ကိုရီးယားဟာ ပြည်သူ ၂၅ သန်းအတွက် မြေကမ္ဘာပေါ်က ငရဲတွင်းတခုပါ။ ကျွန်မတို့နဲ့ တသွေးတည်း၊ တသားတည်းဖြစ်တဲ့ တောင်ကိုရီးယားသားတွေ တောင်မှ မြောက်ပိုင်းက သူတို့သားချင်းတွေရဲ့ ဒုက္ခကို မေ့လျော့နေကြတယ်။

*

‘စင်ချွန်း ဘူတာရုံ’

အသံချဲ့စက်ကထွက်လာတဲ့ အသံကြောင်း ကျွန်မအတွေးတွေ ပျက်သွားတယ်။ ကျွန်မ ရထားပေါ်က ဆင်းပြီး လေ့ကားပေါ်ကို စက်ရုပ်တရုပ်လို တက်သွားတယ်။ မြေကြီးပေါ်ကို ခြေချမိလိုက်တာနဲ့ တပြိုင်နက် ဘာမျှမလုပ်ဘဲ အေးအေးလူလူ ထိုင်မနေတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ ကမ္ဘာကြီးကို ကျွန်မအကြောင်းတွေ ပြောပြရမယ်။ သေငယ်ဇောနဲ့ မြောနေကြတဲ့ သန်းပေါင်းများစွာသော မြောက်ကိုရီးယားတွေကို လှုံ့ဆော်မှုပေးဖို့ ကျွန်မအကြောင်းကို ပြောပြရမယ်။ ပြီးတော့ ဒီငရဲတွင်းထဲကနေ လွတ်မြောက်ဖို့ ကြိုးစားခဲ့ပြီး လောလောဆယ် တရုတ်ပြည်မှာ ပုန်းခိုနေကြရတဲ့ ထောင်ပေါင်းများစွာသော မြောက်ကိုရီးယားတွေ အကြောင်း ကမ္ဘာကြီးကို ပြောပြရမယ်။ အခု ကျွန်မ တောင်ကိုရီးယား သုခဘုံထဲကို ၂၂ မိုင်အထိ ဝင်လာခဲ့ပြီ။ ဒီနေရာမှာတောင်မှ မြောက်ပိုင်းက ဒုက္ခသည်တွေကို ငတ်သေဖို့ ငြင်းပယ်တဲ့ အပြစ်ကလေးတခုအတွက်နဲ့ ဒုတိယတန်းစား နိုင်ငံသား အဖြစ်

သတိမှတ်နေတုန်းပဲ။

ကျွန်မရဲ့သားချင်းတွေဖြစ်တဲ့ မြောက်ကိုရီးယားတွေမှာ သူတို့အတွက်သူတို့ ပွင့်ပွင့်လင်းလင်း၊ ရဲရဲတင်းတင်း ပြောနိုင်စွမ်း မရှိတဲ့အတွက် သူတို့ကိုယ်စား ဒီစာကို ကျွန်မရေးနေတာပါ။ တနေ့ကျရင် ကိုရီးယား နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းလိမ့်မယ်လို့ ကျွန်မ ပြောရဲပါတယ်။ ကိုရီးယားကျွန်းဆွယ် ပြန်လည်ပေါင်းစည်းဖို့အတွက် တစ်ကမ္ဘာလုံးက အကူအညီတွေ လိုတာ အမှန်ပဲ။ ပြဿနာ ဖြေရှင်းနည်းကို ရှာဖို့ ပြဿနာရဲ့ ဇာစ်မြစ်ကို အရင်နားလည်ထားရမယ်။

ဒါဟာ ကျွန်မပြောပြမယ့် ကျွန်မရဲ့ဇာတ်ကြောင်းပါရှင့်။

* * *

[၃]

မိန်းကလေးတယောက်အနေနဲ့ ကျွန်မဘဝ ဒီလောက်မြန်မြန်ကြီး ပြောင်းလဲသွားလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး။ ၁၉၉၇ ဆောင်းရာသီမှာ ကျွန်မ သူငယ်မလေး မဟုတ်တော့ဘူး။ ကျွန်မအသက် ကိုးနှစ်အထိ ကျွန်မဟာ အင်မတန် ပျော်ရွှင်တဲ့ မိန်းကလေးတယောက်ပါ။

ကျွန်မရဲ့ဇာတိမြို့ကလေးဖြစ်တဲ့ အွန်ဒီအုတ်ဟာ မြောက်ကိုရီးယားနိုင်ငံက တောင်ထူထပ်တဲ့ အရှေ့မြောက်ဖျားမှာ တည်ရှိတယ်။ ကျွန်မတို့ တိုင်းပြည်ကို တရုတ်ပြည်၊ ရုရှားပြည်တို့နဲ့ ပိုင်းခြားထားတဲ့ တူမင်မြစ်နဲ့ဆိုရင် ၁၅ ကီလိုမီတာတောင် မဝေးဘူး။ မြစ်တဖက်ကမ်းကနေ ပင်လယ်ဆီရောက်ဖို့ တနာရီတောင် မသွားရဘူး။ ဆောင်းရာသီမှာ အအေး ပြင်းထန်ပြီး ကောင်းကင် ပြာပြာအောက်မှာ နှင်းတွေဝေနေတာ သီတင်းပတ် အတော်ကြာတဲ့အထိပဲ။ တခါတလေ ကျောင်းသွားတဲ့အခါ နှင်းတောဖြူဖြူထဲမှာ မလှမ်းချင် လှမ်းချင် လှမ်းသွားရတယ်။ ကျွန်မ မွေးနေ့ကတော့ နွေလလယ်မှာဖြစ်ပြီး အမြဲတမ်း ပူနွေးစိုထိုင်းလို့ပေါ့။ အဲဒီနေ့က ၁၉၄၅ တုန်းက ဂျပန်တွေလက်အောက်ကနေ ကိုရီးယား လွတ်မြောက်တဲ့နေ့နဲ့ တူတူပဲ။ ကျွန်မရဲ့မွေးနေ့ဟာ အမြဲတမ်း ပျော်စရာ ကောင်းခဲ့ပါတယ်။

ဇာတိမြို့ ပတ်ပတ်လည်မှာ စက်ရုံတွေ ရှိပေမယ့် သိပ်ကြီးတဲ့မြို့တမြို့တော့ မဟုတ်ပါဘူး။ တစ်နာရီလောက် သွားလိုက်တာနဲ့ တမြို့လုံး နှံ့ရော။ ဟိုးအဝေးဆီက တောင်တွေပေါ်မှာ သစ်ပင် အနည်းငယ်တွေ့ရပေမယ့် အနီးအနားက တောင်တွေမှာတော့ ပြောင်တလင်းခါနေပြီ။ တောတွေကို ထင်းခုတ်ကြတာလေ။ မြို့ထဲက ပထမဦးဆုံးတွေ့ရတဲ့ အဆောက်အအုံတချို့ဆီ မရောက်ခင် သတ္တုတွင်းတွေ တွေ့ရမယ်။ အဲဒီ သတ္တုတွင်းတွေထဲမှာ ပြုယမ်းခေါင်းဆောင်တွေက လူတွေကို အပြစ်ပေးတဲ့အနေနဲ့ အလုပ်လုပ်ခိုင်းတယ်။ အနီးအနားမှာ စစ်စခန်းတွေလည်း ရှိတယ်။ တိုင်းပြည် တဝန်းမှာ ရှိနေတဲ့ အခြားအခြားသော စစ်စခန်းတွေလိုပဲပေါ့။ ကျွန်မတို့နေရတာက ကျီးလန့်စာ စားလို့ရယ်။ အမေရိကန် ကျူးကျော်လာမလား၊ တောင်ကိုရီးယား ကျူးကျော်လာမလား။ မှိုတွေရှာဖို့ တောင်ပေါ်တက်သွားတဲ့အခါ အမြောက်ကြီးတချို့ တွေ့တယ်။ နည်းနည်းလောက် ဆက်သွားလိုက် ရင် စစ်တန်းလျားတွေ။ စစ်သားတွေက သတင်းဆိုးရှိလို့ စစ်တန်းလျားတွေနားကို ကျွန်မတို့ မကပ်ကြဘူး။ စစ်သားတွေဟာ ဆင်းရဲသားတွေကို နှိပ်စက်ကြတယ်။ ဥပမာပြောရရင် စီးကရက် သောက်နေတဲ့ လူတယောက်နဲ့ စစ်သားတွေ တွေ့ရင် သူတို့က စီးကရက်ဘူး တောင်းကြတယ်။ မပေးရင် နောက်တခါ မငြင်းရဲအောင် သူတို့က သင်ခန်းစာပေးကြရော။

အွန်ဒီအုတ် မြို့လယ်ကနေ စီးဆင်းနေတဲ့ မြစ်တစင်းရဲ့ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်းကို တံတားကြီး တစင်းက ဆက်သွယ်ပေးထားတယ်။ မြစ်ထဲမှာ လှော်ထားရတာ ပျော်စရာပါ။ ကျွန်မတို့ အိမ်ကနေ မြစ်ကို ၁၀ မိနစ်လောက် လမ်းလျှောက်သွားရင် ရောက်တယ်။ မြို့ထဲမှာ အကြီးဆုံး အဆောက်အအုံတွေက အုတ်တိုက်တွေဖြစ်ပြီး အဖြူရောင်၊ ပန်းရောင် ဆေးခြယ်ထားတဲ့ လသာဆောင်တွေ ရှိတယ်။ အမြင့်ဆုံး အဆောက်အအုံတွေကတော့ ငါးထပ်တိုက်တွေ။ ဘယ်မှာမှ ကြော်ငြာတွေ မရှိဘူး။ နံရံတွေပေါ်မှာ ပြောင်တလင်းခါလို့။ အချို့နံရံတွေပေါ်မှာကျတော့ ကျွန်မ တို့ရဲ့ 'ချစ်လှစွာသော ခေါင်းဆောင်ကြီး' ကင်ဂျုံအီရုပ်ပုံနဲ့ မြောက်ကိုရီးယားမှာ ကျွန်မတို့အတွက် ဖန်တီးထားတဲ့ 'ဆိုရှယ်လစ်သုခဘုံ' အတွက် ဝါဒဖြန့်တဲ့ ကြော်ငြာတွေ ကပ်ထားတယ်။ ကျွန်မနေတဲ့ အဆောက်အအုံက သုံးထပ်ပါ။ နံရံတွေ အက်ကွဲနေပါပြီ။

"ဒီအဆောက်အအုံ ပြိုကျတော့မယ်" လို့ အိမ်နီးချင်းတွေက ပြောကြတယ်။

၁၉၉၀ ပြည့်လွန်နှစ်များရဲ့ စောစောပိုင်းမှာ အများအားဖြင့် ကျေနပ်မှု အတော်ကလေး ရသား။ ကျွန်မကို အဖေကျောင်းလာကြိုတာလောက် ဘယ်ဟာမှ ကျွန်မအတွက် ပျော်စရာ မကောင်းဘူး။ တချို့ရက်တွေမှာ အဖေက ကျွန်မကို ရုပ်ရှင်လိုက်ပြတယ်။ အလုပ်ထဲက အဖွဲ့မိတ်ဆွေတွေ ပေးလိုက်တဲ့ လက်မှတ်တွေနဲ့ပေါ့။ အဖေက 'ဇန်နဝါရီ ၂၀' လို့ခေါ်တဲ့ လက်နက်စက်ရုံမှာ အလုပ်လုပ်တယ်။ မြောက်ကိုရီးယားကို တည်ထောင်သူ ကင်အီဆွန်း လာရောက်တဲ့နေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ အမည်ပေးထားတာပါ။ မြောက်ကိုရီးယားမှာ အဆောက်အအုံ အများစုရဲ့ အမည်တွေက ရက်စွဲတွေချည်းပဲ။ မြောက်ကိုရီးယားခေါင်းဆောင်တွေ လာရောက်လည်ပတ်တဲ့ ရက်စွဲတွေပေါ့။

ကျွန်မတို့ ရုပ်ရှင်သွားကြည့်တိုင်း အဖေက ကျွန်မကို ရုပ်ရှင်ရုံရှေ့မှာ လာတွေ့တယ်။ ရုပ်ရှင်ရုံကို ကျွန်မဘာသာ လမ်းလျှောက်သွားတာ။ ရုပ်ရှင်ကြည့်တယ်ဆိုတာ လက်မှတ်ရှိရုံနဲ့ မပြီးသေးဘူး။ အခက်ခဲဆုံးအပိုင်းက ထိုင်ခုံရှာတွေ့ဖို့ပဲ။ ဘာဖြစ်လို့လဲဆိုတော့ လူတွေက ရုံထဲကို အတင်းတိုးဝှေ့ ဝင်ကြတာလေ။ ဒါကြောင့် အဖေက ကျွန်မကို ပခုံးပေါ် ထမ်းထားရင်း လူတွေကြားထဲ တိုးဝှေ့ ဝင်ရတယ်။ ရုပ်ရှင်တွေက များသောအားဖြင့် နယ်ချဲ့ဂျပန်တွေကို ခုခံတွန်းလှန်တဲ့ သူရဲကောင်းတွေ အကြောင်းပါ။ ရုပ်ရှင်ပိတ်ကားပတ်ပတ်လည်မှာ 'ကြီးမြတ်သော စစ်ဗိုလ်ချုပ်ကြီး ကင်ဂျုံအီ နောက်မှာ ကျွန်ုပ်တို့အားလုံး စည်းလုံးညီညွတ်ကြပါစို့' လို့ စာတန်းထိုးထားတယ်ရှင့်။

တခါတလေ အဖေက ကျွန်မကို လမ်းဘေးက ရေခဲခေါက်ဆွဲသည်တွေဆီ ခေါ်သွားတယ်။ ပြုံယမ်းက အထူးအစားအစာပါ။ ကျွန်မတို့ ခေါက်ဆွဲတပန်းကန်

မှာပြီးတဲ့အခါ အဖေက အစိုးရပေးထားတဲ့ ကူပွန်ကို ဈေးသည်မိန်းမကြီးလက်ထဲ ထည့်လိုက်ရော။ ခေါက်ဆွဲကိုတော့ အိမ်မှာ စားဖို့ ယူသွားကြ တယ်။ ဒီလောက် အရသာရှိတဲ့ ခေါက်ဆွဲမျိုး ကျွန်မ မစားဖူးဘူး။ ဒီနှစ်တွေမှာ မိဘတွေက မကြာခင် ဝတ်ကြတော့မယ်လို့ မထင်ကြဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့က တင့်တောင့်တင့်တယ် မိသားစုတွေက ဆင်းသက်လာကြတာကိုး။ သူတို့ရဲ့မိသားစုတွေကို လူ့မလိုင် လူတန်းစားတွေလို့ ပြောလို့ရတယ်။ စစ်တပ်ထဲမှာ၊ မြောက်ကိုရီးယားကို အုပ်ချုပ်တဲ့ အလုပ်သမားပါတီထဲမှာ သူတို့အဆက်အသွယ်တွေ ရှိတယ်။ မိဘတွေ ငယ်ငယ်တုန်းက လူ့မလိုင်အတွက် သီးသန့်ထားတဲ့ ပြုံယမ်းမှာ နေခဲ့ကြတာ။ အဘိုးက အရာရှိကြီးတယောက်ပေါ့။ တနေ့ကျရင် ကျွန်မရဲ့အမေကို ကင်ဂျုံအီတက်ခဲ့တဲ့ ကင်အီဆွန်း တက္ကသိုလ်ကို ပို့မယ်လို့ အိပ်မက် မက်ခဲ့သူပေါ့။ အမေ တက္ကသိုလ် ဝင်ခွင့်ရဖို့ အဘိုးက ဆရာတွေကို ကစားကွင်း ပြင်ပေးပြီး လာဘ်ထိုးခဲ့ရတာ။ အဘိုးအတွက် ကံဆိုးတာက အမေဟာ ကျောင်းစာကို ဂရုမစိုက်တဲ့ ယောကျ်ားလျာလေးတယောက် ဖြစ်နေခြင်းပဲ။ အမေက ဒရိုင်ဘာလုပ်ချင်ခဲ့တာတဲ့။ ဒါ့အပြင် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ ဖြေရတဲ့နေ့မှာ အမေက နောက်ကျပြီးမှ ရောက်သွားတယ်လေ။ အဲဒီလိုနဲ့ အဘိုးရဲ့ရည်မှန်းချက်တွေ ရေစုန်မျောခဲ့ရတယ် ဆိုပါတော့။

အဲဒီကတည်းက အမေဟာ သူ့ကိုယ်သူ ပြုပြင်လာတယ်။ ကျွန်မတို့အိမ်ရဲ့ အကြီးအကဲဟာ အမေပဲ။ အမေက လူလုံးလူဖန် မကောင်းလှပေမယ့် ဉာဏ်သိပ်ထက်ပြီး သန္နိဋ္ဌာန်စိတ်ရှိတယ်။ နေထိုင်မကောင်း ဖြစ်တဲ့အခါမှာတောင် မျက်နှာတချက် မညှိုးဘူး။ အဲဒီနေရာမှာတော့ ကျွန်မက အမေနဲ့ တူတယ်ရှင့်။ ကျွန်မ ငယ်ငယ်တုန်းက ဖျားတဲ့အခါ ဘယ်သူမှ ကျွန်မဖျားတယ်ဆိုတာ မယုံကြဘူး။ အဲဒီတော့ ကျောင်းမတက်ဘဲ မနေရတော့ဘူးပေါ့။

အမေက အွန်ဒီအုတ်ဆေးရုံမှာ လုပ်တော့ အိမ်အပြန်မှာ စားစရာတွေ ယူလာတယ်။ အဲဒါကြောင့် ကျွန်မတို့ နှစ်အတန်ကြာတဲ့အထိ မငတ်ခဲ့ဘူး။ အမေက အဖေ့ကို သာမန်အသိတောင် မရှိရ ကောင်းလားလို့ ဆူတယ်။ အဖေက နုံလည်း နုံတယ်။ သန်သန်စွမ်းစွမ်းလည်း မရှိဘူး။ အဖေနဲ့ အမေ မင်္ဂလာဆောင်တုန်းက ဓာတ်ပုံထဲမှာ အဖေ့ပုံက အတော်ကလေး သန်သန်မြန်မြန် ရှိမယ့်ပုံပါ။ တခါက အဖေ့ကို ပြောင်းခင်းမှာ ပြောင်းဖူးတွေ သွားခိုးဖို့ အမေက ခိုင်းတယ်။ အဲဒါပြန်လာတော့ ဘာမှပါ မလာတဲ့အပြင် ဝတ်သွားတဲ့ ကုတ်အင်္ကျီတောင် ပျောက်ကျန်ရစ်ခဲ့သတဲ့။ ပြောင်းခင်းပိုင်ရှင် မိသွားလို့ သူ့ကုတ်အင်္ကျီကို ပေးခဲ့ရတာနေမှာ။ အမေဆိုတာ ဒေါ်ပွလိုက်တာ ဘာပြောကောင်းမလဲ။ ကိုရီးယားမှာ မိန်းမတယောက်ရဲ့ လေးစားမှုကို ခံထိုက်ဖို့ ယောကျ်ားတယောက်ဟာ ကျားကျား လျားလျား ရှိရမယ်။ အမေ ပြုံယမ်းကနေ ချွန်ကျင်းကို သွားခါနီးမှာ အမေ့အမေက အမေနဲ့ အဖေ့ကို ပေးစားခဲ့တာပါ။

အဖေ့မှာ စီးပွားအမြင် မရှိပေမယ့် စာရေးဖို့တော့ ဝါသနာပါတယ်။ စက်ရုံမှာ အစီရင်ခံစာတွေ၊ ဝါဒဖြန့်စာတွေ ရေးဖို့ဆိုရင် အဖေချည်းပဲ။ အဖေက စိတ်ကောင်းရှိတယ်။ ကျွန်မက သူ့သမီးအနေနဲ့ အဖေစိတ်ကောင်းရှိတာနဲ့ပဲ ကျေနပ်လှပါပြီ။

ကျွန်မ ဒုက္ခရောက်တဲ့အခါ အကာအကွယ်ပေးဖို့ မမ ကီအွန်ဆန်ကို အမြဲတမ်း အားကိုးရတယ်ရှင့်။ ကောင်လေးတွေက ကျွန်မကို စတဲ့ နောက်တဲ့အခါ မမက ကောင်လေးတွေနဲ့ ရင်ဆိုင်ဖို့ ဘယ်တော့မှ တွန့်ဆုတ်မနေဘူး။ မမနဲ့ ကျွန်မကို အမြွှာတွေလို့ ထင်ကြပေမယ့် ကျွန်မတို့နှစ်ယောက် သိပ်တူလှတယ်လို့ မထင်ပါဘူး။ မမက ကျွန်မထက် နှစ်နှစ်ကြီးပေမယ့် ညှက်တယ်။ အသား ညိုတယ်။ မျက်ဆံတွေကြီးတာလည်း ကျွန်မနဲ့ ဆန့်ကျင်ဘက်ပါပဲ။ ဒါပေမဲ့ ကျွန်မတို့နှစ်ယောက်က နှာခေါင်းချင်းတော့ တူကြတယ်။ နှာခေါင်းကို ကြည့်ပြီး တမိတည်းပေါက်လို့ သေချာပေါက် ပြောနိုင်မှာပဲ။ အွန်ဒီအုတ်မှာ မိဘတွေရဲ့မိတ်ဆွေတွေက မမကိုခေါ်ကြတာ 'လူကြီးလေး' တဲ့။

ကျွန်မ ကျောင်းတရက်မှ မပြေးဘူး။ မနက်ဆိုရင် မှောင်နေတုန်းမှာ အမေက ကျွန်မတို့ကို နိုးရော။ အဲဒီနောက် ကျွန်မ အိပ်ရာထပြီး အေးစက်စက်ရေနဲ့ မျက်နှာသစ်ရတယ်။ ပြီးတော့ ကျောင်းဝတ်စုံကို မီးပူတိုက်ရတယ်။ ကျောင်းဝတ်စုံမှာ အပြာရောင်စကတ်၊ အဖြူရောင်အင်္ကျီနဲ့ အနီရောင်လည်စီးတို့ ပါဝင်တယ်။ လည်စီးအနီက ကလေးအဖွဲ့ချုပ် အဖွဲ့ဝင်တွေအတွက်ပါ။ 'ကင်ဂျုံအီ' ပုံပါတဲ့ ရင်ထိုးကိုတော့ တပ်ခွင့်မရသေးဘူး။

အပြင်ဘက်မှာ လင်းလင်းကျင်းကျင်း မရှိသေးခင် မြို့လယ်ကောင် ကွင်းပြင်မှာ သူငယ်ချင်းတွေနဲ့ သွားစုပြီး ၇ နာရီထိုးတာနဲ့ တပြိုင်နက် ကျောင်းကို ချီတက်ကြရော။ ချီတက်ရင်း ခေါင်းဆောင်ကြီး တွေရဲ့ ဘုန်းတော်ဘွဲ့သီချင်းတွေလည်း တလမ်းဆုံး ဆိုသွားရသေးတယ်ရှင့်။

ကျွန်မ အကြိုက်ဆုံး သီချင်းတပုဒ်ကတော့ ကင်အီးဆွန်းငယ်ငယ်တုန်းက တရုတ်ပြည် တောင်တွေ ပေါ်မှာ နယ်ချဲ့ဂျပန်တွေကို တိုက်ခဲ့ရတဲ့အကြောင်းပါ။

စစ်ပုံစံနဲ့ ၁၀ မိနစ်လောက် ချီတက်သွားပြီးနောက် ကျွန်မတို့အားလုံး ဖြုန်းဆို ရပ်လိုက်ကြရော။ အဲဒီအခါမှာ ဆရာမတွေက ကျွန်မတို့ရဲ့ကျောင်းဝတ်စုံတွေကို စစ်ဆေးကြတယ်။ ပြီးတော့မှ စာသင်ခန်းထဲ ဝင်ကြရတာ။ နေ့စဉ် အတန်းထဲ ရောက်တာနဲ့ တပြိုင်နက် ကင်ဂျုံအီ လူငယ်ဘဝက အကြောင်းကို စိတ်ထဲက ဖတ်ကြရတယ်။ အဲဒီလိုဖတ်တာဟာ ကျွန်မတို့ အတုယူနိုင်အောင်လို့ပါ။ တခါတော့ ကင်ဂျုံအီအမေ ကင်ယုံဆွတ်အကြောင်း ဖတ်ရတယ်။ သားဖြစ်သူရဲ့မျက်စိအောက်မှာ စပါးစေ့တွေ လိုက်ကောက်နေတဲ့

မိခင်တယောက်အကြောင်းပေါ့။

"အမေ ဘာလုပ်နေတာလဲ၊ သားတို့မှာ စားစရာရှိရဲ့သားနဲ့"

"အမေတို့တိုင်းပြည်ရဲ့ အဖိုးတန် စပါးတစေ့တောင် အဆုံးအရှုံး မခံနိုင်လို့ ကောက်နေရတာပေါ့ သားရယ်"

ဆိုလိုတဲ့ အဓိပ္ပာယ်ကို ကျွန်မ နားမလည်ပါ။ ဆရာမတွေက မှတ်ထားရမယ်ပြောလို့ မှတ်တော့ ထားပါတယ်။

အတန်းထဲမှာ ကျွန်မ မကြာမကြာ မျက်လုံးဝေ့ကြည့်မိတယ်။ သေသေသပ်သပ်စီထားတဲ့ ခုံတွေပေါ်မှာ ကျောင်းသားပေါင်း ၄၀ ရှိတယ်။

ကျွန်မတို့ရှေ့က ခုံအမြင့်တခုပေါ်မှာ ဆရာမရဲ့သစ်သားစားပွဲ ကြီးရှိတယ်။ အဲဒီနောက်က နံရံပေါ်မှာ ကျောက်သင်ပုန်းကြီးတချပ်။ သင်ပုန်းကြီးပေါ်မှာ တချိန်လုံး ကျွန်မတို့ကို စောင့်ကြည့်နေတဲ့ ကင်ဂျုံအီ ဓာတ်ပုံတပုံ။ အတန်းနောက်မှာ မီးဖိုတလုံး။ ဆောင်းတွင်းမှာ ကျွန်မတို့ရဲ့ နေ့လယ်စာတွေကို မွှေးဖို့။ နံနက်တိုင်း ဆရာမ အတန်းထဲကို ဝင်လာတဲ့အခါ ဆရာမက ကျွန်မတို့အထဲက တယောက်ကိုရွေးပြီး ကင်ဂျုံအီအကြောင်း ဖတ်ခိုင်းတယ်။ ကျွန်မတို့တိုင်းပြည်ရဲ့ ခေါင်းဆောင်တွေ ဘဝကို လေ့လာတာဟာ ကျွန်မတို့အဖို့ အရေးအကြီးဆုံး အလုပ်တခုပါ။

အတန်းထဲမှာ ကျွန်မတို့ တိတ်တိတ်ဆိတ်ဆိတ်၊ ငြိမ်ငြိမ်သက်သက် ထိုင်ကြရတယ်။ အသေးဆုံး အနှောင့်အယှက်တခု ပြုမိရင်တောင် ဆရာမက တုတ်နဲ့ရိုက်တာ။ ကျွန်မတော့ တခါမှ အရိုက်မခံရဖူးပေါင်။ ဒါပေမဲ့ လိမ္မာတဲ့ ကျောင်းသားတယောက် ဖြစ်နေတာတောင် ကျွန်မဖြင့် ကိုယ့်ကိုယ်ကို ဝေဖန်ရေးနဲ့ မလွတ်ခဲ့ဘူး။ ကျောင်းဆင်းချိန်ရောက်တိုင်း ကျွန်မတို့ ကိုယ့်ကိုယ်ကို ဝေဖန်ရေး လုပ်ကြရတယ်။ တနေ့မှာ ဥယျာဉ်ထဲ စပါးစေ့ကောက်ရင်း ဝေဖန်စကား ပြောမိတာကို သတိရနေသေးရဲ့။

"ဒါတွေကို ကျွန်မတို့ စားလည်း မစားရဘဲ ကောက်နေရတာ ဘာမှ အဓိပ္ပာယ် မရှိဘူး"

'ဒီလိုအတွေးအခေါ်မျိုးကို မြောက်ကိုရီးယား ဆိုရှယ်လစ်လူ့အဖွဲ့အစည်းထဲမှာ လက်မခံနိုင်ဘူးကွယ့်'

နောက်တနေ့မှာ ကျွန်မ ကိုယ့်ကိုယ်ကို ဝေဖန်ရေးလုပ်ရတော့တယ်။ အဲဒါပြီးတဲ့နောက် ကျွန်မအပေါ် ဝေဖန်ထားတဲ့ ကျောင်းသူကို ကျွန်မ ပြန်ပြီး လက်စားချေတာပေါ့။ မှန်တာပြောရရင် ဒီကောင်မလေး ကို ကျွန်မ မနာလိုဘူး။

သူ့အဖေက ကျွန်မအဖေအလုပ်လုပ်တဲ့ စက်ရုံမှာပဲ လုပ်တာ။ အဖေ့ထက် ရာထူးကြီးလို့ သူတို့မိသားစုက ပိုပြီးချောင်လည်ကြတယ်။

ကျောင်းမှာ နှစ်စကတည်းက အတန်းခေါင်းဆောင် ရွေးရတယ်။ ရွေးကောက်ပွဲတွေဟာ လွတ်လပ်တယ် ဆိုပေမယ့် အခုပြန်တွေးကြည့်တော့ ရုပ်ပြတွေချည်းပဲ။

ရွေးကောက်ပွဲ လုပ်ပုံလုပ်နည်းကို နမူနာပြောရရင် ဒီလိုရှင့်။ အစည်းအဝေးမတိုင်ခင် တနေ့မှာ ဆရာမက ကျွန်မကို ခေါ်တွေ့တယ်။ ကျွန်မက စာတော်တဲ့ကျောင်းသား ဖြစ်နေလို့နေမှာပေါ့။ နောက်တနေ့ကျတော့ ဆရာမက အတန်းထဲမှာ မေးတယ်။

"မင်းတို့ မဲထည့်ဖို့ စဉ်းစားထားတဲ့လူ ရှိလား"

အတန်းထဲမှာ ဘာသံမှ မကြားရဘူး။ တအောင့်လောက်ကြာတော့ ကျွန်မ ကြောင်စီစီနဲ့ ကျောင်းသားတယောက်ကို လက်ညှိုးထိုးပြီး 'ကင်ဆုံကူ' လို့ ကျွန်မပြောလိုက်တယ်။ မနေ့က ဆရာမသင်ထားတဲ့အတိုင်း ပြောတာ။

"မင်းတို့အားလုံး သဘောတူကြလားဟေ့" လို့ ဆရာမက မေးလိုက်တော့ အားလုံးက လက်ညှိုးထောင် ခေါင်းညိတ်ကြတာနဲ့ ကင်ဆုံကူကို ရွေးလိုက်ကြရော။ သူ့အဖေက လက်သမား တယောက်ပါ။ ဆရာမ ထင်းဆိုက်ဖို့ သစ်တိုသစ်စတွေ ပေးနေပုံရတယ်။ မြောက်ကိုရီးယားမှာ ကျောင်းသားတယောက် အောင်မြင်ဖို့အတွက် ဆရာမကို လက်ဆောင်ပေးရတာ ထုံးစံပဲ။ အဲဒါကို ကျွန်မမိဘတွေ သဘောမပေါက်ကြဘူး။ တကြိမ်မှာတော့ ဆရာမက ကျောင်းသားတွေကို နေ့တိုင်း သန့်ရှင်းရေးလုပ်မယ့်သူ ရွေးခိုင်းတယ်။ ဒီအလုပ်က သိပ်မဟုတ်လှပေမယ့် နည်းနည်းတော့ ဂုဏ်ရှိတာပေါ့လေ။ ကျောင်းသားတယောက်က ထပြီး ကျွန်မနာမည် ပြောလိုက်တဲ့အခါ ကျွန်မတကိုယ်လုံး ပူထူသွားလိုက်တာ။ အဲဒီအသက်အရွယ်အထိ ကျွန်မ ဘယ်ယောကျ်ားလေးနဲ့မှ ဟုတ်တိပတ်တိ စကားမပြောဖူးဘူး။ ဒီကောင်လေးကိုလည်း အရင်က သတိမထားမိခဲ့ဘူး။ အဲဒီနေ့ကစပြီး ဒီကောင်လေးကို ကျွန်မ တိတ်တခိုး ကြိုက်မိသွားရော။ သူ့တံဆိပ်က လိုင်းနှစ်လိုင်းနဲ့ ကြယ်သုံးပွင့်။ အဲဒါ သိပ်ကို ဂုဏ်ရှိတဲ့အဆင့်အတန်းပဲ။ ကျွန်မမှာ ကြယ်နှစ်ပွင့်ပဲရှိတယ်။ အမြင့်ဆုံး ကျောင်းသားက လိုင်းသုံးလိုင်းနဲ့ ကြယ်သုံးပွင့်။ စာတော်တဲ့ကျောင်းသားတွေ၊ အတန်းထဲမှာ ဝေယျာဝစ္စလုပ်တဲ့ ကျောင်းသားတွေကို ဆရာမက ချီးမြှင့်ထားတဲ့ အဆင့်အတန်းတွေပါ။ ဆရာမ အပေါ်၊ ဒါမှမဟုတ် ကျောင်းအပေါ် ရက်ရက်ရောရောရှိတဲ့ မိဘတွေရဲ့သားသမီးတွေကိုလည်း ဆရာမက ချီးမြှင့်လေ့ရှိတယ်။ တခါတုန်းက ပြတင်းပေါက်ပျက်သွားတာ

ကောင်လေးတယောက်ရဲ့ မိဘတွေက အကုန်အကျခံပြီး ပြင်ပေးတာနဲ့ အဲဒီကောင်လေး အတန်းထဲမှာ အဆင့်အတန်း မြင့်သွားရော။ ဒါတွေဟာ မြောက်ကိုရီးယားက အဖြစ်အပျက်တွေပါ။ ကျွန်မတို့ ညီအစ်မနှစ်ယောက် ကံဆိုးတာက ဒီစနစ်ကို မိဘတွေ နားမလည်ကြဘူးလေ။

ကျွန်မကို အတန်းသန့်ရှင်းရေး အဆိုပြုပြီးတဲ့နောက် အတော်ကြာအောင် တွေးနေမိတယ်။ ကောင်လေးက ကျွန်မကို အဆိုတင်တာ ကျွန်မကို သူကြိုက်နေလို့လား။ ဒါမှမဟုတ် ဆရာမက ခိုင်းလို့လား။ ဒီနေ့အထိ ကျွန်မ မသိဘူး။

* * *

[၄]

၁၉၉၄ ၊ ဇူလိုင်လအတွင်း နေ့တနေ့ကို ကျွန်မ အခုထိ သတိရနေ ဆဲပါ။

အဲဒီတုန်းက ကျွန်မအသက် ရှစ်နှစ် မပြည့်သေးဘူး။

အပြင်ဘက်မှာ မိုးတွေသည်းနေလိုက်တာ။ ကျွန်မတို့အိမ်လေးမှာ မိုးတွေယိုလို့၊ အဖေနဲ့ ကျွန်မ ရေပုံးတွေနဲ့ ယိုကျနေတဲ့ မိုးပေါက်တွေကို လိုက်ခံနေရတယ်။ အဲဒီတုန်းမှာ အိမ်တံခါးခေါက်သံကြားလို့ ဖွင့်ကြည့်လိုက်တော့ အပြင်ဘက်မှာ ရွှဲရွှဲစိုနေတဲ့ လူတယောက်။ သူက အင်မင်ဘန်ဂျန် (ရပ်ကွက်အုပ်ချုပ်ရေးမှူး) ပါ။ သူ့နာမည် ကြားတာနဲ့ တရပ်ကွက်လုံး အသံမထွက်ရဲကြဘူး။ သူက ရပ်ကွက်ထဲမှာ ဖြစ်နေတာတွေကို အစီရင်ခံရတဲ့သူလေ။

တနိုင်ငံလုံးမှာ ဒီလို ဒုက္ခပေးမယ့်လူတွေ ပြည့်လို့ပါ။

ဒီည သတင်းကို နားထောင်ဖြစ်အောင် ထောင်ပါလို့ အင်မင်ဘန်ဂျန်က ကျွန်မတို့ကို အမိန့် ပေးသွားတယ်။ သူ့ကြည့်ရတာ ကျွန်မတို့လိုပဲ စိတ်ရှုပ်နေတယ် ထင်ပါရဲ့။

သူဟာ ရောက်လာတုန်းကလိုပဲ မိုးရေထဲကို သုတ်သီးသုတ်ပျာ ပြန်ထွက်သွားတယ်။ ကျွန်မတို့ ဒီလို ညွှန်ကြားချက်မျိုးရတာ ဒါ ပထမဦးဆုံးအကြိမ်ပဲ။

*

ညဘက် သတင်းလာတဲ့အချိန် တီဗီရှေ့မှာ ကျွန်မတို့ ထိုင်ကြတယ်။ ဘာသတင်းများ လွှင့်မလဲလို့ ကျွန်မတို့အားလုံး စိတ်စောနေကြတာပေါ့။ ထုံးစံအတိုင်း ကိုရီးယား ရိုးရာဝတ်စုံဝတ်ထားတဲ့ သတင်းကြေညာသူ အမျိုးသမီး တီဗီဖန်သားပြင်ပေါ်မှာ ပေါ်လာတယ်။ သူ့နောက်မှာ ပြုံယမ်း မြို့ကြီးနဲ့ တေဒေါင်မြစ်။ သူ့မျက်နှာကြည့်ရတာ ငိုတော့မလို အုံ့မှိုင်းနေတယ်။

"သမ္မတကြီး ကင်အီဆွန်း ကွယ်လွန်သွားပါပြီ" လို့ မျက်ရည်တွေ အနိုင်နိုင်ထိန်းရင်း ရုတ်တရက်ကြီး ကြေညာလိုက်ပါတယ်။

အဖေဆိုတာ အံ့သြပြီး မှင်တက်မိနေလိုက်တာ ကျောက်ရုပ်ကြီးလိုပဲ။ သတင်းကြေညာသူ ပြောလိုက်တာ မိုးပြိုကျပြီလို့ ပြောလိုက်တာမျိုးပါ။ အဲဒီနောက် သိပ်မကြာခင် အမေ မျက်ရည်စက်လက်နဲ့ အလုပ်က ပြန်လာတယ်။ အမေ့ကို ဒီလိုပုံမျိုး အရင်က တခါမှ မတွေ့ခဲ့ဖူးဘူး။ ခေါင်းဆောင်ကြီး ကင်အီဆွန်း

ကွယ်လွန်တဲ့သတင်းကို အမေ ဆေးရုံမှာ ကြားခဲ့တာ။ သတင်း ကြားလို့ အမေ့လုပ်ဖော်ကိုင်ဖက်တယောက် နှလုံးတိုက်ခိုက်မှုခံရပြီး သေသွားတယ်တဲ့။ အဲဒီနေ့မှာ တတိုင်းပြည်လုံး သေသူတွေ မနည်းဘူး။ ကျွန်မတို့ သမ္မတကြီးကို သိပ်ချစ်တဲ့ အမေဟာ ယူကျုံးမရ ဖြစ်တာပေါ့။ ပြုံယမ်းမှာတုန်းက ကင်အီဆွန်းမွေးတဲ့ မန်ဂျောင်ဒေးနားမှာ အဖေ ကလေးဘဝက ကျောင်းသွားတက်ရတာ။ ကင်အီဆွန်းရဲ့မွေးရပ်မြေကို သွားတာဟာ မြောက်ကိုရီးယားတွေအတွက် အမျိုးသားရေး ကိစ္စတခု ဖြစ်တယ်ရှင့်။ ကျွန်မ ငယ်ငယ်တုန်းက အဲဒီနေရာကို သွားခဲ့ဖူးတယ်။ အမေတို့ကျောင်းကို ကင်အီဆွန်းလာတုန်းက အမေရပ်နေတဲ့နေရာနဲ့ ကင်အီဆွန်းနဲ့ တစ်မီတာ လောက်ပဲ ဝေးတယ်တဲ့။ အရပ်သိပ်မြင့်ပြီး နွေးထွေးတဲ့အပြုံး ရှိတယ်လို့ အမေက ပြောတာပဲလေ။ တတိုင်းပြည်လုံးကို သူ့ဓာတ်ပုံတွေထဲကနေ အမြဲတမ်း ပြုံးပြနေသူပါ။

သူဟာ ကျွန်မတို့အတွက် နတ်ဘုရားတပါးဖြစ်တာကြောင့် သူ သေသွားတယ်ဆိုတာ ယုံတောင် မယုံနိုင်ဘူး။ ကျွန်မတို့ နတ်ဘုရားမရှိရင် ကျွန်မတို့ကော ရှင်သန်နေဦးမှာလား။

သူဟာ ကျွန်မတို့ကို ဂျပန်အုပ်ချုပ်မှုကနေ လွတ်မြောက်စေခဲ့သူပါ။ သူဟာ ကျွန်မတို့နိုင်ငံကို တည်ထောင်ခဲ့သူပါ။ သူဟာ မြောက်ကိုရီးယားလူမျိုးအားလုံးရဲ့ဖခင်ပါ။ သူကွယ်လွန်ကြောင်း ကြေညာလိုက်တဲ့အချိန်ကစပြီး သင်္ဂြိုဟ်ချိန်မတိုင်ခင်အထိ တတိုင်းပြည်လုံးမှာ လုပ်နေကျ အလုပ်တွေ ဘာမှ မလုပ်နိုင်ကြတော့ဘူး။ တတိုင်းပြည်လုံးလူတွေ ချောက်ချားနေကြတယ်။ စစ်သားတွေ လူးလိမ့်ငိုကြတယ်။ မိန်းမတွေ ပူဆွေးပြီး အော်ဟစ်ငိုယိုကြတယ်။ တီဗီဖန်သားပြင် ပေါ်မှာ သတင်းကြေညာတဲ့အမျိုးသမီးက ကြီးမြတ်တဲ့ခေါင်းဆောင်ကြီး ကွယ်လွန်လို့ မိုးကတောင် ငိုကြွေးနေတယ်လို့ ကြေညာသွားတယ်။ သူ့နောက်မှာ မိုးတွေရွာလို့။

*

အဲဒီနေ့ဟာ ၁၉၉၄ ဇူလိုင် ၈ ရက်နေ့ဖြစ်တယ်။ ကင်အီဆွန်း ကွယ်လွန်တဲ့အတွက် မိုးက ဝမ်းနည်းပြီး ငိုကြွေးတယ်ဆိုတာကို ကျွန်မ တကယ်ပဲ ယုံခဲ့တာပါ။ အခုတော့ ကျွန်မသိပါပြီ။ မိုးရွာတာက မိုးတွင်းကြီးကိုး။ ဒီလိုအချိန်မျိုးကျရင် ကိုရီးယားမှာ အမြဲတမ်း မိုးရွာနေကျပဲ။ အဲဒီတုန်း ကတော့ ဦးနှောက်အကျင်းခံထားရတဲ့ ကျွန်မဟာ သူများပြောသမျှ ယုံနေတော့တာပဲ။ မယုံလို့လည်း မဖြစ်ဘူးလေ။ ကျွန်မမှာ အမှန်တရားကို ကြားသိရနိုင်တဲ့ အခွင့်အရေးမှ မရှိဘဲ။

မြောက်ပိုင်းကပြည်သူတွေဟာ အမှန်တရားကို သိမြင်ဖို့ အခွင့်အလမ်း မရှိကြဘူး။ သူတို့ဟာ လုံးဝ ပိတ်ဆို့ထားတဲ့ ကမ္ဘာတခုထဲမှာ အထီးကျန် ဖြစ်နေကြတယ်။ ဒီအခြေအနေကို သူတို့ မတော်လှန်တဲ့အတွက် အပြစ်မတင်သင့်တာတော့ အမှန်ပဲ။ အာဏာရှင်စနစ်ရဲ့ အရှိတရားတွေကို တိုင်းတာဖို့ ခက်ပါတယ်။ အင်တာနက်ကိုလည်း ပါတီထိပ်ပိုင်း ခေါင်းဆောင်တွေသာ အသုံးပြုနိုင် တာ။ နိုင်ငံခြား ရုပ်သံအစီအစဉ်တွေ ကြည့်ဖို့၊ နိုင်ငံခြားကို ဖုန်းခေါ်ဖို့၊ နိုင်ငံခြားသားတွေနဲ့ စာပေးစာယူ လုပ်ဖို့ဆိုတာတွေဟာ တင်းတင်းကြပ်ကြပ် တားမြစ်ထားတဲ့ကိစ္စတွေဖြစ်တယ်။ ကျူးလွန်သူအဖို့ သတင်းဆိုးနဲ့ကျော်ကြားလှတဲ့ အလုပ်စခန်းတွေမှာ လောကငရဲခံဖို့ သေချာတာပေါ့။

ဒါပေမဲ့ လာဘ်ပေးလာဘ်ယူမှုရဲ့ အကျိုးဆက်အဖြစ် တရုတ်နယ် စပ်ကိုကျော်ပြီး သတင်းတွေ စိမ့်ဝင်လာတယ်။ မှောင်ခိုသမားတွေရဲ့ကျေးဇူးပဲ။ မြောက်ကိုရီးယားနဲ့ တောင်ကိုရီးယား နယ်စပ် တလျှောက်မှာ တံတိုင်းကြီး ကာထားတယ်။ လေပူဖောင်းချိတ်ပြီး လွှတ်တင်လိုက်တဲ့ ကင်အစိုးရရဲ့ ရာဇဝတ်မှုတွေကို ရှုတ်ချထားတဲ့ လက်ကမ်းစာစောင် အနည်းအကျဉ်းကလွဲလို့ မြောက်ကိုရီးယား ထဲကို ဘာသတင်းမှ မရောက်နိုင်ဘူး။ ကိုရီးယားစစ်ပွဲပြီးချိန်မှာ မိသားစုတွေ တကွဲတပြား ဖြစ်သွားကြတယ်။ စစ်မဲ့ဇုန်ဟိုမှာဘက်က မိဘတွေ၊ သားသမီးတွေရဲ့သတင်းကို ယနေ့အထိ မကြားရတော့ဘူး။

ကင်အီဆွန်း ကွယ်လွန်ပြီးနောက်တနေ့မှာ ကျွန်မလည်း တခြားလူတွေလို ယူကျုံးမရ ဖြစ်မိတာပါ။ မနက်စောစောမှာ အမေက ကျွန်မတို့ ညီအစ်မနှစ်ယောက်ကို ကင်အီဆွန်းကို ဂုဏ်ပြုဖို့အတွက် တောင်ပေါ်တက်ပြီး ပန်းခူးခိုင်းတယ်။ ဒီအလုပ်ဟာ ကျွန်မတို့ ခေါင်းဆောင်ကြီးတွေရဲ့ မွေးနေ့တိုင်း မြောက်ကိုရီးယားက ကလေးအားလ ုံးလုပ်နေကျအလုပ်ပါ။ တောင်ပေါ်ကအပြန်မှာ လက်ချည်းဗလာ ပြန်လာလို့ကတော့၊ ဒါမှမဟုတ် အဝါရောင်ပန်းတွေ ယူလာလို့ကတော့ ဒုက္ခရောက်ပြီသာမှတ်။ ဆရာမတွေက အပြစ်ပေးကြလိမ့်မယ်။ အဝါရောင်ဟာ ကျွန်မတို့ရဲ့ရန်သူ အမေရိကန်ရဲ့အရောင်တဲ့။ အမေရိကန်အားလုံးဟာ ရွှေရောင်ဆံပင်ရှိသူတွေဖြစ်လို့ ကျွန်မတို့ကို အဝါရောင် မုန်းရမယ်လို့ သင်ကြားထားတယ် ရှင့်။

၁၉၉၄ ဇူလိုင်လ ၉ ရက်နေ့ ညနေမှာ ပန်းလေးတပွင့်တောင် မကျန်တော့ဘူး။ ကလေးတွေ ခူးသွားကြပြီလေ။

ကျွန်မ ပန်းခူးပြီးတဲ့နောက် အိမ်ပြန်လာပြီး မြို့လယ်ကောင်မှာလုပ်တဲ့ ဝမ်းနည်းကြောင်း အထိမ်းအမှတ်ပွဲကို တက်တယ်။ အဲဒီပွဲမှာ ကျွန်မငိုမိတယ်။ ဘာကြောင့် ငိုတယ်ဆိုတာ ကျွန်မ မသိပေမယ့် ငိုဖို့လိုအပ်တယ်ဆိုတာကတော့ ကျွန်မသိတယ်။ ကျွန်မဘေးက ကောင်မလေးဆိုရင် တကယ်ငိုတာ မဟုတ်ဘူး။

သူ့မျက်လုံးထောင့်က မျက်ရည်လေးတပေါက်ကို ကြည့်ပြီး သူ ဟန်ဆောင်နေတယ်ဆိုတာ ကျွန်မ သိလိုက်တယ်။ သူမငိုရင် အထင်သေးတဲ့မျက်လုံးတွေနဲ့ ကြည့်ကြမှာဆိုတော့ ငိုချင်ဟန် ဆောင်ရပြီပေါ့။

ကင်အီဆွန်းနဲ့ သူ့သား ကင်ဂျုံအီကို ကျွန်မတို့ အူလှိုက်သည်းလှိုက် ချစ်ကြပါတယ်။ သူတို့ရဲ့ မွေးနေ့တွေဖြစ်တဲ့ ဧပြီ ၁၅ နဲ့ ဖေဖော်ဝါရီ ၁၆ တို့ဟာ ကလေးတွေအဖို့ ပျော်စရာနေ့တွေပေါ့။ ကျွန်မတို့ တယောက်ကို သကြားလုံး တစ်ကီလိုစီ ရကြတယ်လေ။ သူတို့မွေးနေ့မတိုင်ခင်ညမှာ ကျွန်မတို့ ပျော်ကြလွန်းလို့ အိပ်မပျော်နိုင်ကြဘူး။ သူတို့မွေးနေ့မနက်မှာ ကျောင်းဝတ်စုံဝတ်ပြီး လက်ဆောင်အိတ် သွားယူတယ်။ လက်ဆောင်အိတ်ပေါ်မှာ 'ကမ္ဘာပေါ်မှာ ကျွန်ုပ်တို့ အားကျစရာမရှိ' လို့ ရေးထားတယ်။ အိတ်ထဲမှာ ကပ်စေးနဲ့တွေ၊ တော်ဖီတွေ၊ သကြားလုံးတွေ ပါတယ်။ အပြန်ခရီးမှာ ကျွန်မရလာတဲ့အိတ်ကို ရင်ဘတ်မှာ တင်းတင်းကျပ်ကျပ် ကြီး ပိုက်ပြီး ပြန်လာခဲ့တာပေါ့။

တောင်ကိုရီးယားကိုရောက်ပြီးတဲ့နောက်မှာ ကျွန်မရဲ့ မွေးရပ်မြေအကြောင်း အမှန်အတိုင်း သိဖို့ အချိန်အတော် ယူလိုက်ရတယ်ရှင့်။ ကင်ဂျုံအီဟာ ရက်စက်တဲ့ အာဏာရှင်တယောက် ဖြစ်တယ်လို့ ကျွန်မ မယုံချင်ဘူး။ ဆိုးလ်ကိုရောက်တော့ ကင်ဂျုံအီရဲ့ ဂျပန်စားဖိုမှူးဟောင်း ရေးတဲ့ စာအုပ်တအုပ် ဖတ်ရတယ်။ စာအုပ်ထဲမှာ စားဖိုမှူးဟောင်းကြီး ကင်ဂျီဖူဂျီမိုတိုက ကျွန်မတို့ခေါင်းဆောင်ကြီး ရက်စက်ပုံကို အသေးစိတ် ရေးထားတယ်။ သူရေးထားတာတွေဟာ ကျောင်းမှာ သင်ရတာတွေနဲ့ တခြားစီဖြစ်လို့ ကျွန်မ လက်မခံနိုင်ခဲ့ဘူး။

ကျောင်းမှာ နံနက်တိုင်း ကင်ဂျုံအီဘဝအကြောင်း ကျွန်မတို့ ဖတ်ရတယ်။ နတ်သမီးပုံပြင်လို စာတပုဒ်မှာ ဒီလိုရေးထားတယ်ရှင့်။ သူမွေးတဲ့နေ့က ပအက်တူ မီးတောင်ကြီးပေါ်မှာ ကြယ်တပွင့် ပေါ်လာသတဲ့။ ကလေးဘဝက ပြုံယမ်းကို သွားတော့ တေဒေါင်းမြစ်အနီး ပန်းခြံထဲက သစ်ပင်တပင်ကို အဖေက ပြတယ်။ အဲဒီအပင်ဟာ သက်တံကို ဖမ်းဖို့ ကင်အီဆွန်း ကလေးဘဝက တက်ခဲ့တဲ့ အပင်တဲ့ရှင့်။

*

အခု ဒီမုသားစကားတွေ ကျွန်မခေါင်းထဲမှာ မရှိတော့ပါဘူး။ ကျွန်မ မိခင်တိုင်းပြည်က ဆိုးဝါးလှတဲ့ အလုပ်စခန်းတွေအကြောင်း ကျွန်မ ဆိုးလ်မှာ ဖတ်ရတယ်။ မြောက်ကိုရီးယားမှာ နေတုန်းက ဒီအလုပ်စခန်းတွေရှိမှန်း မသိခဲ့ဘူး။ လူတွေ ပျောက်ပျောက်သွားတာပဲ သိခဲ့တာ။ ဆိုးလ်ကိုရောက်မှ ကျွန်မလိုပဲ ထွက်ပြေးတဲ့လူတွေအကြောင်း မကြာမကြာ ကြားရတယ်။ ကျွန်မတို့တိုင်းပြည်ဟာ အင်မတန် ကြီးမားကျယ်ပြောတဲ့ အကျဉ်းထောင်ကြီးဖြစ်မှန်း အခုတော့ ကျွန်မ

သိပါပြီ။

ကျွန်မထွက်ပြေးလာပြီး နှစ်အတန်ကြာတဲ့နောက် ၂၀၁၀ နိုဝင်ဘာမှာ ဒီပြဿနာအားလုံး ကျွန်မဆီ ပြန်ရောက်လာတယ်။ ပင်လယ်ဝါထဲက တောင်ကိုရီးယား ကျွန်းတကျွန်းကို မြောက်ကိုရီးယားက ရုတ်တရက် ပစ်ခတ်တဲ့အချိန်မှာပေါ့။ ပစ်ခတ်မှုကြောင့် လူလေးယောက် သေဆုံးသွားတယ်။ ဆိုးလ်နဲ့ ၆၆ ကီလိုမီတာပဲ ဝေးတာ။ စစ်ဖြစ်တော့မယ်လို့ ကျွန်မ တို့ညီအစ်မ ထင်မိကြတာပေါ့။

'သူတို့ အရူးတွေပဲ' လို့ ကီအွန်ဆန်က ကျွန်မကို ပြောတယ်။ ကျွန်မကတော့ မီးကုန် ယမ်းကုန် တိုက်ကြမယ့် စစ်ပွဲကြီးမျိုး ဖြစ်မယ်လို့ မထင်ဘူး။ အဲဒီလိုပဲ မြောက်ကိုရီးယားဟာ သူ့ရဲ့ပါဝါကို စွန့်လွှတ်လိမ့်မယ်လို့ မထင်ဘူး။ သူလျှို့ဝှက်လုပ်နေတဲ့ အဏုမြူလက်နက်တွေကို စွန့်လွှတ်လိမ့်မယ် လို့ မထင်ဘူး။ ပြီးတော့ မင်းဆိုးမင်းညစ်လက်မှ လွတ်မြောက်တဲ့ မြောက်ကိုရီးယားကို ကျွန်မ ပြန်သွားဖို့ အခွင့်အရေး ရမှ ရပါ့မလားလို့လည်း တွေးလို့ မဆုံးဘူးပေါ့ရှင်။

* * *

[၅]

၁၉၉၇ ဒီဇင်ဘာ။

ကျွန်မ ခန္ဓာကိုယ်လေးက ဝါးခြမ်းပြားလေးလို ပိန်ပိန်လေးဖြစ်ပေမယ့် တစ်တန်လောက် လေးသလို ကျွန်မ ခံစားနေရတယ်။ လှုပ်ရှားရတာ မလွယ်ဘူးရှင့်။ ညဘက် မှောင်ရီပျိုးလာချိန်မှာ မာကျော အေးစက်နေတဲ့ မြေကြီးပေါ် ကျွန်မ ပစ်ထိုင်ချလိုက်တယ်။ ကျွန်မမှာ ခွန်အားမရှိတော့ဘူး။ အမေက ကျွန်မကို ထားခဲ့ပြီ။ လေ့ကားပေါ်က ခြေသံတွေကြားရတော့ ကျွန်မ ငြိမ်နေလိုက်တယ်။ ၁၉၉၇ အတွင်း အဲဒီအေးစက်နေတဲ့ ဒီဇင်ဘာညမှာ ၁၁ နှစ်သမီးအရွယ် ကျွန်မဟာ အရွယ်မရောက်ခင် သေတော့မှာလို့ သိလိုက်တယ်။

ရုတ်တရက် မသဲမကွဲ အသံတခု ကြားလိုက်ရတယ်။ ကျွန်မ အိပ်မက် မက်နေတာလား။ အဲဒါ အိပ်မက်ဆိုးတခုလား။ မျက်လုံးတွေ မှေးကြည့်လိုက်တော့ လူရိပ်တခုက ကျွန်မရှေ့မှာ ပေါ်လာပြီး တဖြည်းဖြည်း ကြီးသထက် ကြီးလာတယ်။ ကျွန်မ လန့်ပြီး မတ်တတ်ထရပ်လိုက်တဲ့အချိန်မှာ ဒီအရိပ်ဟာ ကျွန်မနဲ့ ရင်းနှီးနေသလိုပဲ။ သြော် အမေပါလား။ အမေ့နောက်မှာ ကီအွန်ဆန်လည်း ပါရဲ့။ ကျွန်မ ချက်ချင်း ခွန်အားတွေ ပြည့်သွားတာပေါ့။

လွန်ခဲ့တဲ့ နာရီပိုင်းလောက်က ကျွန်မ စာရေးခဲ့တယ်။ အခု ကျွန်မတို့ မိသားစုတွေ ပြန်ဆုံရပြီ။ အံ့သြဖို့ မကောင်းဘူးလား။ အမေ့ကို ပြင်းပြင်းထန်ထန် ရေးခဲ့မိတဲ့အတွက် ကျွန်မ စိတ်မကောင်းဘူး။ ကော်ဖီစားပွဲပေါ် တင်ခဲ့တဲ့စာကို အမေတွေ့ပြီး ဖတ်နေတုန်းမှာ ကျွန်မ အသက်အောင့်ထားမိတယ်။ အမေ့မျက်နှာပေါ်မှာ ခံစားချက် တစုံတရာ မတွေ့ရဘူး။ အဲဒီအခိုက်အတန့်မှာ အမေ ဘာတွေ တွေးနေသလဲဆိုတာ ကျွန်မ မသိဘူး။ သူစာဖတ်နေတုန်းမှာပဲ ကျွန်မရဲ့အပျော်တွေ တဖြည်းဖြည်း ပျောက်သွားတော့တယ်။

သူတို့ လက်ချည်းဗလာ ပြန်လာတဲ့အကြောင်း သိလိုက်ရချိန်မှာ ကျွန်မရင်ထဲက အပျော်တွေ လုံးဝ ပျောက်ကွယ်သွားတော့တယ်။ သူတို့ ရာဂျင်ဆွန်ဘောင်းကို သွားတဲ့ခရီးက အောင်မြင်တဲ့ခရီးတခု မဟုတ်ဘူး။ ဘာစားစရာမှ ပါမလာဘူး။ ကျွန်မဖြင့် ငတ်လို့သေတော့မယ်။ လွန်ခဲ့တဲ့နှစ်ရက်က ရေနဲ့ တရုတ်မုန်လာရွက်အခြောက်တွေ ကုန်သွားကတည်းက ကျွန်မပါးစပ်ထဲကို ဘာစားစရာမှ မထည့်ခဲ့ ရဘူး။

အမေ့ပုံစံက ခြေကုန်လက်ပန်းကျနေတဲ့ ပုံစံပဲ။ အခန်းထဲမှာ စားစရာမရှိလို့ အမေဟာ ရေတခွက် သောက်လိုက်တယ်။

'အမေတို့ လုပ်စရာရှိတာ သေဖို့ပဲ ကျန်တော့တယ်' လို့ စိတ်ပျက်အားလျော့တဲ့လေသံနဲ့ အမေက ပြောတယ်။ ကျွန်မတို့အားလုံး သေသွားကြတော့မှာ။

အမေဟာ မီးဖိုချောင်နံရံဘေးမှာ ခင်းထားတဲ့ အိပ်ရာပေါ် လှဲချလိုက်တယ်။ အဲဒီနေရာက အခန်းထဲမှာ အအေးဒဏ် အပေါ့ဆုံး။ ကျွန်မတို့ညီအစ်မက အမေ့ဘေးမှာ တယောက်ကိုတယောက် တိုးဝှေ့ပူးကပ်လို့။ ကျွန်မတို့ အိပ်ပျော်သွားချိန်မှာ အမှောင်ထု ကြီးစိုးလို့။ ကျွန်မတို့မှာ အားကိုးရာမဲ့နေလိုက်တာ။ သေရမယ်ဆိုရင်လည်း ကျွန်မတယောက်တည်းတော့ မသေဘူးရှင့်။

မနက်ကျတော့ လမ်းပေါ်က အသံဗလံတွေကြောင့် ကျွန်မတို့ နိုးသွားကြတယ်။ နိုးပေမယ့် မလှုပ်နိုင် ကြဘူး။ အမေက ကျောက်ရုပ်လိုပဲ ငြိမ်သက်နေလိုက်တာ။ အမေ့ပခုံးပေါ်က ဝန်ထုပ်ဝန်ပိုးဟာ မခံမရပ်နိုင်အောင် ကြီးမားတယ်လေ။ တနေ့တခြား ဆိုးဝါးလာတဲ့ အငတ်ဘေးဒဏ်ကို ရင်ဆိုင်ဖို့ ကျွန်မတို့ရဲ့ နောက်ဆုံးမျှော်လင့်ချက်ဟာ အမေပဲဆိုတာ အမေသိတယ်လေ။ ၁၉၉၅ ကတည်းက ကျွန်မတို့မိသားစုဝင်တွေ တယောက်ပြီးတယောက် သေခဲ့ကြတာ။ ဒီတခါ ကျွန်မတို့သုံးယောက် အလှည့်ပဲ။ နှစ်နှစ်အတွင်းမှာ အမေဟာ အဘွားကို ဆုံးရှုံးခဲ့ရတယ်။ အဲဒီနောက် သိပ်မကြာဘူး အဘိုးကို ဆုံးရှုံးလိုက်ရပြန်ရော။ လွန်ခဲ့တဲ့ တလလောက်က အဖေ့အလှည့် ရောက်လာပြန်တယ်။ မှိတ်ထားတဲ့ အမေ့မျက်လုံးတွေဟာ ဒီအိပ်မက်ဆိုးကြီးကို ထပ်ပြန်တလဲလဲ ကြည့်နေသလိုပဲ။

*

ကျွန်မ သိပ်ကြိုက်တဲ့ ရေခဲခေါက်ဆွဲကို မစားရတာ တနှစ်ကျော်ပြီ။ ၁၉၉၄ မတိုင်ခင်အထိ ကျွန်မမှာ စားစရာ လုံလုံလောက်လောက် ရှိခဲ့ပါတယ်။ စောစောကပြောခဲ့သလိုပဲ၊ ဆေးရုံစားသောက်ဆိုင်က အမေ ယူခဲ့တာတွေလေ။ ယုတ်ဆွအဆုံးတော့ ကင်ချီနဲ့ ထမင်းစားရတာ အမေ့ကျေးဇူးပေါ့။ တခါစားဖူးရင် ကင်ချီမပါဘဲ ထမင်းစားနိုင်မှာ မဟုတ်တော့ဘူး။ ဒါပေမဲ့ ကျွန်မအသက် ကိုးနှစ်မှာ နေ့တိုင်းမစားနိုင်တော့ပါဘူး။ ဆေးရုံမှာလည်း စားစရာတွေ ရှားလာပြီ။ အမေက ထမင်းအစား ပျော့ပြဲနေတဲ့ ဂျုံဆန်ပြုတ် လုပ်ပေးတယ်။ အဲဒါကို ကျွန်မ မကြိုက်ဘူးရှင့်။ ကျွန်မရှေ့ကို ဆန်ပြုတ်ပန်းကန် ချပေးတိုင်း မစားချင်ဘူးလို့ ပြောတာချည်းပဲ။

ဒါပေမဲ့ နောက်ဆုံးကျတော့ ဒီဆန်ပြုတ်မှမစားရင် အစာအိမ်ကို ဖြည့်စရာ ဘာမှမရှိဘူးဆိုတာ ကျွန်မ သိသွားပြီလေ။

ဆေးရုံမှာ ရိက္ခာပြတ်သွားတဲ့ အချိန်လောက်မှာပဲ ကျွန်မတို့အိမ်နားက ပြည်သူ့ဆိုင်ဟာ လုံးဝ သုံးစားလို့ မရတော့ဘူး။ ပြည်သူ့ဆိုင်က

အုတ်တိုက်ကလေးပါ။ ပြတင်းပေါက်နှစ်ပေါက်ကို သံတိုင်တွေနဲ့ ကာထားတယ်။ ဈေးဆိုင်ထက် အကျဉ်းထောင်နဲ့ ပိုတူနေတော့တာပေါ့။ စားနပ် ရိက္ခာ ဟူသမျှ ဒီဆိုင်ကနေတဆင့် လာရတာ။ မြောက်ကိုရီးယားမှာ အရာရာတိုင်းကို နိုင်ငံတော်က ပိုင်လို့ပဲ။ ကျောင်းဝတ်စုံကနေ ဆီနဲ့ဆန်အထိ အဲဒီဆိုင်မှာ ရတယ်။ ဒါပေမဲ့ များသောအားဖြင့် ဆိုင်က ဟောင်းလောင်းပါ။ ရောင်းစရာမရှိလို့ ဆိုင်ကို နှစ်နှစ်နီးပါးလောက် ပိတ်ထားရတယ်။ စက်ရုံကို ဖြန့်ဖြူးတဲ့ ရိက္ခာလည်း မမှန်တော့ဘူး။ နောက်ဆုံး ရပ်ပစ်လိုက်ရရော။ အဲဒီတော့ လိုချင်တာဟူသမျှ မှောင်ခိုဈေးမှာ ဝယ်ရတော့တာပေါ့။ တခါတခါ လူတွေက လမ်းတွေပေါ်မှာ ဈေးရောင်း လာတဲ့ အထိပဲ။ ရှိသမျှ အိမ်ထောင်ပစ္စည်းလေးတွေကို အိမ်ရှေ့မှာ ဖြန့်ခင်းထားကြတယ်။ ဒါတွေ ရောင်းပြီးရင် ခေါင်ခိုက်နေအောင် ဈေးကြီးတဲ့ စားစရာတွေ ဝယ်ကြဖို့ပါ။

မြောက်ကိုရီးယားက ထွက်ပြေးလာချိန်ကစပြီး ကျွန်မတို့ဟာ အငတ်ဘေးကြီးရဲ့ သားကောင်တွေ ဖြစ်ကြောင်း သိရတယ်။ ဒီအငတ်ဘေးကြီးထဲမှာ ဘယ်နှယောက် သေခဲ့တယ်ဆိုတာ ဘယ်သူမှ အတိအကျ မသိကြဘူး။ အစိုးရက အငတ်ဘေး ဖြစ်ခဲ့တယ်ဆိုတာကို ငြင်းထားတာကိုး။ အနည်းဆုံး လူငါးသိန်းလောက် သေခဲ့တာ။ NGO တွေရဲ့အဆိုအရ သေဆုံးသူ တစ်သန်း ကျော်တယ်တဲ့။ ကျွန်မရဲ့ပြည်နယ်ဖြစ်တဲ့ မြောက်ဟမ္ဂျောင်းမှာ အသေအပျောက် အများဆုံးပဲလို့ ဆိုးလ်ရောက်မှ သိရတယ်။

ဒီအငတ်ဘေးကြီးဖြစ်ရခြင်းရဲ့ အကြောင်းရင်းတွေကတော့ အများကြီးပါ။ ၁၉၉၁ အတွင်း ဆိုဗီယက် ပြည်ထောင်စု ပြိုကွဲသွားခြင်းက မြောက်ကိုရီးယားစီးပွားရေးကို ကယိမ်းကယိုင် ဖြစ်စေတယ်။ လျှပ်စစ်ဓာတ်အား မလုံလောက်လို့ စက်ရုံတွေ ပိတ်လိုက်ရတယ်။ စိုက်ခင်းတွေထဲမှာ မြေဩဇာ မတွေ့ရတော့ဘူး။ ပြီးတော့ ရိက္ခာခွဲတမ်းတွေလည်း လျော့သွားပြီ။ ၁၉၉၄ မှာ ကျွန်မပြည်နယ်ရဲ့ ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေတဲ့ စိုက်ပျိုးရေးကို ရေကြီးခြင်းက လက်စသိမ်းပေးလိုက်တယ်။ ထွက်တဲ့ စပါးနည်းနည်းကို စစ်တပ်နဲ့ လူ့မလိုင်တွေအတွက် သီးသန့်ဖယ်ထားပြီး ကျန်တဲ့ ပြည်သူတွေက တော့ ဗိုက်ဟောင်းလောင်းနဲ့ နေကြပေါ့။

အငတ်ဘေးဒဏ်ကို အရင်ဆုံး မလွန်ဆန်နိုင်သူတွေကတော့ ကလေးတွေ၊ အဲဒီနောက် သက်ကြီးရွယ်အိုတွေ၊ အဲဒီနောက် မိန်းမတွေ။ ကျွန်မကို မွေးတဲ့ ၁၉၈၀ ပြည့်လွန်နှစ်တွေအတွင်း ရိက္ခာခွဲတမ်း အရည်အသွေး ညံ့နေဆဲဖြစ်ပြီး ၁၉၉၄ ကစလို့ အရေအတွက်ပါ လျော့လာတယ်။ ပစ္စည်းတွေလည်း ရောက်မလာတော့ပါဘူး။ ရပ်ကွက်ပြည်သူ့ဆိုင် မန်နေဂျာက ပစ္စည်းတွေ နောက်ကျနေတာပါလို့ ပြောပေမယ့် ကျွန်မတို့မှာတော့ တခါတခါ

ဘာပစ္စည်းမှမရဘဲ နေလိုက်တာ ခြောက်လလောက်ကြာတဲ့အထိပဲ။

၁၉၉၅ တုန်းက ချွန်ဂျင်းမှာ အဝတ်ဘေးဒဏ်ကြောင့် အစောဆုံး သေသွားတာ အဘွားပါ။ နောက်နှစ်မှာ စစ်တပ်လူထွက် အဘိုးလည်း အဝတ်ဘေးကြောင့်ပဲ သေရရှာတယ်။ ကျန်းမာရေး ချို့တဲ့နေတဲ့ အဘိုးဟာ အစိုးရရိက္ခာ ခွဲတမ်း မရတော့လို့ သေသွားတယ်။ အဘိုးသေတဲ့သတင်းကို လအတန်ကြာပြီးမှ စာရောက်လာလို့ အမေသိရ။ စာပို့တိုက်ရဲ့နောက်ကျမှုကြောင့် အမေဟာ သူ့အဖေကို နောက်ဆုံးနှုတ်ဆက်ခြင်းတောင် မလုပ်လိုက်ရဘူး။

၁၉၉၇ ဒီဇင်ဘာအတွင်း စိတ်ပျက်စရာကောင်းတဲ့ အဲဒီညက မီးဖိုချောင်ကြမ်းပြင်ပေါ်မှာ လှဲရင်း အမေဟာ မျက်လုံးစုံမှိတ်ပြီး ဒီအကြောင်းတွေကို အပြန်ပြန် အလှန်လှန် တွေးမိနေမှာပဲ။

ကျွန်မတို့မှာ အစိုးရပေးတဲ့ ရိက္ခာခွဲတမ်းတခုတည်းအပေါ် မှီခိုနေကြရတာ။ မှောင်ခိုဈေးမှာ အရောင်းအဝယ်နဲ့ ပိုက်ဆံရှာနိုင်သူတွေသာ ဝယ်စားနိုင်ကြတယ်။ အဆင့်မြင့် အရာရှိကြီးတွေနဲ့ စစ်တပ်က လူတွေကတော့ အစိုးရပေးတဲ့ ရိက္ခာကို ရကြတယ်။ ရိက္ခာခွဲတမ်း မရတော့လို့ အများဆုံး ဒုက္ခရောက်ရတာက ကျွန်မရဲ့အဘိုးလို အလယ်အလတ်တန်း ရာထူးရှိတဲ့လူတွေ။ အဘိုးမှာ စီးပွားရေးအမြင် မရှိပါဘူး။ အသက်ရှင်ဖို့အတွက် လုပ်ရမယ့် တခြားနည်းတွေ အဘိုးမသိဘူး။

အဲဒီနောက် ၁၉၉၇ နွေရာသီအတွင်း အဖေဟာ အဝတ်ဘေးဒဏ်ကို ဆက်လက် မခံနိုင်တော့ဘူး။ စက်ရုံတွေမှာ စားစရာရိက္ခာ မရကတည်းက သူ့ခမျာ ကျုံ့လှီချည့်နဲ့လာပြီ။ အဖေ တဖြည်းဖြည်း မျက်တွင်းဟောက်ပက်ဖြစ်လာတာ ကျွန်မ မှတ်မိနေဆဲပါ။ တညမှာ ကျောက်မီးသွေးတထုပ်ဆွဲပြီး အိမ်ပြန်လာတုန်း အမေ့ရှေ့မှာပဲ အဖေ လဲကျသွားတယ်။

လူတွေမသေခင်မှာ မလုပ်ဖူးတာတွေ လုပ်တတ်ကြတယ်ဆိုတဲ့ ကိုရီးယားဆိုရိုးတခု ရှိပါရဲ့။ အဖေမသေခင် နောက်ဆုံးရက်တွေမှာ သူဟာ ချည့်နဲ့စပြုနေပြီ။ အမေ စိတ်ရှုပ်ရမယ့်ကိစ္စမျိုးတွေ သူလုပ်တယ်။ တနေ့မှာ အမေ အလုပ်ကပြန်လာတော့ အိမ်မှာ အခွံချည်းပဲ ကျန်တာ တွေ့ရတယ်။ အမေကတော့ သူခိုး ခိုးသွားတယ် ထင်တာပေါ့။ တကယ်ဖြစ်တာက အိမ်ကပစ္စည်းတွေကို ဈေးမှာ သွားရောင်းဖို့ အိမ်နီးချင်းတွေ အကြံပေးလို့ အဖေသွားရောင်းသတဲ့။ အမေဒေါ်ပွပြီး ဂျန်းမဒန်းကို တန်းလိုက်သွားတဲ့အခါ အမေရဲ့ မင်္ဂလာဦးလက်ဆောင်ပစ္စည်းဖြစ်တဲ့ အိပ်ရာခင်းလေးတွေတောင် ပြန်မရတော့ဘူး။ သိပ်ကို နောက်ကျသွားပြီ။ အဲဒါတွေကို ရောင်းပြီးနေပြီ။

နောက်တနေ့မှာ အဖေ လဲကျပြန်တယ်။ ဒီတကြိမ် သတိ

ပြန်လည်မလာတော့ဘူး။ အဖေ့ကို တူတူတန်တန် သင်္ဂြိုဟ်ဖို့ ပိုက်ဆံ လုံလုံလောက်လောက် မရှိတဲ့အတွက် တွင်းတူးပြီးတော့ပဲ မြှုပ်လိုက်ရတယ်။ အမှတ်အသားလေးနဲ့ မှတ်တိုင်လေးတခု စိုက်ပေးခဲ့ပေမယ့် ရက်ပိုင်းလောက် အကြာမှာ တယောက်ယောက်က သစ်သားမှတ်တိုင်လေးကို ခိုးသွားပါရော။ သူတို့အိမ်မှာ ထင်းဆိုက်ဖို့ ဖြစ်မှာပါ။

အဖေ ကွယ်လွန်သွားပြီးနောက် ကျွန်မတို့ဘဝလည်း ငရဲနဲ့ မခြားပါဘူး။ ဆေးရုံမှာတောင် လူနာတွေကို ကျွေးစရာ မရှိဘူး။ ဘယ်သူမှ အစိုးရဆီက ရိက္ခာ မရတော့ဘူး။ ကျွန်မ စောစောကပြောခဲ့သလို ကျွန်မတို့ညီအစ်မ ကျောင်းလည်း မတက်ကြတော့ဘူး။ စာသင်ဖို့ အချိန် မပေးနိုင်ကြဘူးလေ။ ကျွန်မတို့ရဲ့အချိန်တွေဟာ စားစရာ ရှာဖို့ပဲ။

အမေရယ်၊ ကီအွန်ဆန်ရယ်၊ ကျွန်မရယ် သားအမိသုံးယောက် အခန်းကျဉ်းလေးထဲမှာ လူတွေနဲ့ အတွေ့မခံဘဲ နေနေကြတယ်။ ညတိုင်း စိုက်ခင်းတွေဆီသွားပြီး ပြောင်းဖူးတွေ ခိုး၊ တောင်တွေပေါ် တက်ပြီး သစ်ဥသစ်ဖုနဲ့ မှိုတွေရှာ၊ တခါတလေ ထင်းခွဲပြီး ရောင်းကြရတယ်။

အမေက သစ်ပင်ကို ပုဆိန်နဲ့ပေါက်ပြီး ကီအွန်ဆန်နဲ့ ကျွန်မက ထင်းစည်းလေးတွေ စည်းကြတယ်။ အဲဒါ အတော်ပင်ပန်းတဲ့ အလုပ်ရှင့်။

*

၁၉၉၇ ဒီဇင်ဘာအတွင်း စိတ်ဆင်းရဲစရာကောင်းလှတဲ့ အဲဒီညမှာ အမေဟာ မျက်လုံးတွေမှိတ်ပြီး ငြိမ်သက်စွာ လဲလျောင်းရင်း သူ့ခေါင်းထဲမှာ အတိတ်ကဖြစ်ရပ်တွေ စုန်ချည်ဆန်ချည် ပေါ်နေမယ် ဆိုတာ သေချာတာပေါ့။

ရာဂျင်ဆွန်ဘောင်းကို သွားတဲ့ခရီးဟာ ကျွန်မတို့ရဲ့ နောက်ဆုံးမျှော်လင့်ချက်ပါ။ အမေဟာ အခန်းထဲက ထွက်သွားရင်း အပြန်ကျရင် စားစရာ ယူလာနိုင်လိမ့်မယ်လို့ တွေးသွားလိမ့်မယ် ထင်ပါရဲ့။ ဒါပေမဲ့ ဒီနောက်ဆုံးကြိုးပမ်းမှုလည်း မအောင်မြင်ပြန်ဘူး။

မိုးလင်းတော့ အမေ့လက်ထဲမှာ ပိုက်ဆံတပြားမှ မရှိဘူး။ အမေ ခေါင်းထဲမှာ တခုခု စဉ်းစားနေ လိမ့်မယ်လို့ ကျွန်မ သိလိုက်တယ်။ အပြင်ဘက်မှာ နေအတော်မြင့်နေပြီ။ ရုတ်တရက် အမေ ထရပ်လိုက်တယ်။ သူ့မျက်လုံးတွေထဲက သန္နိဋ္ဌာန်စိတ်ကို ကျွန်မ လှမ်းမြင်လိုက်တယ်။

* * *

[၆]

အဲဒီနေ့မနက်မှာ အမေဟာ ခေါင်းဆောင်ကြီးတွေရဲ့ပုံတွေ ချိတ်ဆွဲထားတဲ့ နံရံဆီသွားပြီး ကင်အီဆွန်းနဲ့ ကင်ဂျုံအီတို့ရဲ့ဓာတ်ပုံတွေကို ခြေဖျားထောက်ပြီး ဖြုတ်ယူလိုက်တယ်။ ဒီရောင်စုံ ဓာတ်ပုံတွေကို မှန်ပုံးထဲမှာ ထည့်ထားတာ။ ခေါင်းဆောင်နှစ်ယောက်ဟာ ကျွန်မတို့ငယ်ငယ်လေး ကတည်းက ကျွန်မတို့ကို နေ့ရော ညပါ စောင့်ကြည့်နေခဲ့ကြတာ။ ဘယ်နေရာမှာမဆို သူတို့ရုပ်ပုံတွေ ရှိတယ်။ ပြုံယမ်းက အဆောက်အအုံတိုင်းမှာ၊ မြေအောက်ရထားတိုင်းမှာ ဒီပုံတွေကို အားလုံးက အထွတ်အမြတ်ထားကြရတယ်။

အမေ ဘာကိုမှ ဂရုမစိုက်နိုင်တော့ဘူး။ ခေါင်းဆောင်ကြီးတွေရဲ့ မြင့်မြတ်တဲ့ ဓာတ်ပုံနှစ်ပုံကို အမေ ဖယ်ထုတ်လိုက်ပြီး၊ သစ်သားဘောင်နဲ့လုပ်ထားတဲ့ မှန်ပုံးတွေကို အမေယူလိုက်တယ်။ သစ်သားဘောင်တွေက ကျွန်မတို့အဖို့ နောက်ဆုံး ရောင်းစရာပစ္စည်းတွေပါ။ အမေ့လုပ်ရပ်က သေဒဏ် ကျခံရနိုင်တဲ့ ရာဇဝတ်မှုတခု။ အမေက ဓာတ်ပုံတွေကို လက်စပျောက်အောင် မီးရှို့ပစ်လိုက်တယ်။

အမေဟာ သစ်သားဘောင်တွေကို ဈေးမှာသွားရောင်းပြီး ရလာတဲ့ ပိုက်ဆံနဲ့ စားစရာ ဝယ်လာတယ်။ သုံးရက်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကျွန်မပါးစပ်ထဲကို စားလို့ရတဲ့အရာတခုခု ထည့်နိုင်ဦးတော့ မယ်ပေါ့။ အမေ့ကြည့်ရတာ အားနည်းနည်း ပြန်ရှိလာသလိုပဲ။ ကျွန်မတို့ရဲ့ မှန်တင်ခုံကိုလည်း ရောင်းပစ်မယ်လို့ အမေက ပြောတယ်။ အဲဒါဟာ ကော်ဖီစားပွဲကလွဲရင် နောက်ဆုံးကျန်တဲ့ ပစ္စည်းပါ။ ဒါပေမဲ့ ဂျန်းမဒန်းက ဈေးသည်တွေက ဘိုးတော်ဘုရားလက်ထက်က မှန်တင်ခုံကို ထင်းခွဲပြီးတော့ သာ ရောင်းလိုက်ပါတော့တဲ့။

အေးစက်လှတဲ့ ဆောင်းရာသီက အမေ့ကို နည်းနည်းကလေး နားနေဖို့တောင် အခွင့်အရေးမပေးဘူး။ ဒီအချိန်မှာ အမေ ဖျားလည်း ဖျားနေတယ်။ ကျွန်မတို့ကို အစာရှာမကျွေးနိုင် တော့ဘူး။ ဒီတော့ အမေက ကျွန်မကို မိတ်ဆွေတယောက်ဆီမှာနေဖို့လွှတ်လိုက်တယ်။ အိမ်ကို ပြန်မှ ပြန်လာရပါ့မလား ဆိုတာ မသိဘဲနဲ့ ကျွန်မ ထွက်သွားခဲ့တာ။ ကင်အွန်ဆန်က အဒေါ်တယောက်နဲ့ အတူနေဖို့ ချွန်ဂျင်းကို ရထားနဲ့ သွားတယ်။ အမေ့အဖို့ အားရှိလာအောင် အချိန်ယူရမယ်လေ။ အိမ်နီးချင်း တွေက အမေ့ကျန်းမာရေးအတွက် စိတ်ပူကြတာပေါ့။ အပူချိန်လည်း ၅ ဒီဂရီဖာရင်ဟိုက်အောက် ရောက်နေပြီ။ အိမ်နီးချင်းတွေက ပြောကြတယ်။ အဖွေ့တစ္ဆေက အမေ့ကို လာခေါ်လိမ့်မယ်တဲ့။ မြောက်ကိုရီးယားတွေ တစ္ဆေကြောက်ကြတယ်ရှင့်။

၁၉၉၇-၉၈ ဆောင်းရာသီကုန်ခါနီးမှာ ကျွန်မဘဝ အပြောင်းအလဲကြီး

ပြောင်းလဲ သွားတော့တယ်။ စားစရာရဖို့ ခက်ခဲလာတာနဲ့အမျှ အမေဟာ မကြံကောင်း မစည်ရာတွေ တွေးပြီး တိုင်းပြည်က ထွက်ပြေးတော့မလို့တဲ့။ သမီးနှစ်ယောက်ကို ကယ်တင်ဖို့ ကိုယ်မသိတဲ့အရပ်ကို သွားတော့မှာတဲ့ လေ။ ဖေဖော်ဝါရီလဆန်းမှာ အမေ့ကိုတွေ့ဖို့ ကျွန်မ ပြန်လာခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်မတို့တွေ တရုတ်ပြည်ကိုသွားဖို့ အမေ ဆုံးဖြတ်ပြီးနေပြီ။

*

အွန်ဒီအုတ်က တရုတ်-မြောက်ကိုရီးယားနယ်စပ်နဲ့ တစ်နာရီခရီးလောက်ပဲ ဝေးတာပါ။ ဒီနယ်စပ်မှာ လက်နက်ကိုင်အစောင့်တွေ ပတ္တရောင် လှည့်နေကြတယ်။ မိတ်ဆွေတချို့က နယ်စပ်ကိုဖြတ်ပြီး တရုတ်ပြည်သွားဖို့ ကျွန်မတို့ကို တိုးတိုးတိတ်တိတ် အကြံပေးကြတယ်။ ဒီမှာဆက်နေရင် အသက် ရှင်စရာ အခွင့်အရေး မရှိဘူးတဲ့။ သူတို့က တရုတ်ပြည်ထဲထွက်ပြေးတဲ့ မိသားစုတွေအကြောင်း ပြောပြီး ကျွန်မတို့ကို တိုက်တွန်းကြတာ။ စစချင်းမှာ အမေက သူတို့ပြောတာ မယုံဘူး။ ဘာကြောင့်လဲဆိုတော့ ငယ်ငယ်တုန်းက ကျွန်မတို့တိုင်းပြည်ဟာ တရုတ်ပြည်ထက် သာတာကိုး။ အဲဒီတုန်းက အငတ်ပြဿနာ ဖြေရှင်းဖို့အတွက် တရုတ်တွေ အိပ်မက် မက်ကြတာ မြောက်ကိုရီးယား ဘက်ကို ကူးလာဖို့လေ။ အခြေအနေတွေ ပြောင်းလဲတာ ဘယ်လောက်တောင် မြန်လိုက်ပါသလဲ။ ဒါ့အပြင် မြောက်ကိုရီးယားမှာ ကမ္ဘာကြီးအကြောင်း ဘာဆို ဘာမှ မသိရဘူး။ အရင်းရှင်ကမ္ဘာမှာ နေရတာထက် ကျွန်မတို့တိုင်းပြည်မှာ နေရတာ ပိုကောင်းကြောင်း ပုံကြီးချဲ့ထားတဲ့ ဝါဒဖြန့်ချိရေး စကားတွေပဲ ကြားနေရတယ်။ ကျွန်မတို့ ဧရာမမုသားတွေထဲမှာ နေထိုင်ခဲ့ကြတာပါလား။ အဲဒီတုန်းက ဒီအကြောင်းကို ကျွန်မတို့ မသိခဲ့ကြတာ ရင်နာလိုက်လေရှင်။

နောက်ဆုံးကျတော့ အိမ်နီးချင်းတွေစကားကို အမေ ယုံလာတယ်။ ကျွန်မတို့ ပြည်ပြေးတွေ၊ သစ္စာဖောက်တွေ လုပ်ကြတော့မယ်။ ဒီလိုလုပ်တာမှာ ဘာနိုင်ငံရေးမှ မပါဘူး။ အသက်ရှင်သန်ဖို့ လုပ်တာ။ အစိုးရကို ပုန်ကန်ချင်လို့ မဟုတ်ဘူး။ ကျွန်မတို့ရဲ့တခုတည်းသော ပန်းတိုင်ဟာ အစာ စားရဖို့၊ ရှင်သန်ဖို့။ ကင်ဂျုံအီရဲ့အာဏာရှင်စနစ်ကို ကျွန်မ မဝေဖန်ချင်ဘူး။ ဆာလောင်မွတ်သိပ်မှု ကိုသာ ဖြေဖျောက်ချင်တာ။ ဒီကနေ့ ကျွန်မတို့အစိုးရရဲ့ ရာဇဝတ်မှုတွေကို ကျွန်မ ပွင့်ပွင့်လင်းလင်း ဝေဖန်ရှုတ်ချနိုင်ပြီ။ ကျွန်မ တောင်ကိုရီးယားမှာ လုံလုံခြုံခြုံ ဘေးရန်ကင်းကင်း ရှိနေပြီလေ။ ဗိုက်လည်း ဝနေပြီလေ။

*

၁၈ နှစ် ကြာခဲ့ပြီဖြစ်ပေမယ့် ကျွန်မတို့ ဝရမ်းပြေးဖြစ်ခဲ့တဲ့နေ့ကို အခုထိ

သတိရနေသေးတယ်။ ကျွန်မတို့ခရီးဟာ ကိုးနှစ်ကြာလိမ့်မယ်ဆိုတာ အဲဒီတုန်းက မသိခဲ့ဘူး။

အွန်ဒီအုတ်မှာ ညအမှောင် ကြီးစိုးနေပြီ။ ကျွန်မ ချမ်းလို့ တုန်နေတာပဲ။ မှောင်ရီပျိုးလာတာနဲ့ အပူချိန်ကျလာတော့တယ်။ ကီအွန်ဆန်၊ အမေနဲ့ ကျွန်မ အိမ်ကနေ အသာလေး လျှိုထွက်ခဲ့တယ်။ အိမ်တံခါးကို အမေပိတ်လိုက်တာ ထာဝရ ပိတ်လိုက်ခြင်းပါပဲ။ ကျွန်မနဲ့အတူ ကျောပိုးအိတ်ကလေး တလုံး ပါလာတယ်။ အထဲမှာ ဓာတ်ပုံတချို့။ အဲဒီဓာတ်ပုံတွေထဲမှာ ပြုံယမ်းက ကင်အီဆွန်းကြေးရုပ် ရှေ့မှာ သားမွေးဦးထုပ်ဆောင်းပြီး ရိုက်ထားတဲ့ အဖေ့ဓာတ်ပုံတပုံ။ အဖေ့ဓာတ်ပုံတွေထဲမှာ အဲဒီဓာတ်ပုံကို ကျွန်မ သဘောအကျဆုံး။ လမ်းပေါ်မှာ ဖြတ်သွားဖြတ်လာ လူတစု။ ကျွန်မတို့ကို တွေ့ရတော့မှာ မဟုတ်ဘူးလို့ ဘယ်သူထင်မလဲ။ အဲဒီနေ့ စောစောပိုင်းက အမေဟာ မိတ်ဆွေ တယောက်ဆီသွားပြီး ပုဆိန်နဲ့ လွှ ငှားတယ်။ ဒါတွေကို ကျွန်မတို့နဲ့အတူ အပြီးအပိုင် ယူသွားမယ်လို့ အမေ့မိတ်ဆွေကို မပြောရဲခဲ့ဘူး။ ဒီလက်နက်နှစ်ခုဟာ ကျွန်မတို့ခရီးစဉ်အတွင်း စားစရာရဖို့အတွက် သော့ချက်ပေါ့ရှင်။ ထင်းခုတ်ရောင်းပြီး စားစရာ ဝယ်စားဖို့။

ချုံးချုံးကျနေတဲ့ ကုန်ကားတစီးနဲ့ တစ်နာရီလောက် သွားလိုက်တဲ့အခါ တရုတ်နယ်စပ်က ရွာတရွာကို ရောက်သွားရော။ အမှောင်ရိပ်ခိုပြီး ရွာနဲ့ဝေးရာကို လယ်ကွင်းတွေထဲက ဖြတ်သွားတယ်။ ချုံပုတ်တွေထဲမှာ ဝင်ပုန်းကြတယ်။ အမှောင်ထဲမှာ မျက်စိကျင့်သားရလာတဲ့အခါ တူမင်မြစ်ဆိုတဲ့ ဆိုင်းဘုတ်တခု တွေ့တယ်။ မြစ်ဟိုဘက်မှာ တရုတ်ပြည်ပေါ့။ လွတ်လပ်ပြီ။ တဖက်ကမ်းမှာ ကျွန်မတို့ကို ထမင်းတွေ စောင့်နေကြပြီဆိုတဲ့ အတွေးနဲ့ ကျွန်မ ခုန်ပေါက်မိပါရဲ့။ ဒီည ကျွန်မတို့ တရုတ်ပြည်ကို ရောက်မယ်။

မြစ်ဘေးက ဒီနေရာလေးကို လွန်ခဲ့တဲ့ သီတင်းပတ်အနည်းငယ်က ကျွန်မတို့ ရောက်ခဲ့ဖူးပြီဆိုတော့ အစိမ်းသက်သက်ကြီး မဟုတ်တော့ဘူး။ မတ်လဆန်းတုန်းက နယ်စပ်ကို ဖြတ်သွားဖို့ ကျွန်မတို့ ပထမအကြိမ် ကြိုးစားခဲ့ကြဖူးပြီ။ အတွေ့အကြုံရှိတဲ့ မှောင်ခိုသမားတွေရဲ့ အကြံပေးချက်အတိုင်း ရေခဲနေတဲ့မြစ်ကို ဖြတ်ဖို့ ရည်ရွယ်ထားကြတယ်။ မြစ်ထဲမှာ ရေခဲတုံးလေးတွေ မျောနေကြတယ်။ ရေခဲပျော်စပြုပြီဖြစ်တဲ့အတွက် နောက်နှစ် ဆောင်းရာသီ မတိုင်မချင်း ကျွန်မတို့ စောင့်ကြရလိမ့်မယ်။ စောင့်ရမှာ အကြာကြီးပေါ့။ အဲဒါနဲ့ အမှောင်ထုကို ဖြတ်သန်းပြီး အွန်ဒီအုတ်ကို စိတ်ဓာတ်ကျစွာ ပြန်လာခဲ့ကြတာ။ ဒါပေမဲ့ အမေက လွယ်လွယ်နဲ့ အလျှော့မပေးဘူး။ တူမင်ကိုဖြတ်ဖို့ နွေဦးပေါက်ရင် ပြန်လာဦးမယ်တဲ့။ ဒီအချိန်မှာ မြစ်က သိပ်မနက်ဘူးဆိုတာ သိထားတော့ ရေခဲပေါ် လျှောက်မယ့် အစား ရေထဲမှာ ဆင်းလျှောက်ကြမယ်လေ။

အခု ဒုတိယအကြိမ် ကြိုးပမ်းမှုအဖြစ် ကျွန်မတို့ ဒီနေရာကို ရောက်လာခဲ့ကြပြီ။ မြစ်ကမ်းစပ်ကို ကျွန်မတို့ ချဉ်းကပ်သွားကြတယ်။ မြစ်ကနေ မီတာအနည်းငယ်ဝေးတဲ့နေရာမှာ မြေကြီးပေါ် ကျွန်မ လှဲချလိုက်တယ်။ တောင်တွေကြားထဲ သွားလိုက်ပြန်လိုက်နဲ့ ပတ္တာရောင်လှည့်နေကြတဲ့ နယ်စပ်အစောင့်တွေကို အကဲခတ်ရဦးမှာ။ ကျွန်မတို့ နာရီပေါင်းများစွာ ကြာအောင် အဲဒီနေရာမှာ ငြိမ်ငြိမ်ကလေး နေနေကြတယ်။ အမေကတော့ ပတ္တာရောင်သမားတွေ လာတဲ့အချိန်နဲ့ သွားတဲ့ အချိန်ကြားမှာ ဘယ်လောက်ကြာမလဲလို့ တွက်နေတယ်။

သန်းခေါင်ယံဝန်းကျင်မှာ ပတ္တာရောင်တယောက် ဖြတ်သွားပြီးတဲ့နောက် အမေက ကျွန်မတို့ကို အချက်ပေးပြီး ကမ်းစပ်ကို ပြေးပါရော။ ကီအွန်ဆန်နဲ့ ကျွန်မလည်း တယောက်ပြီးတယောက် နောက်ကနေ ပြေးလိုက်တာပေါ့။ မြစ်ကိုရောက်တဲ့အခါ ကျွန်မခြေထောက်တွေ အေးစက်တဲ့ ရေတွေထဲ နစ်သွားတယ်။ ကျွန်မတို့ ရေမကူးတတ်ကြပေမယ့် အမေက ကျွန်မတို့ကို တင်းတင်းကျပ်ကျပ်ကြီး ကိုင်ထားတယ်။ စစချင်းမှာ ရေက ဒူးဆစ်လောက်ပဲ နက်တာ။ တဖြည်းဖြည်းနဲ့ ကျွန်မလည်ပင်းအထိ ရောက်လာရော။ ရေနစ်သေတော့မယ်ထင်ပြီး ကြောက်လိုက်တာလေ။ ကီအွန်ဆန်နဲ့ ကျွန်မက အမေ့ကို တအားကြီး တွယ်ဖက်ထားကြတယ်။ အမေက ကျွန်မတို့ညီအစ်မအတွက် ရေနက်တယ်ဆိုတာ သိလို့ လာရာကမ်းဘက်ကို ပြန်သွားကြ တယ်။ အခုမှ စိတ်ချမ်းသာလိုက်တာ။

အမေက ခေါင်းသိပ်မာတဲ့မိန်းမပါ။ ကျွန်မတို့အတွက် လမ်းရှာဖို့ သူမြစ်ကို ဖြတ်ကူးနေတုန်း ကျွန်မတို့ကို စောင့်ခိုင်းထားတယ်။ တဖြည်းဖြည်းနဲ့ အမေ့လှုရိပ် ပျောက်သွား။ ကျွန်မလည်း ခိုက်ခိုက်တုန်လို့ပေါ့။ အမေများ ရေနစ်သွားမလားဆိုပြီး စိတ်ပူရတာက တမျိုး၊ ပြီးတော့ အမေ ဟိုဘက်ကမ်းရောက်သွားရင် ကျွန်မတို့ညီအစ်မ ဘယ်လိုလုပ်ရမလဲ။ အမှောင်ထဲမှာ အမေ တဖြည်းဖြည်း ပျောက်သွားတာနဲ့အမျှ ကျွန်မရင်တွေလည်း တဒုန်းဒုန်းခုန်လို့ပေါ့။

မိနစ်ပိုင်းလောက်အကြာမှာ အမေ ပြန်ပေါ်လာတယ်။ ရေတွေ ရွှဲရွှဲစိုလို့။ တကိုယ်လုံး တုန်ယင်နေတာ လမ်းတောင် ကောင်းကောင်း မလျှောက်နိုင်ဘူး။ အမေ သတိလစ်သွားမလားလို့ ထင်မိတယ်။ တရုတ်နယ်စပ်နဲ့ နှစ်မီတာလောက် အကွာရောက်မှ ရေထဲချော်ကျတာတဲ့။ ကျွန်မတို့မှာ အားကိုးအားထားမဲ့လိုက်ပုံများ။ ညအမှောင်ထဲမှာ ကျွန်မတို့ညီအစ်မနှစ်ယောက်က အမေ့ကို ပြုစုကြရဦးမယ်လေ။

“ဖြစ်ပြီးတာတွေ ထားလိုက်တော့။ အခု အမေတို့ နယ်စပ်အစောင့်တွေဆီ သွားကြမယ်”

[၇]

ပုလိပ်အကြီးအကဲက နယ်စပ်အနီး ကင်းတဲလေးရှေ့မှာ ကျွန်မတို့ကို လာကြည့်တယ်။ ရာဂျင်ဆွန် ဘောင်းမှာ ပြန်ရောင်းဖို့ ရည်ရွယ်ချက်နဲ့ ထင်းလာခုတ်ရင်း မြစ်ကို ခိုးကြောင်ခိုးဝှက် ဖြတ်ကူးတာပါလို့ အမေက ရှင်းပြတယ်။ တအောင့်ကြာတော့ ပုလိပ်အရာရှိက ကျွန်မတို့ကို ထောင့်တထောင့်မှာ စောင့်နေဖို့ ပြောတယ်။ ကျွန်မတို့ ခြေကုန်လက်ပန်းလည်း ကျ၊ ခိုက်ခိုက်လည်း တုန်နေပြီ။ အရာရှိက ကျွန်မတို့စားဖို့ အိုးကင်းမုန့်တွေ ယူလာပေးပြီး ကြမ်းပြင်ပေါ်မှာ အိပ်ကြဖို့ ပြောတယ်။ ကိုရီးယားမှာ အသုံးပြုတဲ့ မြေအောက်အပူပေးစနစ်ကြောင့် ကျွန်မတို့ရဲ့ ခန္ဓာကိုယ် ပြန်နွေးလာပြီး အိပ်မောကျသွားရော။

နောက်တနေ့မနက်ကျတော့ ကျွန်မတို့ ကံကောင်းမှန်း သိရတယ်။ အရာရှိက ကျွန်မတို့ကို ဘာမှ မေးမြန်းမနေတော့ဘဲ သွားခွင့်ပြုလိုက်လို့ပါ။ ကျွန်မတို့သွားတဲ့ ခရီးတလျှောက်မှာ တွေ့ရတဲ့ လူတချို့က ကျွန်မတို့အပေါ် စေတနာထားကြ၊ ကြင်နာကြတယ်။ သူတို့နဲ့မတွေ့ရရင် ဒီကနေ့ ကျွန်မ အသက်ရှင်နေမှာ မဟုတ်ဘူး။ ဒီနေရာကနေပြီး သူတို့အပေါ် ကျွန်မ အတိုင်းထက်အလွန် ကျေးဇူးတင်ကြောင်း အသိပေးလိုက်ပါရစေ။

နယ်စပ်အစောင့်က ကျွန်မတို့အပေါ် မမျှော်လင့်ဘဲ စေတနာကောင်း လိုက်ပေမယ့် ကျွန်မတို့ရဲ့ အခြေအနေတွေကတော့ ကြောက်ဖွယ်လိလိ ဖြစ်နေဆဲပါ။ အွန်ဒီအုတ်ကို ပြန်သွားစရာအကြောင်း မရှိဘူးလို့ အမေက ဆုံးဖြတ်ထားတယ်။ ကျွန်မတို့ ထွက်ပြေးဖို့ ကြိုးစားတာကို အိမ်နီးချင်းတွေ သိနေတဲ့အတွက် အွန်ဒီအုတ်ကို ပြန်ဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ဒါ့အပြင် အွန်ဒီအုတ်မှာ ကျွန်မတို့စားဖို့ စားစရာမရှိဘူးလေ။ အွန်ဒီအုတ်ကို ပြန်ဖို့ဆိုတာ ကျွန်မတို့အားလုံး ငတ်သေဖို့ဆိုတဲ့ အဓိပ္ပာယ်ပဲ။ ဒါဖြင့် အခု ကျွန်မတို့ ဘယ်ကို သွားကြမလဲ။ အမေက ရှင်သန်ခွင့်နည်းလမ်းလေးများ ရလိုရငြား တွေးပြီး ရာဂျင်ဆွန်ဘောင်းကို သွားဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါနဲ့ပဲ ပုဆိန်နဲ့ လွှကိုရောင်းပြီး ကျွန်မတို့ ခရီးထွက်ခဲ့ကြပြန်ရော။

ဒီနေ့ကို ကျွန်မဘဝမှာ စိတ်အဆင်းရဲဆုံးနေ့တနေ့အဖြစ် အမြဲတမ်း သတိရနေမှာပဲ။ အဲဒီနေ့က မိုးတွေ သဲကြီးမဲကြီး ရွာနေလိုက်တာ။ ဘယ်မှာ သွားအိပ်ရမလဲဆိုတာ ကျွန်မတို့မသိဘူး။ အဆိုးဆုံးကတော့ အဖေ့ဓာတ်ပုံ ပျက်စီးသွားတာပဲ။ အဲဒီဓာတ်ပုံက ကျွန်မသဘောအကျဆုံး ဓာတ်ပုံဖြစ်ပြီး ဒီတပုံတည်း ရှိတော့တာ။ တူမင်မြစ်ကိုဖြတ်တုန်း အဖေ့ဓာတ်ပုံ ပျက်စီးသွားတာပါ။ ဒီနေ့အထိ အဲဒီဓာတ်ပုံကို နှမြောမိနေဆဲပါ။ ကျွန်မရဲ့ဘဝသစ်မှာ အဖေ့ကို သတိရတာတွေ မေ့ပျောက်ဖို့ ကျွန်မ မကြိုးစားခဲ့ဘူး။ ကျွန်မ အသက်

ကိုးနှစ်အရွယ်တုန်းက ပြုံးယမ်းသွားတဲ့ခရီးကို ကျွန်မ ထပ်ကာထပ်ကာ စဉ်းစားနေမိတယ်။ ကျွန်မတို့ မြေအောက်ရထား စီးခဲ့ကြတာ။ ကင်အီးဆွန်း ကြေးရုပ်ဆီ သွားခဲ့ကြတာ။ အဖေက ကျွန်မကို မြို့တော်မှာ တွေ့နိုင်သမျှ လှပတဲ့အရာတွေ အားလုံးကို ပြချင်တာ။ အဲဒီခရီးစဉ်အတွင်း ကျွန်မဘဝမှာ ပထမဆုံးအကြိမ်အဖြစ် အဖေက ကျွန်မကို အရုပ်ကလေးတခု ဝယ်ပေးတယ်။ ပလတ်စတစ် ကြယ်ပွင့်လေးတခုပါ။ ကျွန်မ ဘယ်သွားသွား ယူသွားတဲ့ အရုပ်ကလေးပေါ့။ ကျောင်းက သူငယ်ချင်းတွေရှေ့မှာ အရုပ်ကလေးကို ပြပြီး မမောနိုင် မပန်းနိုင် ကြွားခဲ့ရတာပေါ့။ ဒါတွေဟာ ကျွန်မ ဘယ်တော့မှ မမေ့ချင်တဲ့ အမှတ်ရစရာ လေးတွေပေါ့ရှင်။

အဲဒီ စိတ်ခါတ်ကျဖို့ ကောင်းတဲ့နေ့မှာ ကျွန်မတို့သားအမိ သုံးယောက် ရာဂျင်ဆိပ်ကမ်းကို ရောက်သွားကြတယ်။ ဆိပ်ကမ်းမှာ တံငါသည်တွေက ဖမ်းလာတဲ့ ကဏန်းတွေကို လှေတွေ ပေါ်ကနေ ချနေကြတယ်။ ကဏန်းရဲ့ အရသာအရှိဆုံး၊ ဈေးအကြီးဆုံးအပိုင်းက တရုတ်သူဌေးတွေ သိပ်ကြိုက်တဲ့ လက်မတွေပဲ။ ကျွန်မတို့စားနိုင်တာက ဈေးချိုတဲ့ ကိုယ်ထည်တွေပါ။ ဒီနေ့ဟာ ကျွန်မတို့ရဲ့အိမ်ခြေရာမဲ့ ဘဝသစ်ရဲ့ပထမဆုံးနေ့။ ကျွန်မတို့ စိတ်အားမငယ်အောင် အမေက ကဏန်းကိုယ်ထည်တွေ ဝယ်ကျွေးတယ်။ ကျွန်မတို့သုံးယောက်သား ကဏန်းတွေ စားလိုက်ကြတာ ရှေ့ရေးကိုလည်း မစဉ်းစားမိကြဘူး။ အိပ်ဖို့နေရာအတွက်လည်း စိတ်မပူမိကြဘူး။

ရာဂျင်မှာ ကျွန်မတို့ကို ကူညီမယ့်သူ မရှိတဲ့အတွက် အမေ့မိသားစုတွေဆီမှာ အကူအညီတောင်းဖို့ ချွန်ဂျင်းကို ထွက်လာကြတယ်။ ကီလိုမီတာ ၁၀၀ ကျော်ဝေးတဲ့ ချွန်ဂျင်းကို ရောက်ဖို့ နှစ်ရက်ကြာ ရထားစီး ရပြီး၊ ရထားက ထုံးစံအတိုင်း လူလည်ကျပ်၊ နှေးလည်းနှေးပါ။ လက်မှတ် ဝယ်ဖို့ ပိုက်ဆံ အလုံအလောက် မရှိလို့ ကျွန်မတို့ ရထားခိုးစီးလာရတယ်။ ရထားအမှုထမ်းတွေလာရင် ကျွန်မတို့တွေ အိမ်သာထဲ ဝင်ပုန်းကြရတယ်။ သိပ်တော့ လွယ်တဲ့အလုပ် မဟုတ်ဘူး။ ငါးသေတ္တာထဲက ငါးတွေလို ငါးပိသိပ်၊ ငါးချဉ်သိပ်ပဲ။ သေးနံ့ကလည်း နံဟောင်နေလိုက်တာ။ သူခိုးရန်ကလည်း ကြောက်ရသေး။ မှောင်မည်းနေတဲ့ လိုဏ်ခေါင်းတွေကို ဖြတ်တိုင်း သူခိုးရန်ကို ကြောက်ရတယ်။ အိပ်ပျော်နေတုန်း ခိုးသွားမှာစိုးလို့ ဖိနပ်တွေကိုင်ထားပြီး အိပ်ကြရတယ်။

ဒီခရီးဟာ ကျွန်မငယ်ငယ်တုန်းက အဖေနဲ့အတူ ပြုံယမ်းကို သွားခဲ့တဲ့ ခရီးနဲ့တော့ တခြားစီပါ။ အဲဒီတုန်းက ရထားတွေမှာ ကူရှင်ထိုင်ခုံတွေနဲ့၊ ပြတင်းပေါက်တွေကနေ ကျေးလက်ရှုခင်းကို ကြည့်လို့ ရတယ်။ ရထားဝန်ထမ်းတွေကလည်း ချောချောလှလှ မိန်းမပျိုလေးတွေ။ ရထား သွားနေတုန်း သူတို့က ခရီးသည်တွေကို အကော်ဒီယံတီးပြီး ဖျော်ဖြေကြ။

ခရီးသည်တွေက သီချင်းတောင်းတဲ့အခါ ဆိုပြကြ။ ခရီးသည်တွေပါ သူတို့နဲ့အတူ လိုက်ဆိုကြ။ ရထားပေါ်မှာ စားသောက်ဆိုင်တောင် ပါသေး။

နှစ်ရက်ခရီးသွားပြီးတဲ့နောက် အဒေါ် (အမေ့ညီမ) ရဲ့အိမ်တံခါးကို ခေါက်လိုက်ကြတယ်။ အိမ်မဲ့ရာမဲ့ တွေလို ဝတ်ဆင်ထားတဲ့ ကျွန်မတို့ကို တွေ့တော့ အဒေါ် စကားတောင် မပြောနိုင်ရှာဘူး။ ကျွန်မတို့သတင်းကို အဒေါ်မကြားရတာ ကြာပြီလေ။ ဒါပေမဲ့ အခုလို တွေ့ရလိမ့်မယ်လို့လည်း ထင်ထားမှာတော့ မဟုတ်ဘူး။ ချက်ချင်းကြီးပဲ ကျွန်မတို့ကို လိုလိုလားလား မရှိဘူးဆိုတာ သိလိုက်ရတယ်။ အဒေါ်ကတော့ ကူညီချင်ပါရဲ့။ အဒေါ့်ယောက်ျားက အဒေါ့်စိတ်မျိုး မဟုတ်ဘူး။ မြောက်ကိုရီးယားမှာ ဦးစီးဦးဆောင်လုပ်သူက ယောက်ျားပါ။ နှစ်နာရီလောက်ကြာတော့ ကျွန်မတို့ကို နှင်လွှတ်တော့တာပါ။

အမေ စိတ်ထိခိုက်သွားတယ်။ အရင်တုန်းက အဒေါ်ကို အမေကူညီခဲ့တာ မနည်းဘူး။ အမေက ဆေးရုံမှာလုပ်တော့ သူ့ညီမဆီ ဆန်မုန့်တွေ၊ စားစရာတွေ စာတိုက်ကနေ ပို့ပေးခဲ့တယ်။ အဲဒီနောက် အမေဟာ ချွန်ဂျင်းမှာနေတဲ့ သူအချစ်ဆုံး အထွေးဆုံးညီမဆီသွားဖို့ ဝန်လေးသွားတော့တယ်။ ကျွန်မတို့ ရာဂျင်ဆွန်ဘောင်းကို ရထားနဲ့ ပြန်လာကြတာပေါ့။ ရေခဲနေတဲ့ တူမင်မြစ်ကိုဖြတ်ပြီး တရုတ်ပြည်ကို သွားဖို့လည်း နောက်နှစ် ဆောင်းရာသီရောက်တဲ့အထိ စောင့်ရဦးတော့မယ်။ အဲဒီလိုနဲ့ပဲ ကျွန်မတို့ရဲ့ ခြေသလုံးအိမ်တိုင်ဘဝ စခဲ့တာပါ။

*

ရာဂျင်မှာနေတုန်းက လမ်းပေါ်လျှောက်သွားရင်း ကြုံခဲ့ရတဲ့ ဖြစ်ရပ်တခုကို ကျွန်မ သတိရနေဆဲပါ။ ရုတ်တရက် ကျွန်မနောက်ကနေ ကောင်လေးတယောက် ပေါ်လာပြီး ‘ကိုဂျီဘီ ကိုဂျီဘီ’ လို့ ခေါ်တယ်။ ကျွန်မ စိတ်ဆိုးပြီး သူ့နောက်ပြေးလိုက်တာပေါ့။

‘ငါ ကိုဂျီဘီမဟုတ်ဘူးဟေ့’ လို့အော်ပြီး ကျွန်မ အသည်းအသန် ပြေးလိုက်တော့ ကောင်လေးက လမ်းကွေ့လမ်းကောက်တွေထဲ ဝင်ပြေးသွားတယ်။ အဲဒီနောက် မမဆီ ပြန်လာခဲ့တယ်။ ဒေါသကြောင့် ကျွန်မတကိုယ်လုံး တုန်လှုပ်လို့။ ရင်ထဲမှာ မကောင်းလိုက်တာ။ ကိုဂျီဘီဆိုတာ ရုရှားစကားကနေ ဆင်းသက်လာတဲ့ စကားလုံးတလုံးပါ။ အဲဒါကို မြောက်ကိုရီးယားမှာ အိမ်ခြေရာခြေမဲ့ကလေးလို့ လူတိုင်း နားလည်ကြတယ်။ အွန်ဒီအုတ်မှာတုန်းက အဲဒီလိုကလေးတွေ အများကြီး တွေ့ဖူးခဲ့တယ်။ မိဘတွေက အဲဒီကလေးမျိုးတွေကို သတိထားဖို့ မှာထားတယ်။ ဒီမိဘမဲ့ ခြေသလုံးအိမ်တိုင်ကလေးတွေဟာ အငတ်ဘေးကြီးရဲ့အကျိုးဆက်တွေပေါ့။ ၁၉၉၀ အစပိုင်း ကတည်းက အငတ်ဘေးကြောင့် ကလေးတွေဟာ သူတို့မိဘတွေကို ဆုံးရှုံးခဲ့ရတယ်လေ။ လမ်းပေါ်မှာ ကျင်လည်ပြီး ဘယ်လိုအသက်ရှင်ရမယ်ဆိုတာ

သူတို့လေးတွေ တတ်ထားမှဖြစ်မှာပေါ့။ အဲဒီ ခြေသလုံးအိမ်တိုင်ကလေးတွေဟာ အုပ်စုဖွဲ့ပြီး ခိုးလို့ရတာ ဟူသမျှကို ခိုးနေကြတော့တာပဲ။ ဒါက မြောက်ကိုရီးယားဘက်ခြမ်းလေ။

အဲဒီကောင်လေး ကျွန်မကို သရော်သွားတာလောက် ဘယ်တုန်းကမှ ဒေါသမဖြစ်ခဲ့ဖူးဘူး။ အဲဒီလို အခေါ်ခံရတာထက် ပိုဆိုးတာက သူခေါ်တဲ့အတိုင်း မှန်နေတာကို သိလိုက်ရခြင်းပဲ။ ကျွန်မ တကယ်ပဲ အိမ်ခြေရာခြေမဲ့တဲ့ ခြေသလုံးအိမ်တိုင်ကလေးတယောက်ဘဝမျိုး ရောက်ခဲ့ရပြီ။

*

ရာဂျင်မှာ ကျွန်မတို့သားအမိသုံးယောက် လအတန်ကြာအောင် နေခဲ့ကြတယ်။ တခါတလေ ရေမချိုးရတာ လချီရော။ သန်းတွေကလည်း ကိုက်လိုက်ကြတာ။ ညတိုင်း အိပ်ဖို့နေရာရှာရတာကိုက အလုပ်ကြီးတခု။ ညရောက်လို့ ဈေးသည်တွေ ပြန်သွားပြီဆိုရင် ကျွန်မတို့ ဈေးဆိုင်တွေရှေ့ ဝင်အိပ်ကြရော။ ညစောင့်က ကျွန်မတို့ကို လာမောင်းထုတ်တဲ့အခါ အနီးအနားက အဆောက်အအုံ တွေရဲ့ လှေကားအောက်ကို ပြေးဝင်ကြရပြန်တာပေါ့။ အနားမှာရှိတဲ့ သန့်စင်ခန်းတွေက နံပေမယ့် အိပ်လို့တော့ ရတယ်လေ။ အဆောက်အအုံ ထိန်းသိမ်းသူတွေ မောင်းမထုတ်မချင်း အိပ်လို့ ရတယ်ပြောတာ။ နောက်ဆုံး ဘယ်မှာမှ အိပ်လို့မရရင် တံတားတစင်းအောက် သွားအိပ်ကြရုံပဲ။

မိုးတိတ်တဲ့အခါ ကျွန်မတို့ကို အမေက တောထဲခေါ်သွားပြီး ကြယ်ရောင်အောက်မှာ အိပ်ခိုင်းတယ်။ အဲဒီလို အိပ်ရတာ ပိုကောင်းတယ်ရှင့်။ နှစ်ပြားမတန်အောင် ပက်ပက်စက်စက် ပြောမယ့်သူတွေ မရှိဘူး။ ထင်းကောက်ရောင်းခြင်းဟာ စားဖို့သောက်ဖို့အတွက် နည်းလမ်းတခု ဖြစ်လာတယ်။ နံနက်တိုင်း ထင်းကောက်ရတဲ့အလုပ်ကို ကျွန်မဖြင့် မုန်းလှပေါ့။ ကျွန်မတို့မှာ ကိရိယာတန်ဆာပလာ တွေရှိတာမဟုတ်ဘူး။ လက်ချည်းဗလာ လုပ်ရတာ။

ခြေကုန်လက်ပန်းကျအောင် လုပ်ပေမယ့် ရတဲ့ ထင်းက နည်းနည်းလေး။ ရောင်းလိုက်တဲ့အခါ ၁၀ ဝမ်၊ ၁၅ ဝမ်ထက် ပိုရတယ် မရှိဘူး။ အဲဒီမှာ ပိုက်ဆံပိုရအောင် အမေက ဉာဏ်နီဉာဏ်နက်တွေ ထုတ်သုံးလာပါလေရော။ ကျွန်မကို သွားရောင်းခိုင်းတယ်လေ။ ဝယ်တဲ့လူတွေက ကျွန်မကိုကြည့်ပြီး သနားတာနဲ့ ပိုက်ဆံပိုပေးကြတယ်။

ကျွန်မတို့ နေ့တိုင်း ဈေးကိုသွားပြီး ညရောက်တော့ တောပိုင်းကိုပြန်လာကြတယ်။ များသောအားဖြင့် ဗိုက်ဟောင်းလောင်းနဲ့ ပြန်လာရတာပေါ့။ တနေ့မှာ ကျွန်မ မလှုပ်နိုင်တော့ဘူး။ ပခုံးပေါ်မှာ ထမ်းထားတဲ့ တုတ်ကြီးကလည်း လေးလိုက်တာ။ ကျွန်မမှာ ခြေတလှမ်း လှမ်းဖို့တောင် ခွန်အား

မရှိတော့ဘူး။

“အမေတို့ ဈေးသွားပြီး မမှောင်ခင် ဒါတွေကိုရောင်းရမယ်” လို့ အမေက ပြောတယ်။

ကျွန်မ မလှုပ်နိုင်ဘူး။

“မလျှောက်နိုင်တော့ရင် ဒီမှာနေခဲ့။ အမေတို့ ဆက်သွားမယ်”

အဝေးမှာ အမေတို့ပျောက်သွားတဲ့အထိ ငေးကြည့်နေရင်း ကျွန်မ လဲကျသွားပါရော။ လဲကျတဲ့နေရာ မှာပဲ တညလုံး နေတော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ အဲဒီအချိန်မှာ ကျွန်မအသက် ၁၂ နှစ်ပါ။

အမှောင်ထုက ကျွန်မကို လွှမ်းခြုံလာတယ်။ ကျွန်မရဲ့ ဆုံးဖြတ်ချက်အတွက် နောင်တရမိတယ်။ သစ်ရွက်လေတိုးသံက ကျွန်မကို ထိတ်လန့်စေတယ်။ ကျွန်မဆီကို တယောက်ယောက် လာနေသလား။ ဒါမှမဟုတ် သစ်ပင်တွေနောက်မှာ အရိပ်တွေ မြင်နေသလား။ ကျွန်မ နားတွေပိတ်၊ မျက်လုံးတွေ မှိတ်ထားလိုက်တယ်။

ဘယ်မှာ အိပ်ပျော်နိုင်ပါ့မလဲ။ မျက်လုံးတွေ ပြန်ဖွင့်ပြီး ကောင်းကင်ကို မော့ကြည့်လိုက်တော့ တိမ်တွေကြားထဲမှာ လက ဖျော့တော့တော့သာလို့။ ကျွန်မကြည့်နေရင်းနဲ့ ကောင်းကင်မှာ နဂါးကြီးတကောင်လို၊ လူတယောက်လို ပုံသဏ္ဍာန်တွေ အမျိုးမျိုး ပြောင်းလဲနေတာကို တွေ့ရတယ်။ အံ့သြပြီး ကြောက်စိတ်ပါ ပျောက်သွားတယ်။ အဲဒီကောင်းကင်ကြီးလောက် လှတဲ့ညမျိုးကို ကျွန်မ မတွေ့ရတော့ဘူး။ အဲဒီနောက် ကျွန်မ မွေးကင်းစ ကလေးတယောက်လို အိပ်မောကျသွားပါရော။ မိုးလင်းလို့ အိပ်ရာက နိုးတော့ တောထဲမှာ ကျွန်မတယောက်တည်းပဲ။ အဝေးဆီက ခြေသံတွေ ကြားရပြီး ချုံတွေနောက်ကနေ အမေနဲ့ ကီအွန်ဆန် ပေါ်လာတယ်။ သူတို့ကိုတွေ့တော့ ကျွန်မဖြင့် ပျော်လိုက်တာလေ။ အဲဒါထက်ပိုပြီး ပျော်ရတာက သူတို့နဲ့အတူ စားစရာတွေ ပါလာလို့ပဲ။ သူတို့က ဆန်မုန့်တွေ ယူလာကြတယ်လေ။

ရာဂျင်းမှာ ရာသီဥတုက ကျွန်မတို့ရဲ့ နေ့စဉ်ဘဝကို ပြဋ္ဌာန်းပေးတယ်။ ပင်လယ်မှာ မုန်တိုင်းကျပြီး နောက်တနေ့မှာ ကျွန်မတို့ ပင်လယ်ကမ်းခြေသွားပြီး ပင်လယ်ရေမှော်တွေ ကောက်ကြတယ်။ အဲဒါကို ဟင်းချိုချက်ပြီး ဈေးမှာ သွားရောင်းလို့ ရတာပေါ့။ တံငါသည်တွေ လွှင့်ပစ်ခဲ့တဲ့ ငါးတွေကို လည်း ကျွန်မ သွားကောက်တယ်။ တနေ့မှာ ဂိုဒေါင်တလုံးနားရောက်တော့ ပန်းသီးနံ့ရတယ်ရှင့်။ ကျွန်မ လိုက်ရှာကြည့်တော့ ပန်းသီးတပုံးတွေ့တယ်။ ပန်းသီးအများစုက ပုပ်နေလို့ တရုတ်ကုန်သည် တွေ စွန့်ပစ်ခဲ့ကြတာ။ အဲဒီနေ့က အကောင်းအတိုင်းကျန်ရှိနေတဲ့ ပန်းသီးတွေနဲ့ ကျွန်မတို့သားအမိ သုံးယောက် ဗိုက်ဖြည့်ကြတယ်လေ။

ဒီလိုနေရတဲ့ဘဝဟာ အင်မတန် ပင်ပန်းတဲ့ဘဝပါ။ နွေရာသီကုန်ဆုံးပြီး နွေရာသီရဲ့ မြူတွေနေရာမှာ ကောင်းကင်ပြာကြီး ရောက်လာပြီး မြောက်ကိုရီးယားမှာ စက်တင်ဘာလကျရင် ကောင်းကင်ကြီး ပိုကြီးလာတယ်လို့ ပြောလေ့ရှိကြတယ်။ ကျွန်မရဲ့ ၁၂ နှစ်မြောက်မွေးနေ့ကို လမ်းပေါ်မှာပဲ ကျင်းပလိုက်တာပေါ့။ ဒီအချိန်ထိ ကျွန်မတို့မှာ အနာဂတ်အတွက် မျှော်လင့်ချက် မရှိသေးဘူး။

တနေ့မှာ ခြေသလုံးအိမ်တိုင် ကောင်လေးတယောက်ကို ကျွန်မ တွေ့တယ်။ ကျွန်မတို့နှစ်ယောက် လမ်းဘေးမှာ စကားထိုင်ပြောကြရင်း သူက ကျွန်မကို လမ်းပေါ်မှာ လုပ်ရှားပုံ လုပ်ရှားနည်းတွေ ပြောပြတယ်။

"ငါတို့ ခိုးကြတယ်၊ ခိုးတော့ ပိုက်ဆံ ရတာပေါ့။ ဂေါ်ဖီထုပ်ခိုးတဲ့အခါ ပိုက်ဆံရဖို့ ပိုတောင် သေချာသေးတယ်။ တခါခိုးရင် ဝမ် ၅၀၀ အထိ ရတာ"

စာရိတ္တကို မေ့ထားလိုက်ပါ။ မြောက်ကိုရီးယားက ထွက်သွားချင်ရင် ပိုက်ဆံမရှိလို့ မဖြစ်ဘူး။

ဒါနဲ့ပဲ ကျွန်မတို့ ခိုးတဲ့အလုပ်ကို စလုပ်ကြပါရော။ ခိုးလို့ရတာဟူသမျှ ဘာတခုမှ အလွတ်မပေးဘူး။ ပြီးရင် ဈေးမှာ ပြန်ရောင်းကြတယ်။ အဲဒီတော့ ပိုက်ဆံ အနည်းအကျဉ်းရတာပေါ့။ ဒါပေမဲ့ ဒီအလုပ်က ဘေးမကင်းတဲ့အလုပ်ပါ။ ကျွန်မတို့ အာလူးခိုးတုန်း ယာသမားအချို့ ရောက်လာကြတယ်။ လက်ပူးလက်ကျပ်ကြီး မိတာပေါ့။ အမေဆိုတာ တောင်းပန်လိုက်တာ။ တောင်းပန်ပေမယ့် မရပါဘူး။ ကျွန်မတို့ရှေ့မှာတင် အမေ့ကို ရိုက်လိုက်ကြတာ။ ကျွန်မတို့ ညီအစ်မနှစ်ယောက်ကိုတော့ မရိုက်ကြဘူး။ ပုလိပ်လက်မအပ်လို့ ကံကောင်းတယ် ဆိုရမယ်။

ဒီဖြစ်ရပ်နောက်ပိုင်းမှာ အန္တရာယ်နည်းတဲ့ နည်းလမ်းကို အမေ ကြံဆတော့တယ်။ ဒါနဲ့ပဲ ဆောင်းဦးလောက်မှာ အမေက ကျွန်မကို ချွန်ဂျင်းကို လွှတ်ပြန်တယ်။ ဒီတကြိမ်မှာတော့ ကျွန်မအိတ်ထဲမှာ ဝမ် ၅၀၀ ပါသွားတယ်။ အဲဒီအချိန်က ဒါဟာ နည်းနည်းနောနော ပိုက်ဆံ မဟုတ်ဘူး။ ဒီပိုက်ဆံနဲ့ ပြောင်းဆန် ဆယ်ကီလို ဝယ်လို့ရတယ်။ ကျွန်မက အဒေါ်ကို ကျွန်မတို့ဆီ လာဖို့ ပြောရမှာ။ သူက မလာဘူးဆိုရင်တောင် အမေက ကျွန်မကို ချွန်ဂျင်းမှာ နေလိုက်တော့တဲ့။ ရာဂျင်းမှာ ကျွန်မကို အမေ မကျွေးနိုင်တော့ဘူးလေ။

ကျွန်မဘာသာ ရထားစီးသွားတယ်။ ကိုဂျီဘီတယောက်လို အတွေ့အကြုံရှိနေပြီဖြစ်လို့ ဘာကိုမှ မကြောက်တော့ဘူး။ အဒေါ်က ပျူပျူငှာငှာပါပဲ။ ကျွန်မယူသွားတဲ့ ဝမ် ၅၀၀ ရဲ့ မျက်နှာနဲ့လေ။ ကျွန်မကို စားကောင်းသောက်ဖွယ်တွေ ကျွေးတယ်။ အဲဒီနောက် ကျွန်မတို့ အစီအစဉ်ကို

ပြောပြလိုက်တယ်။ စစချင်းမှာ ကြောက်သွားပေမယ့် အဒေါ် စဉ်းစားစပြုနေပြီ။ အဒေါ်တို့ လင်မယားက တချိန်လုံး ရန်ဖြစ်နေကြတာ။ အိမ်ထောင်ရေး မသာယာကြဘူး။

နောက်နှစ်ရက်ကြာတော့ ကျွန်မတို့တူဝရီးနှစ်ယောက် ရာဂျင်ဆွန်ဘောင်းရထားကို ဘူတာရုံမှာ ရပ်စောင့်နေကြပြီ။ အဒေါ်ထွက်ပြေးမယ့် အကြံအစည်ကို သိတဲ့သူမရှိဘူးဆိုပြီး အေးအေးဆေးဆေး ပေါ့လေ။ ရုတ်တရက် ခရီးသည်တွေကြားမှာ အဒေါ့်ကို လိုက်ရှာနေတဲ့ သူ့ယောက်ျားကို တွေ့လိုက်ရတယ်။ ကျွန်မတို့ အမြန်ပုန်းလိုက်တာပေါ့။ အဒေါ်က ချီတုံချတုံနဲ့။ ရထားရောက်လာလို့ တက်ခါနီး ကျမှ အဒေါ်က နောက်ဆုတ်သွားတယ်။

"ငါ့မှာ လင်နဲ့ ကလေးနှစ်ယောက်ရှိတယ်။ သူတို့ကို ပစ်မထားခဲ့နိုင်ဘူး"

ကျွန်မ အဒေါ်ကို ဘယ်လိုပြောပြော မရပါဘူး။ သူက ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင် ချထားလိုက်ပြီ။ အဲဒါနဲ့ "အဒေါ်စိတ်ပြောင်းသွားရင် ရာဂျင်းမှာ အမေ့ကို လာတွေ့ပေါ့။ ဘူတာရုံရှေ့မှာစောင့်နေ။ ကျွန်မတို့ အဲဒီနေရာကို အမြဲတမ်း ဖြတ်သွားကြတယ်"

အဲဒီလိုနဲ့ ကျွန်မတယောက်တည်း ပြန်လာခဲ့တယ်။ ဒီနေ့အထိ ဒီဖြစ်ရပ်က ကျွန်မကို ခြောက်လှန့်နေတုန်း။ အဲဒီအချိန်ကစပြီး အဒေါ့်ဆီက သတင်းလည်း မကြားရ။ ကျန်တဲ့မိသားစုဆီ ကလည်း သတင်းမကြားရ။ သူ့ချွန်ဂျင်းမှာ သက်ရှိထင်ရှားရှိနေတုန်းပဲလား။ ဝတ်လို့ပဲ သေပြီလား။ ဒီအတွေးတွေက ကျွန်မသွားလေရာ နောက်က လိုက်ပါလို့။ တကယ်လို့ သူ ဘူတာရုံကိုလာပြီး ကျွန်မတို့ကို စောင့်တယ်ဆိုရင်တောင် မတွေ့နိုင်တော့ဘူးလေ။ နောက်တလအကြာမှာ ကျွန်မတို့ ရာဂျင်းကနေ အပြီးအပိုင် ထွက်သွားကြပြီ။

ကျွန်မ ရာဂျင်းကို ပြန်ရောက်တော့ ကျွန်မတို့တိုင်းပြည်မှာ ကျွန်မတို့အတွက် အနာဂတ်မရှိဘူးဆိုတာ အမေက သိတယ်။ ဆောင်းတွင်းရောက်လို့ အအေးဒဏ်ကလည်း ကျွန်မတို့ကို နှိပ်စက်စပြုပြီ။ မကြာခင် လမ်းပေါ်မှာ နေလို့ မရအောင် သိပ်အေးလာတော့မယ်။ ဒါပေမဲ့ အဲဒါ တနည်းတော့ ကောင်းတယ်ရှင့်။ တူမင်မြစ်ရေခဲပြီး ကျွန်မတို့ ဖြတ်ကူးလို့ရတော့မယ်လေ။

* * *

[၈]

ဒီလိုချမ်းအေးတဲ့ညမှာ ဖျော့တော့တော့ အလင်းရောင်တခု သစ်ပင်တွေပေါ်မှာ ခိုတွဲနေတယ်။ တောင်ထိပ်မှာ မီးခိုးတလူလူ လွင့်တက်ပြီး အမှောင်ထဲမှာ ပျောက်သွားတယ်။ အနွေးဓာတ်ရအောင် မီးခိုးထွက်တဲ့နေရာကို ကျွန်မတို့ လျှောက်သွားကြတယ်။ အပြင်ဘက်မှာ အေးလိုက်တာ လွန်ပါရော။ ဖေဖော်ဝါရီလရဲ့လေပြင်းကလည်း ကျွန်မမျက်နှာကို တိုးတိုက်သွား။ မီးပုံလေးနားမှာ ထိုင်နေတဲ့ လူနှစ်ယောက်ကို မြင်ရ။ ယောကျ်ားတယောက်နဲ့ မိန်းမတယောက်။ သူတို့ကိုကြည့်ပြီး ကျွန်မတို့လိုပဲ တိုင်းပြည်က ထွက်ပြေးကြမယ့်လူတွေမှန်း သိလိုက်တယ်။ ယောကျ်ားကို အမေ စကားပြောကြည့် လိုက်တဲ့အခါ ကျွန်မထင်တာ သေချာသွားပြီ။ အဲဒီညမှာ ကျွန်မထက်ငယ်တဲ့ သူ့ြသမီးလေးနဲ့အတူ မြောက်ကိုရီးယားကနေ ထွက်သွားဖို့ ဒီလူကြံစည်နေတာ။

“ရေခဲတွေမာနေပြီ။ လူတွေဖြတ်သွားတာ ကျွန်တော်တွေ့တယ်” လို့ အဲဒီလူက ပြောတယ်။

“ဒါသတင်းကောင်းပဲ”

“ဒါပေမဲ့ အခုချက်ချင်း မသွားသေးဘဲ မနက်စောစောကျမှ သွားရင် ကောင်းမယ်။ အဲဒီအချိန်ကျရင် ပတ္တာရောင် မလှည့်တော့ဘူး” လို့ အဲဒီလူက အကြံပေးတယ်။

တူမင်မြစ်ကို ဆီးမြင်နေရတဲ့ တောင်ထိပ်ပေါ်မှာ ကျွန်မတို့ရောက်နေကြတာ။ နယ်စပ်အစောင့်တွေ ကို ကြည့်ဖို့ အကောင်းဆုံးနေရာပဲ။ ကျွန်မတို့ရှေ့ အမှောင်ထဲမှာ တရုတ်ပြည်။ ကျွန်မတို့ရဲ့ နောက်ဆုံးအခွင့်အရေး။ ကျွန်မတို့ရဲ့နောက်ဆုံးအခက်အခဲက ဒီရေခဲမြစ်ကို ကျော်ဖြတ်နိုင်ဖို့ပဲ။ အချိန်တွေ ကုန်လာတယ်။ ကျွန်မရဲ့စိုးရိမ်မှု မြင့်တက်နေပြီ။ အရင်တခါ မအောင်မြင်ခဲ့တာကို သတိရလိုက်တယ်။ စစ်သားတွေ ကျွန်မတို့ကို ပစ်သတ်လိုက်ရင် ဘယ်လိုလုပ်ရပါ့။

*

ငါးနာရီလောက် ကြာပြီးတဲ့နောက် မြစ်ကမ်းပေါ်မှာ ကြောက်စရာ ကောင်းလောက်အောင် တိတ်ဆိတ်သွားတယ်။ မြင်ကွင်းထဲမှာ တယောက်မှ မတွေ့ရဘူး။ ဒါဟာ ကျွန်မတို့ပြေးဖို့အချိန်ပေါ့။ ကျွန်မတို့ငါးယောက် တောကိုဖြတ်ပြီး တူမင်မြစ်ဆီ သွားကြတယ်။ အခုအချိန်ထိ အစောင့် တယောက်မှ မတွေ့ရဘူး။ လူကြီးက ရေခဲကို ခြေထောက်နဲ့ စမ်းကြည့်တယ်။ ရေခဲနေတာ ဟုတ်

မဟုတ် သိရအောင်လို့။ ရေခဲက အမှန်တကယ် ခဲနေတဲ့ပုံပါ။ ကျွန်မတို့တွေ တယောက်ချင်း တန်းစီပြီး မြစ်ကို ဖြတ်ကူးကြတယ်။ မြစ်ပြင်ပေါ်မှာ အလေးချိန်မစုအောင် တယောက်နဲ့တယောက် မီတာပေါင်းများစွာ ခွာပြီး သွားကြတာ။ အမေက ရှေ့ဆုံးက၊ အမေ့နောက်မှာ ကီအွန်ဆန်၊ ပြီးတော့ ယောကျ်ားကြီးနဲ့ သူ့သမီး၊ နောက်ဆုံးမှာ ကျွန်မ။ ကျွန်မနောက်မှာ မည်းမှောင်နေတဲ့ည။

နယ်စပ်အစောင့် အချိန်မရွေး ပေါ်လာပြီး ကျွန်မတို့ကို ပစ်များပစ်မလားလို့ တွေးပူနေတာပေါ့။ ကျွန်မတို့သွားရမယ့်ခရီးက မီတာ ၁၀၀ လောက်ပါ။ ဒါပေမဲ့ ခရီးဆုံးကို မရောက်နိုင်သလိုပဲ။ တရုတ်ပြည်ဘက်ခြမ်းကို ကျွန်မတယောက်တည်း ရောက်မသွားဘူးဆိုရင် ဘယ်လိုလုပ်ရပါ့။ ကျွန်မ ရင်တွေခုန်ပြီး မြန်မြန်ရောက်အောင် အားထည့်လျှောက်ရ။ ရုတ်တရက် ကျွန်မ ဟန်ချက်ပျက်သွားတယ်။ ချော်လဲတာ ခဏခဏပဲ။ အဲဒီတော့ လိပ်ရဲ့မြန်နှုန်းမျိုးနဲ့ လျှောက်ရတော့တာပေါ့။ အရဏ်ကျင်းစပြုပြီ။ ကျွန်မတို့ မြန်မြန်သွားမှ ဖြစ်မယ်။ တရုတ်ပြည်ဘက်ကမ်းကို ရောက်ဖို့ သိပ်မလိုတော့ဘူး။

တကယ်တော့ ကျွန်မတို့ရောက်နေတာ မြစ်ထဲက ကျွန်းကလေးတခု ပေါ်မှာပါ။ ကျွန်မတို့ သွားရမယ့်ခရီးက မီတာတွေ အများကြီး လိုသေးတာပဲ။ အဲဒီဘက်မှာ ရေခဲတွေလည်း သိပ်မာပုံ မရဘူး။

အဲဒီနေရာကစပြီး ကျွန်မတို့ အစီအစဉ် ပြောင်းလိုက်ကြတယ်။ ကလေးမလေးက အလေးချိန် အပေါ့ဆုံးဆိုတော့ သူ့ကို ရှေ့ဆုံးကတင်လိုက်တယ်။ သူ့နောက်မှာ ကျွန်မ။ ကောင်မလေး လျှောက်သွားတုန်း ရုတ်တရက် အက်ကွဲသံကြီး ကြားလိုက်ပြီး ကျွန်မတို့ မျက်စိအောက်မှာပင် ကောင်မလေး ရေခဲပြင်ကွဲကြောင်းထဲ နစ်ဝင်သွားပါရော။ ကျွန်မတို့ ကြောက်ပြီး ကျွန်းကလေးဆီ ပြန်ပြေးလာကြတာပေါ့။ ကောင်မလေးက ဒူးခေါင်းအထိ မြုပ်သွားတာ။ သူ အော်နေတယ်။

“သမီး ခြေဖျားထောက်မိလား” လို့ သူ့အဖေက မေးတယ်။ ကောင်မလေးက ကြောက်ကြောက် လန့်လန့် အသံနဲ့ ထောက်မိတယ်လို့ပြောတယ်။

အအေးဒဏ်က ကျွန်မတို့အရေပြားတွေကို ထိုးခွဲသလို ဖြစ်နေပေမယ့် မလျှောက်လို့ မရဘူးလေ။ မီတာအနည်းငယ် ထပ်လျှောက်ပြီးတဲ့နောက် တရုတ်ပြည်ဘက်ခြမ်းကို ကျွန်မတို့ ခြေချမိသွားပြီ။

နောက်ဆုံးတော့ ကျွန်မတို့ပန်းတိုင် ရောက်ကြပြီပေါ့။

အသက်ဝဝရှူဖို့ ကျွန်မရပ်လိုက်ပေမယ့် စိုရွှဲနေတဲ့ အဝတ်အစားတွေကြောင့် ကျွန်မတကိုယ်လုံး ခိုက်ခိုက်တုန်လို့။

ကျွန်မတို့ ခဏလောက် အနားယူကြပေမယ့် မကြာခင် ကြောက်စိတ်ဝင်လာကြပြန်ရော။ မြစ်နဲ့ ဝေးနိုင်သမျှဝေးအောင် ကျွန်မတို့သွားမှ ဖြစ်မယ်။ တရုတ်ပုလိပ်တွေနဲ့တွေ့ရင် သူတို့က ကျွန်မတို့ကို မြောက်ကိုရီးယားပြန်ပို့မှာ။ မြောက်ကိုရီးယားမှာ ရင်ဆိုင်ရမယ့်ပြစ်ဒဏ်ကို ကျွန်မတို့ မစဉ်းစားရဲ ဘူး။ ကျွန်မတို့ရှေ့မှာ ဂျုံခင်းတွေက တမျှော်တခေါ်ပဲ။ တောထဲက တောင်ကုန်းတွေဆီရောက်အောင် ဒီဂျုံခင်းတွေကို ဖြတ်သွားကြရမှာ။ ဒါပေမဲ့ ကျွန်မခြေထောက်က အအေးဒဏ်ကြောင့် ထုံကျဉ်နေလို့ မပြေးနိုင်ဘူး။ ရှိသမျှ ခွန်အားလေး ဖျစ်ညှစ်ထုတ်ပြီး အမေ့ခြေလှမ်းကိုမီအောင် လိုက်နေရတယ်။ တောင်တွေက အဝေးကြီးမှာလိုပဲ။ ၁၀ မိနစ်လောက် လျှောက်ပြီးတဲ့နောက် တောင်တွေဆီ ရောက်သွားကြတယ်။ သစ်ပင်တွေအောက်မှာ ကျွန်မ ထိုင်ချလိုက်ပါရော။ ဒါဟာ ကျွန်မရဲ့ ဇာတိ တိုင်းပြည်ပြင်ပမှာ ပထမဆုံးကြုံရတဲ့ နံနက်ခင်းပါ။

*

တရုတ်တွေက ကျွန်မတို့ကို ဘယ်လိုဆက်ဆံကြမှာလဲ။ ဒီတိုင်းပြည်အကြောင်း ကျွန်မတို့ ဘာမှမသိဘူး။ သစ်ပင်နောက်မှာ ပုန်းကွယ်ရင်း မြေပြင်အနေအထားကို အကဲခတ်လိုက်တယ်။ အောက်ဘက်က လမ်းပေါ်မှာ စက်ဘီးကိုယ်စီနဲ့ ယောကျ်ား၊ မိန်းမတချို့၊ အလုပ်သွားကြမှာ ထင်ပါရဲ့။ ဒါဟာ တရုတ်လူမျိုးကို ကျွန်မ ပထမဆုံး မြင်ဖူးတာပါ။ လမ်းတဖက်မှာ အိမ်လေးတွေ။ ဥယျာဉ်ခြံလေးတွေနဲ့ တွဲလို့။ ဒါကိုကြည့်ရင် အိမ်နီးချင်းတွေပြောတဲ့ တရုတ်ပြည်ဟာ ချမ်းသာတဲ့ တိုင်းပြည်ဆိုတဲ့စကား မှန်တာပဲ။ မြောက်ကိုရီးယားမှာ အိမ်တလုံး ပိုင်ဖို့ဆိုတာ မလွယ်ဘူး။ လူတွေက တိုက်ခန်းအိမ်ရာတွေမှာ နေကြရတာ။ ဒီတိုင်းပြည်ကို မြင်တွေ့ရတာ အံ့သြဖို့လည်း ကောင်း၊ စိတ်ဝင်စားဖို့လည်း ကောင်း။ တနေ့ကျရင် ကျွန်မတိုင်းပြည်က ထွက်ခွာလာရလိမ့်မယ်လို့ ကျွန်မ တခါမှ မတွေးခဲ့ဖူးဘူး။

ရုတ်တရက် စက်ဘီးစီးလာတဲ့လူတယောက် ကျွန်မတို့ရှေ့ကို ရောက်လာတယ်။ သူ့အနားကိုလာဖို့ ကျွန်မတို့ကို ခြေဟန်လက်ဟန်ပြပြီး ကျွန်မတို့နားမလည်တဲ့ ဘာသာစကားနဲ့ ပြောတယ်။ ကျွန်မတို့ သိပ်ကြောက်သွားတယ်။ အာဏာပိုင်တွေကိုများ တိုင်လိုက်မလား။ ကျွန်မတို့ ဘာမပြော ညာမပြော နဲ့ တောထဲကို စွတ်ရွတ်ပြေးကြရော။ နယ်စပ်နဲ့ ဝေးနိုင်သမျှ ဝေးဝေးရောက်ဖို့ဆိုတာ ကျွန်မတို့ရဲ့ တခုတည်းသော ရည်မှန်းချက်ပါ။

အတော်ကြာပြေးပြီးတဲ့နောက် တိတ်ဆိတ်မှုက ကျွန်မတို့ကို လွှမ်းခြုံနေပြီ။ ဘယ်ရောက်လို့ ရောက်မှန်းလည်း မသိ။ စိုရွှဲနေတဲ့ အကျႌတွေအောက်မှာ ကျွန်မတကိုယ်လုံးလည်း ခိုက်ခိုက်တုန်လို့။ ကျွန်မတို့နဲ့အတူပါလာတဲ့ လူကြီးက

မီးပုံလေးတပုံ ဖိုပေးလို့ မီးပုံဘေးမှာ ထိုင်ချလိုက်တယ်။ မကြာခင် ကျွန်မ အိပ်ပျော်သွားရော။

အိပ်ရာကနိုးတော့ လမ်းဆက်လျှောက်ကြပြန်ရော။ ဘယ်သွားလို့ သွားမှန်း သိကြသေးတာ မဟုတ်ဘူး။ ကျွန်မတို့ရဲ့ဦးစားပေးအလုပ်က စားစရာ ရှာတွေ့ဖို့ပဲ။ လူတွေလည်း မိုက်ဆာလို့ သေတော့မယ်။ မှောင်ရီသာ ပျိုးလာရော ဘာစားစရာမှ မတွေ့ဘူး။ ကျွန်မတို့ တရုတ်ပြည်ကို လာခဲ့တာ အစာစားရဖို့ပါ။ အခု ကျွန်မတို့အားလုံး ငတ်လို့သေတော့မယ်။

အမေက ရွာစပ်က အိမ်တလုံးရဲ့တံခါးကို အသည်းအသန် ခေါက်လိုက်တယ်။ မိန်းမတယောက် တံခါးဖွင့်ထွက်လာပြီး သောက်စရာတခု ပေးတယ်။ ပြီးတော့ ကိုရီးယားလို ပြောပါရော။ နယ်စပ်တလျှောက်က ဒီအရပ်မှာ နေထိုင်ကြသူတွေဟာ ကိုရီးယား အဆက်အနွယ်တွေပဲ။ ကျွန်မတို့ရောက်တာ ရွာသူကြီးရဲ့အိမ်။ ရွာသူကြီးက ကျွန်မတို့ကို ထမင်းနဲ့ တို့ဟူးတွေ ကျွေးတယ်။ တရုတ်နှစ်သစ်ကူးပွဲက ကျန်တဲ့ စားစရာတွေပေါ့။

“စားနိုင်သလောက်စားပြီး မြောက်ကိုရီးယားကို ပြန်ကြ” လို့ သူက ပြောတယ်။ “ဒီနေရာမှာ မင်းတို့အတွက် ဘေးမကင်းဘူး။ အဖမ်းခံရလိမ့်မယ်”

သူ့စကားကို ကျွန်မတို့ နားမထောင်ပါဘူး။ မြောက်ကိုရီးယားကို ပြန်ရင် သေသွားမှာပေါ့။ ဒါနဲ့ပဲ ရွာထဲက ဆောက်လုပ်ရေးလုပ်ငန်းခွင်တခုမှာ အဲဒီညက ကျွန်မတို့ အိပ်လိုက်ကြတယ်။

*

အရုဏ်ပျို့ချိန်ရောက်တော့ ဆူညံသံတွေကြောင့် ကျွန်မ အိပ်ရာနိုးသွားတယ်။ အနီးအနား ရွာကလူတွေ ကျွန်မအမေကို လာတွေ့တာလို့ ကောင်မလေးရဲ့အဖေက ကျွန်မကို ပြောပြတယ်။ သူတို့စကားပြောတာ ကျယ်ကျယ်လောင်လောင်နဲ့ ဘာတွေဖြစ်နေကြတာလဲလို့ တွေးပြီး စိတ်ညစ်လိုက်တာ။ အဲဒီတုန်းက အမေက ကျွန်မကိုကြည့်ပြီး ပြောတယ်။

“ဒီလူတွေက ကလေးမွေးစားချင်တဲ့ လင်မယားနှစ်ယောက်ကို သိတယ်တဲ့”

အမေပြောတာကို ကျွန်မ နားမလည်ဘူး။

“သမီး သူတို့နဲ့လိုက်သွားရင်… ” ဆိုပြီး အမေ့အသံ တိမ်ဝင်သွားတယ်။

“သူတို့နဲ့လိုက်သွားရင် အမေ့ဆီမှာနေရတာထက် သမီးအဖို့ ပိုကောင်းမှာ”

ဒီစကားတွေ ကြားတော့ ကျွန်မကို စွန့်ပစ်ဖို့ အမေ အသင့်ဖြစ်နေပြီလားလို့

တွေးပြီး စိတ်မကောင်းလိုက်တာ။

ကျွန်မအသက် ၁၂ နှစ်ဖြစ်နေတာ ကံကောင်းလို့ပဲ။ ကျွန်မကို မွေးစားချင်တဲ့ လင်မယားအတွက် ကျွန်မက အသက်ကြီးလွန်းနေတယ်။ ကျွန်မကို ခေါ်မသွားဘူး။

ဒါပေမဲ့ ကျွန်မတို့ရဲ့အခြေအနေက ရာဂျင်ဆွန်ဘောင်းမှာလိုပဲ ဆိုးမြဲဆိုးနေတုန်းပါ။ အဲဒီနေ့ နောက်ပိုင်းမှာ ကျွန်မတို့နဲ့အတူ ထွက်ပြေးလာတဲ့ သားအဖနှစ်ယောက်က လူကြီးရဲ့မိဘတွေနဲ့ အတူနေဖို့ ထွက်သွားကြတယ်။ ကျွန်မတို့သားအမိ သုံးယောက်ပဲ ကျန်ရစ်ခဲ့တယ်။

တကယ်တော့ ပေကျင်းနဲ့ ကင်ဂျုံအီက မြောက်ကိုရီးယားက ထွက်ပြေးသူတွေကို ပြန်ပို့ပေးဖို့ သဘောတူထားကြတယ်။ အဲဒါကြောင့် မြောက်ကိုရီးယားကလူတွေ တရုတ်ပြည်မှာ လူမြင်မခံရဲဘဲ ပုန်းအောင်းနေကြရတယ်။ မြောက်ကိုရီးယားက ထွက်ပြေးလာသူတွေကို ခိုလှုံခွင့် ပေးဖို့ မေတ္တာရပ်ခံနေတဲ့ တောင်ကိုရီးယားနဲ့ NGO အဖွဲ့အစည်းတွေကို တရုတ်အာဏာပိုင်တွေက ဂရုမစိုက်ကြဘူး။ တရုတ်ပြည်ကို ရောက်ရောက်ချင်း ကျွန်မတို့ကို အမိုးအကာအောက်မှာ နေခွင့်မပေးဘူး။ စားစရာ မပေးဘူး။

*

ကျွန်မတို့ ဘယ်လောက်ကြာကြာ ခံနိုင်ရည်ရှိကြမှာလဲ။ ရုတ်တရက် ကျွန်မဘေးမှာ လူတယောက် ရောက်လာတာကို သတိပြုလိုက်မိလို့ ကျွန်မ ဆတ်ခနဲ ထထိုင်လိုက်တယ်။ ကီအွန်ဆန်နဲ့ အမေလည်း ထထိုင်လိုက်တယ်။ အဲဒီလူနဲ့အတူ မိန်းမတယောက်လည်း စက်ဘီးတစီးနဲ့ ပါလာတာ တွေ့ရတယ်။

“မကြောက်ကြပါနဲ့၊ ရှင်တို့ကို ကျွန်မကူညီနိုင်တယ်” လို့ မိန်းမက ကိုရီးယားလို ပြောတယ်ရှင့်။

သူ့ကိုကြည့်ရတာ ကြင်နာမယ့်ပုံစံပဲ။ ဒီအချိန်မှာ ကျွန်မတို့အဖို့ ဆုံးရှုံးစရာ သိပ်မကျန်တော့ပါဘူး။ ဒါနဲ့ပဲ အဲဒီမိန်းမခေါ်ရာနောက်ကို လိုက်သွားတယ်။ အိမ်ကိုရောက်တော့ အဲဒီမိန်းမရဲ့ ယောက္ခမ အသက် ၈၀ ပြည့်မွေးနေ့ ကျင်းပကြတယ်။ ကျွန်မတို့ အဝတ်အစားတွေက ညစ်ပတ်နေတဲ့အတွက် ထောင့်တထောင့်မှာ ကပ်နေကြတယ်။ မိန်းမက ကျွန်မတို့ကို အဝတ်အစားသစ်တွေ ဝတ်ခိုင်းပြီး တက္ကစီတစီးနဲ့ ရွာတရွာကို လွှတ်လိုက်တယ်။ အဲဒီမှာ အရာရာတိုင်း ဖော်ဖော်ရွေရွေ မရှိကြဘူး။

ကျွန်မ တလမ်းလုံး ချမ်းလွန်းလို့ တုန်ယင်နေတယ်။ ရွာကိုရောက်တော့ ကျွန်မတို့ကို သုံးရက် ကြာအောင် အစားအသောက်တွေ ကျွေးမွေးထားတယ်။ ကျွန်မ

အားတွေ ပြန်ပြည့်လာပြီ။ သံချောင်းတွေ ကာရံထားတဲ့ ယာတောအိမ်တွေထဲက တအိမ်မှာ ကျွန်မတို့နေကြတယ်။ အဲဒီနေရာက ဟုန်ကျွန်းဆိုတဲ့ မြောက်ကိုရီးယားနယ်စပ်မြို့ပါ။ တူမင်မြစ်နဲ့ မဝေးဘူး။ အိမ်ရှေ့မှာ ဥယျာဉ်ခြံ မရှိဘူး။ ဝက်ခြံတခုတော့ ရှိတယ်။ ယာတောအိမ်ထဲမှာ အခန်းနှစ်ခန်း ရှိတယ်။ အခန်းလေးတခန်းက ကျွန်မတို့ရဲ့ကယ်တင်ရှင်မိန်းမရဲ့ ကလေးနှစ်ယောက်အတွက်။ အခန်းကြီး ထဲမှာ ကျွန်မတို့ငါးယောက်။ ကျွန်မတို့ သားအမိသုံးယောက်ရယ်၊ သူတို့လင်မယားရယ်။ အဲဒီအခန်းထဲမှာ ကျွန်မတို့ အိပ်စက်ကြတယ်။

ဒီလိုစေတနာကောင်းတဲ့မိန်းမနဲ့ တွေ့ရတော့ ကျွန်မတို့ ကံကောင်းလို့ပဲ။ သူနဲ့တွေ့ပြီးတဲ့နောက် ကျွန်မစိတ်ဓာတ်တွေ တက်ကြွလာတယ်။ ကျွန်မက ရှေ့ရေးအတွက် စိတ်ပူလို့ ဒီမိန်းမကို ကယ်တင်ရှင်အဖြစ် ဖက်တွယ်ထားတာ။ ရက်ပိုင်းလောက်အတွင်းမှာ ကျွန်မတို့လို ဒုက္ခသည်တွေ အဖို့ တရုတ်ပြည်မှာ ပုန်းခိုနေရတာ အန္တရာယ် များမှန်း သိလာပြီ။ အိမ်ရှင်မိန်းမသာမရှိရင် ကျွန်မတို့ အဖမ်းခံကြရမှာ။ ဒါ့အပြင် ဝက်ခြံဘေးက တံတိုင်းကို ကျော်ဖို့ ကျွန်မ အခွင့်အရေး မရနိုင်ဘူး။ တံတိုင်းဟိုဘက်မှာ လမ်းရှိတယ်။ လမ်းပေါ်မှာ အဖမ်းခံရနိုင်တယ်။ ဒါကြောင့် ကျွန်မတို့ ဒီတံတိုင်းအောက်မှာပဲ အေးအေးဆေးဆေး နေနေကြတယ်။ ဒါပေမဲ့ ကြာတော့ ငြီးငွေ့လာပါရော။ ရွှံ့တောထဲမှာ လျှောက်သွားနေတဲ့ ဝက်တွေကြည့်ရင်း အချိန်ကုန်ရတယ်။ ကျွန်မတို့မှာရှိတဲ့ သောကမျိုး ဝက်တွေမှာ မရှိကြဘူး။

အိမ်ရှင်မိန်းမက ကျွန်မတို့အပေါ် တဖြည်းဖြည်း ယုံကြည်လာပြီး သူနဲ့ အမေ မိတ်ဆွေရင်းချာတွေလို ဖြစ်လာကြတယ်။ အခန်းကျယ်ကြီးထဲမှာ သူတို့ စကားတွေပြောကြတယ်။ သူတို့ပြောတဲ့စကားကို ကျွန်မ ချောင်းနားထောင်နေမိတယ်။

“ရှင်တို့ရှေ့ရေးအတွက် ကျွန်မပြောမယ်။ ရှင်ဒီမှာ လုံလုံခြုံခြုံ နေရအောင် သမီးတွေကို ကျောင်းသွားခိုင်းလိုက်။ ဟူခိုတခုတောင် ရဦးမယ်” လို့ အိမ်ရှင်မိန်းမက အမေ့ကို ပြောသံ ကြားရတယ်။

“ဟူခိုဂူတခုရမတဲ့လား။ အဲဒါ ဖြစ်နိုင်ပါ့မလား”

ဟူခိုဆိုတာ တရုတ်ပြည်မှာ အမြဲနေထိုင်ခွင့် လက်မှတ်ပါ။ အဲဒါရရင် ကျွန်မတို့ ပုန်းနေစရာ မလိုတော့ဘူး။

ကျွန်မ သေသေချာချာ နားစွင့်ထားတယ်။

“တရုတ်တယောက်ကို ယူလိုက်ပါလား။ သူတို့မှာ ပိုက်ဆံရှိတယ်။”

"ရှင့်ကို ကောင်းကောင်းမွန်မွန် ကျွေးမွေးထားနိုင်တယ်"

အမေက ဘာမှပြန်မပြောဘူး။ ကျွန်မကတော့ တုန်လှုပ်သွားတာပေါ့။ အိမ်ရှင်မက ကြာကြာ စဉ်းစားမနေနဲ့တဲ့။

အမေက ကီအွန်ဆန်နဲ့ ကျွန်မတို့ သဘောထားကို မေးတော့ စကားလုံးတွေ သူ့နှုတ်ဖျားက ရှောရှောရှူရှူ ထွက်လာတာ မဟုတ်ဘူး။ သူတွေးပုံက အများကြီး အပြုသဘောဆောင်ပုံရပါတယ်။ ဒီတိုင်းပြည်မှာ အသက်ရှင်သန်ဖို့အတွက် အလုပ်တခုရမှ ဖြစ်မယ်။ ဒါပေမဲ့ စာရွက်စာတမ်းတွေ မရှိဘဲ အလုပ် ဘယ်လိုရမလဲ။ ဒီတော့ တရုတ်လင်ကို ယူလိုက်တာကမှ ကောင်းဦးမယ်လို့ အမေ တွေးလိုက်တာ။ တရုတ်လင်ကို ယူလိုက်ရင် ငွေရေးကြေးရေး စိတ်အေးရမယ်လေ။ သမီးနှစ်ယောက် လည်း ပညာသင်နိုင်လိမ့်မယ်။ တရုတ်ပြည်မှာ (ကိုရီးယားမှာလိုပဲ) မိခင်တယောက်တည်း သားသမီးတွေကို ပြုစုလုပ်ကျွေးနေတာ မြင်ရင် အသိုင်းအဝိုင်းက မေးငေါ့ကြတယ်။ တရုတ်လင်ကို ယူလိုက်တဲ့အတွက် တရုတ်ပြည်မှာ နေထိုင်ခွင့် ရမယ်။ ကျွန်မတို့ရဲ့ ပြဿနာတွေကိုလည်း ဖြေရှင်းပြီး ဖြစ်သွားမယ်။

စစချင်းမှာ အမေ့ဆုံးဖြတ်ချက်ကို ကျွန်မ မကျေနပ်ဘူး။ နောက်တော့ အမေ့ဆုံးဖြတ်ချက်ကို ယုံကြည်ရမယ်ဆိုတာ သိလာတယ်။ သူက အမေလေ။ ကျွန်မထက် ပိုသိတာပေါ့။ တရုတ်လင်ကို ယူလိုက်ခြင်းဟာ ကျွန်မတို့အတွက် အကောင်းဆုံး အခွင့်အရေးပဲလို့ တဖြည်းဖြည်းနဲ့ နားလည်လာ တယ်။

နောက်ကြောင်းကို ပြန်စဉ်းစားကြည့်လိုက်တော့ တရုတ်လင်ယူဖို့ ဆုံးဖြတ်ချက်ကို နားလည်ဖို့ အခက်သား။ ဒါပေမဲ့ ကျွန်မတို့ရဲ့အခြေအနေ အသည်းအသန် ဖြစ်နေတာ။ ဘယ်နည်းနဲ့ဖြစ်ဖြစ် ကျွန်မတို့မှာ လုံခြုံမှု ရှိနေဖို့ လိုတယ်။ တရုတ်ပြည်မှာ နေရထိုင်ရတာ ကျွန်မတို့အပေါ် စက္ကန့်မလပ် စောင့်ကြည့်ခံနေရသလိုပဲ။ ကျွန်မတို့မှာ အကူအညီမရှိဘဲ ဒီတိုင်းပြည်ကနေ ဘယ်လိုထွက်ခွာ သွားနိုင်မလဲ။ အိမ်ရှင်မိန်းမပေးတဲ့အကြံဟာ ဖြစ်နိုင်ခြေရှိတဲ့ တခုတည်းသော ရွေးချယ်မှုပါ။ တရုတ်လင်ကို ယူမလား အဖမ်းခံပြီး အကျဉ်းစခန်းတွေ စောင့်နေတဲ့ မြောက်ကိုရီးယားကို ပြန်ပို့တာ ခံမလား။

*

အမေ ခေါင်းညိတ်လိုက်တာနဲ့ တပြိုင်နက် အိမ်ရှင်မက ချက်ချင်းပဲ အကောင်အထည် ဖော်တော့တယ်။ ဆဲလ်ဖုန်းနဲ့ ပြောနေတာတွေ မနည်းဘူး။ တခါတခါ ကိုရီးယားလို ပြောတယ်။ များသောအားဖြင့်တော့ တရုတ်လိုပြောလို့ ကျွန်မ နားမလည်ဘူး။ အလားအလာရှိတဲ့ တရုတ်လင် တွေကို သူလိုက်ချိတ်ပေးနေတာ။ မြောက်ကိုရီးယားမိန်းမတွေကို တကယ်ယူမယ့်

တရုတ်တွေ ရှိသလား။

အဲဒီနေ့မနက်က အိမ်ရှင်မ ပျာယာခတ်နေတယ်။ နာရီပိုင်းလောက်ကြာတော့ သူ့ဖုန်းမြည်သံ ကြားရတယ်။ ဖုန်းက ထပ်မြည်ပြန်တယ်။ အရာရာတိုင်းဟာ ကျွန်မတို့ထင်ထားတာထက် ပိုပြီး မြန်နေတော့သလိုပဲ။ ဒါပေမဲ့ အိမ်ရှင်မကတော့ ဖုန်းပြောတဲ့အကြောင်းတွေ ဘာတခုမှ အသေးစိတ်ပြောပြတယ်လို့ မရှိဘူး။

တတိယမြောက်နေ့မနက်မှာ ရက်စက်ယုတ်မာမယ့်ပုံပေါက်တဲ့ လူနှစ်ယောက် ရောက်လာတယ်။ သူတို့အသားအရေက နေလောင်ထားလို့ ညိုမည်းမည်းနဲ့။ တယောက်က သူ့နားထင်မှာ မီးလောင်ထားတဲ့ အကွက်ကြီးရှိတယ်။ အဲဒီနေရာမှာ ဆံပင်မပေါက်ဘူး။

ဒီလူနှစ်ယောက်စလုံးက ရုပ်ခပ်ဆိုးဆိုးတွေဆိုတော့ ကျွန်မဖြင့် ကြောက်လိုက်တာ။ သူတို့က အိမ်ရှင်မရှေ့ မီးဖိုခန်းထောင့်မှာ ရပ်နေကြတယ်။

သူတို့ပြောတာကို ကျွန်မ မသိမသာ နားစွင့်ကြည့်ပေမယ့် ကောင်းကောင်း မကြားရဘူးရှင့်။ ပြီးတော့ သူတို့က တရုတ်လို ပြောနေကြတာလေ။ ကျွန်မ ဘယ်မှာ နားလည်ပါ့မလဲ။

တအောင့်လောက်ကြာတော့ ပိုပြီးရုပ်ဆိုးတဲ့လူက အထုပ်တထုပ် ဆွဲထုတ်ပြီး အိမ်ရှင်မကို ယွမ် နှစ်ထောင် ပေးလိုက်တာ တွေ့ရတယ်။ အဲဒီမှာ အိမ်ရှင်မက ကျွန်မတို့ကို ပစ္စည်းတွေသိမ်းပြီး သူ့နောက်လိုက်ခဲ့ဖို့ကို ပြောတယ်။

“ဒီလူက သားတယောက် လိုချင်နေတယ်” လို့ အမေ့ကို သူမပြောတယ်။

ဒီအချိန်ထိ ကျွန်မတို့ကို ယွမ်ငွေ ၂၀၀၀ နဲ့ ရောင်းစားလိုက်မှန်း ကျွန်မ မသိသေးဘူး။

[၉]

လပေါင်းများစွာကြာပြီးနောက်

ကျွန်မတို့ တရုတ်ပြည်ကို လာခဲ့ဖို့ မသင့်ပါဘူး။ အမေရယ်၊ ကီအွန်ဆန်ရယ်၊ ကျွန်မရယ် တရုတ်ကျေးလက်ပိုင်း မှောင်ကြီးမည်းမည်းထဲမှာ ဘတ်စ်ကားမှတ်တိုင်ရှာရင်း သုံးနာရီလုံးလုံး ခြေကျင်လျှောက်ခဲ့ကြတယ်။ ရိုင်းစိုင်းကြမ်းတမ်းတဲ့ ဒီလူ့လက်က လွတ်ဖို့ ကျွန်မတို့ ထွက်ပြေးလာခဲ့ ကြတာ။ အမေက သူ့ရဲ့ တရုတ်လင်နဲ့ ရန်ဖြစ်ပြီး နောက်တညမှာ ထွက်ပြေးဖို့ ဆုံးဖြတ်လိုက်တာ။

“ငါ့အတွက် သားတယောက်လောက် မွေးပေးဖို့ ဒီမိန်းမကို လိုချင်တယ်” လို့ သူက ကျွန်မတို့ကို ရောင်းလိုက်တဲ့မိန်းမကို ပြောတယ်။ ဒီကိစ္စနဲ့ပဲ သူဟာ အမေ့ကို ရန်ရှာနေတော့တာ။

အဲဒီညက အမေ သည်းမခံနိုင်တော့ဘူး။

“ကျွန်မ အသက်ကြီးပြီ။ ကိုယ်ဝန်ဆောင်ဖို့ မဖြစ်နိုင်တော့ဘူး။ ကျွန်မတို့ကို သွားခွင့်ပြုပါ” လို့ အမေက တောင်းပန်တယ်။

အဲဒီတော့ သူက “နင်တို့ကို ယွမ် ၂၀၀၀ နဲ့ ဝယ်ထားတာ။ အဲဒ္ဒါ ပြန်လျော်ပေး”လို့ ပြန်အော်တယ်။

*

ဒီလူ့ကို စတွေ့တဲ့နေ့ကတည်းက ကျွန်မ မုန်းမိတာ။ သူ့အသက်က ၄၀ ကျော်လောက်ရှိပြီ။ ကျွန်မက သူ့ထက် အပုံကြီးငယ်ပေမယ့် သူ့ထက်တော့ စာတတ်တယ်ရှင့်။ သူက ကိုယ့်နာမည်တောင်ကိုယ် ဖြောင့်အောင် ရေးတတ်တာ မဟုတ်ဘူး။ သူ့လက်မှတ်က ကြက်ခြေခတ်လေ။

ဒီလူနဲ့ အတူနေရတဲ့ ဘဝသစ်စစချင်းနေ့ကို ကျွန်မ ကောင်းကောင်းကြီး သတိရနေပါသေးရဲ့။ ကျွန်မတို့ ကယ်တင်ရှင်မကြီးဆီကနေ ကျွန်မတို့ မသိတဲ့အရပ်ကို ထွက်လာခဲ့ကြတယ်။ ကယ်တင်ရှင် မကြီးက လူကြီးနှစ်ယောက်အနက် ဘယ်သူက ကျွန်မတို့ကို ဝယ်တယ်ဆိုတာ ပြောမပြတော့ ကျွန်မရဲ့အဖေအသစ်ဟာ ဒီလူပဲဆိုတာ သိအောင် အချိန် တော်တော်ယူလိုက်ရတယ် ရှင့်။ ကယ်တင်ရှင်မကြီးဆိုတာ ကျွန်မတို့ကို နှုတ်ကလေးတောင် ဆက်ဖော် မရဘူး။

သူမအိမ်ကနေ ကျွန်မတို့ထွက်လာပြီး လူနှစ်ယောက်နောက်ကို ကျွန်မတို့

လမ်းလျှောက်လိုက်လာကြ တယ်။ ကျွန်မတို့ ဒီလူနှစ်ယောက်နဲ့ စကားတလုံးမှ မပြောဖြစ်ကြဘူး။ ဘတ်စ်ကားစီးကြတော့မှ ကျွန်မတို့နဲ့အတူ ပါလာတဲ့လူဟာ ကျွန်မရဲ့အဖေအသစ်မှန်း နားလည်လိုက်ရတော့တယ်။ ဟိုလူတယောက် ပါမလာတော့ဘူး။ သူက အဖော်လိုက်လာတာတဲ့။

အမေ့လင်အသစ်က အရပ် သိပ်မမြင့်ဘူး။ ငါးပေလေးလက်မတောင် ရှိရဲ့လား မသိဘူး။ ဗိုက်က ပူသေး။ ခြေထောက်နှစ်ချောင်းက ပလွေရိုးတွေ။ မျက်နှာက ဆယ်ပြားစေ့လို လေးထောင့်။ မျက်နှာပြဲပြဲ ဗိုက်ရွဲရွဲဆိုတာ သူမှအစစ်။ တကွက်ကလေးမှ ကြည့်ပျော်ရှုပျော် ရှိသူမဟုတ်။ သူ့ကြည့်ရတာ နည်းနည်းတော့ ကြောက်ကြောက်လန့်လန့် ဖြစ်နေပုံရတယ်ရှင့်။ ကျွန်မကို တခုခု ပြောချင်ဟန်တူပေမယ့် မပြောတော့ပါဘူးလို့ စိတ်ပြောင်းသွားတယ်ထင်ပါရဲ့။ ပြီးတော့ ကျွန်မတို့က တရုတ်စကားမှ မတတ်ကြတာ။

မြို့လေးတမြို့ကိုရောက်တော့ ကျွန်မတို့ ကားပေါ်က ဆင်းကြရော။ အဲဒီမှာပဲ ကားပြောင်းစီးပြီး ဘယ်အရပ်ကို သွားနေမှန်းမသိဘဲ ခရီးဆက်ခဲ့ကြပြန်တယ်။ ကားပေါ်မှာချည်း လေးနာရီနီးနီးပဲ။ နောက်ဆုံးကျတော့ ကျီလင်စီရင်စုထဲက ဆွတ်ဟန်ကျင်ဆိုတဲ့ မြို့လေးတမြို့ဆီ ရောက်သွားကြ တယ်။

အဲဒီကိုရောက်တဲ့အခါ အံ့သြစရာ ကြုံရသေးတယ်ရှင့်။ ကျွန်မတို့ကို စောင့်နေတာ ယိုင်နဲ့နဲ့ နွားလှည်းတစီး။ ကျွန်မတို့ တရုတ်ပြည်ရဲ့ တကယ့်တောပိုင်းကျကျနေရာကို ရောက်နေကြပါပေါ့ လား။ ကျွန်မဖြင့် ကြောက်လိုက်တာ။ အမေ့ကို ကယ်တယ်ရှင်မကြီး ပြောတာက အမေ လင်တော်ရမယ့်လူဟာ အခြေကျကျ မြို့ကြီးသားတဲ့။

ကျွန်မတို့ ဗွက်ကြီးတောထဲမှာ အဲဒီနွားလှည်းစီးပြီး လိပ်ရဲ့မြန်နှုန်းမျိုးနဲ့ လာလိုက်ကြတာ ယန်ချန်ချွန်လို့ခေါ်တဲ့ ရွာသိမ်ဇနပုဒ်လေးတခုဆီ ရောက်တဲ့အထိပဲ။ ကျွန်မတို့ ခေါင်းတွေငုံ့ပြီး ထိုင်လိုက်လာကြတော့ တလမ်းလုံး လူတွေ ဝိုင်းကြည့်နေလိုက်ကြတာ ပြူးပြဲနေတာပဲ။ ရွာသိမ်လေးရဲ့ မြင်ကွင်းအသစ်တွေကို ရင်ခုန်လှုပ်ရှားတဲ့စိတ်နဲ့ ကျွန်မ ကြည့်နေမိတယ်။

ရွာနံဘေးမှာ တောင်ပေါ်တက်သွားတဲ့လမ်းတခု ရှိတယ်။ နေဝင်ဖျိုးဖျအချိန်မှာ ကျွန်မတို့စီးလာတဲ့ လှည်းက စုတ်တီးစုတ်ပြတ် ယာတောအိမ်လေးတလုံးရှေ့ ရပ်လိုက်တဲ့အခါ ကျွန်မတို့ လှည်းပေါ်က ဆင်းကြတယ်။ ယာတောအိမ်ကို ကောက်ရိုးတွေနဲ့ မိုးထားတာ။ နံရံတွေက ရွှံ့စေး ကျံထားတဲ့ နံရံတွေ။ အဲဒီအချိန်မှာ မှောင်နေပါပြီ။ ရာသီဥတုကလည်း ငြိုးငွေ့စရာ ကောင်းလိုက်တာ လွန်ပါရော။ ဒီလိုနေရာမျိုးမှာ ကျွန်မနေဖို့ စီရင်ချက် ချလိုက်တာလေ။ တရုတ်ပြည်ဟာ အစစအရာရာ ပေါဖိတ်နေတဲ့ တိုင်းပြည်ကြီးဆို။

အွန်ဒီအုတ်မှာရှိတဲ့ ကျွန်မတို့ အိမ်လေးကမှ အခုထက် ပိုကောင်းသေးရဲ့။

ရောက်ရောက်ချင်းညမှာပဲ ဆိုးဝါးတဲ့အခြေအနေကို ကျွန်မတို့ နားလည်လိုက်ရတယ်။ ဘဝဟာ မလွယ်ပါလား။ ကျွန်မတို့ ထင်ထားတာနဲ့ တခြားစီပဲ။ အမေ့လင်အသစ်က သူ့မိအိုဖအိုတွေနဲ့အတူ နေထိုင်တုန်း။ ကွန်ဖြူရှပ် ထုံးတမ်းစဉ်လာအရ မိအိုဖအိုတွေစကားကို မြေဝယ်မကျ နားထောင်နေ ရတုန်း။ မိအိုဖအိုတွေရဲ့စကားဟာ ဒီအိမ်ထောင်စုထဲမှာ မလိုက်နာရင် မဖြစ်တဲ့ ဥပဒေပဲ။ ဒီမိသားစုထဲမှာ သားသမီး ခြောက်ယောက်လောက်ရှိတဲ့အနက် ဒီလူဟာ တတိယမြောက်သားပါ။ သူ့ညီအစ်ကို လေးယောက်နဲ့ နှမတယောက်က အိမ်ကနေထွက်ခွာပြီး မြို့ကြီးမှာ သွားနေကြတယ်။ သူတယောက်သာ အိမ်က ခွာလို့မရတာ။ အရင်က သူ့မှာ မိန်းမရှိခဲ့ပေမယ့် မိန်းမက ထွက်ပြေးသွား တယ်လေ။ ထွက်ပြေးရတဲ့အကြောင်းကို သူပြောမပြပေမယ့် ကျွန်မတို့အပေါ် သူဆက်ဆံပုံကို ကြည့်ပြီး တွေးလို့ရပါတယ်။

ယာတောကို ရောက်ပြီးတဲ့နောက် ကျွန်မရဲ့အဖေအသစ်ဟာ မိဘတွေနဲ့သာ အတူနေတာမဟုတ်ဘဲ တူနဲ့ တူမပါ ရှိနေတာ သိလိုက်ရတယ်။ သူတို့က စုတ်တီးစုတ်ပြတ် ညစ်တီးညစ်ပတ် အဝတ်တွေ ဝတ်လို့၊ ကောင်လေးက လမ်းလျှောက်တဲ့အခါ ခြေဆာနေသေးတယ်။ အဘွားကြီးက အပြင်လူ တယောက်ကို သမီးတော်ချင်တာ မဟုတ်ဘူး။ ကျွန်မတို့ကို သူ့စကား နားထောင်ရမယ်လို့ ပြောတယ်။ ပထမညမှာ ကျွန်မတို့ကို အိမ်လေးနဲ့ ဆက်ရက် မြင်းဇောင်းထဲမှာ အိပ်ခိုင်းတယ်။ မအိပ်ခင် မိသားစုနဲ့အတူ ကျွန်မတို့ ကျိုချွဲချွဲ တရုတ်အစာ စားရတယ်။ မီးရောင်မှိန်မှိန်လေး အောက်မှာ စားရင်းနဲ့ ကျွန်မမျက်နှာပေါ်က စိတ်ပျက်လက်ပျက် အမူအရာကို ဟန်လုပ်ပြီး ဖုံးဖိထားရတာပေါ့။ အို... ကိုရီးယား အစားအစာကို လွမ်းလိုက်တာ။ အထူးသဖြင့် ကင်ချီပေါ့ရှင်။ ဒီမှာနေရတဲ့ဘဝဟာ စစချင်း ဆောက်နဲ့ထွင်းဆိုသလို ဖြစ်နေပြီ။

နောက်တနေ့ကျတော့ ကျွန်မတို့ သံသယဖြစ်တာတွေ သေချာသွားတယ်။ ကျွန်မတို့သုံးယောက် လယ်ထဲဆင်း အလုပ်လုပ်နေတုန်း အဘွားကြီးက မျက်လုံးဒေါက်ထောက် ကြည့်လို့ပေါ့။ ပထမနေ့ မှာပဲ ကျွန်မတို့ ပေါင်းသင်ရ၊ စပါး၊ အာလူးနဲ့ ပဲပင်တွေစိုက်ရ။

ပထမ သီတင်းပတ်တွေအတွင်းမှာပဲ ဒီအလုပ်တွေကို ကျွန်မတို့ အထာကျအောင် ကြိုးစားလုပ်ကြ ပါတယ်။ ဒီလို အောက်တန်းနောက်တန်းကျတဲ့ အရပ်မှာ ပင်ပင်ပန်းပန်း လုပ်နေရတဲ့အတွက် စိတ်ပျက်မိပေမယ့် ကျွန်မတို့မှာ ရွေးချယ်စရာ ရှိတာမှ မဟုတ်တာ။ လမ်းပေါ်မှာ တောင်းစားရတဲ့ ဘဝ၊ အဖမ်းခံရမယ့်ဘဝမျိုးတွေကို ရှောင်တိမ်းဖို့ဆိုတာ ဒီနည်းပဲ ရှိတာလေ။ ဒါကြောင့် ကျွန်မတို့ ဒီမိသားစုနဲ့ အစေးကပ်အောင် ကြိုးစားနေထိုင်ကြတယ်။ ကျွန်မတို့နဲ့

ဒီလူကြားမှာ အပြန်အလှန် နားလည်မှုရှိလာအောင် သတိထား ဆက်ဆံကြတယ်။ စစချင်းမှာ လူကြီးလည်း ကျွန်မတို့အတိုင်း ပါပဲ။ ကျွန်မတို့ကို အဘွားကြီး မာန်မဲရင် ကျွန်မတို့ဘက်ကို သူ အကာအကွယ် ပေးတယ်။ လယ်ကွင်းထဲမှာ ဟိုဟိုဒီဒီ သွားဖို့ ခွင့်ပြုတယ်။ အခန်းသုံးခန်းရှိတဲ့အထဲက အခန်းတခန်းမှာ ကျွန်မတို့လေးယောက် အတူအိပ်ရတယ်။ ဒါပေမဲ့ လူကြီးရဲ့ညီတွေ အိမ်ပြန်လာတဲ့အခါ ကျွန်မတို့ မြင်းဇောင်းထဲ ပြန်သွားရရော။ မိသားစုကို ဦးစားပေးရတယ်လေ။ ကျွန်မတို့က မိသားစုမှ မဟုတ်ဘဲပဲ။

*

အိမ်က ညစ်ပတ်ပြီး ယိုယွင်းပျက်စီးနေပါပြီ။ အပူပေးစနစ်က ကိုရီးယားမှာ အသုံးပြုတဲ့ အွန်ဒိုးလ်လို မျိုးပါပဲ။ ဒါပေမဲ့ အခုဟာက ထင်းကို အသုံးပြုတဲ့ ဘိုးတော်ဘုရားလက်ထက်ကဟာမျိုး။ နံရံတွေက အပေါက်တွေနဲ့ဆိုတော့ အထဲကို ပြင်ပလေ ဝင်တယ်။ တရုတ်ပြည် အရှေ့မြောက်ပိုင်းမှာ ဆောင်းတွင်းဆိုရင် မြောက်ကိုရီးယား ဆောင်းတွင်းလိုပဲ သွေးခဲမတတ် အေးတာ။ နှင်းတွေတော့ မကြာမကြာ မကျဘူး။ ကျလိုက်ပြန်ရင်လည်း လမ်းတွေပေါ်မှာ သီတင်းပတ်ပေါင်းများစွာ ကြာတဲ့ အထိ ဖွေးလို့။

အဘွားကြီးက ကျွန်မတို့အဖို့ ရန်သူမှ ရန်သူစစ်စစ်။ ကျွန်မတို့အပေါ်များဆို မှိုချိုးမျှစ်ချိုး သိပ်ပြောတာ။ အိမ်မှုကိစ္စတွေလည်း တချက်ကလေးမှ မနားရအောင် ခိုင်းတယ်။ ကတ်သီး ကတ်သတ် အပြစ်ပေးလားပေးရဲ့။ သူ့အဖို့တော့ ကျွန်မတို့က ကျွန်တွေလေ။ သူနဲ့အတူ တမိုးအောက် တည်းမှာ ကျွန်မတို့ နေခွင့်ရနေတာကိုပဲ ကျေးဇူးတင်ရဦးတော့မယ့် အပေါက်မျိုး။ တနေ့တော့ အိမ်အဝင်ဝနားက မြေကြီးပေါ်မှာ စည်းတားတယ်။ ဒီစည်းကို ကျွန်မတို့ ကိုရီးယားတွေ မကျော်ရဘူး တဲ့။ ကျွန်မတို့ အိမ်ပြင်ထွက်ချင်တဲ့အခါ နောက်ဖေးကနေ လှည့်ထွက်ဆိုတဲ့သဘောပေါ့။ ကျွန်မတို့ရဲ့ နိမ့်ကျတဲ့အဆင့်အတန်းကို ကျွန်မတို့သိအောင် သူပြလိုက်တာ။

လူကြီးကလည်း ကန့်သတ်ချက်တွေ ပိုလုပ်လာတယ်။ ရောက်စတုန်းကနဲ့ မတူဘူး။ တနေကုန် ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီးတဲ့တညမှာ ကျွန်မတို့ကို တီဗီမဖွင့်ရဘူးတဲ့။ မီးတာတက်မယ်တဲ့။ မီတာခတွေ ပိုကုန်မယ်တဲ့။ ညစာစားပြီးချိန်မှာ ဒီတီဗီလေးကို ကျွန်မတို့ ဖွင့်လေ့ရှိကြတယ်။ ကျွန်မတို့မှာ တနေကုန်အောင် ပင်ပင်ပန်းပန်း လုပ်ပြီးတဲ့နောက် အပန်းဖြေစရာဆိုလို့ ဒါပဲရှိတာပါ။ အဲဒါဆို လူကြီးက တီဗီကို ထပိတ်ရော။

“နင်တို့ ဒီလောက်ကြည့်နေရင် ဓာတ်အားတွေ ကုန်ရောပေါ့” တဲ့လေ။

လပိုင်းလောက်ကြာတော့ ကျွန်မတို့ တရုတ်လို နည်းနည်းပါးပါး

ပြောတတ်လာပြီ။ သူပြောရင် ကိုယ်ပြန်ပြောနိုင်လာပြီ။ အဲဒီလို သူပြော ကိုယ်ပြောနဲ့ပဲ အိမ်ဟာ အိမ်နဲ့မတူတော့ဘဲ သည်းမခံနိုင် လောက်အောင် ဖြစ်လာတော့တယ်။

ကံကောင်းထောက်မလို့ ပထွေးရဲ့တူနဲ့တူမကတော့ ကီအွန်ဆန်နဲ့ ကျွန်မအပေါ် ကောင်းရှာကြတယ် ရှင့်။ ဘာသာစကား အခက်အခဲ ရှိနေပေမယ့် ကျွန်မတို့ မြန်မြန်ဆန်ဆန် ခင်သွားကြတယ်။ ကျွန်မတို့ တူတူပုန်းတမ်း ကစားကြတယ်။ သူတို့က ကျွန်မကို 'ကျင်ကျီ' လို့ခေါ်တဲ့ တရုတ်ရိုးရာကစားနည်း တခု သင်ပေးကြတယ်။ ကြက်တောင်ကို မြေပေါ် မကျအောင် ခြေထောက်နဲ့ တော့ထားရတဲ့ ကစားနည်းပါ။ လယ်ကွင်းထဲမှာ အလုပ်မလုပ်ရတဲ့အခါ အဲဒီကစားနည်းကို သူငယ်ချင်းတွေနဲ့အတူ ကစားကြတယ်ရှင့်။

*

လယ်ကွင်းက အငူတခုပေါ်မှာရှိပြီး အောက်ဘက်မှာ လှပတဲ့ လမ်းရှူခင်းရှိတယ်။ ယန်ချန်းချွန်က ပုလိပ်ကားလာတဲ့အခါ အဝေးကြီးကတည်းက မြင်ရတော့ ကျွန်မတို့ကို အိမ်နီးချင်းတွေ သတိပေးဖို့ အချိန် ရတာပေါ့။ ရွာသားတွေက ကျွန်မတို့အကြောင်း သိပြီး အကာအကွယ်ပေးဖို့ ကြိုးစားကြ တယ်။ အိမ်နီးချင်းတယောက်က သတိပေးလိုက်တာနဲ့ တပြိုင်နက် ကျွန်မတို့ တောထဲပြေးပြီး ပုန်းကြတော့တာပဲ။ တခါတခါ တဲလေးတလုံးထဲမှာ တညတန်သည် နှစ်ညတန်သည် အိပ်ပြီး အခြေအနေ အေးသွားပြီဆိုမှ ရွာကို ပြန်လာကြတယ်။ တရုတ်ပြည်မှာ ကျွန်မတို့ တရားမဝင် နေနေကြတာ။

နောက်ဆုံးမှာ ကျွန်မတို့ လက်တွေ့ဘဝနဲ့ ရင်ဆိုင်ကြရတော့တာပဲ။ တရုတ်ပြည်ရောက်တုန်းက ကျွန်မတို့ကို ကူညီတယ်လို့ ထင်ရတဲ့ မိန်းမကြီးဟာ တကယ်တော့ ကျွန်မတို့ကို တချိန်လုံး လိမ်လည်လှည့်စားနေခဲ့တာ။ ယွမ်ငွေ ၂၀၀၀ သပိတ်ဝင် အိတ်ဝင် ဖြစ်ပြီးတဲ့နောက် ကျွန်မတို့ကို အဆက်အသွယ် မလုပ်တော့ဘူးလေ။ ကျွန်မတို့ကို ရောင်းစားရုံသာမကဘူး၊ ကတိလည်း မတည်ဘူး။ အမေ့ကို တရားဝင် လက်ထပ်ရမယ်လို့ ပြောထားတာ။ ဒါဆိုရင် ကျွန်မတို့ တရုတ်ပြည်မှာ တရားဝင် နေထိုင်ခွင့် ရမယ်တဲ့။ အဲဒီအခါ ကျွန်မတို့ ညီအစ်မနှစ်ယောက် ကျောင်းတက်နိုင်ကြမယ်တဲ့။ အဖေ သေပြီးကတည်းက ကျွန်မတို့ ကျောင်းမတက်ရတော့ဘူးလေ။ တကယ့်အဖြစ်က ဒီဆင်းရဲတဲ့လယ်သမားဟာ ကျွန်မတို့ကို တရားမဝင် ဝယ်ပြီး တရားဝင် အိမ်ထောင်ရေးဖြစ်အောင် လုပ်ပေးဖို့ ရည်ရွယ်ထားတာမှ မဟုတ်တာပဲ။ သူ့အကြောင်းပြချက်က ကောင်းတယ်။ ကျွန်မတို့ကို မြောက်ကိုရီးယားတွေမှန်း သိသွားရင် ပေကျင်းနဲ့ ပြုံယမ်း ချုပ်ဆိုထား တဲ့ စာချုပ်အရ ကျွန်မတို့ကို ဖမ်းပြီး မြောက်ကိုရီးယားကို ပြန်ပို့လိုက်ကြလိမ့်မယ်တဲ့။ ကျွန်မတို့ ထွက်ပြေးဖို့ ကြိုးစားရင်

အချိန်မရွေး အဖမ်းခံရနိုင်တယ်။ ဒါပေမဲ့ ကျွန်မတို့ တရုတ်ပြည်မှာ တရားဝင် နေထိုင်ခွင့်ရရင်တော့ သူ့ကို သားတယောက် မွေးမပေးဘဲ ကျွန်မတို့ ထွက်ပြေးနိုင် လိမ့်မယ်။

ကျွန်မရဲ့ပထွေးဟာ အစပိုင်းကတည်းက အမေ့ကို သူ့အတွက် သားတယောက် မွေးပေးဖို့ တကျည်ကျည် လုပ်နေခဲ့တာ။ အမေ အကျပ်ရိုက်တာပေါ့။ အမေ့အသက်က အခုပဲ ၄၀ ကျော်နေပြီ။ အစပိုင်းမှာ အမေက ကိုယ်ဝန် မဆောင်နိုင်တော့ဘူးလို့ပြောဖို့ ကြိုးစားပါသေးတယ်။ ဒါပေမဲ့ အမေ့လင်အသစ်က ဘယ်လိုမှ ပြောလို့မရဘူး။ သားတယောက် မွေးပေးဖို့ပဲ လူနာ အမဲခြောက် တောင်းသလို ပြောနေတော့တယ်။

အမေ့မှာ တခြားရွေးချယ်စရာ မရှိဘူးလေ။ သားတယောက် မွေးပေးလိုက်ရင် မိသားစုက ကျွန်မတို့ကို လက်ခံလာလိမ့်မယ်။ ကျွန်မတို့ အနေချောင်လာလိမ့်မယ်လို့ အမေက ကျွန်မတို့ကို ပြောတယ်။ တရားဝင် နေထိုင်ခွင့်တောင် ရချင်ရနိုင်တယ်တဲ့။ ကျွန်မတော့ မစဉ်းစားတတ်ဘူး။

သားလေးတယောက် မွေးလာရင် ဘယ်လိုတွေ အကျိုးထူးလာမယ်လို့ ပထွေးက အမေ့ကို တတွတ်တွတ် ပြောနေတယ်။ သူ သားတယောက် လိုချင်တယ်ဆိုတာက မိဘမေတ္တာနဲ့ ချစ်လို့မှ မဟုတ်တာ။ သူ့မိဘဆီက အမွေရအောင် သားတယောက် လိုချင်နေတာ။ တရုတ်တွေရဲ့ဓလေ့ ထုံးတမ်းက မိဘအမွေကို သားအကြီးဆုံးကပဲ ရတယ်။ မိသားစုထဲမှာ သူက တတိယမြောက်သား။ သူ့ညီတယောက်မှာပဲ ခြေဆာနေတဲ့ သားတယောက်ရှိတာ။ အမေက ပထွေးကို သားတယောက် မွေးပေးလိုက်နိုင်ရင် သူ့အဖေက သူ့ကို အမွေပေးလိမ့်မယ်လို့ သူ မျှော်လင့်ထားတယ်။ အမွေဆိုတာ အထူးသဖြင့်တော့ လယ်ပေါ့။

အမေတို့မှာ သားလေးတယောက်ရှိရင် အခြေအနေအားလုံး ပြောင်းလဲသွားမှာ” လို့ အမေက ပြောတယ်။

ဒါနဲ့ တနှစ်နီးပါးလောက်ကြာတဲ့အထိ သားတယောက်ရဖို့ သူ ကြိုးစားပေမယ့် မအောင်မြင်ပါဘူး။ အချိန်တွေ ကြာညောင်းလာလေ ကျွန်မတို့ သားအမိသုံးယောက်ကို သူ ရန်လုပ်လေပေါ့။ သူ့အမေက လည်း သူ့သားအတိုင်းပဲ။

“ဒီ ကိုရီးယားမက ဘာဖြစ်လို့ ကိုယ်ဝန်မရှိတာလဲ” လို့ အဘွားကြီးက အမြဲတမ်း မြည်တွန် တောက်တီးတယ်။ အမေ စိတ်ဓာတ်ကျပြီပေါ့။ လူကြီးကလည်း ကျွန်မတို့ကို လူရှေ့မရှောင် သူရှေ့မရှောင် ဆူလိုက် ပွက်လိုက်တာ။

ရွာထဲမှာ ကျွန်မနဲ့အတူ ကစားဖော်သူငယ်ချင်းတွေ ရှိတယ်။

အများအားဖြင့်တော့ ယောကျ်ားလေး တွေပါ။ ယန်ချန်းချွန်မှာ မိန်းကလေးက ခပ်ရှားရှားရယ်။ တရုတ်ပြည်ဟာ လူဦးရေ ထိန်းသိမ်းဖို့ အတွက် 'ကလေး တယောက် ပေါ်လစီ' ချမှတ်ထားတယ်။ များသောအားဖြင့်တော့ ဒီဥပဒေကို လူတွေ မချိုးဖောက်ကြပါဘူး။ ဒါပေမဲ့ တရုတ်မိသားစုတွေက သား ယောကျ်ားလေး လိုချင်ကြတယ်။ ဒီတော့ မိန်းကလေးကိုယ်ဝန်ဆိုရင် ဖျက်ချပစ်ကြတယ်။ အဲဒါ ဘာကြောင့်လဲဆိုတော့ သမီး မိန်းကလေးတွေ အရွယ်ရောက်လို့ လင်ယူတဲ့အခါ လင်နောက်ကို ပါသွားကြရော။ သူ့မိဘတွေ အိုမင်းလာချိန်မှာ စောင့်ရှောက်မယ့်သူ မရှိတော့ဘူး။ တရုတ် ကျေးလက်ပိုင်းက တခြားရွာတွေမှာ လိုပဲ၊ ယန်ချန်းချွန်မှာ မိန်းကလေး အင်မတန် ရှားတယ်။

ကျွန်မမှာ သူငယ်ချင်းတွေမှ အများကြီးပဲ။ မမကတော့ ကျွန်မထက် ဣန္ဒြေ နည်းနည်းပိုကြီးပြီး များသောအားဖြင့် အမေ့နားမှာ ကပ်နေတာ များတယ်။ ကျွန်မ အိမ်နီးချင်းကလေးတွေနဲ့ ကစားရတာ သိပ်ပျော်တယ်။ ဘောလုံးပစ်တမ်း ကစားကြတာ။ ဘောလုံးက အိတ်တလုံးထဲကို ဂျုံစေ့တွေ ထည့်ထားတဲ့ ဘောလုံးပါ။

တနေ့မှာ ပထွေးက ကျွန်မရဲ့ သူငယ်ချင်းတွေကို ဒေါသတကြီးနဲ့ အော်ကြီးဟစ်ကျယ် ပြောတယ်။ "နင်တို့ ဒီကောင်မလေးနဲ့ အပေါင်းအသင်း မလုပ်ကြနဲ့။ သူ့အမေက ကောင်းတာ မဟုတ်ဘူး" တဲ့။

ဒါ ကျွန်မကို လူသိရှင်ကြား စော်ကားလိုက်တာပဲ။ ကျွန်မရဲ့စိတ်သောကတွေကို ဒီသူငယ်ချင်းတွေနဲ့ အတူ ဆော့ကစားရင်း ဖြေရတာ။ ဖြေစရာဆိုလို့ ကျွန်မမှာ ဒီသူငယ်ချင်းတွေပဲ ရှိတာ။ တရုတ်ပြည် မှာ နေခဲ့တဲ့ဘဝကို ပြန်တွေးမိရင် သူငယ်ချင်းတွေနဲ့အတူ ကစားခဲ့ကြတဲ့ အချိန်တွေကို အကြည်နူးမိဆုံးပဲ။

ကျွန်မတို့ အခြေအနေ ပိုတောင်ဆိုးလာတယ်။ ကျွန်မတို့နဲ့ ပထွေး မိသားစုကြား ရန်ဖြစ်လိုက်တာ လည်း ခဏခဏ။ နေ့တိုင်း အော်ကြီးဟစ်ကျယ် ဖြစ်နေကြတာ။ ပထွေးက လက်ပါစပြုလာတယ်။ ကျွန်မတို့ သားအမိသုံးယောက်ကို သူ ကိုယ်ထိလက်ရောက် ထိုးကြိတ်တယ်။ ဒီ အိပ်မက်ဆိုးကြီး ဆုံးခန်းတိုင်မယ့်ပုံ မပေါ်ဘူး။

ဒီအချိန်တွေမှာ ပထွေးကိုကြည့်ပြီး အဖေ့အကြောင်း မတွေးဘဲ မနေနိုင်ဘူး။ အဖေ့ခန္ဓာကိုယ်က ချည့်ချည့်နဲ့နဲ့ရယ်။ အဖေနဲ့ ကျွန်မတို့ကို သေခွဲ ခွဲလိုက်တာ အငတ်ဘေးကြီးပေါ့။ လက်ကွင်းထဲမှာ လုပ်စရာမရှိတဲ့ ရှားရှားပါးပါးအချိန်တွေမှာ ကျွန်မ မိုးကောင်းကင်ကို မော့ကြည့်တော့ တိမ်တိုက်တွေ ကြားမှာ အဖေ့မျက်နှာ တွေ့နေရတယ်။ အဖေက ကြင်နာတယ်။ စေတနာ ကောင်းတယ်။ ပညာတတ်တယ်။ ပထွေးနဲ့တော့ ဆီနဲ့ ရေပဲ။ ကျွန်မတို့ကို ဘယ်တော့မှ အော်ခြင်း

ဝေါက်ခြင်း မရှိဘူး။ ရိုက်ဖို့ နှက်ဖို့ ဆိုတာတော့ ဝေးရော။

ပထွေးကို အလျှော့ပေးတာကလွဲလို့ ကျွန်မတို့မှာ တတ်နိုင်တာဘာမှမရှိဘူး။ တနေ့တော့ အလျှော့မပေးနိုင်လောက်တဲ့ အခြေအနေ တခုနဲ့ကြုံရတယ်။ ဘယ်တော့မှ မဆုံးနိုင်တဲ့ ဒီအိပ်မက်ဆိုးကြီးထဲမှာ နေရတာထက်စာရင်ဘာမဆို ကောင်းမှာပဲ။

တညမှာ အမေနဲ့ ပထွေး စကားများပြီးတော့ ဒီနေရာက ထွက်ခွာသွားဖို့ အမေဆုံးဖြတ်လိုက်တယ်။ ဒီယာတောကို ကျွန်မတို့ ရောက်တာ တနှစ်နီးပါး ရှိပါပြီ။

ကျွန်မတို့ သားအမိသုံးယောက် ညကို ဖြတ်သန်းပြီး လျှောက်လာကြတယ်။ ကျွန်မတို့လုပ်နေတာ အဓိပ္ပာယ်မရှိမှန်း ကျွန်မတို့ မသိကြဘူး။ ကျွန်မတို့ နေထိုင်ခွင့်လက်မှတ်မရှိတဲ့ ပြဿနာနဲ့ ရင်ဆိုင်နေရတုန်းပဲ။ အမေ လင်ယူတာကတရားဝင်မဟုတ်ဘူး။ ဘာစာရွက်စာတမ်းမှ ရှိတာ မဟုတ်ဘူး။ ဒီတိုင်းပြည်မှာကျွန်မတို့က တရားမဝင်တဲ့လူတွေ။ အခုနေ လမ်းမှာ ပုလိပ်နဲ့တိုးရင်ကျွန်မတို့ကိုဖမ်းပြီး မြောက်ကိုရီးယား ပြန်ပို့မှာ။

ဒေါသအလျောက် စိတ်အလိုလိုက်မိတာဟာ ကျွန်မတို့အတွက်အန္တရာယ်ရှိမှန်း အမေ သိလာတယ်။ ရည်ရွယ်ချက်မရှိဘဲ ခြေဦးတည့်ရာလျှောက်လာလိုက်ကြတာ အဖမ်းခံရနိုင်မှန်း အစက မတွေးမိကြ ဘူး။ကျွန်မခေါင်းထဲမှာ အတွေးတွေ ယောက်ယက်ခတ်နေလိုက်တာ။ ကျွန်မတို့ဘာလုပ်ရင် ကောင်းမလဲ။ အဲဒီတုန်းမှာ ပထွေးအပေါ် သနားစိတ်ကလေးဝင်လာတာ မဆန်းဘူးလား။ သူဟာ တခါတခါ ကြမ်းချင်ရမ်းချင်ပေမယ့် သူလည်းသားကောင်တကောင်ပါပဲ။ သူ့ကို သူ့မယားက စွန့်ပစ်ခဲ့တယ်။ မိသားစုအသိုင်းအဝိုင်းထဲမှာ သူ့အဆင့်အတန်းတခု ပြန်ရဖို့ သူ သားလေးတယောက်လိုချင်နေတယ်။ ကျွန်မတို့အပေါ် ဒုက္ခတွေ ပေးခဲ့သူကိုမှ သနားစိတ်ဝင်မိတာအဆန်းသားနော်။

ကျွန်မတို့ လျှောက်လာကြရင်း နောက်ကြောင်းပြန်လှည့်ဖို့ တွေးသထက်တွေးလာကြတယ်။ နောက်ဆုံးမှာ အမေ လက်လျှော့လိုက်တော့တယ်။အရုဏ်တက်ခါနီးလောက်မှာ ကျွန်မတို့ နောက်ကြောင်းပြန်လှည့်ပြီးယာတောအိမ်ဆီ ဦးတည်ခဲ့ကြတယ်လေ။

တံခါးရှေ့မှာ ပထွေးက မတ်တတ်ရပ်လို့။ ကျေနပ်အားရတဲ့ မျက်နှာပေးနဲ့။ကျွန်မတို့ ပြတင်းပေါက် ကျော်ဆင်းသွားကြတာ သူသိမှာပါ။ သူ့ပုံစံက “နင်တို့မှာဒီနေရာကလွဲလို့ သွားစရာမရှိတာ သိပြီ မဟုတ်လား” လို့ ပြောနေသလို။

ယာတောအိမ် ပြန်ရောက်ခါစမှာ နေရထိုင်ရတာ ဘာမှမဖြစ်ခဲ့သလို

အေးအေးဆေးဆေးပဲ။ ဒါပေမဲ့ အဲဒီအခြေအနေဟာ ကြာကြာမခံပါဘူး။ ရက်ပိုင်းလောက်အကြာမှာ ရန်အကြီးအကျယ် ဖြစ်ကြပြန် ရော။ ကျွန်မတို့ ကိုယ်တွေပေါ်ကျလာတဲ့ လက်သီးချက်တွေဆိုတာ မိုးသီးမိုးပေါက်တွေလား မှတ်ရတယ်။ ပထွေးရင်ထဲမှာ ကျွန်မတို့ ထွက်ပြေးတုန်းကတည်းက ဒေါသတွေ အောင်းထားတယ် ထင်ပါရဲ့။ သူ အမေ့ကို လက်သီးနဲ့ ထိုးပြီး ထွက်မပြေးနိုင်အောင် ခွေးတွေလို လည်ပင်းမှာ ကြိုးချည်ထားတယ်ရှင့်။ ကျွန်မဖြင့် ဒီလူကြီးကို မုန်းလိုက်တာ။ ယာတောဆီ ပြန်လာတဲ့ သူ့ညီ တယောက်ကလည်း ကျွန်မတို့ကို တံမြက်စည်းနဲ့ ဝင်ရိုက်သေးရဲ့။

တကယ်တော့ အဖမ်းခံရနိုင်တဲ့ အန္တရာယ်ရှိနေသည့်တိုင် ကျွန်မတို့ အိမ်ကို ပြန်မလာသင့်ဘူး။ ကျွန်မတို့ ထွက်ပြေးပြီးကတည်းက အိမ်ဟာ အိမ်နဲ့ မတူတော့ဘဲ ငရဲတွင်းဖြစ်နေပြီ။ သူတို့မိသားစု က ကျွန်မတို့ကို မယုံကြတော့ဘူး။ ကျွန်မတို့ အချိန်မရွေး ထွက်ပြေးကြဦးမှာလို့ သူတို့ သံသယ ဖြစ်ကြ။ ပထွေးကလည်း အမေ့ကို သားတယောက် မွေးပေးဖို့ တောင်းဆိုနေတုန်းပဲ။ နောက်ပိုင်း ရက်တွေမှာ ထွက်ပြေးလွတ်မြောက်နိုင်မယ့် နောက်ထပ် နည်းလမ်းတွေကို ကျွန်မတို့ စဉ်းစားနေကြ တယ်။ ကျွန်မတို့အခြေအနေဟာ ဘယ်လိုမှ သည်းမခံနိုင်အောင် ဖြစ်လာပြီလေ။

နှစ်လလောက်ကြာပြီးတဲ့နောက် အခြေအနေ ပြောင်းသွားပြန်တယ်။ တစ်မနက်မှာ အမေဟာ မျက်စိပျက်ပျက် မျက်နှာပျက်ပျက်နဲ့ ကျွန်မအနားချဉ်းကပ်လာပြီး

“အမေတော့ ကိုယ်ဝန်ရှိနေပြီထင်တယ်” လို့ တီးတိုးပြောတယ်။ ကျွန်မ ကြက်သေ သေသွားတာပေါ့။ အမေနဲ့ သူ့လင် နီးရာဆေးရုံ သွားပြီး ပြန်လာတော့ အမေ ကိုယ်ဝန်ရှိနေတာ သေချာတယ်တဲ့။

ကျွန်မတို့ကံကြမ္မာက ပိတ်ဆီးသွားပြန်ပြီ။ ကျွန်မတို့ ထွက်ပြေးဖို့ မဖြစ်တော့ဘူး။ ဒီအရိုင်းအစိုင်း လယ်သမားကိုပဲ ကျွန်မတို့ အောက်ကျို့နေကြရတော့မယ်။

[၁၀]

အမေဆိုတာ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူး။ သူ့ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် ကျွန်မကို အတွင်းစကားတွေ ပြောတယ်။ ကျွန်မ အသက်က ၁၃ နှစ်ပဲ ရှိသေးပေမယ့် သူတို့လူကြီးကိစ္စတွေကို သိနိုင်လောက်ပြီလို့ ထင်ဟန်တူပါရဲ့။ ဒီမွေးလာမယ့်ကလေးဟာ ကျွန်မတို့ဘဝတွေကို လုံခြုံစေမယ် လို့ တွေးပြီး အမေ စိတ်အေးသွားပုံပဲ။ ကလေးကြောင့် သူ့လင်ဒေါသတွေ လျှော့သွားမယ်၊ မိသားစုကလည်း ကျွန်မတို့ကို လက်သင့်ခံလာမယ်၊ တနေ့ကျရင် ကျွန်မတို့ အသည်းအသန် လိုအပ် နေတဲ့ အမြဲတမ်း နေထိုင်ခွင့် လက်မှတ်တောင် ရချင်ရနိုင်တယ်လို့ အမေက မျှော်လင့်ထားတယ်။ ဒါပေမဲ့ အမေက ဒီကလေးကို မလိုချင်ဘူး။ အဲဒီအတွက် သူ စိတ်ဆင်းရဲရပြန်တယ်။ ဘာပဲဖြစ်ဖြစ် ကလေးကို မွေးဖြစ်အောင် မွေးမယ်လို့တော့ အမေ ဆုံးဖြတ်ထားတာပါ။

ကျွန်မကို မမွေးခင်တုန်းက အမေ ဗေဒင်သွားမေးတော့ သမီးနှစ်ယောက်နဲ့ သားတယောက်ရမယ်လို့ ဗေဒင်ဆရာက ဟောလိုက်တဲ့အကြောင်းလည်း ကျွန်မကို ပြောသေးတယ်ရှင့်။ အမေ့ကိုယ်ဝန်က ကျွန်မတို့ဘဝမှာ အလှည့်အပြောင်းကြီးတခု ဖြစ်ပေမယ့် ဘာတွေဖြစ်လာမယ်လို့ ကျွန်မသိတာ မဟုတ်ဘူး။ ဘာခံစားချက်မှလည်း ကျွန်မမှာ မရှိဘူး။ ဒီကိစ္စကို စဉ်းလည်း မစဉ်းစားဘူး။ အဲဒီတုန်းက ကျွန်မစဉ်းစားတာ ကျွန်မတို့အတွက် ရှင်သန်မှုရဖို့ပဲ။ ကျွန်မတို့ရဲ့ အခြေအနေဟာ ခုခံနိုင်စွမ်းမရှိတဲ့ အခြေအနေပါ။ ပထွေးရဲ့ကလေးကို အမေ မွေးပေးတာ ကောင်းသလား၊ မကောင်းဘူးလားဆိုတာလည်း ကျွန်မ မသိဘူး။ အမေ ကလေးမွေးရမယ့် ဒုက္ခနဲ့ ကျွန်မတို့အတွက်ပဲ ကျွန်မ စဉ်းစားတယ်။ အမေ့အသက်က ၄၀ ကျော်နေပြီလေ။ မီးဖွားတဲ့အခါ အခက်တွေ့နိုင်တယ်။ ကံနိမ့်ရင် အသက်တောင် ဆုံးရှုံးနိုင်တာ။ မပြောကောင်း မဆိုကောင်း (ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ) အဲဒီအခြေအနေမျိုးနဲ့ ကြုံလာရင် ဘယ်လိုလုပ်ရပါ့။ မီးတွင်းထဲမှာ အမေ သေသွားရင် ကျွန်မတို့ညီအစ်မ ဘယ်လိုလုပ်မလဲ။ ဒီမေးခွန်းတွေနဲ့ ကျွန်မခေါင်းထဲမှာ မူးနောက်နေ တော့တယ်။

နောက် အန္တရာယ်တခုက လောလောဆယ် ကြုံတွေ့နိုင်တဲ့ အန္တရာယ်မျိုးပါ။ ပုလိပ်တွေရောက်လာ ရင် အမေ တောထဲကို ထွက်မပြေးနိုင်တော့ဘူး။ အမေ အဖမ်းခံရရင် ကျွန်မတို့ညီအစ်မနှစ်ယောက် လယ်သမားဆီမှာ ကျားသနားမှ နွားချမ်းသာရမယ့် အခြေအနေမျိုးနဲ့ နေနေရတော့မယ်။ ကျွန်မမှာ မောင်လေးတယောက်၊ ဒါမှမဟုတ် ညီမလေးတယောက် ရတော့မယ်လို့ သိလိုက်ရတဲ့နေ့မှာ အတွေးတွေ မျိုးစုံအောင် တောင်တွေးမြောက်တွေးနဲ့ပါ။ အဲဒါ တကိုယ်ကောင်းဆန်ရာ ကျချင် ကျနိုင်ပေမယ့် ရှင်သန်မှုအတွက် ရုန်းကန်

ကြိုးပမ်းရာမှာ အကြင်နာတရား၊ ကရုဏာတရား ထားနေဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ပါဘူး။

*

ဖေဒင်ဆရာဟောတာ ဒက်ထိပဲရှင့်။ အမေ သားယောကျ်ားလေး မွေးတယ်။ ဒီကလေး မွေးတဲ့နေ့ကို ကျွန်မဘဝတလျှောက်လုံး အမှတ်ရနေတော့မှာ။ အမေ ဗိုက်စနာချိန်မှာ အမေတို့လင်မယားရယ်၊ ကျွန်မတို့ညီအစ်မရယ် လေးယောက်စလုံး လယ်တောမှာ ရှိနေကြတာ။

ပထွေးက အမေ့ကို ဆေးရုံခေါ်သွားချင်တယ်။ ကျွန်မတို့က တရုတ်ပြည်မှာ တရားမဝင် နေနေကြ ပေမယ့် ဒီကျေးလက်ဆေးရုံမှာ အခကြေးငွေပေးလို့ကတော့ ဘာစာရွက်စာတမ်းမှ တောင်းကြည့်မှာ မဟုတ်ဘူး။ ဒါပေမဲ့ အမေက ဆေးရုံ မသွားချင်ဘူးလို့ ငြင်းတယ်။ ဆေးရုံက အဝေးကြီးမို့လို့။ အမေက ဆေးရုံတက်စရာ မလိုဘူးတဲ့။ ပြီးတော့ အွန်ဒီအုတ် ဆေးရုံမှာ လုပ်ခဲ့တုန်းက မီးဖွားတဲ့ ကိစ္စတွေကို အမေ ကူခွင့်ရခဲ့ဖူးတာတွေ ရှိတယ်။ ဒါ့အပြင် အမေကိုယ်တိုင် ကလေးနှစ်ယောက် မွေးဖူးထားတော့ အတွေ့အကြုံတွေ ရှိနေပြီပေါ့။

ကီအွန်ဆန်နဲ့ ကျွန်မက စိတ်မချဘူး။ သားဖွားဆရာမ မရှိ ဘာမရှိနဲ့ မွေးရမှာ။

ကျွန်မတို့ ကတ်ကြေးကို ပိုးသတ်ဖို့ မီးဖိုမှာ ရေနွေးအိုးတည်ကြတယ်။ ကီအွန်ဆန်နဲ့ ပထွေးနဲ့အတူ ကျွန်မပါ အမေ့ဗိုက်ကို ဝိုင်းပြီး တွန်းချကြတာ။ ကလေးက ထွက်မလာဘူး။ အမေဆိုတာ အော်လိုက်တာ ငယ်သံကို ပါလို့။ အသက်များ ပါသွားမလားလို့ ကျွန်မမှာ စိတ်ပူလိုက်ရတာ။

ဆေးရုံမှာ နောက်ဆုံးအခေါက် ဆေးစစ်တုန်းက ကလေးအနေအထား မမှန်ဘူးလို့ ဆရာဝန်တွေ ပြောကြတယ်။ အမေက ထုံးစံအတိုင်း ခေါင်းခပ်မာမာဆိုတော့ ကိစ္စမရှိဘူးချည်း ပြောနေတယ်။ နောက်ဆုံးတော့ ကလေး ထွက်လာရော။ ခေါင်းကကြီးကြီး ကိုယ်လုံးက ရှုံ့တွတွလေး။ ကျွန်မတို့ဆီက ကတ်ကြေးတောင်းယူပြီး ဖိုးဖိုးဇတ်ဇတ်နဲ့ အမေဟာ ချက်ကြိုးကို ဖြတ်ပစ်လိုက် တယ်။

ပထွေးက ကလေးကို ပွေ့ချီရင်း ဂုဏ်ယူအားရနေတဲ့ပုံပဲ။ အဆုံး တနေ့မှာ သူလိုချင်တာကို ရပြီပေါ့။ သူတို့ တရုတ်ထုံးစံအတိုင်း အိမ်ရှေ့တံခါးပေါ်မှာ အနီရောင်ပိတ်စကြီး လွှားတင်လိုက်တယ်။ ဒီမှာ ကလေးမွေးကြောင်း ပတ်ဝန်းကျင်က လူတွေသိရအောင်။ ပြီးတော့ တရုတ်ထုံးစံအတိုင်းပဲ၊ မိခင်နဲ့ ကလေးဟာ အပြင်ကို ရက်ပေါင်းတရာ မထွက်ရဘူး။ အပပယောဂတွေ ဝင်မှာစိုးလို့။

ဒီ ရက်ပေါင်းတရာအတွင်းမှာ မိသားစုတွေကသာ ကလေးကို ကြည့်ခွင့်ရှိတယ်။

ကလေးမွေးပြီးတဲ့နောက်ပိုင်းမှာ ရက်ပိုင်းလောက်ကြာအောင် ကျွန်မတို့ဝန်းကျင်မှာ အေးအေး ဆေးဆေး ဖြစ်နေတယ်။ ကလေးက ရုပ်ဆိုးဆိုးဖြစ်ပေမယ့် ကလေးကို ကျွန်မ ချစ်ပါတယ်။ သူ့ကို ပေးထားတဲ့ တရုတ်နာမည်က 'ချုန်းချုန်' ဆိုတာ 'တောက်ပခြင်း' အဓိပ္ပာယ်တဲ့။

ကလေးအဖေက သူလိုချင်တဲ့ သားကို ရလို့ ပျော်နေ၊ ဂုဏ်ယူနေတယ်။ အဘွားကြီးကတောင် ကလေးကို ချစ်တဲ့ပုံပဲ။ အမေ့အပေါ် ကြင်နာမှုတွေ ဘာတွေ ပြလို့။ ကီအွန်ဆန်နဲ့ ကျွန်မအဖို့ မျှော်လင့်ချက် ရေးရေးလေး ရှိလာသလိုပဲ။ ကျွန်မတို့ မိသားစုနဲ့ တပေါင်းတစည်းတည်း ဖြစ်သွားကြ လိမ့်မယ်လို့ ထင်လိုက်ကြတယ်လေ။ အနာဂတ်ဟာ တောက်ပနေသလိုပဲ။

မိသားစုထဲမှာ ကျွန်မက ကလေးနဲ့ အနီးစပ်ဆုံး ဖြစ်လာတယ်။ နွေဦးပေါက်လာပြီဖြစ်လို့ အမေက ကီအွန်ဆန်နဲ့အတူ လယ်တော ဆင်းရတယ်။ ကလေးထိန်းရတဲ့အလုပ်နဲ့ လယ်တောကို ထမင်း လိုက်ပို့တဲ့အလုပ်က ကျွန်မတာဝန်ပေါ့။ မနက်လင်းတိုင်း ကျွန်မ ကလေးနဲ့ ဆော့တယ်။ သူ့ကို အစာကျွေးတယ်။ သူငိုရင် ချော့တယ်။ ဒီအလုပ်တွေကို ကျွန်မ ပျော်ပျော်ကြီး လုပ်ပါတယ်။

ဒါပေမဲ့ သူငယ်ချင်းတွေ ကစားကြတဲ့အခါ ကျွန်မကတော့ မကစားရဘူးပေါ့။ တခါတခါ ကစားချင်တဲ့စိတ်နဲ့ ကလေးထိန်းအလုပ်တို့ လွန်ဆွဲကြတယ်လေ။ ကလေး အိပ်ပျော်သွားတဲ့အချိန်မှာ ကျွန်မ ထွက်ဆော့နိုင်တာပဲ။ ဒါပေမဲ့ သိပ်ကြာကြာ ဆော့လို့တော့ မရဘူးလေ။ ကလေးကို တဖက်က ကြည့်ရင်း နေမွန်းမတည့်ခင် မိသားစု နေ့လယ်စာစားဖို့ ချက်ရပြုတ်ရဦးမှာ။ ကလေးအတွက် ကရိကထ များလှပေမယ့် ကျွန်မ စိတ်မညစ်ပါဘူး။ မောင်လေးကို ကျွန်မ ချစ်တယ်။ ကျွန်မ မုန်းတဲ့လူကြီးရဲ့သား ဖြစ်နေပေမယ့် မောင်လေးကို ကျွန်မ ချစ်တယ်။

*

အေးချမ်းတဲ့ မိသားစုဝန်းကျင်လေးဟာ သက်တမ်း မရှည်ပါဘူး။ ကလေးမမွေးခင်တုန်းကလိုပဲ ရန်ပွဲတွေ ပြန်ဖြစ်နေပြန်ပြီ။ ပထွေးက ကျွန်မတို့အပေါ် ရန်လိုနေပြန်ပြီ။ သူ ရန်လိုရအောင် ကျွန်မတို့က ဘာမှလည်း လုပ်တာမဟုတ်။ တကယ်တော့ သူမကျေနပ်တာက သူ့မိဘတွေကိုပါ။ သူ့မှာ သားလေးတယောက် မွေးလာရင် မိဘအမွေ ရမယ်လို့ သူက တွက်ထားတာ။ သူ့ညီက လွယ်လွယ်ကူကူ အလျှော့ပေးမတဲ့လား။ ချုန်းချုန် မွေးကတည်းက သူ့ညီ ယာတောအိမ်မှာ ကျွန်မတို့နဲ့အတူ ပြန်လာနေတာသာ ကြည့်တော့။

မိသားစုထဲက လူတိုင်း အတ္တကြီးကြတာ ကျွန်မ သတိထားမိတယ်။ မိသားစု စည်းလုံးမှုဆိုတာ ဝေလာဝေး။

ပထွေးအနေနဲ့ မိသားစုထဲမှာ သူ့အဆင့်အတန်းသစ်ကို ထိန်းထားနိုင်ဖို့အတွက် ပြန်တိုက်မှ ဖြစ်မယ်လေ။ သူ့မိဘတွေကို မောင်လေးရဲ့ပြုံးနေတဲ့ မျက်နှာလေးက မဆွဲဆောင်နိုင်ပါဘူး။ အဘွားကြီးက သူ့မြေးလေးကို ချစ်ပုံရပေမယ့် ဒီဒေသမှာ လင်ယောက်ျားဘက်က စိတ်ထားကို ပြောင်းလဲပစ်ဖို့ မလွယ်ဘူး။

ပထွေးက မျှော်လင့်ချက် အကြီးကြီး ထားနေတယ်။ ချန်းချန်မွေးပြီး သိပ်မကြာခင် ချန်းချန်ရဲ့ ပညာရေးအတွက် သူ့အမေဆီမှာ ပိုက်ဆံတောင်းတယ်။ သူ ရသင့်ရထိုက်တဲ့ အမွေပုံရဲ့ အစိတ်အပိုင်း တခုအနေနဲ့ တောင်းတာ။ အဘွားကြီးက ချက်ချင်း ခေါင်းခါပစ်လိုက်တယ်။

"ဘာဖြစ်လို့ ငါက နင့်သားပညာရေးအတွက် ပိုက်ဆံပေးရမှာလဲ၊ နင့်သားကိစ္စ နင့်တာဝန်ပေါ့" တဲ့။

သူ ဒေါသအိုးပေါက်ကွဲတော့တာပဲ။

"ကလေးကို အမွေ့မြေးအဖြစ် အသိအမှတ်မပြုရင် သူဟာ ကျွန်တော့်သား မဟုတ်ဘူး။ သူ့ကို ကျွန်တော် စောင့်ရှောက်မှာ မဟုတ်ဘူး"

ပထွေးက ပြောပြောဆိုဆိုနဲ့ ကလေးကို အိမ်ပြင်ဘက်ယူသွားပြီး လှည်းအောက်မှာ ချထားလိုက် တယ်။ ဆောင်းရာသီဖြစ်လို့ အပြင်ဘက်မှာ အေးစက်နေတာ။ ကျွန်မ လန့်လိုက်တာ။ ကိုယ့်သွေး ကိုယ်သားအရင်း ကို ဒီလိုလုပ်ရကောင်းလား။ အခုလို စိတ်နေသဘာဝမျိုးကို ပထွေးဆီမှာ ကျွန်မတို့ မကြာခဏ တွေ့ရတယ်။ ဒီလူဟာ သူ့ဖို့ပဲ စဉ်းစားတဲ့လူ။ သူ သားလေးတယောက်လို ချစ်တယ် ဆိုတာ မိသားစုအမွေ ရချင်လို့၊ ကလေးကို ချစ်လို့ မဟုတ်ဘူး။

အဲဒီနေ့ကစပြီး မောင်လေးရဲ့ရှေ့ရေးအတွက် ကျွန်မ စိတ်ပူမိတော့တာပဲ။ ဒီလိုဖအေမျိုးနဲ့ ကျွန်မမောင်လေး ဘယ်လိုလုပ်ပြီး ပညာတတ် ဖြစ်လာမှာလဲ။ ကျွန်မ သူ့ကို ကာကွယ်ပေးရမယ်။ အဲဒါဟာ ကျွန်မတာဝန်လို့ သူ့အစ်မအနေနဲ့ ကျွန်မ ခံစားရတယ်။ အခု သူနဲ့ မတွေ့ရတာ နှစ်ချီ ကြာနေပေမယ့် ကျွန်မ တနေ့မှ မမေ့ဘူး။

လပိုင်းအကြာမှာ အခြေအနေ ပိုဆိုးလာတယ်။ ပထွေးနဲ့ သူ့မိဘတွေ စကား များလိုက်ကြတာ နေ့စဉ်ရက်ဆက်ပဲ။ ကလေးမွေးလာတော့ ကျွန်မတို့ ထွက်ပြေးဖို့ဆိုတာလည်း မဖြစ်နိုင်တော့ဘူး။ ဒါကြောင့် ဒီမိသားစုနဲ့ (ယုတ်စွအဆုံး

လောလောဆယ်မှာ) အဆင်ပြေအောင် နေဖို့ပဲ နည်းလမ်း ရှိတော့တယ်။

ပြီးတော့ လယ်တောမှာ နေရတာက စားစရာ မရှားဘူး။ စိတ်ဆင်းဆင်းရဲရဲနဲ့ တရုတ်ပြည်မှာ နေရတာက မြောက်ကိုရီးယားမှာ ငတ်နေရတာထက် တော်တာပေါ့။ ဒီလယ်သမားမိသားစုဟာ ဆင်းရဲပေမယ့် ကျွန်မတို့ကို ထမင်းကျွေးထားနိုင်သေးတယ်။ ကျွန်မတို့ မိသားစုလို နေထိုင်ဖို့ အတတ်နိုင်ဆုံး ကြိုးစားကြပါတယ်။ ညတိုင်း ဧည့်ခန်းထဲမှာ တိုးဝှေ့ပြီး တီဗီကြည့်ကြတယ်။ ကျွန်မ တရုတ်လိုပြောတာ အတော်ဟုတ်လာပြီ။ ကျွန်မတို့အားလုံး ရွှင်ရွှင်ပျပျ ရှိလာကြတယ်။ ညနေခင်းတွေမှာ ကျွန်မ အေးအေးချမ်းချမ်း အိပ်စက်လို့ပေါ့။

*

အခုတော့ ကျွန်မသိပါပြီ။ ကျွန်မတို့ ဘယ်လောက်ပဲ တောင့်ခံကြပေမယ့် ကံကတော့ ဆိုးမြဲဆိုးလျက် ပါ။ နှစ်စဉ် တရုတ်နယ်စပ်ကို ကျော်ဖြတ်တဲ့ ထောင်ပေါင်းများစွာသော အမျိုးသမီးတွေထဲက ၇၀ ရာခိုင်နှုန်းလိုပဲ ကျွန်မတို့ဟာ လူကုန်ကူးသူတွေလက်ထဲ ကျရောက်ခဲ့ရတယ်။ မြောက်ကိုရီးယားက ထွက်ပြေးလာတဲ့ တခြားအမျိုးသမီးတွေလည်း ကံဆိုးကြတာပဲ။ အတင်းအဓမ္မ ပြည့်တန်ဆာ လုပ်ခိုင်းတာ ခံရတယ်။ ကာရာအိုကေခန်းမတွေမှာ လုပ်ကြရတယ်။ ဒီအမျိုးသမီးတွေဟာ အတိတ်က ဒဏ်ရာဒဏ်ချက်တွေကို တသက်လုံး ခံစားနေရတော့မှာ။ တောင်ကိုရီးယားရောက်လို့ လွတ်လွတ်လပ်လပ် ရှိတာတောင် သူတို့ဘဝကို အရိပ်မည်းကြီးတွေ ထိုးကျနေတော့မှာ။

၂၀၀၂ ဆောင်းကုန်ခါနီး ညတညမှာ ကျွန်မ တီဗီကြည့်ပြီး အိပ်မောကျနေတုန်း တယောက်ယောက် က အိမ်ရှေ့တံခါး ထုလိုက်တဲ့အသံကြောင့် လန့်နိုးသွားတယ်။ ဘာဖြစ်တယ်ဆိုတာ ကျွန်မ သိလိုက်ပြီ။ ကျွန်မ အိပ်ရာက လူးလဲထပြီး နောက်ဖေးပေါက်ကနေ ထွက်ပြေးဖို့ ကြိုးစားလိုက်ပေ မယ့် နောက်ကျသွားပြီ။ လင်းထိန်နေတဲ့ မီးရောင်ကြောင့် ဘာကိုမှ မမြင်ရတော့ဘူး။ ကျွန်မတို့ အဝိုင်းခံထားရပြီ။

ပထွေးက လန့်နေတယ်။ သူ တံခါးဖွင့်လိုက်တော့ အရပ်ဝတ်နဲ့ ပုလိပ်တယောက်ကို တွေ့ရ။ သူက အမေ၊ ကီအွန်ဆန်နဲ့ ကျွန်မကို ‘နင်တို့ပစ္စည်းတွေသိမ်းပြီး ငါ့နောက်လိုက်ခဲ့’ လို့ ဟိန်းဟောက် ပြောတယ်။ အိမ်ပြင်ဘက်မှာ ကျွန်မတို့ကို စောင့်နေတဲ့ ကားတစီး။ တရုတ်ပုလိပ်တွေပေါ့။ ကျွန်မတို့ သုံးယောက်ကို ကားပေါ်တက်ခိုင်းတယ်။ ကျွန်မဖြင့် ရင်တွေခုန်လို့။ ကြောက်ကလည်း ကြောက် ဆိုတော့ အဲဒီအချိန်လေးအတွင်းမှာ မောင်လေးကို သတိမရလိုက်ဘူး။ ရင်ဆိုင်နေရတဲ့ အခြေအနေ ကြောင့် မောင်လေးနဲ့

တွေ့ရတော့မှာ မဟုတ်ပါလားလို့တောင် မတွေးမိဘူး။ ပထွေးကလည်း ပုလိပ်တွေရှေ့မှာ ကြောက်လန့်ပြီး သူ့သားလေးကို ကျစ်ကျစ်ပါအောင် ဖက်သာထားတယ်။ စကားတခွန်းမှ မပြောနိုင်ဘဲ ကြောင်တောင်တောင်အကြည့်နဲ့ ကြည့်လို့။

ပထွေးက သူလုပ်နေတာတွေ ဥပဒေကြောင်းနဲ့ ဆန့်ကျင်တယ်ဆိုတာ သိတယ်လေ။ မြောက်ကိုရီးယား အမျိုးသမီးတယောက်ကို သူ ယူလို့ မရဘူး။ ကျွန်မတို့ကို သူ့အိမ်မှာ ခေါ်ထားလို့ မရဘူး။

အခါတိုင်းမှာ အိမ်နီးချင်းတွေက ကျွန်မတို့ကို ကြိုတင်သတိပေးနေကျပါ။ အခု တကြိမ်မှာတော့ ပုလိပ်ကားက ရှေ့မီးတွေပိတ်ပြီး ညကြီးသန်းခေါင်မှာ တိတ်တိတ်လေး ရောက်လာတာ။ ခွေးတွေတောင် ဟောင်ဖော် မရလိုက်ဘူး။

မကြာခင်မှာပဲ ပုလိပ်ဌာနကို ရောက်သွားကြတယ်။ အဲဒီမှာ ကျွန်မတို့ ပုလိပ်တွေကို တောင်းပန်ကြ တာပေါ့။

"ကျွန်မမှာ ကလေးရှိပါတယ်။ ကျွန်မ တရုတ်တယောက်နဲ့ ယူထားပါတယ်" လို့ အမေက ရှင်းပြတယ်။

အမေ့စကားကို ပုလိပ်တွေ ဂရုမစိုက်ကြပါဘူး။ ကျွန်မတို့သုံးယောက်ကို ရေအိမ်ထဲထည့်ပြီး သော့ခတ်ထားလိုက်ကြတယ်။ ပုလိပ်ဌာနက သေးသေးလေးဖြစ်လို့ အချုပ်ခန်း မရှိဘူးလေ။

ရေအိမ်ထဲမှာ သံချောင်းတွေထောင်ထားတဲ့ ပြတင်းပေါက်တပေါက်ရှိတယ်။ ပြတင်းပေါက်ကနေ ကြည့်ရင် လမ်းကို မြင်ရတယ်။ ကျွန်မတို့ ပြေးပေါက်ရှာဖို့ စဉ်းစားကြတာပေါ့။ သံချောင်းတွေ ကြည့်ရတာ အုတ်နံရံထဲ ခိုင်ခိုင်မြဲမြဲ စိုက်ဝင်နေပုံ မရဘူး။ နည်းနည်းလောက် အားစိုက်လိုက်ရင် ဒီသံချောင်းတွေကို ကျွန်မတို့ ဆွဲချွတ်နိုင်ကောင်းရဲ့။ ကျွန်မတို့ ညီအစ်မအဖို့ ကိုယ်လုံးသေးသေးလေး တွေဆိုတော့ ဒီအပေါက်ကနေ အပြင်ဘက်ကို ထွက်ပြေးလို့ ရနိုင်တယ်။ ဒါပေမဲ့ အမေက အန္တရာယ် များတယ်တဲ့။ ပြန်မိသွားရင် ပိုဆိုးလိမ့်မယ်တဲ့။

အမေတွေးတာကတော့ သူ့ယောကျ်ားလိုက်လာပြီး ပုလိပ်ကို လာဘ်ထိုးရင် ကျွန်မတို့သုံးယောက် လွတ်မှာပဲလို့ တွေးတာ။ ဒီအရပ်မှာ ဒါမျိုး ဖြစ်နေကျပါ။ ဒါပေမဲ့ အမေတွေးတဲ့အတိုင်း ဖြစ်မလာ ပါဘူး။ အမေ့ယောကျ်ားက ကျွန်မတို့ လွတ်မြောက်ဖို့အတွက် ဘာတခုမှ လုပ်မပေးဘူး။

နောက်တနေ့မှာ ကျွန်မတို့ကို ကျွန်မတို့မသိတဲ့ နေရာတခုဆီ ကားနဲ့ခေါ်

သွားကြပြန်တယ်။

ယူနီဖောင်းဝတ်အစောင့်တွေ ဝိုင်းရံထားတဲ့ အဆောက်အအုံတခု ရှေ့မှာ ကားရပ်လိုက်တယ်။ ကျွန်မတို့ကို မြောက်ကိုရီးယား အမျိုးသမီးတွေအပြည့်ရှိနှင့်နေတဲ့ အချုပ်ခန်းထဲ တွန်းထည့်လိုက်ကြ တယ်။ မြောက်ကိုရီးယားကနေ တရုတ်ပြည်ကို ထွက်ပြေးလာသူတွေ လည်ပင်းမှာ သံကွင်းစွပ်ပြီး ပြန်ပို့ခံရတယ်လို့ ပြောနေကြသံ ကြားတယ်။ ကျွန်မတို့ကို နှိပ်စက်ညှဉ်းပန်းဦးမှာလား မသိဘူး။ လာဘ်ထိုးဖို့ ကြိုးစားတဲ့ အမျိုးသမီးတယောက် မျက်နှာဖြတ်ရိုက်ခံရတယ်။ အချုပ်သားအချင်းချင်း စကား မပြောရဘူး။ ယောကျ်ားအချုပ်ဆောင်ဘက်က အော်သံဟစ်သံတွေလည်း ကြားနေရ။ တရုတ်တွေကို ကျွန်မ မုန်းတီးစပြုနေပြီ။ အိမ်မှာ ကျန်ရစ်တဲ့ မောင်လေးအကြောင်းကိုလည်း ကျွန်မ မတွေးဘဲ မနေနိုင် ဘူး။ မောင်လေးကို သတိရရင်း ကျွန်မရဲ့ နှလုံးသားထဲမှာ နာကျင်လိုက်တာ။

လေးရက်ကြာပြီးတဲ့နောက် ကျွန်မတို့ကို လက်ထိတ် နောက်ပြန်ခတ်ပြီး ဘတ်စ်ကားတစီးပေါ် တက်ခိုင်းတယ်။ ကားမောင်းသွားပြီး မကြာခင် တောင်တွေနဲ့ မြစ်တစင်းကို တွေ့ရ။ မြစ်ကူး တံတားပေါ် ကားဖြတ်မောင်းလာချိန်မှာ ကျွန်မ သိသွားပြီ။ အဲဒါ တူမင်မြစ်ပဲ။ မြောက်ကိုရီးယားနဲ့ တရုတ်ပြည်ကို ပိုင်းခြားထားတဲ့ တူမင်မြစ်။ အဲဒီနေ့ဟာ ၂၀၀၂ မတ် ၃၁။ ကျွန်မတို့ မြောက်ကိုရီးယား အပြန်လမ်းပေါ်မှာ ရောက်နေကြပြီ။

* * *

[၁၁]

“နင့်အဝတ်အစားတွေ ချွတ်လိုက်”

မျက်စိကျိန်းလုအောင် လင်းထိန်နေတဲ့ မီးရောင်အောက်မှာ ကျွန်မရဲ့စုတ်ပြတ်နေတဲ့ အဝတ်အစား တွေကို တလွှာချင်း ချွတ်ချပစ်လိုက် တယ်။

“ထိုင်လိုက်” ပုလိပ်မက အော်ပြောတယ်။

ကိုယ်လုံးတီးဖြစ်နေတဲ့ ကျွန်မဟာ သူတို့ရဲ့ အနှိပ်စက်ခံဖြစ်ရပြန်ပြီ။ ကျွန်မ ဆောင့်ကြောင့် ထိုင်ချလိုက်တယ်။ ပြီးတော့ ပြန်ထလိုက်တယ်။ ထိုင်လိုက် ထလိုက်၊ ထိုင်လိုက် ထလိုက်နဲ့ အသက်ရှူကျပ်လာတဲ့အထိ လုပ်နေရတာ။ ကျွန်မကိုယ်ပေါ်မှာ ဘာတခုမှ ဖုံးကွယ်ထားတာ မရှိဘူး။ အတွင်းပစ္စည်းတွေလည်း ဗလာကျင်းလျက်ပဲ။ အဲဒီလို လုပ်ပြီးတဲ့နောက် ပုလိပ်မက ကျွန်မနားတွေနဲ့ ပါးစပ်ထဲကို ဓာတ်မီးနဲ့ ထိုးကြည့်တယ်။ သွားတွေကို သေသေချာချာ စစ်ဆေးကြည့်တယ်။ သွားဖုံးနောက်ဘက်ကိုရောပဲ။ သူ့လက်က ကျွန်မ ရင်ဘတ်ပေါ် ရောက်လာတယ်။ ကျွန်မ ကျောထဲကစိမ့်ပြီး တုန်သွားတာပေါ့။ အဲဒီနောက် သူ့လက်က ကျွန်မဗိုက်ပေါ်မှာ။ ဗိုက်ပေါ်မှာတင် ရပ်သွားတာ မဟုတ်ဘူး။ အောက်ဘက် နည်းနည်း လျှောဆင်းပြီး သူ့လက်ချောင်းတွေကို ကျွန်မ ခန္ဓာကိုယ်ထဲ ထိုးသွင်းနေတာ။ ကျွန်မ အံကြိတ်ထားလိုက်တယ်။ ရာသီသွေးထိန်းဖို့ ထည့်ထားတဲ့ အတောင့်ကိုတောင် ဖယ်ထုတ်ပစ်လိုက်တယ်ရှင့်။

အမေနဲ့ ကီအွန်ဆန်လည်း ကျွန်မလို ခံစားရတာပါပဲ။ မြောက်ကိုရီးယားက ထွက်ပြေးသွားပြီး ပြန်မိနေတဲ့လူတွေအားလုံး ကျွန်မလို ခံစားရတာပေါ့။

“နင့်တိုင်းပြည်ကို နင် ဘယ်တုန်းက သစ္စာဖောက်ခဲ့တာလဲဟင် သောက်ကန်းမ။ နင်နဲ့အတူ ဘယ်သူတွေပါကြသေးလဲ။ နင်တို့ ဘယ်ကို သွားကြတာလဲ” စစ်မေးတဲ့ပုလိပ်က ကျွန်မတို့ကို ဒီမေးခွန်းတွေ မေးတယ်။

သူမေးတဲ့မေးခွန်းတွေကို ကျွန်မက မဖြေတော့ သူ စိတ်တိုသည်ထက် တိုတော့တာပေါ့။

အဲဒီနောက် ကျွန်မကို မိန်းမ ၆၀ လောက်နဲ့ ကျွဲတွေ နွားတွေလို ပြွတ်သိပ်နေတဲ့အခန်းထဲ ထည့်ထားလိုက်တယ်။ အခန်းက ကျဉ်းကျဉ်းလေး။ ဘယ်လိုလုပ်ပြီး လူ ၆၀ ဆန့်နိုင်ပါ့မလဲ။ အခန်းတဖက်မှာ သံတိုင်တွေ ကာလို့။ ကျန်တဖက်မှာ ကြမ်းပြင်ပေါ် အပေါက်ဖောက်ထားတဲ့ အိမ်သာ။ လူတကာ မျက်စိအောက်မှာ တက်ရတဲ့ အိမ်သာ။ အခန်းထဲမှာ စန့်စန့်ရန့်ရန့် လှဲလို့ မရဘူး။

ညဘက်ကျရင် ကျွန်မတို့ ပူးပူးကပ်ကပ် အိပ်ကြရတယ်။ ဘယ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နိုင်ပါ့မလဲ။ အိပ်မက်ထဲမှာ မောင်လေးနဲ့တွေ့ရတယ်။ မောင်လေးက ရေနွေးပူထဲမှာ အရှင်လတ်လတ် ထည့်ပြုတ်ခံရလို့ အော်လိုက်တာ။ ကျွန်မ ထွက်လာတုန်းက သူ ၁၄ လသားလေးပဲ ရှိသေးတယ်။ လူမဆန်တဲ့ ဖအေ့လက်ထဲမှာ သူ ဘယ်လိုများနေပါလိမ့်။

အဲဒီညမှာ ကျွန်မတိုင်းပြည်ကို ဒေါသထွက်မိတာ ကျွန်မဘဝမှာ ပထမဦးဆုံးပဲ။ အဲဒီနေ့မတိုင်ခင်က မြောက်ကိုရီးယားကို မုန်းစိတ်မဝင်ဖူးခဲ့။ ကျွန်မတို့မှာ စားစရာမရှိလို့သာ တရုတ်ပြည်ကို ထွက်လာခဲ့ ကြတာ။ ကင်ဂျုံအီကို ကဏ္ဍကောစ လုပ်ချင်လို့ မဟုတ်ဘူး။ စနစ်ကို ဆန့်ကျင်ချင်လို့မဟုတ်ဘူး။ ကျွန်မတို့က နိုင်ငံရေးနဲ့ အကင်းကြီး။ ဒါပေမဲ့ ဒီအကျဉ်းထောင်ထဲ ရောက်ချိန်မှာ ကင်အစိုးရရဲ့ ကြောက်စရာကောင်းပုံတွေကို မြင်လာပြီး မြောက်ကိုရီးယားကို ဒေါသထွက်စပြုလာတော့တယ်။

ကျွန်မ ငယ်ငယ်တုန်းက တခါပဲ တိုင်းပြည်နဲ့ ပတ်သက်လို့ သံသယ ဖြစ်ခဲ့ဖူးတာရှိတယ်။ မူလတန်း တက်နေတုန်း တနေ့ မနက်မှာ ဆရာမ ကျွန်မတို့ကို ပြောတယ်၊ အရေးကြီးတဲ့ ပွဲတပွဲ တက်ကြရမယ်တဲ့။ ကြီးလေးတဲ့ ပြစ်မှုတွေ ကျူးလွန်ထားသူတယောက်ကို ကွပ်မျက်တဲ့ ပွဲပါ။ ကစားကွင်းထဲမှာ လူတွေ ပြည့်လျှံသွားတာပဲ။

စိတ်ထားပုပ်တဲ့ ကောင်လေးတချို့က 'အခု အသတ်ခံရမယ့်လူကို ငါသိတယ်။ အဲဒါ နင့်အဖေ' လို့ မခံချိမခံသာ ပြောကြတယ်။ ကျွန်မကတော့ သူတို့ကို အဖက်လုပ်ပြီး ဘာတခွန်းမှ ပြန်မပြောဘူး။ ရင်ထဲမှာသာ ကျိတ်ပြီး စိတ်ပူနေတာ။

နေ့လယ်စာ စားချိန်မတိုင်ခင်မှာ ဆရာမတွေက ကျွန်မတို့ကို တံတားအနားက ကွက်လပ်ဆီ ခေါ်သွားကြတယ်။ ကျွန်မတို့က ကလေးတွေဖြစ်လို့ တံတားပေါ်မှာ နေရာချပေးတယ်။ ဒါမှ ကောင်းကောင်း မြင်ရမှာလေ။

မကြာဘူး။ ကားတစီးရောက်လာပြီး ပုလိပ်တွေက ခေါင်းစွပ်နဲ့လူတွေကို ကားပေါ်က ဆွဲချကြတယ်။ ပရိသတ်ကြီး ကတုန်ကယင် ဖြစ်နေကြပြီ။ နောက်ဆုံးအနေနဲ့ တရားခံတွေက သူတို့အပြစ်ကို ဝန်ခံကြပါတယ်။ အဲဒီနောက် သူတို့ကို မြစ်ကမ်းပေါ် စိုက်ထားတဲ့ တိုင်တွေနဲ့ တွဲချည်လိုက်ကြတယ်။ သူတို့သေရတော့မယ်လို့ သိနေတာတောင် ခံစားချက်မရှိသလို နေနိုင်တာ အံ့သြစရာပဲ။

အဲဒီနောက် နားကွဲလုမတတ် သေနတ်သံတွေ ကြားလိုက်ရ။ ကျွန်မ လန့်ပြီး ခုန်လိုက်မိ။ တအောင့်ကြာတော့ အားလုံး တိတ်ဆိတ် ငြိမ်သက်သွားတယ်။ လေထဲ လွင့်ပျံတက်သွားတဲ့ ယမ်းငွေ့တွေ ကြားမှာ သွေးအိုင်တွေ မြင်လိုက်ရ။

ဒီအလောင်းတွေကို ဘာများလုပ်ကြမှာပါလိမ့်လို့ ကျွန်မ တွေးနေတုန်းမှာ ပရိသတ်ထဲကနေ ကြောင်စီစီလူတယောက် ထွက်လာပြီး ကြေမွနေတဲ့အလောင်းတွေကို နမ်းတယ်ရှင့်။ အဲဒါ ဆာလောင်မွတ်သိပ်နေတဲ့ တိရစ္ဆာန်တကောင်ရဲ့အပြုအမူမျိုးပဲ။ သူဟာ အသားတုံးတွေဖဲ့ပြီး အငမ်းမရ စားပါလေရောရှင်။ ကျွန်မဖြင့် ကြောက်လိုက်တာ။ အဲဒီလူက လူဦးနှောက်ကို စားရင် သူ့ရောဂါတွေ ပျောက်မယ်လို့ ထင်နေတာတဲ့။

လူတွေ နေ့လယ်စာ စားဖို့ ပြန်ချိန်မှာ ကျွန်မ တယောက်တည်း ငူငူကြီး ရပ်ကျန်ရစ်တယ်။

ဒီလူသတ်ပွဲကို မျက်မြင်ဒိဋ္ဌမြင်ပြီးတဲ့နောက် ပုံမှန်ဖြစ်ပေါ်နေတဲ့ လူသတ်ပွဲတွေနဲ့ ပတ်သက်လို့ ကျွန်မ ကျင့်သားရသွားပြီ။ ဒါတောင် စိတ်ထဲမှာ စနောင့်စနင်း ဖြစ်ရတာက ပျောက်မသွားဘူး။ ခေါင်းဆောင်ကြီး ကင်အီဆွန်းကို စော်ကားလို့ဆိုတဲ့ ပြစ်ချက်နဲ့ သတ်ကွင်းထဲ အပို့ခံရတဲ့ လူတယောက်ကို ကျွန်မ မှတ်မိနေသေးရဲ့။ သူ့ပြစ်ချက်ကလား။ ကျွန်မတို့ခေါင်းဆောင်ကြီးရဲ့ ကမ္ပည်းစာက ကြေးစာလုံးတချို့ကို ဖြုတ်ယူတဲ့ ပြစ်ချက်ပါ။ ဒီလူဟာ ကြေးစာလုံးတွေ ရောင်းပြီး ထမင်းစားမှာ သေချာတယ်။ ဒါဟာ သေဒဏ်ထိုက်တဲ့ ပြစ်မှုတခုပဲ။

ကြေးစာလုံး အနည်းငယ်အတွက် သေဒဏ်ပေးတာ မတရားဘူးလို့ ကျွန်မတွေးလိုက်မိပြီး ပထမဆုံး အကြိမ်အဖြစ် ဖီဆန်ချင်တဲ့စိတ် ပေါက်လာတယ်။ ဒီအကြောင်းတွေကို ကျွန်မ ဘယ်သူမှ မပြောပါဘူး။ မြောက်ကိုရီးယားမှာ လူတိုင်းက အိမ်နီးချင်းတွေကို မျက်လုံးဒေါက်ထောက် ကြည့်နေကြတာ။ မိတ်ဆွေဆိုလို့လည်း ယုံရတာ မဟုတ်။ တနေ့မှာ စစ်တပ် ဆန်ခိုးမှုနဲ့ လူတစု ကွပ်မျက်ခံရတယ်။ အဲဒါကို ကျွန်မမိဘတွေက ဒီလူတွေ သတ္တိကောင်းတယ်တဲ့။

*

အိမ်တံခါးတွေ လုံအောင်ပိတ်ပြီးမှ ပြောတာပါ။

မြောက်ကိုရီးယား အကျဉ်းတိုက်ခန်းထဲမှာ ရှိနေတုန်း ဒါတွေကို ကျွန်မ ပြန်သတိရနေတာ။ ကျွန်မတို့ကို နောက်ဆုံးစစ်မေးဖို့ ဒီကနေ မကြာခင် ခေါ်ထုတ်သွားကြလိမ့်မယ်။

ကျွန်မတို့အပေါ် ပြစ်ဒဏ်စီရင်ဖို့ နှောင့်နှေးမနေပါဘူး။ ကင်ဂျုံအီနဲ့ ဆိုရှယ်လစ်ဝါဒကို သစ္စာဖောက်တဲ့အတွက် ကျွန်မတို့ကို အကျဉ်းထောင် မပို့ခင် ပညာပေးခြင်း ခံရလိမ့်မယ်။

တမနက်မှာ ကျွန်မတို့ကို လက်ထိတ်တွေခတ်ပြီး အစောင့်အကြပ်တွေနဲ့

တောလမ်းအတိုင်း ခြေကျင်ခေါ်သွားလိုက်တာ ပညာပေးစခန်း ရောက်တဲ့အထိပဲ။ အဲဒီကိုရောက်တော့ လက်ထိတ်တွေ ဖြုတ်ပေးလို့ အသက်ရှူပေါက်ချောင်သွားပေမယ့် သိပ်မကြာလိုက်ဘူး။ သံဆူးကြိုးတွေခတ်ထားတဲ့ ကွင်းကြီးတခုထဲ ရောက်သွားကြပြန်တယ်။ ကွင်းကြီးအလယ်မှာ တန်းလျားတွေ ရှိတယ်။ ကျွန်မတို့ အိပ်ကြရမယ့်နေရာတွေပါ။ ယောကျ်ားတွေက တဖက်မှာ။ မိန်းမတွေက အခြားတဖက်မှာ။ ဒါပေမဲ့ ကျွန်မတို့ ကြာကြာတော့ အိပ်လို့ မရကြပါဘူး။ အဲဒီမှာ ကျွန်မတို့ နိုင်ငံတော်အတွက် အလုပ်လုပ်ကြ ရတယ်။ ကျွန်မတို့ရဲ့ဇာတိမြို့ကလေး အွန်ဒီအုတ်က အကျဉ်းထောင်ကို မပို့ခင် ဒီမှာ ကျွန်မတို့ကို ပညာပေးကြလိမ့်မယ်။

*

မိုးလင်းမှ မိုးချုပ်တိုင် ကီအွန်ဆန်နဲ့ အမေ လယ်ထဲမှာ အလုပ်လုပ်ရတယ်။ ကျွန်မနဲ့ တခြားကလေး တွေက စခန်းထဲမှာပဲ သန့်ရှင်းရေး လုပ်ကြရတယ်။ စပါးစေ့တွေ ကောက်ပြီး ကြွက်မစားအောင် သိမ်းရတယ်။ ညဘက်ကျတော့ ဦးနှောက်ကျင်း အစည်းအဝေး တက်ကြရတယ်။ အဲဒီမှာ ကျွန်မတို့ ဝိုင်းထိုင်ပြီး ကင်အီဆွန်းနဲ့ ကင်ဂျုံအီတို့ရေးတဲ့ စာအုပ်တွေကို အသံထွက်ပြီး ဖတ်ကြတာ။ ထပ်ကာတလဲလဲ ဖတ်ရလွန်းတော့ အလွတ်ရလာတဲ့အထိပဲ။ ၂၅ ရက်တိုင်တိုင် ဒါချည်းလုပ်နေရတာ ဗိုက်ထဲ အစာမရှိတဲ့အခါ အတော်မောတယ်ရှင့်။

တမနက်မှာ ကျွန်မတို့ကို ချုံဂျင်ပို့ဖို့ အစောင့်တွေ ရောက်လာကြတယ်။ အဲဒီရောက်ရင် အွန်ဒီအုတ် အကျဉ်းထောင်ကို လွှဲပြောင်းပေးလိမ့်မယ်။ ရာဇဝတ်သားတွေအဖြစ် အဘိုးအဘွားတွေရဲ့ ဇာတိမြို့ ကို ပြန်သွားရမှာ ရှက်စရာကောင်းလိုက်တာ။ ဒီထောင်ထဲမှာ ကျွန်မတို့ကို ဘယ်လို ပြုမူဆက်ဆံဦး မှာလဲ။ ဒီကနေ ထွက်သွားပြီး လေးနှစ်နီးပါးအကြာမှာ ကျွန်မတို့ ဒီကို ပြန်ရောက်လာကြပြန်ပြီ။ ကျွန်မတို့ ဘယ်လိုပြစ်ဒဏ်မျိုး ကျခံရမယ်ဆိုတာ သိပါတယ်။ ကျွန်မတို့ မြောက်ကိုရီးယားကနေ ထွက်ပြေးကြဦးမယ်ဆိုတဲ့ စိတ်တခုပဲ အမေ့မှာ ရှိတယ်။

*

အခုနေတော့ ထွက်ပြေးနိုင်မယ့် အခွင့်အရေး မရှိသလောက်ပါ။

မျှော်လင့်မထားတဲ့အချိန်မှာ ကံလေးက လိုက်လာတယ်ရှင့်။ အကျဉ်းသားတွေကိုခေါ်ဖို့အတွက် အွန်ဒီအုတ်က လူတယောက် ရောက်လာတယ်။ ကျွန်မတို့ကို အွန်ဒီအုတ်ကမှန်း သိသွားတော့ အာဏာပိုင်တွေက တပါတည်း ထည့်လိုက်ဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ချုံဂျင်အကျဉ်းထောင် အာဏာပိုင်တွေက သူတို့ဆီမှာရှိနေတဲ့ အကျဉ်းသားတွေကို ရှင်းပစ်ချင်ကြတယ်လေ။ ဒါမှ နေ့စဉ်

ကျွေးမွေးနေရတဲ့ ဝန်ထုပ်ဝန်ပိုးကြီး ပေါ့သွားမှာ။ အစာရေစာ ပြတ်လတ်မှုအခြေအနေ သိပ်ကို ဆိုးဝါးနေတယ်။ ပုလိပ်တွေနဲ့ စစ်တပ်အောက်ခြေပိုင်းကလူတွေတောင် သူတို့အသက်ရှင်ဖို့ မနည်းကြီး ရုန်းကန်နေရတာ။

ကျွန်မတို့ရဲ့အစောင့်ကလည်း သူ့မှာရှိနေတဲ့ တိုရေရှားရေ စားနပ်ရိက္ခာကို ကျွန်မတို့နဲ့ မမျှဝေချင် ဘူး။ ဒီတော့ အမေက အစောင့်နဲ့ ဆွေးနွေးကြည့်တယ်။ ကျွန်မတို့ အွန်ဒီအုတ်ကို ကိုယ့်နည်း ကိုယ့်ဟန်နဲ့ သွားကြမယ်။ ဒါဆိုရင် ကျွန်မတို့ ခရီးစရိတ်နဲ့ စားစရိတ်အတွက် ပူစရာ မလိုတော့ဘူး။ အွန်ဒီအုတ်ပို့မယ့်လူတွေထဲမှာ ကျွန်မတို့ကို နောက်ဆုံးမှ ရောထည့်လိုက်မှာဖြစ်တော့ လူစာရင်း ထဲမှာ ကျွန်မတို့ မပါဘူး။ ဒီတော့ ကျွန်မတို့ကို သူ လွှတ်ပစ်လိုက်လို့ရတယ်။ ဒီအစီအစဉ်ကို သူ သဘောတူတဲ့အတွက် ကျွန်မတို့ လွတ်မြောက်သွားပြီ။

ဒါဟာ အံ့သြစရာပဲ။

အဲဒီတော့ ကျွန်မတို့ ဘာလုပ်ကြမလဲ။ မွေးရပ်မြေနဲ့ ကျွန်မတို့ကြားမှာ အဆက်အစပ်က ပြတ်တောက်ခဲ့ပြီ။ ကျွန်မတို့မှာ ပိုက်ဆံမရှိဘူး။ ပြီးတော့ ကျွန်မတို့ဟာ ဥပဒေမျက်မှောက်မှာ ရာဇဝတ်သားတွေပဲ။

ကျွန်မတို့ ဘယ်သွားမယ်ဆိုတာကို ရှည်ရှည်ဝေးဝေး စဉ်းစားမနေကြပါဘူး။ ကိုယ့်တိုင်းပြည်ထဲမှာ ကိုယ် ပြည်ပြေးတော့ အဖြစ်မခံဘူး။ အန္တရာယ်တွေ ရှိနေပေမယ့် ကျွန်မတို့ ရည်မှန်းချက်ပန်းတိုင်က တခုပဲ ရှိတယ်။ အဲဒါ တရုတ်ပြည်ပဲ။

[၁၂]

တက္ကစီကားပေါ် ထိုင်လိုက်ရင်း ကျွန်မမျက်စိရှေ့မှာ ဖြတ်သွားနေတဲ့ တရုတ်ကျေးလက် ပိုင်းကို မြင်နေရတယ်။ အမေကတော့ စိတ်ညစ်နေတာပေါ့။ ကျွန်မတို့မှာ ပိုက်ဆံတပြားမှရှိတာ မဟုတ်ဘူး။ တက္ကစီသမားကို အိမ်ရောက်တော့ ပေးမယ်လို့ ပြောထားတာ။ ကျွန်မတို့ ရင်းနှီးကျွမ်းဝင်တဲ့ နေရာတွေ ဖြတ်သွားတဲ့အခါ အမေဟာ နေမထိ ထိုင်မသာ ဖြစ်လာတယ်။ ကျွန်မတို့ ရှုံးနေကြပြီလား။ မိနစ်ပိုင်းအတွင်း ကျွန်မတို့ သိပ်မုန်းတဲ့ လူကြီးဆီ ပြန်ရောက်ကြတော့မယ်။ တခြား ရွေးချယ်စရာ မရှိလို့သာ သူ့ဆီ ပြန်သွားရတာ။ ကျားကြောက်လို့ ရှင်ကြီးကိုး ရှင်ကြီး ကျားထက်ဆိုး မှာလည်း စိုးရသေး။

ကီအွန်ဆန်က ဒီတရုတ်လယ်သမားဆီ ပြန်သွားချင်တာ မဟုတ်ဘူး။ တကယ်တော့ အဲဒီလူကြီးဆီ ပြန်သွားရအောင် အမေ့ကိုပြောတာ ကျွန်မပါ။ မောင်လေးနဲ့ ပြန်တွေ့ချင်လို့။ သူ့ကို အိပ်မက်တွေ မက်ကတည်းက ကျွန်မ တွေ့ချင်နေမိတာ။ ဒီတရုတ်လယ်သမားလက်ထဲမှာ မောင်လေးရဲ့ အနာဂတ်ကို ကျွန်မ စိတ်ပူနေမိတယ်။ ကျွန်မတို့သုံးယောက်ထဲမှာ ကျွန်မက မောင်လေးနဲ့ လက်ပွန်းတတီး အရှိဆုံးရှင့်။ အမေနဲ့ ကီအွန်ဆန် လယ်ထဲ ဆင်းတဲ့အခါ မောင်လေးကို ကျွန်မပဲ ထိန်းရတာ။ ကျွန်မ သူ့ကို ချစ်တယ်။ အမှန်အတိုင်း ဝန်ခံရရင် ကျွန်မတို့ သွားလို့ရတဲ့ တခြားနေရာ မရှိပါဘူး။ လွန်ခဲ့တဲ့ သီတင်းပတ်အနည်းငယ်အတွင်း ကံကောင်းထောက်မလို့ ချုံဂျင်မှ လွတ်မြောက်လာပြီးကတည်းက ကျွန်မတို့ တပြေးတည်း ပြေးနေခဲ့ရတာ။ ကျွန်မတို့ လွတ်ပြီဆိုတာနဲ့ တပြိုင်နက် နယ်စပ်ရှိတဲ့ မြောက်ဘက်စူးစူးကို သွားခဲ့ကြတယ်။ ကျွန်မတို့စိတ်ထဲမှာ အမြဲတမ်းရှိနေတဲ့ ရည်မှန်းချက်က တခုတည်းပဲ။ အဲဒါ မွေးရပ်မြေကို စွန့်ခွာထွက်ပြေးဖို့ပါ။ မြောက်ကိုရီးယား အခြေအနေက သိပ်ကို ဆိုးဝါးနေတော့ ကျွန်မတို့ တရုတ်ပြည်မှာ ဝယ်ခဲ့တဲ့ အဝတ်အစားတွေက ဒီမှာဆို အတော်လေး အဖိုးတန်တယ်ရှင့်။ အဲဒါတွေ ရောင်းလို့ရတဲ့ပိုက်ဆံက သုံးရက်လောက်တော့ စားလို့ရတယ်။

မှောင်ကြီးမည်းကြီးထဲမှာ တူမင်မြစ်နားက လမ်းလေးကို ကျွန်မတို့ ရှာတွေ့ကြတယ်။ ဒါပေမဲ့ ဒီတခါ ကံက ကျွန်မတို့ဘက်မှာ ရှိမနေဘူး။ မြစ်ကိုကူးမယ်ပြင်တုန်း နယ်စပ်ပတ္တရောင်တယောက် ပေါ်လာရော။ သူက ကျွန်မတို့ကို ကင်းတဲဆီခေါ်သွားပြီး မေးခွန်းတွေ မေးတယ်။ နောက်တနေ့ ကျတော့ မလှမ်းမကမ်းမှာရှိတဲ့ စစ်စခန်းတခုဆီ လွှဲပြောင်းပေးလိုက်တယ်။

“နင်တို့ တရုတ်ပြည်သွားမလို့လား” လို့ စစ်သားက မေးတယ်။ “မဟုတ်ဘူး၊ ကိစ္စနည်းနည်းရှိလို့ မြစ်နားကိုလာတာပါ” ကျွန်မလိမ်ပြောလိုက်တယ်။ သူကလည်း

မယုံပါဘူး။ “နင်တို့မှာ ပိုက်ဆံ ပါလား၊ ခု ဘယ်က လာကြတာလဲ”

ကျွန်မ ပြန်မဖြေလိုက်ဘူး။ အခု ဒီလိုမေးခွန်းမျိုးတွေကို ကျွန်မ ကောင်းကောင်းကြီး ကျင့်သား ရနေပြီ။ စစ်သားက မရမက မေးနေပေမယ့် သူက ယဉ်ယဉ်ကျေးကျေးထဲကပါ။

အဲဒီနောက် စစ်စခန်းရဲ့ဆုံးဖြတ်ချက်ကို ကျွန်မတို့ ကြားလိုက်ရတယ်။ ကျွန်မတို့ကို အလုပ်စခန်း ပြန်ပို့မယ်တဲ့။

ကျွန်မ အတော်ပဲ မျှော်လင့်ချက် ကင်းမဲ့သလို ခံစားလိုက်ရ၊ စစ်စခန်းကနေ ထွက်ခွာသွားတော့မယ့် ဆဲဆဲမှာ အမေနဲ့ ကီအွန်ဆန် ကြမ်းပြင်ပေါ်လှဲချပြီး ငိုနေလိုက်ကြတာ။ သူတို့ စစ်ဗိုလ်သနားအောင် လုပ်နေကြတယ်ဆိုတာ ကျွန်မ သိတယ်။ ကျွန်မဖြင့် အောင်မြင်မယ် မထင်ပါဘူး။

ဒါပေမဲ့ ဆိုးတော့ မဆိုးဘူးရှင့်။ စစ်ဗိုလ်က ကျွန်မတို့ဒုက္ခကို စာနာပေမယ့် ဘာလုပ်ပေးရမယ်မှန်း သူ မသိဘူး။ အတော်ကြာအောင် ချီတုံချတုံ စဉ်းစားပြီးနောက်မှာ ကျွန်မတို့ကို သွားခွင့်ပြုလိုက်တော့တယ်။ ချည့်နဲ့နဲ့ ခန္ဓာကိုယ်တွေ၊ စုတ်ပြတ်ပြတ် အဝတ်အစားတွေနဲ့ ကျွန်မတို့ သားအမိသုံးယောက် ကို တရုတ်ပြည်ရောက်နိုင်ကြမယ့် လူတွေ မဟုတ်ဘူးလို့ သူတွေးမိတာ ဖြစ်ရမယ်။ ဒါပေမဲ့ သူ မှားတယ်ရှင့်။

အဲဒီနေ့မှာပဲ တူမင်မြစ်ကိုဖြတ်ကူးဖို့ ကျွန်မတို့ကြိုးစားကြပြန်ပါတယ်။ နယ်စပ်ပတ္တရောင် တယောက် ပေါ်လာပြန်တော့ ကျွန်မတို့ ဇာတ်လမ်းဟောင်းအတိုင်း ပြန်ကရပြန်တာပေါ့။ အဲဒီညက ကင်းတဲမှာ အိပ်ပြီး နောက်တနေ့ကျတော့ ကျွန်မတို့ကို စစ်တပ်ဆီ လွှဲပေးလိုက်ရော။ ဒီစစ်ဗိုလ်နဲ့ပဲ ပြန်ဆုံရတာ။ သူက ကျွန်မတို့ကို မှတ်မိနေတော့ များများစားစား မမေးမြန်းတဲ့အပြင် သကြားလုံးနှစ်လုံးတောင် ပေးလိုက်သေးရဲ့။ အဲဒီနောက် ကျွန်မတို့ကို လွှတ်ပေးလိုက်တယ်။ “လွတ်အောင်ပြေး” လို့တောင် မှာလိုက်သေး။

အဲဒီည ၁၁ နာရီမှာ အေးစက်နေတဲ့ တူမင်မြစ်ရေထဲကို ကျွန်မတို့ ဖြတ်လျှောက်ကြတယ်။ ကံကောင်းလို့၊ ဒီတခါ ဘယ်သူနဲ့မှ မတွေ့ရဘူး။ မိနစ်ပိုင်းအတွင်း တရုတ်ပြည်ဘက်ကမ်းကို နောက်တကြိမ် ရောက်ကြရပြန်ပြီ။ နယ်စပ်နဲ့ ဝေးနိုင်သမျှဝေးအောင် ကျွန်မတို့ ခရီးဆက်ကြတယ်။ ဝန်းကျင်အခြေအနေ ကြည့်ရတာ အရင်တခေါက်နဲ့ သိပ်မတူချင်ဘူး။ အရင်တခေါက်တုန်းက ကျွန်မတို့ကို အစာကျွေးတဲ့လူတွေ၊ အကြံပေးတဲ့လူတွေ ရှိတယ်။ နောက်ပိုင်းမှာ ထွက်ပြေးလာတဲ့ မြောက်ကိုရီးယားတွေ များလာပြီး သူတို့က ယာတောထဲမှာ၊ နယ်စပ်မြို့တွေထဲမှာ ခိုးကြဝှက်ကြ တယ် ရှင့်။ အခုတော့ ဘယ်သူ့ ဘယ်သူမှ မယုံကြတော့ဘူး။

သုံးရက်တိုင်တိုင် လျှောက်သွားနေပြီးတဲ့နောက် ကျွန်မတို့မှာ ပိုက်ဆံလည်း တပြားမှ မရှိ၊ ဗိုက်တွေကလည်း ဟောင်းလောင်း။ ခေတ္တခဏပဲဖြစ်ဖြစ် ပထွေးအိမ် ပြန်သွားဖို့ဆိုတာ အဆိုးကြီးတွေထဲက အဆိုးကလေးပဲ။ ဒီလူကြီးမျက်နှာ ကြည့်ရမှာ နှလုံးနာစရာ ကောင်းပေမယ့် ကျွန်မတို့ ရှင်သန်နိုင်မယ့်နည်းက ဒီနည်းလမ်းပဲ ရှိတာလေ။ ခဏလောက် တုံ့ဆိုင်းဆိုင်း ဖြစ်ပြီးတဲ့နောက် ကျွန်မတို့ တက္ကစီပေါ် ခုန်တက်လိုက်ကြတယ်။

နာရီပိုင်းလောက်အကြာမှာ လွန်ခဲ့တဲ့ နှစ်လနီးပါးက ကျွန်မတို့ စွန့်ခွာလာခဲ့တဲ့ ရွာလမ်းမပေါ် ရောက်လာ။ ကားမှန်တံခါးကနေ ကြည့်လာတာ အိမ်တွေကို ကျွန်မ မှတ်မိတယ်။ အဲဒီနောက် တက္ကစီဟာ ယာတောဆီ ဦးတည်သွားပါရော။

ကျွန်မရင်ထဲမှာ ခံစားမှုတွေ ပဋိပက္ခ ဖြစ်နေလိုက်တာ။ တဖက်မှာ ကျွန်မတို့အပေါ် လူလိုသူလို မဆက်ဆံခဲ့တဲ့ လယ်သမားနဲ့ သူ့မိသားစုကို တွေ့ရမှာ ကြောက်နေတယ်။ တဖက်ကကျပြန်တော့ မောင်လေးနဲ့ တွေ့ရတော့မှာမို့ ပျော်နေတယ်။

ကျွန်မတို့ ယာခင်းရှေ့က ကွက်လပ်ကြီးကို ရောက်ချိန်မှာ ကျွန်မတို့ စီးလာတဲ့ကားကို အရင်ဆုံး မြင်သူတွေက လယ်သမားရဲ့တူနဲ့ တူမလေ။ ကျွန်မတို့ကို မြင်တော့ သူတို့ ဝမ်းသာအားရ အော်ဟစ်ကြတယ်။

ဆူဆူညံညံအသံတွေ ကြားလို့ လယ်သမားက အိမ်ရှေ့ပေါက်မှာ ထွက်ရပ်တယ်။ ကျွန်မတို့ကို တွေ့တော့ အံ့အားကြီးသင့်ပြီး မျက်လုံးပြူးသွားတာပေါ့။ သူ့မျက်စိကို သူမယုံနိုင်ဘူး ထင်ပါရဲ့။ ကျွန်မတို့ကို ဘယ်တော့မှ ပြန်တွေ့မှာ မဟုတ်တော့ဘူးလို့ ထင်ထားတာနေမှာ။ သူ ဝမ်းသာအားရနဲ့ တက္ကစီသမားကို ကားခဆီးပေးပြီး ဘောက်ဆူးတောင် ချလိုက်သေး။ ကျွန်မတို့နဲ့ ပြန်တွေ့ရလို့ သူ သိပ်ပျော်နေတာကိုး။ ဒါပေမဲ့ ဒါဟာ တံလျှပ်ပမာဆိုတာ ကျွန်မ သိပါရဲ့။ သူ့အဖို့ကတော့ ကျွန်မတို့ ပြန်လာခြင်းဟာ ခိုင်းစရာ လက်ခြောက်ဖက် ရတာပေါ့ရှင့်။ ပြီးတော့ တကိုယ်ရေ တကာယသမား တယောက်အနေနဲ့ ဘေးမှာ မိန်းမတယောက်ရှိနေတာ မကောင်းရှိရိုးလား။

ဒီအတွေးတွေတွေးရင်း ကျွန်မ အချိန်ကုန် သိပ်မခံပါဘူး။ ကျွန်မအတွက် အရေးအကြီးဆုံးက မောင်လေးကို အားရပါးရ ဖက်ပစ်လိုက်ဖို့ပဲ။ သူ့ကို ကျွန်မ ယာခင်းထဲမှာ ကျန်းကျန်းမာမာ တွေ့ရလို့ စိတ်အေးသွားတယ်။ သူ့ကိုမြင်လိုက်ချိန်မှာ ကျွန်မပါးနှစ်ဖက်ပေါ် မျက်ရည်တွေ စီးကျလာလိုက်တာ။ မောင်လေးကို ကြည့်ရတာ ပါးလေးတွေ ဖောင်းဖောင်း၊ ဗိုက်ကလေးက စူစူနဲ့ ကျန်းကျန်းမာမာ၊ စားစားသောက်သောက် နေရပုံမျိုးပါ။ သူ့အသားရောင်က

သိပ်ညိုတော့ အသားဖြူမှ လှတယ် ထင်တဲ့ ကျွန်မတို့ ကိုရီးယားတွေအဖို့တော့ စိတ်မကောင်းစရာပေါ့။ ဒါပေမဲ့ အသားညိုတာ သိပ်တော့ အကြောင်းမဟုတ်ပါဘူးလေ။ သူက အမြဲတမ်း ပြုံးနေတာကိုး။

*

ကျွန်မတို့ ပြန်လာကြပေမယ့် (ဘာမှမဖြစ်ခဲ့သလို) ယာတောမှာ ပြန်နေဖို့ မဖြစ်နိုင်ပါဘူး။ တရုတ်ပြည်မှာ ရှင်သန်ရေး နည်းဗျူဟာ ပြောင်းရဖို့ ရှိပါတယ်။ အခုဆို ပုလိပ်က ကျွန်မတို့ ဘယ်သူဆိုတာ သိနေကြပြီ။ ကျွန်မတို့ ပြန်လာတာ သိရင် ဖမ်းဖို့ လက်နှေးနေကြမှာ မဟုတ်ဘူး။ ယာတောဟာ ကျွန်မတို့အတွက် လုံခြုံတဲ့နေရာ မဟုတ်တော့။ ဒါဖြင့် ကျွန်မတို့ ဘယ်ကိုသွားရပါ့။

ကီအွန်ဆန်က မြို့ကြီးပြကြီးမှာ သွားနေချင်တယ်။ ကျွန်မက ငယ်လည်းငယ်သေးတော့ သူ့လို စွန့်စားဖို့ စိတ်မရှိဘူး။ ကီအွန်ဆန်က အသက် ၁၈ နှစ်ထဲ ဝင်လာတော့ မြို့ကြီးပြကြီးက အပျော်အပါးတွေကို မက်မောလာတယ်။ ဒီရွာမှာ အသက် ၁၈ နှစ်ရှိတဲ့ မိန်းကလေးဆိုရင် လင်ယူကြတာ များတယ်ရှင့်။ အိမ်နီးချင်းတွေကတောင် ကျွန်မတို့အတွက် လင်ရှာပေးနေကြပြီ။ သူတို့က ကင်အွန်ဆန်ကို သင့်တော်တဲ့လူနဲ့ မိတ် ဆက်ပေးချင်ကြတယ်။ မတွေ့ဖူးသူနဲ့ ချိန်းတွေ့ဖို့ စီစဉ်ပေးကြတယ်။ အစပိုင်းမှာ ကီအွန်ဆန် ငြင်းပေမယ့် ဝိုင်းပြီး လှော်လွှန်းမက လှော်ကြတော့ လူတယောက်နဲ့ ချိန်းတွေ့ဖို့ သူ သဘောတူလိုက်တယ်။ ချိန်းတွေ့တဲ့လူကို သူ မကြိုက်ပါဘူး။ သူ့မှာ လက်ထပ်ချင်စိတ် ရှိသေးတာလည်း မဟုတ်ဘူး။ ၁၈ နှစ်ဆိုတာ အတော် ငယ်သေးတာပဲ။ ကီအွန်ဆန်က သူ့ဘဝကို သူ အရင်တည်ဆောက်ချင်နေတာ။

မကြာခင်မှာ ယာတောကနေ တနာရီလောက်သွားရင် ရောက်တဲ့ ဆွတ်ဟွန်ကျင်မြို့မှာ သူ ကလေးထိန်းအလုပ် သွားလုပ်တယ်။ သူ့ဘဝသစ် စတင်ပြီ။ သူ လွတ်လပ်သွားပြီ။ သူ့ဝင်ငွေ သူရှာတယ်။ ယာတောအိမ်ဆီပြန်လာတဲ့ သီတင်းပတ်တွေမှာ မိသားစုအတွက် တိုလီမုတ်စ လက်ဆောင်ပစ္စည်းတွေ၊ စီးကရက်တွေ ပါလာတယ်။ နောက်ပိုင်းမှာ ယုံအီဆိုတဲ့ မြို့လေးသွားပြီး စားသောက်ဆိုင် စားပွဲထိုး လုပ်ပြန်တယ်။ တရားမဝင်နေရတဲ့သူ့ကို အလုပ်ရှင်က ခေါင်းပုံဖြတ်ပြီ ပေါ့။ ဒါပေမဲ့ မြို့မှာနေရတာက တောမှာ နေရတာလောက်တော့ အန္တရာယ် မများဘူး။ မြို့မှာက လူများလို့ လူမသိ သူမသိ နေလို့ရတယ်။ ပြီးတော့ အခု အရွယ်ရောက်နေပြီဖြစ်တဲ့ ကီအွန်ဆန်နဲ့ ကျွန်မ ခွဲနေတာ ကောင်းတယ်။ ယုတ်စွအဆုံး အခုလောလောဆယ်မှာ ပုလိပ်လာဖမ်းရင် နှစ်ယောက်ပူးကြီး ပါမသွားဘူးပေါ့။

မောင်လေးကို ထိန်းရင်း၊ အိမ်မှုကိစ္စတွေ လုပ်ရင်းနဲ့ ကျွန်မ အလုပ်တွေ

ရှုပ်ပြီး ခြောက်လလောက် ကြာသွားရော။ ကျွန်မလည်း ပိုက်ဆံ နည်းနည်းပါးပါး ရှာတတ်နေပါပြီ။ ကျွန်မ တောထဲသွားပြီး မှိုတွေ၊ ဆေးဖက်ဝင် သစ်ဥသစ်ဖုတွေရှာ၊ မြို့က ဝယ်လက်တွေလာရင် ပြန်ရောင်း။ ဒီသစ်ဥ သစ်ဖုတွေက တရုတ်တိုင်းရင်းဆေးမှာ တကယ် အရေးပါတာတွေပဲ။ အဖိုးလည်း တန်တယ်။ တခါတခါ မြစ်ထဲမှာ သူငယ်ချင်းတွေနဲ့အတူ ငါးသွားမျှားပြီး ပြန်ရောင်းကြတယ်။ ကျောင်းကို အမြဲတမ်း တက်နိုင်တာ မဟုတ်ပေမယ့် ကျွန်မသိထားတာတွေ မနည်းပါ။ အသက်ရှင်ချင်ရင် အခြေအနေကို ဖန်တီးယူရတယ်ရှင့်။

ကီအွန်ဆန် မြို့ကို ထွက်သွားပြီး ခြောက်လအကြာ ၂၀၀၂ ဆောင်းတွင်းမှာ ကျွန်မကို သူ့ဆီ လာမလားလို့ မေးတယ်ရှင့်။ သူနေတဲ့မြို့နားက ဝမ်ချင်းမြို့က မုန့်တိုက်တခုမှာ ကျွန်မအတွက် အလုပ်တခု တွေ့ထားတယ်တဲ့။ ကျွန်မအသက်က ၁၆ နှစ်။ အမေနဲ့ခွဲဖို့ ကြောက်ပေမယ့် ကိုယ့်ကိုယ်ကို ထိန်းတတ်နေပါပြီ။ ဒါနဲ့ပဲ ကီအွန်ဆန်ပြောတဲ့အလုပ်ကို လုပ်မယ်လို့ ပြောလိုက်တယ်။

အဲဒီမှာ အလုပ်နဲ့ နဖူးတွေ့ ဒူးတွေ့ တွေ့တော့တာပဲ။ မုန့်တိုက်အပေါ်ဘက် လေးလွှာမှာရှိတဲ့ အိပ်ဆောင်ကျဉ်းကျဉ်းလေးထဲမှာ ကျွန်မ အိပ်ချိန် တည ငါးနာရီထက် မပိုဘူး။ မနက် အစောကြီး ထပြီး မုန့်ဖုတ်ရတယ်။ မုန့်တိုက်ဖွင့်ချိန်က မနက် ၈ နာရီဆိုပေမယ့် ကျွန်မတို့ အလုပ်ချိန်ကတော့ မနက် ၅ နာရီကတည်းက စရတာ။ ကျွန်မရဲ့အဓိကအလုပ် ကြက်ဥတွေခွဲ၊ အကာနဲ့ အနှစ်ကို သီးခြားဖြစ်အောင်လုပ်၊ မုန့်ဖုတ်တာ ကြီးကြပ်။ မုန့်တိုက် ပိတ်ပြီးတဲ့နောက် တဆိုင်လုံးကို သန့်ရှင်းရေးလုပ်ရတာ ညနက်တဲ့အထိပဲ။ အလုပ်ရုံထဲမှာ နေရောင်မမြင်ရဘူး။ အိပ်ရေးမဝတာ ကြောင့်လည်း အားနည်းလာတယ်။ အလုပ်ထဲမှာ အိပ်ပျော်သွားလို့ မုန့်တွေ တူးကုန်တာလည်း မကြာခဏ။ နောက်ပိုင်းမှာ နှိုးစက်ပေးထားလို့သာ တော်တော့တယ်။

အမေနဲ့ ဝေးနေလို့ အခုလိုနေရတာ သိပ်မလွယ်ပေမယ့် ကျွန်မ တောင့်ခံထားပါတယ်။ ကိတ်မုန့်တွေတော့ ကြိုက်သလို စားနိုင်တာပေါ့လေ။ ပေါင်ချိန်တက်လာပြီး ဝဝကစ်ကစ်လေးတောင် ဖြစ်လာတယ်ရှင့်။ ပေါင်ချိန် ၁၁၅ ဆိုတာ ကျွန်မအဖို့တော့ စံချိန်ပဲ။ ကိုရီးယားတွေက ပိန်မှ လှတယ် လို့ ထင်ကြတာရှင့်။ ကျွန်မကိုယ်ကျွန်မ လှတယ်လို့ မထင်ရဘူးပေါ့။

ကျွန်မတို့ တရုတ်ပြည်မှာ တရားမဝင်နေထိုင်တဲ့ မြောက်ကိုရီးယားမတယောက်မှန်း မုန့်တိုက်က လူတွေ ဘယ်သူမှ မသိကြဘူး။ ကျွန်မက တရုတ်လို ကောင်းကောင်း ပြောတတ်နေတာကိုး။ အလုပ်ရှင်က ကျွန်မအပေါ် သံသယဝင်ကောင်း ဝင်နိုင်ပေမယ့် ဘာမှတော့ မပြောဘူး။ လစာလည်း ပုံမှန်ရနေတာပဲ။ နေထိုင်ခွင့်လက်မှတ် တောင်းကြည့်တာမျိုးလည်း သူ မလုပ်ဘူး။ ပထမလမှာ ကျွန်မ ယွမ် ၃၀၀ (၃၅ ဒေါ်လာလောက်) ရတယ်။ လစာက

မစို့မပို့ပေမယ့် ဒါဟာ တကယ့် အလုပ်တခုပဲ။ ကျွန်မကိုယ်ကျွန်မ ဂုဏ်ယူပါတယ်။ နောက်လတွေမှာ တလကို ယွမ် ၅၀ စီ တိုးရတယ်။ ခြောက်လကြာတဲ့အခါ ကျွန်မလစာ ယွမ် ၆၀၀ (ဒေါ်လာ ၇၀ လောက်) ဖြစ်နေပြီ။ ဒါပေမဲ့ အလုပ်ရှင်က အာမခံငွေအဖြစ် လတိုင်း ယွမ် ၅၀ ဖြတ်ထားတယ်။ ကျွန်မ မုန့်တိုက်မှာ အလုပ်လုပ်နေတုန်းဆိုရင် တနှစ်ပြည့်တဲ့အခါ အာမခံငွေကို ပြန်ပေးမှာ။ အလုပ်ရှင်က သူ့အလုပ်သမားတွေကို လပိုင်းလောက်လုပ်ပြီး တခြားမုန့်တိုက်တွေဆီ မပြောင်းစေချင်ဘူး။ သူက လုပ်တတ်ကိုင်တတ်အောင် သင်ပေးထားတာကြောင့်လေ။

ဒီအချိန်အတောအတွင်းမှာ အမေဟာ အဖမ်းခံရမှာ ကြောက်လို့ ယာတောက မခွာရဲဘူး။ သူ အိမ်ခေါင်မိုးပေါ်၊ တောင်ပေါ် တက်အိပ်ရတဲ့ ညတွေ ရှိတယ်။ ယောက္ခမတွေနဲ့ ဆက်ဆံရေးလည်း ပိုဆိုးလာပြီး မကြာခဏ ရန်ဖြစ်ကြတယ်။ အမေ မောင်လေးခေါ်ပြီး ထွက်ပြေးသွားလိမ့်မယ်လို့ အမေ့လင်က အမြဲတမ်း သံသယဝင်နေတာ။ အမေ့ကို မျက်လုံးဒေါက်ထောက် ကြည့်နေတာ။ ယာတောကို ကျွန်မ ခေတ္တခဏ ပြန်လာတဲ့အခါ ကျွန်မတို့ကို မောင်လေးနဲ့ တခန်းတည်း အတူမအိပ်ခိုင်းဘူး။ အမေကတော့ အိမ်မှာ မကြာခဏ ရန်ဖြစ်တာတွေ၊ အဖမ်းခံရမှာ ကြောက်ရတာ တွေ ရှိနေပေမယ့် သူ့သားအနားမှာပဲ နေချင်တာပေါ့လေ။

*

အနေကြာလာတာနဲ့အမျှ မုန့်တိုက်မှာ ကျွန်မ အနေချောင်လာတယ်။ ဒါပေမဲ့ ၂၀၀၃ နွေဦးမှာ အလှည့်အပြောင်းတွေ ပေါ်ပေါက်လာပြန်ရော။ တနေ့ ကောင်တာမှာ ကျွန်မဖုန်းလာတယ်ဆိုလို့ သွားနားထောင်ရတယ်။ စိတ်ပူပြီး ရင်တွေခုန်လိုက်တာ။

“အမေ ဆက်ပြီးသည်းမခံနိုင်တော့လို့ ယာတောက ထွက်လာခဲ့ပြီ” လို့ အမေက ဖုန်းထဲမှာ ပြောတယ်။

အမေ သူ့သားကို ပစ်ထားခဲ့ပြီပဲ။ ပုလိပ်တွေ လာလာရှာတာကိုလည်း အမေ ကြောက်သထက် ကြောက်နေပြီ။ ပုလိပ်လာတိုင်း တောင်ပေါ်ကို လေးဖက်ထောက် တက်ပြေးရတယ်တဲ့။ ခေါင်မိုးပေါ် တက်အိပ်ရတဲ့ညတွေလည်း မနည်းဘူးတဲ့။ အင်းဆက်ပိုးကောင်လေးတွေ ကိုက်လို့ သူ့ကျောကုန်းမှာ အညိုအမည်း စွဲနေပြီတဲ့။ အဲဒါနဲ့ ဘယ်သူမှမသိအောင် ထွက်ပြေးလာခဲ့တာလို့ ပြောတယ်။ အခု တခြားယာတောအိမ်တအိမ်မှာ အိမ်ဖော် လုပ်နေတယ်တဲ့။ ထမင်းဟင်း ချက်ရပြုတ်ရတယ်။ ယာတောမှာ အလုပ်လုပ်ရတယ်။ ပိုက်ဆံမရပေမယ့် နေရထိုင်ရတာတော့ သူ့လင် အိမ်မှာထက် အပုံကြီး ပိုကောင်းသတဲ့။

အမေ ဖုန်းဆက်လို့ ကျွန်မအံ့သြပြီး ရက်စက်တဲ့ဖအေ့လက်ထဲမှာ ကျန်ရစ်တဲ့ မောင်လေးအကြောင်း မတွေးဘဲ မနေနိုင်ဘူး။ အမေ့ကိုလည်း သနားတယ်။ သူ့ဆုံးဖြတ်ချက်ကို ကျွန်မ နားလည်ပေးနိုင် ပါရဲ့။

ရက်ပိုင်းလောက်အကြာမှာ ကျွန်မဆီ အလုပ်ရှင် ရောက်လာတယ်။

"ကောင်တာမှာ ဧည့်သည် တယောက် ရောက်နေတယ်။ မင်းပထွေးလို့ ပြောတယ်"

ကျွန်မ ကြက်သေသေသွားပေမယ့် ဟန်မပျက်အောင် ထိန်းထားပြီး ကျွန်မ ဒီနေ့ အလုပ်မဆင်းတဲ့ အကြောင်း ပြောပေးဖို့ မှာလိုက်တယ်။ အလုပ်ရှင်က ဘာမှ မေးလားစမ်းလား မလုပ်ပါဘူး။

ဒါပေမဲ့ သုံးလေးရက်အကြာမှာ ပထွေး ပြန်ရောက်လာပြန်ရော။ သူကတော့ အမေ့ကို မတွေ့တွေ့အောင် လိုက်ရှာနေမှာပဲလေ။ ဒီတခေါက်လည်း သူ့ကို ကျွန်မ ပထုတ်နိုင်လိုက်ပြန်တယ်။ ကျွန်မ ဒီကနေ ထွက်သွားမှ ဖြစ်တော့မယ်။ နို့မို့ဆို သူ ကျွန်မဆီပဲ လာနေတော့မှာ။ အလုပ်ရှင်ကို ကျွန်မ အလုပ်ထွက်တော့မယ့်အကြောင်း ပြောလိုက်တယ်။ မုန့်တိုက်မှာ အလုပ်လုပ်တာ တနှစ် မပြည့်လို့ လစာထဲကဖြတ်ထားတဲ့ အာမခံငွေတွေ ပြန်မရတော့ဘူး။ ကျွန်မမှာ ရွေးချယ်စရာမှ မရှိတော့တာ။ တခြားရွေးချယ်မှုတခု ရှာနေတုန်း အလုပ်ရှင်က ကျွန်မကို လေးလွှာမှာ နေခွင့်ပြုတာ ကံကောင်းလို့ပဲ။

စက်တင်ဘာလကုန်ပိုင်းမှာ ကီအွန်ဆန်က ကျွန်မဆီ ဖုန်းဆက်ပြန်ရော။ ကျွန်မတို့ပထွေးက သူ့ကို ခံစားခံ လုပ်ထားတယ်တဲ့။ အဲဒီနေ့က စက်တင်ဘာ ၂၁၊ အမေ့မွေးနေ့။ ကီအွန်ဆန်က ယုံအီမှာ စားပွဲထိုး လုပ်နေတုန်း ဖြစ်ပေမယ့် သူ့ဆီကို ကျွန်မတို့က ဖုန်းဆက်လို့ မရတော့ အမေ ထွက်ပြေးတဲ့သတင်းကို ပြောမပြနိုင်ခဲ့ဘူး။ အဲဒီမှာ ကီအွန်ဆန်က အံ့သြသွားအောင် အမေ့ကို အသိမပေးဘဲ မွေးနေ့ပွဲလုပ်ဖို့ ယာတောကို ပေါက်ချသွားပါရော။ ပထွေးက ကီအွန်ဆန်ကို ပြန်မလွှတ်တော့ဘူးပေါ့။ မိုးချုပ်တဲ့အထိ စောင့်ပြီးမှ ပထွေးအလစ်မှာ ထွက်ပြေးလာခဲ့တာ။

သူ ယုံအီကအလုပ်ကို ပြန်မသွားချင်တော့ဘူး။ သူ့ရည်ရွယ်ချက်က ပထွေးနဲ့ ဝေးရာကို ပြေးချင်တာပဲ။ မြောက်ကိုရီးယားတွေကို လိုက်ဖမ်းနေတဲ့ ပုလိပ်တွေရှိရာ နယ်စပ်ဒေသနဲ့ ဝေးရာကို ပြေးချင်တာပဲ။

"ငါတို့ ဒါလျံကို သွားကြရအောင်။ အဲဒါက မြို့ကြီးဆိုတော့ အလုပ်ရမယ့် အခွင့်အရေးလည်း များတယ်။ အဖမ်းခံရမှာလည်း သိပ်ကြောက်စရာမလိုဘူး" လို့ ကီအွန်ဆန်က ပြောတယ်။

ကျွန်မ အမေ့ဆီ ဆက်သွယ်ရပြန်တာပေါ့။ ကျွန်မတို့က အမေ့ကို ဒါလျံသွားကြဖို့ ဝိုင်းပြီး နားချကြတယ်။ ဒါလျံကိုရောက်ရင် ဝန်းကျင်အသစ်မှာ အခြေအနေ ပိုကောင်းလာမယ်ထင်ပါရဲ့။

စက်တင်ဘာအကုန်မှာ ကျွန်မတို့ သားအမိသုံးယောက် ယုံအီမှာ ဆုံကြပြီး ဒါလျံကို ဘတ်စ်ကား စီးသွားကြတယ်။ ဒါလုံမှာ အသိတယောက်မှ ရှိတာမဟုတ်ဘူး။ ရောက်ရောက်ချင်း နှစ်ညက ကားဂိတ်နားမှာရှိတဲ့ အနုတ်စုတ်ကုပ်စုတ် ဟိုတယ်တလုံးမှာ တည်းခိုပြီး အလုပ်လက်မဲ့ ကူညီရေး အဖွဲ့တဖွဲ့နဲ့တွေ့၊ အဲဒီမှာ တည်းခိုရင်း အလုပ်ရှာကြပေါ့။

ကျွန်မက ကြော်ငြာကမ်းတဲ့အလုပ်၊ သန့်ရှင်းရေးနဲ့ ချက်ရေးပြုတ်ရေး အလုပ်ကလေးတွေကို လေးလလောက် လုပ်လိုက်ရတယ်။ ကီအွန်ဆန်က ကိုရီးယားစားသောက်ဆိုင်တဆိုင်မှာ စားပွဲထိုး။ အမေက အိပ်ရာထဲလဲနေတဲ့ အဘိုးအို အဘွားအို လင်မယားနှစ်ယောက်ဆီမှာ။ အဘိုးကြီးက အိပ်ရာပေါ်ကနေ လုံးဝ မထနိုင်ဘူး။ အမေကပဲ ချေးကလူသေးကလူ ကိစ္စတွေကို လုပ်ပေးရတာ။ ဒါပေမဲ့ အလုပ်က တည်ငြိမ်တယ်။ အချိန်ပြည့်အလုပ်ဖြစ်တယ်။ ကျွန်မတို့ ပိုက်ဆံတောင် စုမိကြပြီ။ ၂၀၀၄ နှစ်ဆန်းမှာ ကျွန်မ ယွမ် ၃၀၀၀ (ဒေါ်လာ ၃၅၀ လောက်) စုမိနေပြီ။ နေရထိုင်ရတာ လုံခြုံမှုလည်းရှိတော့ ရှေ့ရေးအတွက် စဉ်းစားနိုင်ပြီ။

ကီအွန်ဆန်မှာ ထုံးစံအတိုင်း အကြံကြီးတွေရှိတယ်ရှင့်။ သူက ရှန်ဟိုင်းကိုသွားဖို့ ဆွယ်တရား ဟောပြန်ရော။ စားသောက်ဆိုင်မှာ သူ မလုပ်ချင်တော့ဘူး။ ဒါလျံမှာ သူ့အတွက် အခွင့်အလမ်း မရှိသလောက် ရှားတယ်တဲ့။ ကီအွန်ဆန် လုပ်ချင်ရင် ဘယ်သူမှ တားလို့မရတော့ဘူး။ အမေက ဒါလျံကနေ ထွက်ခွာဖို့ အသင့်မဖြစ်ဘူး။ ကီအွန်ဆန်က သူတယောက်တည်း သွားမယ်တဲ့။ ကျွန်မက အမေ့နားမှာ နေခဲ့ချင်တာ။ ကျွန်မစိတ်က ရှန်ဟိုင်းသွားဖို့ အသင့်မဖြစ်သေးတာလည်း ပါတယ်။ ကျွန်မ ကီအွန်ဆန်ကို ယွမ် ၈၀ လမ်းစရိတ် ပေးလိုက်တယ်။ နောက်တော့မှ ကျွန်မတို့ လိုက်သွားကြမယ်ပေါ့လေ။

အမေ အဝေးကြီးကို မသွားချင်တဲ့အကြောင်းက သူ့သားနဲ့ ထပ်တွေ့ချင်လို့ပဲ။ မကြာခင် တရုတ် နှစ်သစ်ကူးပွဲ ရောက်လာတော့မယ်။ အဲဒီမှာ အမေက ယာတောကို အလည်တခေါက် ပြန်သွားချင် နေတာ။ ဒါလျံမှာ ကျွန်မတို့စုထားတဲ့ ပိုက်ဆံက ယွမ် ၃၀၀၀ ကျော် ရှိနေပြီ။ ကျွန်မတို့အဖို့တော့ နည်းနည်းနောနော ပိုက်ဆံတွေ မဟုတ်။ ဒီပိုက်ဆံနဲ့ မိသားစု နှစ်သစ်ကူးပွဲ ဆင်နွှဲလို့ရတယ်။ မောင်လေးကိုလည်း ကျွန်မ သိပ်တွေ့ချင်နေတာ။

ဒီစိတ်ကူးဟာ ကျွန်မတို့ ယာတောအပြန်ခရီးမှာ အဆိုးဆုံး

အမှားတခုဖြစ်ကြောင်း မကြာခင် သိလာရတယ်။ ကျွန်မတို့ ခေါင်းနဲ့ မစဉ်းစားခဲ့ကြဘူး။ နှလုံးသားအလို လိုက်ခဲ့ကြတာ။

တရုတ်နှစ်သစ်ကူးပွဲမတိုင်ခင် နှစ်ရက်အလိုမှာ ကျွန်မတို့ ယာတောကို ပြန်ခဲ့ကြ။ လယ်သမားနဲ့ သူ့မိသားစု အံ့သြသွားအောင်ပေါ့။ ကျွန်မတို့နဲ့အတူ ပိုက်ဆံနည်းနည်း ပါလာတဲ့အကြောင်း၊ နှစ်သစ်ကူးပွဲလုပ်ဖို့ လာတဲ့အကြောင်း ပြောပြလိုက်တယ်။ ကျွန်မတို့က ရိုးရိုးသားသားပါ။ ကျွန်မတို့ အပေါ် သူတို့ မကောင်းခဲ့ပေမယ့် ဒီတိုင်းပြည်မှာ အရင်းချာဆုံးဆိုလို့ ဒီမိသားစုပဲရှိတာ။ အခု ကလေးတယောက်တောင် တိုးလာပြီဆိုတော့ ပိုလို့တောင် သံယောဇဉ် ဖြစ်ရသေးရဲ့။

ဒါပေမဲ့ အခန်းထဲမှာ လူစုကြတော့ မောင်လေးကို မတွေ့ရဘူး။ လယ်သမားက ကျွန်မတို့ကို မြင်တော့ အံ့သြနေတယ်။ ဘာပြောလို့ ပြောရမှန်း မသိဘူး။ သူက ကျွန်မတို့ကို နှင်မထုတ်ပေမယ့် သူ့ဘေးမှာ ရပ်နေတဲ့လူက အခြေအနေကို ဖျက်ဆီးပစ်လိုက်တော့တယ်။ အဲဒါ လယ်သမားရဲ့ ညီတယောက်ပါ။ ယာတောမှာ တွေ့ရခဲ့တဲ့ ဆိုးသွမ်း လူငယ်တယောက်။ မကြာမကြာ ပုလိပ်နဲ့ ပြဿနာတက်တဲ့အကောင်။ သူက အခြေအနေကို အသုံးချလိုက်တယ်။ သူ့လက်ထဲ ပိုက်ဆံ မထည့်ရင် မောင်လေးနဲ့ မတွေ့ရဘူးတဲ့ရှင်။

ကျွန်မတို့ ဒေါသဖြစ်လိုက်တာ။ ကျွန်မတို့က မိသားစု ပျော်ပျော်ရွှင်ရွှင် ဆုံဖို့လာတယ်။ ဒါကို သူက အခွင့်အရေးယူပြီး ငွေညှစ်တယ်။ အဲဒီညက ကျွန်မတို့ အခန်းကျယ်ကြီးထဲမှာ အိပ်ကြတယ်။ နောက်တနေ့ မနက်ကျတော့ အမေက သူ့လင်ကို တည့်တည့်ပဲ မေးတော့တယ်။ ဘယ်လိုဖြစ်တာလဲ ပေါ့။ လယ်သမားပြောတာက ယုတ္တိမရှိပါဘူး။

အချိန်တွေသာ ကုန်သွားတယ်။ မောင်လေး ဘယ်ရောက်နေလဲဆိုတာ မသိဘူး။ ကျွန်မတို့ စိတ်ဆိုးသထက် ဆိုးလာကြတော့တာပေါ့။

အိမ်မှာ ပွက်လောရိုက်နေတော့တယ်။ အမေက ပြန်ဖို့ ဆုံးဖြတ်ပြီး ကျွန်မကို အိမ်ရှေ့တံခါးဆီ ဆွဲခေါ်သွားတယ်။ အပြင်မှာ မှောင်နေပြီ။ ကျွန်မတို့ မှောင်ကြီးမည်းမည်းထဲမှာ လျှောက်သွားကြ တာ။ ဒါပေမဲ့ လယ်သမားရဲ့ညီက ကျွန်မတို့ကို မီလာပြီး မသွားရဘူးလို့ လုပ်ပြန်ရော။ လယ်သမားက ကျွန်မတို့ရဲ့ကျောပိုးအိတ်တွေ ယူပြီး အိမ်ပြန်သွားတယ်။ သူက ပိုက်ဆံလိုချင်တာလေ။ သူ ဂရုစိုက်တာ ပိုက်ဆံတခုပဲ။ အဲဒီလိုနဲ့ ကျွန်မတို့ ရုန်းရင်းကန်ရင်း၊ စကားများရင်း လွတ်သွားကြပြန် ရော။ လယ်သမားက လိုက်မလာပါဘူး။ ကျောပိုးအိတ်တွေထဲမှာ ပိုက်ဆံပါလာပြီ ထင်တာကိုး။ တကယ်က ပိုက်ဆံတွေကို အမေက ခါးပတ်ထဲမှာ ထည့်ပတ်ထားတာ။

ရွာကို ဦးတည်ထားတဲ့ လမ်းတလျှောက် ကျွန်မတို့ အတတ်နိုင်ဆုံး မြန်မြန် ပြေးသွားကြတယ်။ နှင်းခဲတွေကြောင့် လမ်းက ချောနေတယ်။ ဇန်နဝါရီလလယ်ပိုင်း သိပ်ကို အေးခဲနေတဲ့အချိန်။ ဒါပေမဲ့ ကိစ္စမရှိဘူး။ တစ်မိနစ်တောင် ဆိုင်းလို့မဖြစ်ဘူး။ လယ်သမားညီအစ်ကို ကျွန်မတို့ ကျောပိုးအိတ် တွေထဲမှာ ပိုက်ဆံမပါတာ သိသွားရင် ကျွန်မတို့နောက်ကို လိုက်လာကြမှာ။ ညအမှောင်ထဲမှာ လယ်ကွင်းတွေ ဖြတ်ပြီး ကျွန်မတို့ ပြေးကြတယ်။ နှင်းခဲတွေ ဖုံးနေတာ ကျွန်မ ဒူးလောက်ရှိပေမယ့် သေပြေးရှင်ပြေးပဲ။ ကျွန်မတို့ ထွက်လာတုန်းက ကသုတ်ကရက်နဲ့မို့ ရှူးဖိနပ်စွပ်ချိန်တောင် မရဘူး။ ညှပ်ဖိနစ်ပဲ စီးခဲ့ရတာ။ စိတ်ပျက်စရာကောင်းတဲ့ ယာတောနဲ့ တတ်နိုင်သမျှ ဝေးဝေးရောက်မှ။ ကျွန်မတို့ ပြေးလိုက်ကြတာ အရုဏ်မတက်ခင်အထိပဲ။

အဲဒါ ၂၀၀၄ တရုတ်နှစ်သစ်ကူးပွဲကို ကျွန်မတို့ ဆင်နွှဲပုံပေါ့ရှင့်။ အိပ်မက်ဆိုးတခုပါပဲ။ အဲဒီအချိန်က ယာတောမှာ ကျွန်မ နောက်ဆုံး ခြေချခြင်းဆိုတာ မသိခဲ့ဘူး။

မိုးလင်းချိန်မှာ ကားမှတ်တိုင် တွေ့ပါရော။ ကျွန်မ အလုပ်လုပ်ခဲ့တဲ့ မုန့်တိုက်ရှိရာ ရွာလေးဆီ ဦးတည်လာခဲ့ကြ။ ရွာရောက်တော့ အနွေးထည်နဲ့ ရှူးဖိနပ် ဝယ်လိုက်တယ်။ တညငါးယွမ် (တစ်ဒေါ်လာတောင် မရှိဘူး) ပေးရတဲ့ ချုံးချုံးကျနေနေတဲ့ ဟိုတယ်မှာ ကျွန်မတို့ အနားယူကြတယ်။

အဲဒါ ကျွန်မဘဝမှာ အဆိုးဆုံး နှစ်သစ်ကူးပွဲပါရှင့်။

* * *

[၁၃]

ကျွန်မ အရင်ကထက် ပိုပြီး စိတ်ဓာတ်ကျလာတယ်။ ကျွန်မဘေး ပတ်ပတ်လည်မှာ တရုတ်ထုံးစံအရ မီးရှူးမီးပန်းတွေ လွှတ်နေလိုက်ကြ နှစ်သစ်ကူးပွဲတော်ကို တရွာလုံး ဆင်နွှဲနေကြတာလေ။ ကျွန်မတို့ အထီးကျန်ခံစားနေရ။ ကျွန်မ ကျောင်းမတက်ရတာ ခြောက်နှစ်ခွဲရှိပြီ။ အနာဂတ် မရေရာသလို နေရာစရာ အိမ်လေးတလုံးတောင်လည်း မရှိ။ အဆိုးဆုံးကတော့ မောင်လေးကို ထားရစ်ခဲ့ရတာပဲ။ တသက်လုံး ထားရစ်ခဲ့တာ ဖြစ်နိုင်တယ်။ သူ့ကို အောက်မေ့လိုက်တာ။ အဲဒီအချိန်မှာ ပထွေးကို အမုန်းမိဆုံးပဲ။ ကျွန်မလက်တွေနဲ့ သတ်ပစ်လိုက်ချင်တယ်။

*

နောက်တနေ့မှာ ဒါလျံကို ကားစီးသွားကြတယ်။ အမေက သူအလုပ်လုပ်ခဲ့တဲ့ အဘိုးကြီး အဘွားကြီး လင်မယားအိမ် တန်းသွားတယ်။

အဘိုးကြီး အခြေအနေ ပိုဆိုးလာလို့ အမေ့အကူအညီကို သူတို့လိုအပ်နေတုန်းပါ။ ဒါကြောင့် အမေ အလုပ်ချက်ချင်း ပြန်ရတာပေါ့။ ကျွန်မကတော့ ဒီမြို့မှာ မနေချင်တော့ဘူး။ အဝေးကြီးကို သွားချင်နေပြီ။ ကီအွန်ဆန်ထားခဲ့တဲ့ ဖုန်းနံပါတ်ကို ဖုန်းရုံတခုကနေ ကျွန်မ ခေါ်လိုက်တယ်။

“ညီမလေး ရှန်ဟိုင်းကိုလာနေပြီ။ ဒီမှာ မနေနိုင်တော့ဘူး”

ဒါလျံကို ပြန်ရောက်ပြီး သီတင်းတပတ်အကြာမှာ တောင်ဘက် ဦးတည်တဲ့ ခရီးလမ်းကြောင်းပေါ် ကျွန်မ ရောက်နေပြန်ပြီ။ အမေ့ကို ထားရစ်ခဲ့တယ်။ ဒီ ထူးဆန်းတဲ့မြို့ကြီးမှာ ကျွန်မဘဝရဲ့ ပိုမိုပျော်စရာကောင်းတဲ့ စာမျက်နှာသစ်တွေ ဖွင့်နိုင်ကောင်းပါရဲ့။

ရှန်ဟိုင်းဘူတာရုံ ရောက်ပြီးတဲ့နောက် ကီအွန်ဆန် အလုပ်ရှိရာကို သူ့လမ်းညွှန်ချက်အတိုင်း လိုက်လာခဲ့တယ်။ ရှန်ဟိုင်းက ဒါလျံနဲ့ လုံးဝ မတူဘူး။ လမ်းကျဉ်းလမ်းမြောင်လေးတွေက ဝင်္ကပါလို ရှုပ်ယှက်ခတ် ကွေ့ကောက်နေပြီး လူတွေဆိုတာလည်း ခြေချင်းလိမ်နေလိုက်ကြတာ။ ညစ်ပတ်လိုက် တာလည်း လွန်ရော။ အဲဒီလိုနဲ့ ကိုရီးယားစူပါမားကက်ကြီးတခုရှေ့ ရောက်သွားတယ်။ ကီအွန်ဆန် ငွေကိုင်လုပ်တာ ဒီမှာပါ။ သူ့ခမျာ အလုပ်များလွန်းလို့ ကျွန်မကို ဘူတာရုံမှာတောင် လာမကြိုနိုင် ဘူး။ သူ့ကို ပြန်တွေ့ရတော့ ဝမ်းသာလိုက်တာ။ သူ့ကြည့်ရတာ အဆင်ပြေနေပုံပဲ။ လုပ်ဖော်ကိုင်ဖက် တယောက်နဲ့အတူ အခန်းတခန်း ငှားနေတယ်တဲ့။

အဲဒီနောက် အလုပ်နည်းနည်းပါးချိန်မှာ ကီအွန်ဆန်က ကျွန်မကို ပြောပြတယ်။ သူရောက်စတုန်းက အတော် အတိဒုက္ခရောက်တယ်တဲ့။ ဘူတာရုံမှာ ခြေသလုံးအိမ်တိုင်လို အိပ်ရတဲ့ညတွေ မနည်းဘူး တဲ့။ ဒါပေမဲ့ ဒီမှာက အလုပ်လုပ်ချင်သူတွေအတွက် အလုပ်ပေါတယ်တဲ့။ သူက အလုပ်ရနိုင်မယ့် နည်းလမ်းတောင် ကျွန်မကို ပေးလိုက်သေး။ ပထမ ခြေလှမ်းက စာရွက်စာတမ်းအတု ရှိရမယ်။ ဒီမြို့မှာ အိုင်ဒီကတ်အတု လုပ်တာထက် လွယ်တာ ဘာမှမရှိဘူး။ အိုင်ဒီအတုတခုကို ယွမ် ၁၀၀ (၁၅ ဒေါ်လာတောင် မရှိဘူး) နဲ့ လုပ်ပေးတယ်ဆိုတဲ့ လက်ကမ်းကြော်ငြာတွေ မတွေ့ချင်မှအဆုံး။ လုပ်စရာရှိတာက ကြော်ငြာမှာပါတဲ့ ဖုန်းနံပါတ်ကို တချက်လောက် ခေါ်လိုက်ရုံပဲ။ ခတ်ပုံတပုံ လိုတယ်။ ပြီးတော့ ပိုက်ဆံနည်းနည်း။ အဲဒီတုန်းက အိုင်ဒီကတ်တွေဟာ ကရော်ကမည် လုပ်ထားတာတွေ။ အတုလုပ်ဖို့ လွယ်တယ်။

ရှန်ဟိုင်းမှာ နေထိုင်ခွင့် အတုလောက် ရှိရင်ပဲ တံခါးမရှိ ဓားမရှိ နေနိုင်တယ်။ တောင်ကိုရီးယားတွေ ဖွင့်ထားတဲ့ စားသောက်ဆိုင်တဆိုင်မှာ ကျွန်မ အလုပ်ရတယ်။ မုန့်တိုက်မှာ လုပ်ရတုန်းကထက် ပိုကောင်းပြီး လုပ်ဖော်ကိုင်ဖက်တွေကလည်း ကျွန်မအပေါ် ကောင်းကြပါရဲ့။

ဒါပေမဲ့ ကျွန်မရောက်ပြီး လေးလအကြာ တနေ့မှာ ကီအွန်ဆန်က ကျွန်မကို ပြောတယ်။ “အမေ ဖုန်းဆက်တယ်။ ချန်းချန်နဲ့ တွေ့ရအောင် ယာတောကို အမေသွားဖို့ ကြိုးစားတာ မသွားဖြစ်တော့ ဘူး။ သူက တို့ဆီ လာချင်နေတယ်” တဲ့။

ကျွန်မတို့သားအမိတွေ ပြန်လည် ဆုံစည်းကြပြန်ပြီပေါ့။ အမေ့မှာလည်း အိုင်ဒီအတုနဲ့ပဲ။ ကျွန်မတို့ သုံးယောက် အခန်းတခန်းမှာ ပြောင်းနေကြတယ်။

*

ရှန်ဟိုင်းမှာ ကျွန်မတို့ဘဝသစ် စတင်နေကြပြီ။ ကီအွန်ဆန်တောင် တရုတ်လေးတယောက်နဲ့ ကြိုက်နေပြီ။ စားသောက်ဆိုင်အလုပ်ကြောင့် တောင်ကိုရီးယား ယဉ်ကျေးမှုအကြောင်း ကျွန်မ သိလာတယ်။ ကျွန်မတို့ရဲ့တောင်ပိုင်း ‘ရန်သူတော်’ တွေနဲ့ ကျွန်မ ဆက်ဆံဖူးတာ ဒါ ပထမဆုံးပဲ။

သူတို့ ကိုရီးယားလိုပြောတာ ကျွန်မတို့နဲ့ လေယူလေသိမ်းချင်း မတူဘူး။ စားတာကတော့ ကျွန်မတို့ စားတဲ့ အစာတွေပါပဲ။ ကျွန်မတို့ တယောက်နဲ့တယောက် နားလည်နိုင်ကြတယ်။ ကျောင်းမှာတုန်းက တောင်ကိုရီးယားဟာ နယ်ချဲ့ အမေရိကန်ရဲ့ ရုပ်သေးဖြစ်ပြီး ကျွန်မတို့တိုင်းပြည်ကို အချိန်မရွေး ကျူးကျော်ဖို့ တာစူနေတာလို့ သင်ခဲ့ရ။ ရှန်ဟိုင်းမှာ ကျွန်မရဲ့ကိုယ်ပိုင်သဘောထားကို ကျွန်မ ကိုယ်တိုင် ချမှတ်နိုင်တယ်။ တောင်ကိုရီးယား တီဗီရှိုးတွေလည်း ကြည့်ရတယ်။ အခုဆို တောင်ကိုရီးယားရုပ်ရှင် ဝါသနာအိုးတောင် ဖြစ်လို့။ ကေပေါ့လည်း

ကြိုက်တယ်။ တရုတ်ပြည်မှာ နာမည်ကြီးနေတဲ့ တောင်ကိုရီးယား သရုပ်ဆောင်တွေ၊ အဆိုတော်တွေဟာ ကျွန်မရဲ့ အသည်းစွဲပေါ့ ရှင်။ ကျွန်မဘဝမှာ ပထမဆုံးဝယ်ဖူးတဲ့ စီဒီကို ကျွန်မ အမြဲတမ်း သတိရနေမှာ။

ကျွန်မတို့ စားဝတ်နေရေးက တဖြည်းဖြည်း ပိုကောင်းလာတယ်။ အမေ့လည်း တောင်ကိုရီးယား နှစ်ယောက် နေတဲ့အိမ်မှာ အိမ်ဖော်အလုပ် ရတယ်။ သူတို့က စေတနာသဒ္ဓါတရား ထက်သန်သူ တွေ ပါ။ သူတို့ဘာသာစကားပြောတဲ့ အလုပ်သမားတယောက် ရလို့ ဝမ်းသာနေကြတယ်။ အဲဒီမှာ အမေ့လစာက ယွမ် ၁၈၀၀ (ဒေါ်လာ ၂၀၀ ထက် နည်းနည်းပိုတယ်) ရတယ်။ မဆိုးပါဘူး။ သူတို့ တောင်ကိုရီးယားပြန်တိုင်း အမေ့အလုပ်ရှင်တွေက အိမ်သော့တွေ ပေးသွားလို့ အိမ်ကြီးမှာ ကျွန်မတို့ တက်နေကြတာပေါ့။ ဇိမ်ပဲရှင့်။ ကိုရီးယားနှစ်သစ်ကူးပွဲမတိုင်ခင် တရက်မှာ တောင်ကိုရီးယားပြန်ဖို့ လေယာဉ်ပေါ်မတက်ခင် သူတို့က ကျွန်မတို့ကို ဒေါ်လာ ၁၀၀ တန် ငွေစက္ကူတရွက် ပေးသွားသေး တယ်။

*

တဖြည်းဖြည်းနဲ့ ကျွန်မ တောင်ကိုရီးယားကိုသွားဖို့ စိတ်ကူးယဉ်စ ပြုလာပြီ။ ရှန်ဟိုင်းမှာ ကျွန်မတို့ အပေါ် ကောင်းတဲ့ တောင်ကိုရီးယားတွေကို ကျေးဇူးတင်စရာပါ။ သူတို့ကြောင့် ကျွန်မရဲ့ဇာစ်မြစ်၊ ကျွန်မရဲ့ဘာသာစကားကို ပြန်လည်တွေ့ရှိခဲ့တယ်။ ကျွန်မ ဒီမှာ တရားမဝင် နေထိုင်နေသမျှ စာမသင်နိုင်ဘူး။ အလုပ်ကောင်းကောင်းတခု ရှာတွေ့ဖို့ မမျှော်လင့်နိုင်ဘူး။ ကျွန်မ တရားမဝင် နေထိုင်သူတယောက်အဖြစ်ကို မလိုလားဘူး။ အိုင်ဒီကတ်အတုနဲ့ မနေချင်ဘူး။ ဒီမှာ ကျွန်မတို့ နေ့အဖမ်းခံရမလား၊ ညအဖမ်းခံရမလားဆိုပြီး ကျီးလန့်စာ စားနေရတုန်းပဲ။ တောင်ကိုရီးယားမှာ ကျွန်မ လွတ်လွတ်လပ်လပ်၊ ပေါ်ပေါ်ထင်ထင် နေနိုင်ပါလိမ့်မယ်။ ကျောင်းတောင် ပြန်တက်နိုင်ပါ လိမ့်ဦးမယ်။ မြောက်ကိုရီးယား ထွက်ပြေးလာသူတွေကို သူလျှိုမဟုတ်ကြောင်း အထောက်အထား ပြနိုင်လို့ကတော့ တောင်ကိုရီးယားနိုင်ငံသားဖြစ်ခွင့် ပြုတယ်လို့ သိရတယ်။

ပြဿနာက တောင်ကိုရီးယားကို ရောက်ဖို့ပဲ။ တရုတ်ပုလိပ်က တောင်ကိုရီးယားသံရုံးကို မျက်ခြည် အပြတ်မခံဘူး။ အဲဒီလမ်းကြောင်းကတဆင့် သွားဖို့တော့ မဖြစ်နိုင်။ တခြားနိုင်ငံတခုကနေ တဆင့်သွားမှသာ ဖြစ်နိုင်လိမ့်မယ်။ ဒါပေမဲ့ အဲဒါကလည်း နိုင်ငံကူးလက်မှတ် မရှိဘဲ ဘယ်လို သွားမလဲ။

*

နောက်ဆုံးမှာ တောင်ကိုရီးယားထဲကို လူတွေ ခိုးသွင်းပေးနိုင်တဲ့ မှောင်ခိုဂိုဏ်းတွေရှိကြောင်း ကျွန်မတို့ သိလာတယ်။ သူတို့ကို ပေးရမယ့်

အဖိုးအခကတော့ အများကြီးပဲ။ ပြီးတော့ သူတို့နဲ့ ဘယ်လိုဆက်သွယ်ရမလဲ။

မိတ်ဆွေတယောက်က မှောင်ခိုသမားတယောက်ရဲ့ ဖုန်းနံပါတ် ပေးတယ်။ ၂၀၀၆ အတွင်း အဲဒီဖုန်းနံပါတ်ကို ကျွန်မ ဆက်လိုက်တော့ တုံးတိတိ ယောကျ်ားသံတသံက ပြန်ထူးတယ်။ တရုတ်ပြည်ထဲမှာ တယောက်အတွက် ယွမ် ၂၀၀၀၀ (ဒေါ်လာ ၂၅၀၀ နီးပါး) ပေးပြီး ဆိုးလ်ကို ရောက်တဲ့အခါ အဲဒီလောက်ငွေကိုပဲ အကြွေးကတ်နဲ့ ပေးချေရမယ်တဲ့။ ကျွန်မတို့အတွက် အင်မတန် ကြီးမားတဲ့ ငွေပမာဏပါ။ ကျွန်မ သူ့ကို အသေးစိတ် အချက်အလက်တွေ မေးထားလိုက်တယ်။

“ကျွန်မတို့ ဘယ်ကနေတဆင့် သွားကြမလဲ။ အန္တရာယ် ရှိသလား၊ နေရာမှန်ကို ရောက်ဖို့ သေချာရဲ့လား”

မေးခွန်းတွေကို ကျွန်မ တရစပ် မေးလိုက်ပေမယ့် မှောင်ခိုသမားက အာသွက်လျှာသွက် မဟုတ်ဘူး။ ဖုန်းနဲ့ ကြာကြာ စကားပြောချင်ပုံလည်း မရဘူး။ သူဖြေတာတွေက ယောင်တိယောင်ဝါးတွေ။ သူပြောသမျှထဲမှာ ရှင်းရှင်းလင်းလင်း ရှိတာဆိုလို့ ငွေကြေးကိစ္စပဲ ရှိတယ်။ ရက်ပိုင်းအတွင်း အုပ်စုတစု သွားမှာဖြစ်လို့ ကျွန်မတို့ လိုက်မှာဆိုရင် အမြန်ဆုံးဖြတ်ပါလို့ သူက မှာလိုက်သေးရဲ့။

ကျွန်မတို့ စဉ်းစားတာ သုံးရက်ကြာတယ်။ ကျွန်မတို့ စွန့်စားဖို့ အသင့်ဖြစ်ပြီလား။ ရှန်ဟိုင်းမှာ နှစ်နှစ်တိုင်တိုင် အဆင်ပြေနေမှုကို ကျွန်မတို့ စွန့်လွှတ်သွားမှာလား။ နယ်စပ်မှာ အဖမ်းခံရပြီး မြောက်ကိုရီးယား ငရဲတွင်းထဲ ပြန်ပို့ခံရမယ့် အဖြစ်ကို ရင်ဆိုင်ရဲသလား။ ပြီးတော့ မှောင်ခိုသမားက လည်း ကရော်ကမည်နဲ့။ သူ့ဆီ ဖုန်းထပ်ဆက်တော့ ပိုက်ဆံ တိုးတောင်းနေသေးတယ်။

ကီအွန်ဆန်က တရုတ်ပြည်မှာပဲ နေခဲ့ချင်တာ။ ရည်းစားနဲ့ မခွဲနိုင်ဘူးလေ။

ကျွန်မကတော့ တောင်ကိုရီးယားမှာ ဘဝသစ်တခု ပြန်စဖို့ ဆုံးဖြတ်လိုက်ပြီ။ အမေလည်း ကျွန်မနဲ့ အတူ လိုက်လိမ့်မယ်။ ကျွန်မကို တယောက်တည်း မလွှတ်လိုက်ချင်ဘူး ထင်ပါရဲ့။ ဒီဆုံးဖြတ်ချက်က တော့ သူ့ဌေးဖြစ် ခွေးဖြစ် ပုံအောရမယ့် ဆုံးဖြတ်ချက်ပဲ။ အဲဒီနှစ်က ၂၀၀၆။ ကျွန်မတို့ ခြေသလုံး အိမ်တိုင်ဘဝနဲ့ စမ်းတဝါးဝါး လျှောက်လှမ်းခဲ့ကြတာ ကိုးနှစ်ကြာခဲ့ပေါ့။ ကျွန်မတို့မှာ အနာဂတ်တခု ရှိချင်တာကြောင့် တတ်နိုင်သလောက် ပိုက်ဆံစုဆောင်းပြီး မှောင်ခိုသမားနဲ့ ဆက်သွယ်လိုက်တယ်။ ကျွန်မရဲ့အလုပ်ရှင်ကိုတော့ ဘာအကျိုးအကြောင်းမှ ပြောမပြဘဲ အလုပ်ထွက်မယ်လို့ပဲ ပြောလိုက် တယ်။ သူကလည်း ဘာတခွန်းမှ မမေးဘူး။ အခြေအနေကို သူနားလည်ဟန် တူပါရဲ့။

မှောင်ခိုသမားက ဖုန်းထဲကနေ ညွှန်ကြားတယ်။ မွန်ဂိုလီးယားနယ်စပ်ကို

သွားပါ။ အဲဒီမှာ သူတို့နဲ့ ဆုံကြမယ်တဲ့။

အဲဒါ သုခဘုံမရောက်ခင်၊ ဒါမှမဟုတ် နောက်ထပ် ငရဲတွင်းတခုထဲ မရောက်ခင် နောက်ဆုံး ခြေလှမ်းပါရှင့်။

* * *

[၁၄]

ကားပေါ်က ဆင်းပြီးတဲ့နောက် ကျွန်မတို့ရောက်ပြီဖြစ်ကြောင်းကို မှောင်ခိုသမားဆီ ဖုန်းလှမ်းဆက် လိုက်တယ်။ အီရင်ဟော့ ကားဂိတ်မှာ ကျွန်မတို့ ရင်မောစွာ ထိုင်စောင့်နေရ။ ကျွန်မစိတ်ထဲမှာ တထင့်ထင့်နဲ့ ကျွန်မတို့ အခုရောက်နေတာ အတွင်း မွန်ဂိုလီးယားခေါ်တဲ့ တရုတ်ပြည်နယ်တခု အတွင်း နယ်စပ်မြို့လေးတမြို့မှာပါ။ ဒီပြည်နယ်က အိမ်နီးချင်း မွန်ဂိုလီးယားနိုင်ငံနဲ့ ဆက်စပ်နေ ပါတယ်။ ဒီနိုင်ငံမှတဆင့် ကျွန်မတို့ ထွက်ပြေးကြရမှာတဲ့။ ကျွန်မတို့အဖြစ်က နယ်စပ်အစောင့်တွေ၊ တရုတ်ပုလိပ်တွေ၊ အခုအချိန်ထိ စိတ်နှလုံး တုံးတုံးချပြီး ယုံကြည်လို့ မရနိုင်သေးတဲ့ မှောင်ခိုသမား အစရှိတဲ့ ကျားတွေသနားမှ နွားချမ်းသာရမယ့် အဖြစ်မျိုးပါ။

စုထားတဲ့ပိုက်ဆံတွေကို အင်္ကျီတွေကြားထဲဝှက်လို့ ကြောက်ရွံ့နေတဲ့ နှလုံးသားတွေနဲ့ ကျွန်မတို့ သားအမိ ခရီးနှင်လာခဲ့တာ တရုတ်ပြည်တဝက်ကို ချဉ်းနင်းမိခဲ့ပါပြီ။ စစချင်းမှာ ပေကျင်းအထိ ရထားစီး၊ အဲဒီနောက် ကားစီးပြီး အနောက်မြောက်ဘက် မွန်ဂိုလီးယားနယ်စပ်သို့။

အီရင်ဟော့က မွန်ဂိုလီးယားမြို့တော် ဥလန်ဘာတာကို အသွားမှာ နောက်ဆုံးတွေ့ရတဲ့ တရုတ်မြို့ ပါ။ ဒါပေမဲ့ အဲဒီကို မရောက်ခင် အင်မတန် ကျယ်ပြောတဲ့ သဲကန္တာရကြီးကို ဖြတ်သန်းရပါသေးတယ်။ ကျွန်မတို့ အကြံအစည် အောင်မြင်မလား၊ မအောင်မြင်ဘူးလား မပြောနိုင်။ မအောင်မြင်ရင် မြောက်ကိုရီးယား ပြန်ပို့မှာ ကြောက်နေရတုန်းပဲ။

*

ရုတ်တရက် ကလိမ်ကကျစ်ပုံစံ လူနှစ်ယောက် ကျွန်မတို့ဆီ ချဉ်းကပ်လာကြတယ်။ အဲဒါ ကျွန်မတို့ ဆက်သွယ်ထားတဲ့ မှောင်ခိုသမားတွေပဲ။ သူတို့ရဲ့ကားထဲကို ကျွန်မတို့ရောက်တာနဲ့ တပြိုင်နက် ခရီးလမ်းပန်းအကြောင်း ဘာတခွန်းမှ မပြောသေးဘဲ ပိုက်ဆံပဲ တွင်တွင်တောင်းတော့တာပဲ။

'အဲဒါ လှည့်ကွက်ပဲ' လို့ အမေက ပြောတယ်။ "သူတို့လိုချင်တာက အမေတို့ဆီက ပိုက်ဆံပဲ။ ဒီလူနှစ်ယောက်ကို ယုံလို့မဖြစ်ဘူး"

ကျွန်မတို့ စိတ်ပျက်လက်ပျက်နဲ့ ချွေးပေါင်းအိမ်တလုံးမှာ ခိုလှုံဖို့ သွားကြတယ်။ ကျွန်မတို့ ဒီလောက်တောင် လာကြပြီးမှ အကြံအစည်ကို စွန့်လွှတ်လိုက်ရတော့မှာလား။ အကြံအစည်ကို စွန့်လွှတ်ဖို့အတွက် ကျွန်မတို့ ဒီလောက်တောင် အပင်ပန်းခံပြီး ခရီးထွက်လာကြတာလား။ စောစောက

လူနှစ်ယောက်အနက် တယောက်က ဖုန်းဆက်ပြန်တယ်။ နောက်ဆုံး သူတို့နဲ့ ညှိနှိုင်းဖို့ သဘောတူလိုက်တယ်။

အီရင်ဟော့ မြို့စွန်မြို့ဖျားက အိမ်အိုလေးတလုံးဆီ သွားပြီး မှောင်ခိုသမားနှစ်ယောက်ကို တွေ့ကြတယ်။ အဲဒီမှာ ပရိဘောဂဆိုလို့ ခုတင်တလုံးပဲ ရှိတယ်။ အခန်းတဖက်မှာ တံခါးတပေါက်။ တံခါး ဟိုဘက်မှာ နောက်ထပ် အခန်းတခန်း။ အဲဒီအခန်းထဲမှာ မြောက်ကိုရီးယား အမျိုးသမီး သုံးယောက်ကို တွေ့ရ။ သူတို့လည်း ကျွန်မတို့လိုအကြောင်းမျိုးနဲ့ပဲ ဒီကို ရောက်နေကြတာ။ ဒါပေမဲ့ သူတို့က ပိုက်ဆံ တပြားတချပ်မှ ကုန်စရာ မလိုဘူး။ ခရစ်ယာန်ကျောင်းတော်အဖွဲ့ဝင်တွေဖြစ်လို့ သူတို့အတွက် ပိုက်ဆံကို ကျောင်းတော်က ပေးတယ်။

နောက်ပိုင်းမှာ သိလာရတာက မြောက်ကိုရီးယားတွေ ဆိုးလ်ကို ထွက်ပြေးနိုင်ဖို့အတွက် အမေရိကန် ပရိုတက်စတင့် သာသနာပြုတွေနဲ့ တောင်ကိုရီးယားတွေက ကူညီနေတာတဲ့။ သူတို့မှာ ပိုက်ဆံ ရှိတယ်။ ကွန်ရက်တွေ ရှိတယ်။ အရေးကြီးနေရာတွေမှာ အဆက်အသွယ် ရှိတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်တခုက ဆိုးလ်က သူတို့အသိုင်းအဝိုင်းထဲမှာ နောက်လိုက်တွေ များလာဖို့ပါ။

ဒီအမျိုးသမီးတွေကို တွေ့လိုက်ရတော့ ကျွန်မတို့ စိတ်နည်းနည်း အေးသွားပြီး မှောင်ခိုသမားတွေကို ပိုက်ဆံပေးဖို့ ဆုံးဖြတ်လိုက်တော့တယ်။

*

နောက်တနေ့ညမှာ ခရီးဆက်ဖို့ စီစဉ်ထားတယ်။ ကျွန်မတို့ ဘာတွေဖြစ်လာမလဲဆိုတာ မသိကြဘူး။ ဆိုးလ်ကို ရောက်မလားဆိုတာလည်း အတပ်မပြောနိုင်ဘူး။ မှောင်ခိုသမားတွေကလည်း အမြဲတမ်း ဝစီပိတ် ကျင့်နေကြတယ်။

အီရင်ဟော့မှာ လုံးဝ မှောင်သွားပြီ။ ည ၁၀ နာရီဝန်းကျင်မှာ မှောင်ခိုသမားနှစ်ယောက်က ကျွန်မတို့ကို အချက်ပြလိုက်တယ်။ အိမ်ရှေ့မှာ ကျွန်မတို့ကို စောင့်နေတဲ့ ကားအိုတစီး။ ကျွန်မတို့က အားလုံးပေါင်း လူရှစ်ယောက်။ မှောင်ခိုသမားနှစ်ယောက်က ရှေ့ခန်းမှာထိုင်ကြ။ ကျွန်မတို့ ငါးယောက်က နောက်ခန်းမှာ ငါးပိသိပ် ငါးချဉ်သိပ်။ ကျွန်မက အငယ်ဆုံး အသေးဆုံးဖြစ်လို့ လူကြီးတွေရဲ့ပေါင်ပေါ်မှာ ထိုင်ရ။

ကားထွက်ပြီး မကြာခင် လမ်းမီးတွေ ထွန်းထားတဲ့ လမ်းမပေါ် ရောက်သွားတယ်။ မိုင်ပေါင်းများစွာ မောင်းလာတဲ့အထိ လူသူလေးပါး မတွေ့ရဘူး။

ကွင်းတွေ ပိုပြီး ခြောက်သွေ့လာတယ်။ အပင်တွေ တဖြည်းဖြည်း ပါးလျလာပြီးတဲ့နောက် လုံးဝ မတွေ့ရတော့ဘူး။ ကျောက်တုံးတွေ၊ ချုံနွယ်ပိတ်ပေါင်း တွေ တွေ့လာရတယ်။ ကျွန်မတို့ သဲကန္တာရအလယ်မှာ ရောက်နေကြပြီ။

တအောင့်အကြာမှာ နိုင်လွန်ကတ္တရာလမ်းပေါ်ကနေ ခလုခချိုင့်ပေါတဲ့ လမ်းပေါ် ရောက်သွားကြ တယ်။ ကားထဲမှာ မှောင်ခိုသမားနှစ်ယောက်က နှုတ်ဆိတ်နေဆဲပဲ။ ကျွန်မတို့ကတော့ တွေ့ကြုံလာနိုင်တဲ့ အန္တရာယ်ကို တွေးကြောက်ရင်း အတွေးကိုယ်စီနဲ့။ အခုမှတော့ နောက်ကြောင်းပြန်ဖို့ မဖြစ်တော့။

ရုတ်တရက် ကျွန်မတို့ ရှေ့တည့်တည့်မှာ အဖြူရောင် မီးတန်းကြီး တွေ့ရ။ ကားဆရာက ရှေ့မီးတွေမှိတ်ပြီး အရှိန်လျှော့ချလိုက်တယ်။ ပြီးတော့ လမ်းဘေးတနေရာမှာ ကားထိုးပြီး စက်သတ်လိုက်တယ်။ ရှေ့မှာ တွေ့တဲ့ မီးတန်းကြီးက ပိုနီးလာပြီ။ စိုးရိမ်ပူပန်မှုတွေ မြင့်သထက် မြင့်တက်လာ။ ပုလိပ်ကား၊ ဒါမှမဟုတ် နယ်စပ် ပတ္တရောင်ကား မဖြစ်ပါစေနဲ့လို့ မျှော်လင့်ရတာ အမော။ ဒီအပိုင်းမှာ နယ်စပ်ပတ္တရောင်တွေကို တွေ့ရလေ့ရှိတယ်လေ။ ကားက အရှိန်လျှော့မချဘဲ ကျွန်မတို့ရှိရာဆီကို ဆက်လက် ချဉ်းကပ်လာနေတယ်။ တဖြည်းဖြည်း ကြီးသထက် ကြီးလာပြီး နောက် ကျွန်မတို့ကားကို ကျော်ဖြတ်သွားလိုက်တာ ဖုန်တထောင်းထောင်းနဲ့။ တော်သေးတာပေါ့။ ယူနီဖောင်းဝတ်တွေပါတဲ့ ကားမဟုတ်လို့။ ကားနောက်မြီးက မီးနီလေး တဖြည်းဖြည်း ပျောက်ကွယ်သွားချိန်မှာ ကျွန်မတို့ ကားလည်း ဆက်ထွက်လာခဲ့တယ်။

လမ်းပေါ်မှာ ၃ နာရီကြာပြီးတဲ့နောက် မှောင်ခိုသမားနှစ်ယောက် ကျွန်မတို့ မျှော်လင့်ထားရမယ့် ကိစ္စတွေကို အသေးစိတ် ပြောလာကြတယ်။ အရေးကြီးတဲ့ အစိတ်အပိုင်းရောက်လာပြီဆိုတာ ကျွန်မ နားလည်လိုက်တယ်။ ကျွန်မစိတ်တွေ ဂနာမငြိမ်လိုက်တာ။ မှောင်ခိုသမားတယောက်က ပထမဆုံး အကြိမ် ကျွန်မတို့ကို ချိုချိုသာသာ ပြောပါတယ်။

“ကျွန်တော်ပြောတာကို သေသေချာချာ နားထောင်ကြပါ။ အခု ကျွန်တော်တို့ မွန်ဂိုလီးယားနယ်စပ် နား ရောက်လာပြီ။ ကျွန်တော်တို့သိတဲ့နေရာ ရောက်တဲ့အခါ ခင်ဗျားတို့ ကားပေါ်ကဆင်းပြီး ကျွန်တော်ပြောတဲ့အတိုင်း လုပ်ကြပါ။ လူတွေ အသွားအလာ မရှိသလောက် ဖြစ်တဲ့နေရာကို ကျွန်တော်တို့ ရွေးချယ်ထားတယ်။ အဲဒီမှာ စည်းရိုးမြင့်မြင့်တခုကို ခင်ဗျားတို့ ကျော်တက်ရမယ်။ အဲဒါ တရုတ်နယ်စပ်ပဲ။ ပတ္တရောင်တွေ ပြတ်တောင်းပြတ်တောင်း ရှိတတ်တယ်။ ခင်ဗျားတို့ စည်းရိုးပေါ် ကျော်တက်နိုင်အောင် ကျွန်တော်တို့ ကူညီမှာပါ။ စည်းရိုး ဟိုဘက်ရောက်သွားတဲ့အခါ တည့်တည့်ကြီး တန်းပြေးကြပေတော့။

မွန်ဂိုလီးယားနယ်မြေထဲ ဝင်တဲ့နေရာမှာ ဒုတိယစည်းရိုးတခု တွေ့လိမ့်မယ်။ အဲဒါကိုကျော်ပြီးရင် ခင်ဗျားတို့မှာ ဘာအန္တရာယ်မှ မရှိတော့ဘူး။ ခင်ဗျားတို့ကို တရုတ်ပုလိပ်တွေ လိုက်မဖမ်းနိုင်တော့ဘူး။ နားလည်တယ်နော်”

“အဲဒီနောက် ကျွန်မတို့ ဘာလုပ်ရမှာလဲ” လို့ အဖော်တယောက်က ကြောက်ကြောက်ရွံ့ရွံ့ မေးလိုက်တယ်။

“ဟိုဘက်ကို ရောက်တဲ့အခါ ခင်ဗျားတို့ လုပ်ရမှာ မွန်ဂိုလီးယား စစ်တပ်မှာ အဖမ်းခံလိုက်ဖို့ပဲ။ သူတို့က ခင်ဗျားတို့ကို ဥလန်ဘာတာ မြို့တော်က တောင်ကိုရီးယားသံရုံးကို ပို့ပေးလိမ့်မယ်။ တောင်ကိုရီးယား သံတမန်တွေက ခင်ဗျားတို့ကို ဆိုးလ်ပို့ဖို့ စီစဉ်ပေးကြလိမ့်မယ်။ ဆိုးလ် ရောက်ရင် ခင်ဗျားတို့ဘဝ လုံခြုံသွားပြီ။ မွန်ဂိုလီးယားနဲ့ တောင်ကိုရီးယားက ခင်ဗျားတို့လို့ ထွက်ပြေးလာတဲ့ မြောက်ကိုရီးယားတွေကို တောင်ကိုရီးယား ပို့ပေးဖို့အတွက် သဘောတူစာချုပ် ချုပ်ထားကြတယ်”

*

ငါးနာရီကြာပြီးတဲ့နောက် ကားဆရာက ကားကို အရှိန်လျှော့ ပတ်ဝန်းကျင်ကို စစ်ဆေးကြည့်ရှုပြီး ကားစက်သတ်လိုက်တယ်။ မနက် ၃ နာရီ ထိုးပြီ။

‘ရောက်ပြီ’ လို့ မှောင်ခိုသမားတယောက်က ပြောပြီး ကျွန်မတို့ကို ကားပေါ်က ဆင်းဖို့ အချက် ပြလိုက်တယ်။

အဲဒီမှာ အေးလိုက်တာ လွန်ပါရော။ မေလဆိုပေမယ့် ညဘက်တိုက်တဲ့လေက သိပ်ကို အေးမြနေ နှင့်ပြီ။ အမှောင်ထဲမှာ ကျောက်တုံးတချို့နဲ့ သဲတွေ၊ ပြီးတော့ တိုင်လုံးတလုံးတို့ကို ခွဲခြားမြင်ရ။ ကျွန်မတို့ရှေ့မှာ သုံးမီတာလောက်မြင့်တဲ့ စည်းရိုးတခု။ အဲဒါကို ‘အစိမ်းရောင်နယ်ခြားစည်း’ လို့ ခေါ်တဲ့အကြောင်းက မွန်ဂိုလီးယားနဲ့ တရုတ်နယ်စပ်တလျှောက် စိုက်ထူထားတဲ့ အစိမ်းရောင် တိုင်လုံးတွေကြောင့် ခေါ်တာ။ မှောင်ခိုသမားနှစ်ယောက်က ကျွန်မတို့ကို တယောက်ပြီးတယောက် စည်းရိုးပေါ် ပင့်တင်ပေးကြ။ စည်းရိုးက အတော်မြင့်သား။ ဒါပေမဲ့ ကျွန်မ ကြောက်နေဖို့ အချိန် မရှိဘူး။ သံကြိုးကွင်းဆက်တွေပေါ် လှေကားလို နင်းတက်သွားလိုက်တာ မျောက်ကလေးတကောင် အတိုင်းပဲ။

စည်းရိုးတဖက်က မြေပေါ်ခြေချမိတဲ့အခါမှာလည်း ပျော်ဖို့ အချိန်ရှိတာမဟုတ်ဘူး။ ဘယ်အချိန် ပုလိပ် ရောက်လာမလဲလို့ တွေးပူနေရတာ။ စည်းရိုးတဖက်မှာ ကြောက်ကြောက်ရွံ့ရွံ့ဖြစ်နေတဲ့

မှောင်ခိုသမားနှစ်ယောက်ကြောင့်လည်း ကျွန်မ စိတ်ပိုပူမိတယ်။ သူတို့ အချိန်မဖြုန်းချင် ကြဘူးလေ။ သူတို့လည်း အဖမ်းခံရမှာ ကြောက်ကြတာကိုး။ ကျန်တဲ့ လူကြီးတွေအနေနဲ့ ခန္ဓာကိုယ်အလေးချိန် ကြီးမားတော့ စည်းရိုးပေါ် အတော်တက်ယူရတာ။ ကျွန်မတို့ တက်သုတ်ရိုက်ကြမှ ဖြစ်မယ်။ မွန်ဂိုလီးယားနယ်စပ်ရောက်ဖို့ အရေးကြီးတယ်။

"ကိုင်း ပြေးကြတော့။ တရုတ်ပြည်နဲ့ ဝေးနိုင်သမျှ ဝေးဝေးရောက်အောင် ပြေးကြတော့" လို့ မှောင်ခိုသမားတယောက်က တီးတိုးပြောပြီးတာနဲ့ အမှောင်ထဲမှာ သူ ပျောက်သွားရော။

အဲဒီကတည်းက ကျွန်မတို့ ကယောင်ချောက်ချားနဲ့ တပြေးတည်း ပြေးလာခဲ့ရတာ။ နောက်က ကျားလိုက်လာတဲ့အတိုင်းပဲ။ ကျွန်မရှေ့မှာ မြေကြီးက နိမ့်ချည် မြင့်ချည်နဲ့ လှိုင်းထနေသလို။ နောက်ပြန်လှည့်မကြည့်စတမ်း ကျွန်မတို့ ပြေးကြတာ။ မိုင်ချီဝေးတဲ့ မွန်ဂိုလီးယားနယ်စပ်ရောက်ဖို့ စပ်ကြားနယ်စပ်ကို ကျွန်မတို့ ဖြတ်ကျော်ကြရမယ်။ အဲဒီကိုမရောက်သေးခင် တရုတ်ပုလိပ်ဖမ်းတာ ခံရနိုင်တုန်းပဲ။

တနာရီတင်းတင်းလောက်ကြာအောင် ပြေးလာလိုက်ကြတာ အမောဆို့လာတဲ့အထိပါ။ ကျွန်မ စိတ်ထဲမှာ ခရီးပန်းတိုင်ရောက်ဖို့ တခုတည်းပဲ ဇောကပ်နေတယ်။ အသက်ကို ခက်ခက်ခဲခဲ ရှူနေရ။ တယောက်နဲ့ တယောက် စကား မပြောဖြစ်ကြဘူး။ ကျွန်မတို့ရောက်နေတာ သဲကန္တာရ အလယ်ကောင်မှာ။ ဒီလို မြေပြင်အနေအထားမျိုး ကျွန်မ မတွေ့ဖူးဘူး။ ကျွန်မတို့နောက်မှာ နေထွက်လာပြီ။ ဘာတခုမှ မတွေ့ရသေးဘူး။ ကျွန်မတို့ လမ်းမှားသွားနိုင်သလား။ မှောင်ခိုသမား တွေ ပြောတာကို ကျွန်မ သတိရလိုက်တယ်။

"ရှေ့တည့်တည့်ပြေး"

ဒါပေမဲ့ ကျွန်မတို့ပြေးနေတာ ရှေ့တည့်တည့်လား ဘာလားဆိုတာ ဘယ်လိုလုပ် သိနိုင်ပါ့မတုံး။ ဒီသဲကန္တာရထဲမှာ လမ်းမှမရှိတာ။

ကျွန်မတို့ မပြေးနိုင်တဲ့အခါ လမ်းလျှောက်ကြတယ်။ နောက်ဆုံး အမှောင်ထဲမှာ တစုံတခု တွေ့လိုက်ရ။ လူလုပ်ထားတဲ့ တစုံတခု။ အဲဒါ အုတ်ခုံပေါ် စိုက်ထားတဲ့ ဆိုင်းဘုတ်တခုပါ။ ကျွန်မတို့မြင်နိုင်တဲ့ ဆိုင်းဘုတ်ဘက်ခြမ်းမှာ သဘော်ဆေးနဲ့ ဖြစ်ကတတ်ဆန်း ရေးထားတဲ့ တရုတ်စာ။ 'ကျုံကူဝေါ်' တဲ့။ အဲဒါ 'တရုတ်ပြည်' ပေါ့။ တခြားဘက်ခြမ်းမှာ ရှုပ်ရှုပ်ထွေးထွေး ရေးထားတာတွေထဲက ကျွန်မ မှန်းဆကြည့်နိုင်တဲ့ စာလုံးတလုံးပဲ ပါတယ်။ ရာနှုန်းပြည့် သေချာတယ်လို့တော့ မပြောနိုင်ဘူး။ 'မွန်ဂိုလီးယား' ပဲ ဖြစ်ရမယ်လို့တော့ ကျွန်မထင်တယ်။ အို... ပျော်လိုက်တာ။ ကျွန်မတို့ လမ်းမှန် လိုက်ခဲ့တာပဲ။

တခြားလူတွေ စောင့်ရင်း ကျွန်မ အသက် အောင့်ထားလိုက်တယ်။

ကျွန်မမြင်တာ သူတို့ကို ပြလိုက်တယ်။ မွန်ဂိုလီးယားနယ်စပ်ကို မကျော်သေးသမျှ တရုတ်တွေ လက်ထဲမှာ ကျွန်မတို့ ကံကြမ္မာရှိနေတုန်းပဲ။ ဒါကြောင့် ကျွန်မတို့ အပြေးတက်ကြပြန်တယ်။

နောက်ဆုံးမှာ ကျွန်မတို့ကို စောင့်နေတဲ့အရာကို တွေ့တယ်။ ကျွန်မတို့ရှေ့မှာ စည်းရိုးတခု။ တရုတ်နယ်စပ်မှာ တွေ့ခဲ့တဲ့ စည်းရိုးနဲ့ စာရင် အတော်လေးတိုပြီး အခြေအနေလည်း ပိုဆိုးတယ်။ မှောင်ခိုသမားတွေပြောတာတနဲ့တော့ ကွက်တိပဲ။ ဒါဟာ မွန်ဂိုလီးယားနယ်စပ်ပဲ။ သံသယဖြစ်ဖို့ မလိုဘူး။ ကျွန်မတို့ ပန်းတိုင် ရောက်ပြီ။ တရုတ်စည်းရိုးလို မမြင့်တာ ဝမ်းသာမိတယ်။ ကျွန်မတို့ စည်းရိုးပေါ်ကို ပင့်ကူတွေလို တွယ်တက်ကြတယ်။

စည်းရိုးတဖက်ကိုရောက်တော့ စိတ်ထဲပေါ့ပါးသွားလိုက်တာ။ အခုမှပဲ အလုံးကြီး ကျသွားတော့တယ်။

မိနစ်ပိုင်းအတွင်း ကျန်တဲ့လူတွေပါ စည်းရိုးကို ကျော်လာခဲ့ကြပြီ။ တခြား အမျိုးသမီးသုံးယောက်က ကျွန်မတို့လက်တွေကိုဆွဲပြီး စက်ဝိုင်းပုံ ဖွဲ့လိုက်တယ်။ ပြီးတော့ ယေရှုခရစ်တော်ရဲ့ ကျေးဇူးတော်ကို အသံထွက်ပြီး ဂုဏ်တင်ကြတယ်။ ကျွန်မဘဝမှာ ဆုတောင်းဖူးတာ ဒါဟာ ပထမဆုံးအကြိမ်ပါ။

အဲဒီတုန်းမှာပဲ အလင်းရောင် ပျို့လာလို့ ခမ်းနားထည်ဝါလှတဲ့ သဲကန္တာရကြီးကို မြင်တွေ့ရတယ်။ မနက် ၅ နာရီရှိပြီ။ သဲတွေနဲ့ ကော်ဖီရောင် ကျောက်တုံးတွေပေါ် နေရောင်ခြည် ဖြာကျနေပြီ။ မိုးကုပ်စက်ဝိုင်းဆီမှာ ကျောက်တောင်တချို့ ပြိုးပြိုးပြောက်ပြောက် တွေ့ရ။ မြင်ရတဲ့ ရှုခင်းဟာ ခမ်းနားထည်ဝါမှုလည်း ရှိရဲ့၊ ရင်တုန်ပန်းတုန် ဖြစ်စရာလည်း ကောင်းရဲ့။

နောက်ပိုင်း ဆိုးလ်မှာ နေထိုင်စဉ်အတွင်း အွန်လိုင်းမှာ ရှာကြည့်တော့မှ အဲဒါ ဂိုဘီသဲကန္တာရလို့ ခေါ်မှန်း သိရတာ။ ကမ္ဘာပေါ်မှာ အခြောက်သွေ့ဆုံး သဲကန္တာရတခုတဲ့။ ဟိုတုန်းကတော့ အခုလို မသိ ခဲ့ဘူး။ ပထဝီဝင်အကြောင်း ကျွန်မ မသိဘူးလေ။

*

အခုလောလောဆယ်မှာ ကျွန်မတို့ရဲ့ ပထမဦးစားပေးက သဲကန္တာရထဲမှာ အသက်မသေဖို့ပဲ။ ကျွန်မတို့မှာ စားနပ်ရိက္ခာ မရှိဘူးလေ။ မှောင်ခိုသမားတွေက လူတယောက်ကို ရေတဘူးနဲ့ ဝက်အူချောင်း ပေးလိုက်တယ်။ ဒါက မလောက်မင ဖြစ်ပေမယ့် မကြာခင် ညှဉ့်ဝတ်ပျူငှာရှိတဲ့ မွန်ဂိုလီးယန်းတွေနဲ့ တွေ့တော့မှာမို့

ကိုယ်အလေးချိန်ကျသွားမှာ မပူပါနဲ့တဲ့။ ဒါပေမဲ့ ကျွန်မကတော့ မဟုတ်နိုင်လောက်ဘူးလို့ ထင်တယ်။ ကျွန်မတို့ ဘယ်ကိုသွားကြမလဲ။ စည်းရိုးတဖက်မှာ လမ်းတခု တွေ့လိုက်တာ ကံကောင်းတယ်။ နောက်ဆုံးတော့ ကျွန်မတို့ ခေတ်မီ လူ့အဖွဲ့အစည်းနဲ့ တွေ့လိုက်ရပြီ။ ဒီလမ်းအတိုင်း လိုက်သွားရုံပဲ။ ရွာနဲ့လူတွေ တွေ့ရဖို့ သေချာတယ်။

ဒါပေမဲ့ သုံးနာရီကြာအောင် လမ်းလျှောက်ပြီးတဲ့နောက် လူတယောက်မှ မတွေ့ရသေးဘူး။ ချစ်ချစ်တောက် ပူပြင်းတဲ့ နေရောင်အောက်မှာ လမ်းလျှောက်ရင်း သံသယဝင်စပြုလာတယ်။ ကျွန်မတို့လာတဲ့လမ်း လမ်းမှန်ဟုတ်ရဲ့လား။ ဟုတ်တယ်လို့ ကျွန်မက ထင်ပေမယ့် အမျိုးသမီး တချို့က ကျွန်မထင်သလို မထင်ဘဲ နောက်ကြောင်းပြန်လှည့်ချင်နေကြတယ်။ အဲဒီအခိုက်အတန့်မှာ ကျွန်မစိတ်က ရှေ့တည့်တည့် ဆက်လျှောက်ဖို့ ကျွန်မကို ပြောနေတယ်။ ဒါနဲ့ ကျွန်မက တခြားအမျိုးသမီးတွေကို ရှေ့ဆက်လျှောက်ပြီး အခြေအနေ ကြည့်လိုက်ဦးမယ်လို့ ပြောလိုက်တယ်။

ကျွန်မ ရှေ့ဆက်လျှောက်လိုက်တော့ တဲတလုံးလိုလိုဟာကို တွေ့ရတယ်။ ဒီအကြောင်းကို နောက်ကြောင်း ပြန်လှည့်ပြီး သတင်းပေးမယ်လို့ ဟန်ပြင်နေတုန်းမှာ ယူနီဖောင်းဝတ်ထားတဲ့ လူနှစ်ယောက် မြင်းကိုယ်စီနဲ့ ပေါ်လာပါရော။ သူတို့စီးလာတဲ့ မြင်းတွေကြည့်ပြီး ကျွန်မ သံသယ မဖြစ်တော့ဘူး။ ကျွန်မတို့ မွန်ဂိုလီးယားကို ရောက်နေကြပြီ။ ဒီတိုင်းပြည်အကြောင်း သိပ်မသိပေမယ့် ဒီတိုင်းပြည်မှာ မြက်ခင်းလွင်ပြင်တွေ၊ ဂျင်ဂစ်ခန် ခေါင်းဆောင်မှုအောက်မှာ တရုတ်ပြည်ကို အောင်နိုင်ခဲ့တဲ့ မြင်းစီးစစ်သည်တော်တွေရှိတာ ကျွန်မ သိတယ်။ သူတို့ကို တရုတ်တွေကတောင် ကြောက်ကြတာ။ တရုတ်ပြည်မှာ မြင်းစီးနယ်စပ်အစောင့်တွေ မတွေ့ဖူးဘူး။ ကျွန်မ မွန်ဂိုလီးယား ရောက်နေတာ သေချာပြီ။ လူတွေက သူတို့စီးလာတဲ့မြင်းတွေ ထွားသလောက် ကို ထွားကြတယ်။ ချစ်ချစ်တောက်ပူပြင်းတဲ့ နွေရာသီများမှ - 30°C (–20°F ထက်နည်းတယ်) ရှိတဲ့ ဆောင်းရာသီတွေအထိ ကြမ်းတမ်းတဲ့ရာသီဥတုဒဏ်ကို ကြံ့ကြံ့ခံခဲ့သူတွေဖြစ်တာ သူတို့ကိုကြည့်ရုံနဲ့ သိသာတယ်။

သူတို့နှစ်ယောက်က ကျွန်မကို အဝေးကြီးကတည်းက လှမ်းမြင်ခဲ့တာ ဖြစ်ရမယ်။ ကျွန်မတို့ လူစုလေး ရှိရာကို သူတို့ ကဆုန်စိုင်းပြီး ရောက်လာကြတယ်။ သေချာပြီ။ သူတို့ဟာ မွန်ဂိုလီးယား စစ်သားတွေ။ ရန်လိုတဲ့လူတွေ ဟုတ်ပုံမရပေမယ့် တွေ့တွေ့ချင်း သိပ်တော့ အဆင်မချောဘူး။ ကျွန်မတို့ကိုယ်တွေပေါ် ကြမ်းကြမ်းတမ်းတမ်း ရှာဖွေရေး လုပ်ကြတယ်။ ပိုက်ဆံများ တွေ့မလားလို့ ရှာကြတာလေ။ ပိုက်ဆံတပြားတချပ်မှ မတွေ့တော့ စစ်သားတယောက်က “နင်တို့ ပိုက်ဆံတွေ အကုန်ပေး။ မပေးရင်

တရုတ်အစောင့်တွေဆီ ပြန်ပို့မယ်” လို့ ခြိမ်းခြောက်တော့တာပဲ။

သူတို့စကားကို ကျွန်မ မယုံတာတောင်မှ စိတ်တော့ ပူလိုက်မိသေးတယ်ရှင့်။ ကျွန်မတို့အပေါ် သူတို့ နှစ်ပေါက် တစ်ပေါက်များ ရိုက်လို့ ရမလားလို့ သွေးတိုးစမ်းကြည့်ကြတာပါ။ မှောင်ခိုသမားတွေ ပြောထားခဲ့တဲ့ စကားတခုလည်း ရှိတယ်။ မြောက်ကိုရီးယားတွေကို ပြန်ပို့ပေးဖို့ တရုတ်နဲ့ မွန်ဂိုလီးယား စာချုပ် ချုပ်မထားဘူးတဲ့။ ကျွန်မတို့ မြောက်ကိုရီးယား ငါးယောက်ကို တရုတ်နယ်စပ် အစောင့်တွေက ဘာလုပ်ရမှာလဲ။ သူတို့မှာ ‘အစိမ်းရောင် နယ်ခြားစည်း’ ကို စောင့်နေရတာနဲ့ပဲ ပင်ပန်းလှပြီ။ ကျွန်မတို့အတွက် ကြောင့်ကြစိုက်ချင်ကြမယ် မဟုတ်ဘူး။ ဒီမွန်ဂိုလီးယားစစ်သားတွေ ဖြီးလုံးလှန့်လုံးတွေ လုပ်နေတာ။ ဒါပေမဲ့ အခြေအနေကို ထိန်းချုပ်လို့ရအောင် လုပ်လိုက်တာက တော့ ကျွန်မတို့နဲ့အတူလာတဲ့ အမျိုးသမီး သုံးယောက်ပါ။

ဒီအမျိုးသမီးသုံးယောက်က မွန်ဂိုလီးယား မြင်းစီးစစ်သားနှစ်ယောက်ကို မြှောက်ပင့်ပြောပြီး သူတို့မှာ ပါလာတဲ့ ကော့စမက်တစ်ပစ္စည်းတွေ ပေးကြတယ်လေ။ စုတ်ချာချာ စစ်သားနှစ်ယောက်ရဲ့ အသားအရေတွေ နေလောင်ပြီး လက်တွေ အက်ကွဲနေတာ တွေ့တာကိုး။ ကိုရီးယားမှာ အရေ၏ ကောင်းခြင်းဟာ မိန်းမတယောက်ရဲ့အလှမှာ မရှိမဖြစ်ပဲ။ တရုတ်ပြည်မှာ အလုပ်လုပ်လို့ ပိုက်ဆံ နည်းနည်းလောက်ရလိုက်တာနဲ့ ကျွန်မတို့ အရေပြားလိမ်းဖို့ ကော့စမက်တစ်တွေ ဝယ်ကြတော့တာ။ ဒါပေမဲ့ အဲဒါတွေကို သဲကန္တာရခရီးမှာ သယ်လာဖို့တော့ စိတ်ကူးမထည့်မိပေါင်။

စစ်သားတွေက ကျွန်မတို့ကို အခန်းထဲမှာ ထည့်ပိတ်ထားတာ တနေ့လုံးပဲ ပြောပါတော့။ ညကျတော့ စစ်ကားတစီး ရောက်လာပြီး ကျွန်မတို့ကို စစ်စခန်းတခုဆီ တင်ခေါ်သွားတယ်။ စစ်စခန်းတွေက လည်း သဲကန္တာရထဲမှာပဲ။ ကျွန်မတို့ကို မြေအောက်ခန်းတခုထဲမှာ ထည့်ဝှက်ထားကြပြန်ရော။

မြေအောက်ခန်းထဲမှာ အမျိုးသမီးတွေ၊ ကလေးတွေ၊ သက်ကြီးရွယ်အိုတွေ တွေ့ရ။ ကျွန်မတို့ အပါအဝင် မြောက်ကိုရီးယား ၁၈ ယောက်ပေါ့။ ရက်ပိုင်းအတွင်းကမှ သဲကန္တာရကို ဖြတ်ကျော်ဖို့ ကြိုးစားခဲ့သူတွေ။ ကျွန်မတို့ အထီးကျန် အဖော်မဲ့ မဟုတ်တော့ဘူး။ လွတ်လပ်မှု ရှာဖွေဖို့ ကြိုးစားနေတဲ့ ဒုက္ခသည်အစုလေးထဲက အစိတ်အပိုင်းတခု ဖြစ်နေပြီ။ ကျွန်မတို့ အဖမ်းခံနေရတယ် ဆိုရင်တောင် ဒီအစုလေးထဲက အစိတ်အပိုင်းတခု ဖြစ်နေရတဲ့အတွက် အလွန်အကျွံကြီး စိတ်မပူမိ တော့ဘူး။

*

အဲဒီမှာ ကျွန်မတို့ သီတင်းနှစ်ပတ်ကြာ နေရတယ်။ စားရတာကတော့

အနံ့ဆိုးတဲ့ ဟင်းချိုနဲ့ မွှန်ဂိုလီးယားတွေ သိပ်ကြိုက်ပေမယ့် ကျွန်မမုန်းတဲ့ ဒိန်ချဉ်ပဲရှိတယ်။ ကင်ချီကို သတိရလိုက်တာ။ အခုလို တခါမှ သတိမရဖူးဘူး။ ကင်ချီနဲ့ ရက်ပိုင်းလောက်ထက်ပိုပြီး ကင်းကွာနေနိုင်တဲ့ ကိုရီးယား လူမျိုး မရှိဘူး။ အရသာပြင်းလွန်းလို့ ကင်ချီကြိုက်တဲ့ နိုင်ငံခြားသားရယ်လို့ ခပ်ရှားရှားရယ်။ ဒါပေမဲ့ ကိုရီးယားတွေအဖို့ကတော့ ကင်ချီ မပါရင် ထမင်းစားရတာ အရသာ ရှော်ရွှတ်ရွှတ်ဖြစ်နေရော။ ကင်ချီက ဆေးစွဲသလို စွဲတယ်ရှင့်။ ဒီသဲကန္တာရအလယ်မှာ ကျွန်မလေ မျိုးရိုးဇာတိ ပြနေလိုက်တာ။

*

တနေ့မှာ ကျွန်မတို့ဆီ အစောင့်တွေရောက်လာပြီး ကျွန်မတို့ကို ဥလန်ဘာတာမြို့တော်ဆီ စစ်ကားတစီးပေါ် တင်ခေါ်သွားတယ်။ လမ်းမှာ ကုလားအုတ်တန်းတွေ ဖြတ်သန်းလာခဲ့ရ။ ဒီ ထူးဆန်းတဲ့ သတ္တဝါတွေကို ကျွန်မ မြင်ဖူးတာ ပထမဆုံးအကြိမ်ပါ။ ကျွန်မတို့ ဘယ်ရောက်လို့ ရောက်နေကြမှန်း ဘယ်သူမှ မသိကြဘူး။ ဒီခရီးအဆုံးအထိ အသက်ရှင်မှ ရှင်ပါ့မလားလို့လည်း ဘယ်သူမှ မသိကြဘူး။ ကံကောင်းထောက်မလို့ ဒီသဲကန္တာရထဲမှာ မော်တော်ယာဉ်တွေ မြင်ရစ ပြုလာတယ်။ ကျွန်မ မျှော်လင့်ချက် မြင့်တက်လာနေပြီ။ ကျွန်မတို့ ဦးတည်သွားနေတာ ယဉ်ကျေးမှု ဆီကို ဖြစ်ပုံရတယ်။ မြက်ခင်းလွင်ပြင်ထဲမှာ ရှိနေတာထက် ပိုကောင်းတာပေါ့။ တရုတ်ပြည်မှာ နေခဲ့ရတုန်းက မြို့ပြဘဝအရသာကို သိပြီး ကျွန်မ မြို့သူလေးဖြစ်ခဲ့တာပေါ့။

ဥလန်ဘာတာကို ရောက်တဲ့အခါ ကျွန်မမျက်စိကိုတောင် မယုံနိုင်ဘူး။ စကြံတွေက အက်ကွဲလို့။ အိမ်တွေက စုတ်တီးစုတ်ပြတ်။ မိုးမျှော်တိုက်ဆိုလို့ တလုံးမှ မတွေ့ရဘူး။ မြင်မြင်သမျှ ညစ်ညစ်ပတ်ပတ်၊ စုတ်စုတ်ပြတ်ပြတ်တွေချည်းပဲ။ ဒီလိုနေရာမျိုးဟာ မြို့တော် မဖြစ်နိုင်။ တရုတ် ပြည်မှာ နေဖူးခဲ့တဲ့ ကျွန်မအဖို့ ဒီလို အိုမင်းဟောင်းနွမ်းနေတဲ့ မြို့တမြို့ကို မြင်ရတာ ဩမချဘဲ နေပါ့မလား။ ဒါပေမဲ့ ဒီကျိုးပဲ့ပျက်စီးနေတဲ့ ဆိုဗီယက်စတိုင်မြို့မှာ ကွန်းခိုရာကို ကျွန်မတို့ ရှာရမှာလေ။

သူတို့က ကျွန်မတို့ကို လွှတ်မပေးသေးဘူး။ စစ်တပ်အခြေစိုက် စခန်းကြီးတခုဆီ ကျွန်မတို့ကို ပို့လိုက်တော့ အဲဒီမှာ ထိန်းသိမ်းထားတဲ့ တခြား မြောက်ကိုရီးယား ၇၀ ကို တွေ့ရတယ်။

အံ့အားသင့်စရာရှင့်။ ကျွန်မတို့ ကင်ချီစားရပြီ။ စားသောက်ဆိုင် မှာ တောင်ကိုရီးယားသံရုံးက ကုန်ပစ္စည်းတွေ ဖြည့်တင်းပေးထားတယ်။ ကျွန်မတို့ စွန့်ပစ်ခံရသူတွေလို ကိုယ့်ကိုယ်ကို မထင်တော့ဘူး။ ဥလန်ဘာတာမှာ မြောက်ကိုရီးယားသံရုံး ပါရှိတာကြောင့် ကျွန်မတို့ ဒီတံတိုင်း မြင့်မြင့်ကြီးတွေနောက်မှာ ရှိနေတာ လုံခြုံတာပေါ့ရှင့်။ တောင်ကိုရီးယားသံရုံး

တံတိုင်းအပြင်ဘက် မှာ မြောက်ကိုရီးယားအေးဂျင့်တွေက ကျွန်မ တို့ကို 'ကုတ်' သွားနိုင်တယ်။

*

သုံးရက်စောင့်ဆိုင်းပြီးတဲ့နောက် ကျွန်မကို တောင်ကိုရီးယား အရာရှိတယောက်က စစ်ကြောရေး ဝင်တယ်။ ကျွန်မ ကြောက်နေပေမယ့် ဘေးမှာ အမေရှိနေလို့ တော်သေးရဲ့။ မေးသမျှ မေးခွန်း အားလုံးကို ကျွန်မ ဂရုတစိုက် ဖြေပါတယ်။ သူတို့ကလည်း အကုန်လုံး သိချင်နေတော့တာ။ ကျွန်မ ဘယ်ကလာတာလဲ။ ဒီကို ဘယ်လိုရောက်လာတာလဲ။ ဘေးမှာ ထိုင်နေတဲ့ အမျိုးသမီးကြီးက အမေအရင်း ဟုတ်ရဲ့လား။ အို... စုံနေတာပဲ။ ဒီမေးခွန်းတွေမေးတာ သဘာဝကျပါတယ်။ တောင်ကိုရီးယားက တိုင်းပြည်ထဲ စိမ့်ဝင်လာမယ့် မြောက်ပိုင်းသူလျှိုတွေကို အမြဲတမ်း သတိထား နေမှ တော်ကာကျတာ။ တိုင်းပြည်နှစ်ခုက ဥပဒေသတ်မှတ်ချက်အရ အခုထိ စစ်ဖြစ်နေကြတုန်း။ သံတမန်တွေကလည်း စီးပွားရေးဖွံ့ဖြိုးတဲ့ တောင်ကိုရီးယားကို လာချင်လို့ ပြည်ပြေးဟန်ဆောင်ကြ တဲ့ တရုတ်နိုင်ငံသား ကိုရီးယားတွေကို သတိနဲ့ စောင့်ကြည့်နေရတာပဲ။

တလလောက်ကြာအောင် ကျွန်မတို့ကို အထပ်ထပ် အခါခါ အသေးစိတ် မေးမြန်းကြတယ်။

ဒီအချိန်အတွင်းမှာ တခြား ထွက်ပြေးလာသူတွေလည်း ကျွန်မတို့နဲ့ ဖြတ်သန်းလာခဲ့ရပုံချင်း အတူတူ ဖြစ်ပေမယ့် သူတို့နဲ့စာရင် ကျွန်မတို့က ပိုပြီး ကံကောင်းတယ်ဆိုတာ သိလိုက်ရတယ်။ သဲကန္တာရ ထဲမှာ ရေငတ်လွန်းလို့ ကိုယ့်ကျင်ငယ်ရေ ကိုယ်ပြန်သောက်ရတဲ့ လူတယောက်နဲ့ ကျွန်မ သိရတယ်။ သူနဲ့အတူပါလာတဲ့ အမျိုးသမီးနှစ်ယောက်လည်း သဲကန္တာရထဲမှာ ပျောက်သွားခဲ့တယ်တဲ့။

ကျန်းမာရေး အလျင်အမြန် ဆိုးဝါးလာနေတဲ့ ဒီလူကို ကျွန်မ ဘယ်တော့မှ မေ့မှာမဟုတ်ဘူး။ သူ့အသက်က ၅၀ ကျော်လောက်ရှိပြီ။ အကြိမ်ကြိမ် ထွက်ပြေးဖို့ ကြိုးစားခဲ့ဖူးတယ်။ မြောက်ကိုရီးယားကို ပြန်ပို့ခံရပြီး နှိပ်စက်ခံရတာချည်းပဲ။ အခုတခေါက်မှာ သူ သိပ်ကို အားနည်း ချည့်နဲ့နေပြီ။ ဆီးချိုရောဂါလည်း ရနေပြီ။

နေသာတဲ့တနေ့မှာ သူ လေဖြတ်သလို ဖြစ်သွားတယ်။ ဆန့်ငင် ဆန့်ငင်ဖြစ်ပြီး ပါးစပ်ကလည်း အမြှုပ်တွေ ထွက်လို့။ ကျွန်မ ကြောက်လိုက်တာ။ ဒီမှာ ဆေးဝါးကလည်း မရှိ။ နာရီဝက်လောက် အကြာမှာ သူ သေသွားရော။ ကျွန်မတို့လူစု အတော် စိတ်ခုတ်ကျသွားတယ်။ သူ့အလောင်းကို ကျွန်မတို့ မွေးရပ်မြေ ကိုရီးယားမှာ သင်္ဂြိုဟ်ဖို့ သံတမန်တွေကို တောင်းတောင်းပန်ပန်

ပြောပေမယ့် လေကုန်တာပဲ အဖတ်တင်တယ်။ ယနေ့အထိ သူ့အလောင်းဟာ မွန်ဂိုလီးယားမှာပဲ ရှိနေသေးတယ်။

တလလောက်ကြာတော့ စစ်ကြောရေးလုပ်တာတွေ ရပ်သွားပြီး ကျွန်မတို့ကို မြို့ဆင်ခြေဖုံးက အခန်းတခုဆီ ပြောင်းပို့လိုက်တယ်။ နွေရာသီဖြစ်လို့ မွန်ဂိုလီးယား ဆောင်းဒဏ်ကို မခံရတော့ဘူး။ စခန်းအသစ်မှာ နေရထိုင်ရတာ ပိုပြီး သက်သောင့်သက်သာ ရှိတယ်။ ကျွန်မတို့ အားလုံးပေါင်းမှ လူလေးယောက်ပဲ ရှိပြီး အခန်းတခန်းထဲမှာ နေရ။ အပြင်ဘက်မှာ မြက်ခင်းလွင်ပြင်။ ကျွန်မတို့ အဲဒီမှာ ဘောလုံးကစားကြတယ်။

ဒီမှာနေရတာ ခရီးရှည်ကြီးရဲ့နောက်ဆုံးအဆင့်ပဲ။ အပတ်စဉ် ကားတစီး ရောက်လာပြီး ပြည်ပြေးတွေ ကို တအုပ်စုပြီး တအုပ်စု တင်ခေါ်သွားတယ်။

သီတင်းပတ် အနည်းငယ်ကြာအောင် လုပ်ငန်းရပ်ဆိုင်းထားလို့ ကျွန်မတို့အလှည့် နောက်ကျနေပြီ။ နောက်ဆုံးအချိန်ရောက်မှ ပြဿနာ တခုခု ပေါ်လာမှာ ကျွန်မတို့တွေးပြီး စိတ်ပူနေကြတယ်။ ဒါပေမဲ့ နောက်ကျတာက တောင်ကိုရီးယား သမ္မတ ရိုမူးဟွန် မွန်ဂိုလီးယားကို လာမှာကြောင့်ပါတဲ့။ တောင်ကိုရီးယား သံတမန်တွေ အလုပ်ရှုပ်နေကြတယ် ထင်ပါရဲ့။

နောက်ထပ် နှစ်လလောက် စောင့်ပြီးတဲ့အခါ ကျွန်မတို့ ပြန်ဖို့ အလှည့်ကျလာပြီ။ မြို့ကနေ မိုင် ၂၀ လောက် ဝေးတဲ့ ဂျင်ဂစ်ခန် နိုင်ငံတကာ လေဆိပ်ကတဆင့် ပြန်ရမှာ။ ကျွန်မတော့ မွန်ဂိုလီးယားကို အတော် စိတ်ကုန်နေပြီ။ ရာသီဥတုက အတော့်ကို အပြောင်းအလဲ မြန်တာပဲ။ နွေရာသီကုန်ရုံလေးမှာ အေးနေလှပြီ။ ကျွန်မတို့ကို မွန်ဂိုလီးယားနယ်စပ်ဆီ ခေါ်လာခဲ့တဲ့ မှောင်ခိုသမားတွေက ဆိုးလ်ကို ရက် ၄၀ အတွင်း ရောက်ဖို့ ကတိပေးခဲ့ပေမယ့် အခုပဲ လေးလ ရှိနေပြီ။

ကျွန်မတို့ခရီးက မဆုံးသေးဘူး။ လေဆိပ်ရောက်တော့ ဘာမပြော ညာမပြောနဲ့ ကျွန်မတို့ကို အားကစားရုံကြီးတခုထဲ ထည့်ထားတာ သီတင်းနှစ်ပတ်ကြာတယ်။ မနက်ခင်းတခုမှာ အရာရှိတွေက ကျွန်မဓာတ်ပုံ၊ ကျွန်မအမည်နဲ့ စာမျက်နှာတွေပေါ် တံဆိပ်တုံးနှိပ်ထားတဲ့ အစိမ်းရောင် စာအုပ်လေး တအုပ် ကျွန်မကို ပေးတယ်။ အဲဒီတုန်းက အဲဒါကို နိုင်ငံကူးလက်မှတ်မှန်း ကျွန်မ မသိခဲ့ဘူး။ နောက်ပိုင်းမှ သိတာ။

ကျွန်မတို့ကို လေဆိပ်ခေါ်သွားပြီး လေယာဉ်ကြီးတစီးပေါ် တင်ပေးလိုက်ကြတယ်။ လေယာဉ် စီးနေတုန်း ဘယ်သူ့ကိုမှ စကားမပြောရဘူးလို့ မှာလိုက်တယ်။

ကျွန်မ လေယာဉ်တခါမှ မစီးဖူးခဲ့ဘူး။ စီးဖူးလိုက်တဲ့အခါမှာတော့ လေယာဉ်စီးရတာ မဆိုးပါလားလို့ အောက်မေ့လိုက်တယ်။ လေယာဉ်တက်တော့ ပြတင်းပေါက်ကနေ အောက်ကို ကြည့်တဲ့အခါ လေဆိပ်က တဖြည်းဖြည်းသေးသွားပြီး နောက်ဆုံး ပျောက်သွားရော။

ကျွန်မတို့ လုံခြုံပြီလို့ ခံစားလိုက်ရတာ အဲဒီတော့မှပါ။ စိတ်ထဲမှာ ပေါ့ပါးသွားလိုက်တာ။ မွန်ဂိုလီးယားမှာတုန်းက ဘာများဖြစ်မလဲလို့ တွေးပူခဲ့ရ။ အခု လေယာဉ်ပေါ်မှာ တောင်ကိုရီးယား အာဏာပိုင်တွေရဲ့ စောင့်ရှောက်မှုအောက် ရောက်နေကြပြီ။

လေယာဉ်ထဲမှာ ခရီးသည် အပြည့်မပါဘူး။ သုံးနာရီကြာ ပျံသန်းချိန်အတွင်း ချောချောမောမောပါပဲ။ ကျွန်မတို့ကို နေ့လယ်စာတောင် ကျွေးလိုက်သေးရဲ့။ ကျွန်မတို့ကို မြောက်ကိုရီးယား ပြည်ပြေးတွေ မှန်း ကျန်ခရီးသည်တွေက မသိကြဘူး။

လေယာဉ်ဆင်းစပြုပြီ။ နားထဲမှာ ဆူညံနေလိုက်တာ။ တောင်ကိုရီးယား နိုင်ငံတကာလေဆိပ်ဖြစ်တဲ့ အင်ချွန်းကို မကြာခင် ရောက်တော့မယ်လို့ လေယာဉ်မှူးက ကြေညာတယ်။ ပြတင်းပေါက် အပြင်ဘက်ကို ကြည့်လိုက်တော့ ပင်လယ်ပြင်ကြီးတွေ့ရ။ စက်တင်ဘာအတွင်းဖြစ်လို့ နေရောင်ခြည် ထွန်းလင်းတောက်ပနေတယ်။ ကျွန်မ သုခဘုံရောက်ပြီ လို့ တွေးလိုက်မိ။

* * *

[၁၅]

လေယာဉ်ဘီးနဲ့ မြေပြင်အထိမှာ လေယာဉ်ကြီး တုန်ခါသွားတယ်။ ကျွန်မခေါင်းထဲမှာ အတွေးပေါင်း သောင်းခြောက်ထောင်နဲ့။ လေယာဉ်မှူးက ကျွန်မတို့ကို တောင်ကိုရီးယားမှ ကြိုဆိုပါတယ်လို့ အသံချဲ့စက်ကနေ ပြောနေတယ်။

တောင်ကိုရီးယားမြေပေါ် လေယာဉ်ဆိုက်ရောက်ချိန်မှာ ကျွန်မတို့ ပျော်ရွှင်မိတဲ့အကြောင်း ပြည့်ပြည့်ပြေး အချင်းချင်း ပြောကြတာပေါ့။ ဒါပေမဲ့ ကျွန်မအဖို့တော့ ရှုပ်ထွေးတဲ့ ခံစားချက်တွေ ရင်ထဲမှာ အပြည့်ပါ။ တဖက်ကြည့်တော့လည်း စိတ်ထဲပေါ့ပါးသွားသလိုလို။ နှစ်ပေါင်းများစွာ ဒုက္ခသုက္ခတွေနဲ့ ရင်ဆိုင်ခဲ့ရပြီးနောက် ကျွန်မတို့ကို တရုတ်ပုလိပ်တွေ ဖမ်းပြီး မြောက်ကိုရီးယား ထောင်ထဲ ပြန်မထည့်နိုင်တော့ဘူးလို့ ကျွန်မတို့ သိလိုက်တယ်။ ဒါပေမဲ့ အခြားတဖက်က ကြည့်ပြန်တော့လည်း ဒီတိုင်းပြည်အသစ်မှာ ဆွေမရှိ မျိုးမရှိနဲ့ ကျွန်မတို့ ဘယ်လိုနေထိုင် လုပ်ကိုင်စားသောက်ရမယ်ဆိုတာ သိကြတာ မဟုတ်ဘူး။

လေယာဉ်ရပ်သွားချိန်မှာ ခရီးသည်တွေ တန်းစီဆင်းကြတယ်။ ကျွန်မတို့ အစုကလေးက တော့ ညွှန်ကြားထားတဲ့အတိုင်း ထိုင်မြဲထိုင်လျက်ပဲ။ ခရီးသည်တွေ ကုန်သွားချိန်မှာ ကျွန်မတို့ လေယာဉ်ပေါ်က ဆင်းကြတယ်။ ပြေးလမ်းပေါ်မှာ ကားတစီးက ကျွန်မတို့ကို စောင့်လို့။ ကားက ကျွန်မတို့ကို ခေါ်ဆောင်သွားလိုက်တာ လေဆိပ်အတွင်းပိုင်းကိုတောင် မမြင်ခဲ့ရဘူး။

ကျွန်မရဲ့တိုင်းပြည်သစ်ကို ကားပြတင်းပေါက်ကနေ ကြည့်လိုက်လာတာ မျက်လုံးတွေ ကျွတ်ကျတော့မလား မှတ်ရ။ သန့်ရှင်းတာကတော့ အံ့သြစရာ ကောင်းလောက်အောင်ပဲ။ အထပ်တွေ အများကြီးပါတဲ့ အဆောက်အအုံတွေ၊ လမ်းတွေ ထပ်တွေ့လာရတယ်။ တရုတ်ပြည်မှာ တုန်းက ရှန်ဟိုင်းလို မြို့ကြီးတွေနဲ့ ကျွန်မ ယဉ်ပါးခဲ့ဖူးပါရဲ့။ ပထမဆုံး စိတ် အနေမကျမှု ဖြစ်ရတာကတော့ ကျေးလက်ပိုင်းကနေ ဒါလျံကို တိုက်ရိုက် ရောက်သွားတုန်းကပါ။ အထူးသဖြင့် ကုန်တိုက်မှာ ပထမဆုံး ဈေးဝယ်ဖူးတာကို သတိရနေတုန်းပဲ။ အရင်က မြင်ခဲ့ဖူးတဲ့ ကုန်ပစ္စည်း အမျိုးအစားတွေထက် ကုန်တိုက်ထဲမှာ တနာရီအတွင်း တွေ့ရတဲ့ ကုန်ပစ္စည်းအမျိုးအစားတွေက ပိုများတယ်။ ကုန်တိုက်ကြီးထဲမှာ နာရီပိုင်းလောက် လှည့်ပတ်ကြည့်ရှုပြီးတဲ့နောက် ကျွန်မတို့ သောက်ရေသန့်တဘူး ဝယ်ပြီး ပြန်ထွက်လာကြတာ။ ကျွန်မတို့ တတ်နိုင်တာ ဝယ်တာပဲလေ။

*

တောင်ကိုရီးယားမှာ ကျွန်မတို့ကို တင်ခေါ်လာတဲ့ ကားက

အဆောက်အအုံတခု ရှေ့မှာ ရပ်လိုက်တယ်။ အဆောက်အအုံကို အုတ်တံတိုင်း ခတ်ထားပြီး အုတ်တံတိုင်းပေါ်မှာ သံဆူးကြိုးတွေ တင်လို့။ ကျွန်မတို့အားလုံး ကားပေါ်က တန်းစီဆင်းကြ။ ယူနီဖောင်းဝတ်ထားတဲ့ လူတယောက်က ကျွန်မတို့ရဲ့ စာရွက်စာတမ်းတွေကို စစ်ဆေးပြီး အဝတ်အစား၊ သွားပွတ်တံ တချောင်းနဲ့ သွားတိုက်ဆေး ပေးတယ်။ ကျွန်မက အခန်းတခန်းထဲမှာ တခြား အမျိုးသမီးငါးယောက်နဲ့အတူ နေရတယ်။ မွန်ဂိုလီးယားမှာ နေခဲ့ရတဲ့ အခန်းနဲ့စာရင် အခုအခန်းက ပိုပြီး ဖိမ်ကျတာပေါ့။ ကျွန်မ စိတ်အေးလက်အေး ဖြစ်သွားလိုက်တာ။ ဒီမှာနေတဲ့ ခြောက်ရက်အတွင်း ကျွန်မ စစ်မေးခံရမယ်။ ဒါဟာ ကျွန်မရဲ့ အနာဂတ်ကို ဆုံးဖြတ်မယ့် နောက်ဆုံး စစ်ဆေးမှုပါ။ ကျွန်မ အောင်ရင် တောင်ကိုရီးယားနိုင်ငံသားဖြစ်ပြီပေါ့။

*

အဲဒီနေ့ကို ရောက်လာပြီ။ ကျွန်မ အလှည့်ရောက်တော့ အစောင့်တွေက ကျွန်မကို အမေနဲ့ ခွဲထုတ်ပြီး အခန်းလေးတခန်းထဲ သွင်းလိုက်တယ်။ စစ်မေးနေတုန်းမှာ ကျွန်မ ကမ္ဘာကြီးနဲ့ အဆက်အသွယ် ပြတ်လို့။ အခန်းထဲမှာရှိတဲ့ ပြတင်းပေါက်လေးတခုကနေပြီး နေရောင်ခြည် ဝင်တယ်။ အဲဒီကနေပြီး လမ်းပေါ်ကို နည်းနည်းမြင်ရတယ်။ ငြိမ်းငွေ့မှု ဖြေဖျောက်တဲ့အနေနဲ့ မျက်နှာကို မှန်နဲ့ကပ်ပြီး လမ်းသွားလမ်းလာတွေကို ကြည့်တယ်။ သူတို့လိုပဲ ကျွန်မ လွတ်လပ်ချင်လိုက်တာ။ ဒီအထဲမှာတော့ ကျွန်မဟာ အကျဉ်းသားတယောက်လိုပဲ။ အချိန်ကုန်အောင် အိပ်ပစ်လိုက်တာလည်း မနည်းဘူး။

အဲဒီနောက် နေ့တိုင်း စစ်မေးနေလိုက်တာ ဆုံးနိုင်တော့မယ်တောင် မထင်ဘူး။ ကိုရီးယား အမျိုးသား ထောက်လှမ်းရေးက စစ်မေးတာ။ သူတို့ ရည်ရွယ်ချက်ကလား။ ကျွန်မကို တောင်ကိုရီးယားထဲ စိမ့်ဝင်လာတဲ့ မြောက်ကိုရီးယားသူလျှို ဟုတ် မဟုတ် သိရအောင်လို့ပေါ့။

အွန်ဒီအုတ်မှာနေခဲ့တဲ့ ကျွန်မဘဝအကြောင်းကို အသေးစိတ် ပြောပြရတယ်။ နေ့စွဲတွေ၊ လိပ်စာတွေ၊ နာမည်တွေကိုတော့ မမှတ်မိတော့ဘူး။ နေ့တိုင်းပဲ စစ်မေးနေလိုက်ကြတာ။ တချို့အချက်အလက် တွေလည်း ရောထွေးကုန်တာပေါ့။ စစ်မေးသူက ယဉ်ကျေးပေမယ့် သူမေးပုံက တွန်းတွန်းထိုးထိုးကြီး ရှင့်။

“မင်းပြောတာ မင်းအမေပြောတာနဲ့ မတူပါလား”

တပြိုင်နက်တည်းမှာ အမေပါ စစ်မေးခံနေရပေမယ့် ကျွန်မကတော့ မမြင်ရဘူးပေါ့။

"သူက မင်းအမေအရင်း ဟုတ်ရဲ့လား" ကျွန်မ အသက်အောင့်ထားလိုက်တယ်။

"တရုတ်ပြည်မှာတုန်းက မင်းနဲ့ သက်တူရွယ်တူတွေလို ခန္ဓာကိုယ်နဲ့ ရင်းပြီး ပိုက်ဆံရှာခဲ့သေးလား"

ကျွန်မရင်ထဲ နင့်သွားလိုက်တာ စကားတောင် ပြန်မပြောနိုင်ဘူး။ အမေနဲ့ ကျွန်မ လူချင်းမကွဲခင် မောင်လေးအကြောင်းကို အသေးစိတ် ပြောမပြဖို့ သဘောတူထားခဲ့ကြတယ်။ အမေက ဒီအကြောင်း မပြောချင်ဘူး။ ရှက်တယ်။ ဒါပေမဲ့ နောက်နှစ်ရက်အကြာမှ စစ်မေးသူက မောင်လေးအကြောင်းကို သူတို့သိထားပြီးသားလို့ ပြောပါလေရော။ အဲဒီတော့ ကျွန်မတို့သားအမိ မောင်လေးအကြောင်းကို ထိမ်ချန်ထားလို့ မဖြစ်တော့ဘူး။

ဒီကိစ္စက ကျွန်မတို့အတွက် သိပ်အကြောင်း မဟုတ်လှဘူးလို့ ထင်တယ်လေ။ မြောက်ကိုရီးယား အလုပ်သမားပါတီဝင်တွေ ဖြစ်နေရင်သာ ပြဿနာ။ အဲဒါဆို တောင်ကိုရီးယား စစ်မေးသူတွေက ကျွန်မတို့ကို မြောက်ကိုရီးယားသူလျှိုတွေလို့ ထင်ကြမှာ။

ညဘက်ကျရင် ကျွန်မ အိပ်မပျော်နိုင်တဲ့ တခြားကိစ္စတခု ရှိသေးတယ်။ ရှန်ဟိုင်းမှာ ကျန်ရစ်ခဲ့တဲ့ ကီအွန်ဆန်ကိစ္စပေါ့။ ကျွန်မတို့ တရုတ်ပြည်က ထွက်လာကြကတည်းက ကီအွန်ဆန်နဲ့ အဆက်အသွယ် မလုပ်နိုင်ခဲ့ဘူး။ မှောင်ခိုသမားတွေပြောတဲ့အတိုင်း ကျွန်မတို့ ဆိုးလ်ကို ရက် ၄၀ အတွင်း ရောက်မယ်၊ အဲဒီအခါကျရင် သူ့ဖုန်းကို ဆက်လိုက်မယ်လို့ ပြောထားခဲ့တာ။ တကယ်က လေးလကျော် ကြာသွားပြီး သူ့ဆီ ဖုန်းမဆက်နိုင်ခဲ့ဘူး။ မွန်ဂိုလီးယားမှာတုန်းက တခါ ကြိုးစားခဲ့ပေမယ့် မအောင်မြင်။ မမကီအွန်ဆန် စိတ်ပူနေတော့မှာ။ အဲဒါနဲ့ ကျွန်မကို ပထမဆုံး စစ်ကြောရေးဝင်တော့ စားပွဲတဖက်က လူကြီးတွေဆီမှာ တရုတ်ပြည်ကို ဖုန်းလေးတချက်လောက် ဆက်ပါရစေလို့ ခွင့်တောင်းခဲ့တယ်။ သူတို့က ကျွန်မကို ဘယ်သူနဲ့မှ ဆက်သွယ်ခွင့် မရှိဘူးတဲ့။

နောက်ဆုံး ကျွန်မ တောင်းပန်လွန်းမက တောင်းပန်တော့မှ သုံးမိနစ် ဖုန်းပြောခွင့် ပြုတယ်။ တစ်စက္ကန့်တောင် ပိုမပြောရဘူးတဲ့။

ကျွန်မ ဖုန်းခွက်ကို ဆွဲယူပြီး ကီအွန်ဆန်နံပါတ်ကို လှည့်လိုက်တယ်။ ဖုန်းသံမြည်နေတုန်းမှာ ကျွန်မရင်တွေ တုန်နေလိုက်တာ။ ကျွန်မ အသက်အောင့်ထားမိ။ ဖုန်းသံ ကောင်းကောင်း မကြားရပေမယ့် ကီအွန်ဆန်အသံကိုတော့ ချက်ချင်း မှတ်မိလိုက်တယ်။

"မမ... မမလား၊ အခုပြောနေတာ အွန်ဆန်ပါ။ ညီမလေးတို့ မသေဘူး။ အခု အမေနဲ့ ညီမလေး ဆိုးလ်မှာ ရောက်နေကြတယ်"

ကီအွန်ဆန်အသံကြားတော့ ကျွန်မ မျက်ရည်မဆည်နိုင်။ သူကတော့ တည်တည်ငြိမ်ငြိမ်။ ပြောခွင့်ရတဲ့ သုံးမိနစ်အတွင်းမှာ အရေးကြီးတာတွေအားလုံးကို ကျွန်မ မြန်မြန်ဆန်ဆန်ကြီး ပြောချလိုက်တယ်။ တစ်စက္ကန့်လေးတောင် အဟောသိကံ အဖြစ်မခံနိုင်ဘူးရှင့်။

"ကြာကြာပြောလို့ မရဘူး။ အခု ညီမလေး စစ်ကြောရေး အဝင်ခံနေရတယ်။ စိတ်ပူမနေနဲ့၊ အားလုံး အဆင်ပြေသွားမှာပါ။ ဖုန်းဆက်ခွင့်ရရင် ထပ်ဆက်လိုက်ဦးမယ်"

ဖုန်းပြန်ချလိုက်ချိန်မှာ ကျွန်မရင်ထဲ ပေါ့ပါးသွားတယ်။ စစ်ကြောသူတွေက သိမ်သိမ်မွေ့မွေ့ စစ်ကြတယ်။ တချို့ဆို မုသားဖော်စက်နဲ့တောင် စစ်ကြသတဲ့။

သီတင်းတပတ်ကြာ စစ်ကြောရေး ဝင်ပြီးတဲ့နောက် သုံးရက်နားတယ်။ ဒီတိုင်းပြည်မှာ အားလပ်ရက် တွေပေါ့။ သုံးရက်စေ့သွားတော့ စစ်ကြောရေး ပြန်စကြပြန်ရော။ စစ်ကြောရေး လုပ်လို့ကိုပဲ မပြီးနိုင်တော့ဘူး။

ဒါပေမဲ့ တနေ့မှာ စစ်ကြောရေး ပြီးဆုံးသွားပြီး ကျွန်မနေတဲ့နေရာ ပြန်ခွင့်ရလို့ အမေနဲ့ တွေ့ရတယ်။ ကျွန်မတို့ သားအမိ စကားပြောနိုင်ကြပြီပေါ့။ ကျွန်မ နောက်ဆုံး စစ်ဆေးမှု အောင်မြင်သွားပြီ။ ကျွန်မတို့ စိတ်ဓာတ်တွေ တက်ကြွလာလိုက်တာ။ အပြင်ထွက်ခွင့်ရလို့ လေကောင်းလေသန့် ရှူရှိုက်ခွင့် ရပြီ။ ကိုရီးယားမှာ အမြင့်ဆုံး အဆောက်အအုံဖြစ်တဲ့ ၆၃ အဆောက်အအုံထိပ်ဖျားမှာ ကျွန်မတို့ ပျော်ပွဲစားထွက်ကြတယ်။ အဆောက်အအုံက ပန်းလိမ္မော်ရောင်မှန်တွေနဲ့ ကာရံထားတာ။ နေရောင်အောက်မှာ တဝင်းဝင်းလက်လို့။ အမြင့်ကနေကြည့်ရင် ကျွန်မတို့ ခြေဖဝါးအောက်မှာ မြစ်တစင်း။ မိုးကုပ်စက်ဝိုင်းဆီမှာ တောင်တွေ။ အဲဒါတွေ မြင်တွေ့နေရပေမယ့် ကျွန်မတို့ ပုလိပ် ထိန်းသိမ်းခံဘဝမှာ ရှိနေသေးတာကို ကျွန်မတို့ မမေ့ကြဘူး။ သူတို့က ကျွန်မတို့ကို ဈေးတခုဆီ ပို့ပေးကြတယ်။ ကျွန်မတို့ဝတ်ဖို့ အဝတ်အစားတွေကို သူတို့ ဝယ်ပေးကြပေမယ့် ဖက်ရှင် သဘောတရားကိုတော့ သူတို့ နားလည်ကြတာ မဟုတ်ဘူး။ ဒါပေမဲ့ ကျွန်မတို့ကတော့ ဝယ်ပေးသမျှ ယူတာချည်းပဲ။ အရိုးများသေး ချေးခါးသေးလုပ်ရင် ကျွန်မတို့ ရိုင်းရာကျတော့မပေါ့။

တလလောက်ကြာတော့ တောင်ကိုရီးယားမှာ နေထိုင်ရတဲ့ ဘဝအကြောင်း သင်ယူဖို့အတွက် အထူးစင်တာတခုဆီ ပြောင်းရမယ်လို့ ပြောတယ်။ ဟာနာဝန်လို့ခေါ်တဲ့ ဒီစင်တာကို မြောက်ပိုင်းက ပြည်ပြေးအားလုံး ဖြတ်သန်းကြရတယ်။ အဲဒီမှာ ကျွန်မတို့ အရင်းရှင်စနစ်အကြောင်း သီတင်း

ဆယ်ပတ်ကြာ သင်ယူကြရ။ ကျွန်မအဖို့တော့ ဒီသင်တန်းဟာလည်း စစ်ကြောရေးလို ပင်ပန်းတာပဲ ရှင့်။ စာမတတ် ပေမတတ်နဲ့ အောက်တန်းကျတဲ့လူတွေကြားထဲ ကျွန်မ ရောက်နေရပြန်ပြီ။ ကျွန်မတို့ အချင်းချင်း သဘောထား ကွဲလွဲပြီး ငြင်းကြခုံကြတာ ခဏခဏပဲ။ နေ့ဘက်မှာ ကိုရီးယား သမိုင်း၊ အရင်းရှင်စနစ်နဲ့ တောင်ကိုရီးယား လူ့အဖွဲ့အစည်း လည်ပတ်ပုံတွေ သင်ယူရတယ်။ ပျင်းစရာကောင်းလိုက်တာ။ လက်တွေ့ဆင်းရတဲ့အခါတွေလည်း ရှိပါရဲ့။ ဥပမာ စာပို့တိုက်တခုကို လေ့လာရေး သွားကြတယ် ဆိုပါတော့။ အဲဒီမှာ ပါဆယ်ထုပ်ပို့ပုံ ပို့နည်းပြသတယ်။ ဘဏ်မှာကျတော့ အေတီအမ် အသုံးပြုပုံပြုနည်း။ ကျွန်မ စိတ်ဝင်စားပေမယ့် ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘူးရှင့်။ ကျွန်မ လာခဲ့တဲ့ ကမ္ဘာက လုံးဝခြားနားတဲ့ ကမ္ဘာလေ။ ဘဏ္ဍာရေးစနစ်တွေအကြောင်း ရှင်းပြတာ ကျွန်မ နကန်းတလုံးမှ နားမလည်ဘူးရှင့်။

ကျွန်မ စာမလိုက်နိုင်လို့ လူကြီးတွေနဲ့အတူ မတက်တော့ဘဲ ဆယ်ကျော်သက်တွေနဲ့အတူ တက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဗုဒ္ဓဟူးနဲ့ ကြာသပတေး နေ့တိုင်း တက်ရတာ။ အွန်ဒီအုတ်က ထွက်လာခဲ့ ကတည်းက အခုမှ ကျောင်းပြန်တက်ရတာပေါ့။ ကျွန်မအဖို့တော့ သွေးလန့်စရာပဲ။ စာနဲ့ ကိုးနှစ် အဆက်ပြတ်ပြီးတဲ့နောက်မှာ သင်္ချာ၊ စာပေနဲ့ သမိုင်းကို ပြန်သင်နေရပြီ။ အင်္ဂလိပ်စာလည်း နည်းနည်း စသင်နေပြီ။

ဟာနာဝန်မှာ ပထမဆုံးအကြိမ်အဖြစ် ကွန်ပျူတာနဲ့ ကိုရီးယားစာရိုက်တယ်။ တရုတ်ပြည်မှာတုန်းက အင်တာနက်ကဖီးကို တခါနှစ်ခါ သွားခဲ့ဖူးပေမယ့် ကွန်ပျူတာအကြောင်း နားလည်လှတာ မဟုတ်ဘူး။ ဒီမှာတော့ နည်းပညာအကြောင်း သင်ရတယ်။ တောင်ကိုရီးယားဟာ ကမ္ဘာပေါ်မှာ နည်းပညာ ရှေ့တန်း အရောက်ဆုံး တိုင်းပြည်တခု ဖြစ်မှန်း သိရတော့ ကျွန်မ အံ့သြတာပေါ့။ ကျွန်မ အရင်က အခုလောက် စာမကြိုးစားခဲ့ဘူး။ အခု အတူတက်နေတဲ့ လူငယ်တွေက ကျွန်မထက်ပိုပြီး သိလွယ်တတ်လွယ် ဖြစ်နေတော့ ကျွန်မရဲ့ ဉာဏ်ရည်ကိုတောင် သံသယ ဖြစ်နေမိပြီ။

ဟာနာဝန်ကနေ ထွက်ခွာရမယ့်ရက်ကို ရောက်လာတယ်။ တနေ့မှာ အိုင်ဒီကတ်အတွက် ဓာတ်ပုံ ရိုက်ရမယ်လို့ ကျွန်မတို့ကို ပြောတယ်။ ပျော်လိုက်တာ။ အဲဒါ သိပ်ကို အရေးပါတဲ့ ဖြစ်ရပ်ပဲ။ ကျွန်မ နိုင်ငံသားတယောက် ဖြစ်လာတော့မှာ။ အဲဒီနေ့မနက်မှာ ကျွန်မတို့သားအမိ ကြည့်လို့ လှအောင် ပြင်ကြဆင်ကြပေါ့။ ဒီဓာတ်ပုံက ကျွန်မအတွက် အရေးကြီးတယ်လေ။ အွန်ဒီအုတ်က ဓာတ်ပုံ ဆိုင်လေးတဆိုင်မှာ ပါပါနဲ့ ကျွန်မ ဓာတ်ပုံရိုက်ခဲ့ဖူးတာ သတိရလိုက်မိတယ်။

ကင်မရာ လင်းခနဲ လက်သွားချိန်မှာ ကျွန်မကိုယ်ကျွန်မ အလှဆုံးဖြစ်အောင် ရှိသမျှအားတွေ ထည့်လိုက်တာပဲလေ။ ဒါပေမဲ့ ဓာတ်ပုံထွက်လာတော့

စိတ်ပျက်ရရောပ။ ကျွန်မရုပ်က မျှော်လင့်ထား သလောက် မလှဘူးရှင့်။ ဓာတ်ပုံဆရာ တပ်ချင်လိုက်တာ နည်းလို့လို့ ကျွန်မ ထင်လိုက်မိတယ်။ ဒီဓာတ်ပုံကို ကျွန်မ မကြိုက်ပေမယ့် ဒါဟာ ကျွန်မအတွက် အရေးကြီးတဲ့ ဘဝမှတ်တိုင်တခုပါ။ ကျွန်မတို့ တရားဝင် စာရွက်စာတမ်းတွေ ရတော့မယ်လို့ ဒီဓာတ်ပုံက ပြောနေတယ်။ မကြာခင် ကျွန်မတို့ လွတ်လပ်တော့မှာ၊ အပြင်ရောက်တော့မှာ၊ တောင်ကိုရီးယားစစ်စစ်တွေလို နေရတော့မှာ လို့ ဒီဓာတ်ပုံက ပြောနေတယ်။ ပြင်ပလောကထဲ ဝင်ဖို့အတွက် ဟာနာဝန်က ထွက်ခွာသွားသူတွေ အပတ်တိုင်း ခုနစ်ယောက်၊ ရှစ်ယောက် ရှိတယ်။ ကျွန်မတို့တော့ ရက်တွေကို လက်ချိုးရေတွက်နေမိ တော့တာပဲ။ စောင့်နေတဲ့အချိန် ရောက်လာတော့မှာပါ။

*

ပျင်းစရာကောင်းတဲ့ အတန်းတက်ရက်တွေ သုံးလနီးပါးကြာပြီးတဲ့နောက် ကျွန်မတို့ မျှော်လင့်နေတဲ့ ရက် ရောက်လာတယ်။ ၂၀၀၆ ဒီဇင်ဘာ ၂၈ ကို ဒီတသက် မမေ့တော့မှာ မဟုတ်ဘူး။ အဲဒီနေ့ မတိုင်ခင်ညမှာ ကျွန်မတို့ ပစ္စည်းပစ္စယတွေကို ကတ်ထူပုံးတွေထဲ ထည့်ကြတယ်။ ၂၈ ရက်နေ့ မနက်ကျတော့ ကားပေါ်တက်ပြီး ဝရမ်းပြေးဘဝကို နှုတ်ဆက်ခဲ့တယ်ရှင့်။

ကျွန်မတို့သားအမိနဲ့ တခြား ပြည်ပြေး ခုနစ်ယောက်တို့ဟာ ကားပေါ်မှာ နှုတ်ဆိတ်လိုက်ပါရင်း ဆိုးလ်နဲ့ ဘဝသစ်တွေဆီ ဦးတည်နေကြပြီ။ လမ်းမှာ ကျွန်မတို့နေထိုင်မယ့် ခရိုင်ရဲ့ အုပ်ချုပ်ရေးရုံးကို ခဏဝင်ပြီး တောင်ကိုရီးယား အိုင်ဒီကတ် ယူကြတယ်။ ကိုးနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ကျွန်မတို့ ပုန်းလျှိုးကွယ်လျှိုး နေဖို့ မလိုတော့ဘူး။ ပခုံးပေါ်က ဝန်ထုပ်ဝန်ပိုးကြီး ကျသွားပြီ။

နောက်ဆုံး ကျွန်မတို့ကို ငွေစာရင်းဖွင့်ဖို့ ဘဏ်တခုဆီခေါ်သွားကြတယ်။ ကျွန်မတို့ တောင်ကိုရီးယား မှာ အခြေချနိုင်ဖို့အတွက် အစိုးရက ငွေကြေး အကူအညီပေးမယ့်အကြောင်းကို ဟာနာဝန်မှာ ကျွန်မတို့ သိထားကြတယ်။ ဒီတိုင်းပြည်ရဲ့ စေတနာသဒ္ဓါတရား ထက်သန်ပုံကတော့ အံ့သြစရာပါပဲ။ ဒီငွေကြေးအကူအညီဆိုတာကို ကျွန်မတို့ မျှော်လင့်ထားတာ မဟုတ်ဘူး။ တရားမဝင် နေရတဲ့ ရှန်ဟိုင်းက ထွက်ခွာပြီး တောင်ကိုရီးယားကို ရောက်လာတာ မှန်သွားပြီ။

ကျွန်မက ဝမ်ရှစ်သန်း (အဲဒီအချိန်က ဒေါ်လာ ၆၅၀၀ နဲ့ ညီမျှ) ရပြီး အမေက ဝမ်သန်း ၂၀ (ဒေါ်လာ ၁၆၀၀၀ ကျော်) ရတယ်။ ဒါပေမဲ့ ဆိုးလ်မှာ အိမ်လခ ခေါင်ခိုက်နေလို့ ဝမ် ၁၅ သန်း ချောပါလေရော။ ကျွန်မ ဘဏ်ကိုရောက်တော့ အိမ်ရှင်ဆီ အိမ်လခ လွှဲပြီးနေပြီ။

ကျွန်မတို့ကို ဘဏ်စာရင်း စည်းကမ်းချက်တွေနဲ့ ဘဏ်ကတ်ပြားနံပါတ်တွေ

ပေးလိုက်တယ်။ ကျွန်မတို့ အသင့်ဖြစ်နေပါပြီ။ အခု ကျွန်မတို့ ပုံမှန်တောင်ကိုရီးယားတွေ ဖြစ်နေကြပြီ။

*

နောက်ဆုံး ခရီးပန်းတိုင်ရှေ့ ကားထိုးရပ်ချိန်မှာ မှောင်ရီပျိုးနေပြီ။ ကားပေါ်က ဆင်းလိုက်တာနဲ့ တပြိုင်နက် သုံးလဆိုတဲ့ စပ်ကူးမပ်ကူးကာလကို နောက်ချန်ထားရစ်ခဲ့။

ကျွန်မတို့ရှေ့မှာ ရောမ တိုက်ခန်းအိမ်ရာကြီးတခု။ ဒါမျိုးတွေ တောင်ကိုရီးယားမှာ အများကြီးပဲ။ ဒီအဆောက်အအုံမှာ ၁၅ လွှာ ရှိတယ်။ အဆောက်အအုံသက်တမ်းက အနည်းဆုံး နှစ်ပေါင်း ၂၀ ရှိနိုင်တယ်။ အွန်ဒီအုတ်က ထွက်လာပြီးနောက် နှစ်ပေါင်းများစွာအတွင်း ကျွန်မနေရာလို့ ပြောနိုင်တဲ့ နေရာလေးတခုတော့ ရှိပြီပေါ့လေ။ ဝမ်းသာလိုက်ပုံများ ဘယ်လိုပြောရမယ် မှန်းတောင် မသိတော့ ဘူး။

ကားပေါ်မှာတုန်းက ပြောထားတဲ့အတိုင်း နောက်ဆုံးအဆင့်က အဆောက်အအုံ အုပ်ချုပ်မှုရုံးကို သွားဖို့ပါ။ အဲဒီမှာ ကျွန်မတို့ကို အခန်းသော့ပေးဖို့ တယောက်ယောက် စောင့်နေလိမ့်မယ်။

ပထမထပ်က အခန်းထဲကို ကျွန်မတို့ မရဲတရဲ ဝင်သွားကြတယ်။ ကျွန်မတို့ကို စောင့်နေတာ အမျိုးသမီးတယောက်။ သူက ကျွန်မတို့ကို အေးတိအေးစက် လက်ခံတွေ့ဆုံပြီး နာမည်တွေ စစ်ကြည့်တယ်။ ပျူပျူငှာငှာ စကားတလုံးမှ မပြောဘဲ သူ့အလုပ်ပြီးသွားပြီ။

“ကျွန်မ ရှင်တို့အခန်းကို သန့်ရှင်းရေး လုပ်ထားတယ်။ ဒီမှာသော့တွေ။ ရှင်တို့ အဆောက်အအုံက ၈၀၅။ အခန်းက ၈၀၄။ ကိုးလွှာမှာ ရှိတယ်။ ခြံဝင်းကို ဖြတ်သွားပါ”

အဲဒီနောက် အမျိုးသမီးက ကျွန်မတို့ကို လမ်းလိုက်ပြတယ်။ ကျွန်မတို့သားအမိ အိတ်တလုံးကိုယ်စီနဲ့ အဆောက်အအုံနံပါတ် ၈၀၅ ဆီ လျှောက်သွားကြတယ်။

ကိုးလွှာကို ဓာတ်လှေကားနဲ့တက်ပြီး အခန်းထဲ သော့ဖွင့်ဝင်ကြတယ်။ ပြီးတော့ မီးခလုတ်တွေ ဖွင့်လိုက်တယ်။ ကိုရီးယားထုံးစံအရ ကျွန်မတို့အခန်းထဲ ဝင်တဲ့အခါ ဖိနပ်ချွတ်ပြီး မီးဖိုချောင်ကို သွားကြတယ်။ ဘယ်ဘက်မှာ အခန်းလေးတခန်းဆီ ဦးတည်နေတဲ့ တံခါးတပေါက်။ အဲဒါ ညေ့ခန်း။ ကြမ်းခင်းပေါ်မှာ ရွှံ့ခြောက်တွေရှိတဲ့ ရောမခြေရာကြီးတစုံ။ ဘယ်ဘက်မှာ

နောက်ထပ်အခန်းလေး တခန်း။ အဲဒီမှာ ဝရန်တာ ပါတယ်။ ဒီအိမ်မှာ ကျွန်မတို့အတွက် အခန်းသုံးခန်းပေါ့။ ကျွန်မတို့ နေခဲ့ရတာနဲ့ စာရင် နန်းတော်တမျှပါပဲ။

အခန်းထဲမှာ ဟာလာဟင်းလင်း ဖြစ်နေတဲ့အပြင် ညစ်ကလည်း ညစ်ပတ်သေး။ အိမ်ထောင် ပရိဘောဂဆိုလို့ ဘာမှမရှိ။ ဓာတ်ငွေ့ကလည်း အလုပ်မလုပ်။ ဖုန်တွေဆိုတာ နိုင်းချင်းပဲ။ နောက်ဆုံး နေသွားတဲ့လူတွေက ဒီပုံစံအတိုင်း ထားခဲ့ကြတာ။ အောက်ထပ်မှာတွေ့ခဲ့တဲ့ အမျိုးသမီးက သန့်ရှင်းရေး လုပ်ထားတယ်လို့ ပြောတာ သူလိမ်တာပဲ။

ဒီတော့ အိမ်ကို နေချင်စဖွယ်ဖြစ်အောင် ကျွန်မတို့ သန့်ရှင်းရေး စလုပ်ကြတယ်။ တနာရီလောက် ကြာတော့ ဧည့်ခန်းထဲမှာ ကတ်ထူပုံး လေးပုံးကို ဖွင့်ကြတယ်။ အဲဒါတွေက ကြိုတင်ပို့ထားတာ တွေပဲ။ ဒီပုံးတွေထဲမှာ ကျွန်မတို့ပိုင်ဆိုင်သမျှ ပစ္စည်းတွေအကုန်ပဲ ဆိုပါတော့။ အဝတ်အစားတွေ၊ စောင်တွေ၊ ထမင်းပေါင်းအိုးတလုံး။ အဲဒါတွေက ပရဟိတအဖွဲ့က ပေးထားတဲ့ တပတ်ရစ်တွေပါ။

အပြင်ဘက်မှာ ဆိုးလ်မြို့ပေါ်ကို ညအမှောင် လွှမ်းခြုံလာနေပြီ။ မြောက်ကိုရီးယားမှာ မတွေ့ရတဲ့ လမ်းမီးရောင်တွေလည်း ထိန်ထိန်လင်းလို့။ ဒီမြို့ကြီးကြည့်ရတာ အကန့်အသတ် ရှိပုံ မရဘူး။ အခန်းထဲမှာ ကျွန်မတို့ သားအမိနှစ်ယောက်တည်း။ အွန်ဒီအုတ်ကနေ ထွက်လာတဲ့နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အထီးကျန်ခံစားလိုက်ရ။ ကီအွန်ဆန်ကလည်း မရှိ။ ဒီမှာ ကျွန်မတို့ကို စောင့်နေတဲ့လူ တယောက်မှ မရှိဘူး။ ဒီအဆောက်အအုံ၊ ဒီမြို့ကြီး၊ ဒီတိုင်းပြည်မှာ ကျွန်မတို့သိတဲ့လူ တယောက်မှ မရှိဘူး။

* * *

[၁၆]

ကျွန်မတို့ နည်းနည်းလေး အထိုင်ကျလိုက်တာနဲ့ တပြိုင်နက် ဘဝတည်ဆောက်ဖို့အတွက် လုပ်ရတော့တယ်။ ကိုယ့်အားကိုယ်ကိုးနိုင်မယ့် နည်းလမ်းတခု ရှာတွေ့ဖို့ပါ။ အစိုးရထောက်ပံ့ငွေ ဆိုတာလည်း (မြောက်ကိုရီးယားကို စကားထဲ ထည့်မပြောနဲ့) တရုတ်ပြည်မှာထက်တောင် နေထိုင်မှုစရိတ် ကြီးမားတဲ့ တောင်ကိုရီးယားမှာ လပိုင်းလောက်ပဲ ခံတာပါ။

ကျွန်မတို့ ဒီလို စီစဉ်ထားကြတယ်။ ကျွန်မ ကျောင်းသွားနေတုန်း အမေက အလုပ်ရှာမယ်။ ကျောင်းစာနဲ့ ကိုးနှစ် ပြတ်တောက်ခဲ့တာကို ကျွန်မ မီအောင်လိုက်နိုင်မှာပါ။ တောင်ကိုရီးယားမှာ တိုးရစ္စတွေလို နေလို့တော့ ဘယ်မှာဖြစ်ပါ့မလဲ။

မကြာခင် အမေ ကလေးထိန်းအဖြစ် အချိန်ပြည့် အလုပ်တခု ရလာတယ်။ ဒီတိုင်းပြည်မှာ ကလေးထိန်းအလုပ်တွေ အများကြီးပဲ။

နေ့ကလေးထိန်းဌာန သိပ်မရှိလို့ပေါ့။ အလုပ်ဆက်လုပ်ချင်တဲ့ မိခင်တွေအနေနဲ့ သူတို့ကလေးတွေ စောင့်ရှောက်ဖို့ နာနီတွေကိုပဲ အားကိုးရတာ။ ဒီလိုနဲ့ အမေဟာ အဲဒီမိသားစုနဲ့အတူ သွားနေရပြီး အိမ်ကို ၁၅ ရက်တခါ ပြန်လာတယ်။

တိုက်ခန်းကျယ်ကြီးထဲမှာ ကျွန်မတယောက်တည်း နေခဲ့ရတာ တနှစ်လောက် ရှိမယ်။ ကျွန်မ ကျောင်းတက်နေပြီ။ များသောအားဖြင့် ကျောင်းစာတွေနဲ့ နပန်းလုံးနေရ။

တယောက်တည်း နေတာဟာ စိန်ခေါ်မှုအသစ်တခုပါ။ နေ့စဉ် ကြုံတွေ့ရတဲ့ ပြဿနာတွေကို ကျွန်မဘာသာ ကိုင်တွယ်ဖြေရှင်းရတယ်။ စစချင်းတော့ ခက်တာပေါ့လေ။ ကျွန်မမှာ အားလပ်တဲ့ အချိန် မရှိသလောက် ဖြစ်လို့ ချက်ရေးပြုတ်ရေး မလုပ်နိုင်ဘူး။ ဆိုင်မှာစားရတာ များတယ်။ ဒီမှာ ပေါချောင်ကောင်း စားသောက်ဆိုင်တွေ အများကြီးပဲ။ မနက်ပိုင်းမှာ နံနက်စာ စားလေ့ မရှိဘဲ နို့တခွက် သောက်လိုက်တယ်။ တကယ်တော့ အစပိုင်းမှာတုန်းက တနေ့လုံး နို့ချည်းသောက်နေ ခဲ့တာ။ နို့တွေ အသောက်များလို့ ဝမ်းဗိုက် ဒုက္ခပေးလာတော့မှ လျှော့လိုက်တာ။ ကျွန်မဘဝမှာ အရင်က အခုလောက်ထိ နို့တွေ များများစားစား မသောက်ခဲ့ဖူး ဘူး။ အငတ်ဘေးကြုံခဲ့တဲ့ ကျွန်မဟာ အခုတော့လည်း အစားကြူးလို့ ဒုက္ခရောက်နေပြန်ပြီ။ ရယ်စရာ ကောင်းတယ်နော်။

နေရထိုင်ရတာ အထီးကျန်ဆန်လွန်းလို့ ကျောင်းကသူငယ်ချင်းတွေနဲ့

အပေါင်းအသင်း လုပ်တယ်။ ကျွန်မက သူတို့ထက် အသက်ငါးနှစ် ပိုကြီးတယ်ရှင့်။ အစပိုင်းမှာ ကျွန်မအသက်နဲ့ နောက်ကြောင်း ရာဇဝင်ကို ဘယ်သူ့မှ ပြောမပြဘူး။ အထင်သေးမှာစိုးလို့။ နောက်ပိုင်းမှ နည်းနည်းချင်းစီ ပြောပြတာ။ ဒီမှာ နေထိုင်ရတဲ့ဘဝဟာ အတော် အပြေးအလွှား၊ ကသီကလင်တ နိုင်ပေမယ့် ငြီးငွေ့စရာတော့ မဟုတ်ဘူး။

ကြည့်ချင်စရာတွေ များမှများ။ ကျောင်းဆင်းတဲ့အခါ သူငယ်ချင်းတွေက ကျွန်မကို ခေါ်ပြီး ဆန်မုန့် သွားစားကြတယ်။ ငရုတ်ဆီနဲ့ တို့စားရတာ။ ကျွန်မတို့ ကျောင်းသားတွေ အကြိုက်ပေါ့။ စားပြီးရင် ကာရာအိုကေ သွားဆိုကြ။

အချိန်ကြာလာတာနဲ့အမျှ ဒီမှာနေရတာ ပိုပိုပြီး အဆင်ပြေလာတယ်။ ရှန်ဟိုင်းမှာ ရှိနေဆဲဖြစ်တဲ့ မမကို တောင်ကိုရီးယား ကောင်းကြောင်းတွေ ရွှန်းရွှန်းဝေအောင် ပြောပြရတာ မမောနိုင် မပန်းနိုင်။ ကျွန်မက သူ့ကို ကျွန်မတို့နဲ့အတူ လာနေစေချင်တာ။ ကီအွန်ဆန်က တရုတ်ပြည်မှာ ပျော်နေတာ တိုင်းပြည်က ပျော်စရာကောင်းလို့ မဟုတ်ဘူး။ သူ့ရည်းစား တရုတ်စစ်သားလေးကြောင့်။

၂၀၀၇ နှစ်လယ်ပိုင်းမှာ မမက ကျွန်မကို လျှို့ဝှက်ချက်တခု ပြောပြပါရော။

“မမ ကိုယ်ဝန်ရှိနေပြီ။ အမေ့ကို မပြောနဲ့နော်”

လပိုင်းအကြာမှာတော့ မမကိုယ်တိုင် အမေ့ကို ပြောပြပြီးနေပါပြီ။ သူ့ကိုယ်ဝန်က သမီးလေးတဲ့။ ၂၀၀၇ နှစ်ကုန်ပိုင်းမှာ မမနဲ့ သူ့ရည်းစား လက်ထပ်လိုက်ကြတယ်။ တရုတ်ပြည်မှာ မမ တရားဝင် ဖြစ်သွားပြီ။ သူတို့ လက်ထပ်ကြတယ်ဆိုပေမယ့် ညှော်ခံပွဲတွေ၊ အခမ်းအနားတွေ မပါပါဘူး။ အိုင်ဒီကတ်အတု ကိုင်ထားရင်းနဲ့ ပြည်သူ့လွတ်မြောက်ရေးတပ်မတော်က စစ်သားလေးတယောက်နဲ့ တရားဝင် လက်ထပ်ဖြစ်အောင် လုပ်လိုက်တာရှင့်။ မမကို သိပ်ချစ်တဲ့ ယောက္ခမ ယောက်ျားသူကြီး အပေါ် နားပူနားဆာလုပ်ပြီး မမ လက်ထပ်လိုက်တာ။ စာရွက်စာတမ်း တုတွေက အလုပ်လုပ်ဖို့ပဲ။ လက်ထပ်ဖို့ မဟုတ်ဘူး။ အဲဒါနဲ့ သူ့ရည်းစားရဲ့အဖေက မကြာခင်က ကွယ်လွန်သွားတဲ့ မိန်းကလေး တယောက်ရဲ့စာရွက်စာတမ်းတွေ ဝယ်ပေးလိုက်တာ။ ပိုက်ဆံရှိလို့ကတော့ တရုတ်ပြည်မှာ မဖြစ်ဘူး ဆိုတာ မရှိဘူးရှင့်။ မမ ကီအွန်ဆန်က စာရွက်စာတမ်းတွေ အသုံးပြုပြီး နာမည်တုနဲ့ လက်ထပ်လိုက် တာ။ ဒီလူကြီး ဉာဏ်ပြေးပုံ ကျွန်မဖြင့် လက်လန်တယ်။

ဒီလို ယောက္ခမမျိုးနဲ့ တွေ့တာ မမ ကံကောင်းတာပေါ့။ ယောက္ခမတွေက မမကို မင်းသမီးလေး တပါးလို ဆက်ဆံပြီး မြေးမလေးကိုလည်း သိပ်အလိုလိုက်ကြတယ်တဲ့။ ကီအွန်ဆန်က ယောက်ျား စစ်ထဲသွားရင်

ယောက္ခမတွေနဲ့အတူ ဟန်းကျူတ်မှာ နေတယ်။ ရှန်ဟိုင်းနဲ့ မဝေးဘူး။ ချက်ရေး ပြုတ်ရေးနဲ့ အိမ်မှုကိစ္စတွေလည်း ဘာမှ မလုပ်ရဘူးလို့ ကီအွန်ဆန်က ကျွန်မကို ဖုန်းထဲမှာ ပြောပြတယ်။ ဒီလိုအခြေအနေမျိုးက အရှားသားပဲ။ ဒါတွေ သိရပြီးတဲ့နောက် ကီအွန်ဆန်ကို ဆိုးလ်ကို လာအောင် ခေါ်ဖို့ မလွယ်တော့ဘူးမှန်း ကျွန်မ သိလိုက်တယ်။

*

၂၀၀၈ ဇန်နဝါရီမှာ ကျွန်မတို့ တောင်ကိုရီးယားရောက်တာ တနှစ်ကျော်သွားပြီ။ အမေနဲ့ ကျွန်မ ပိုက်ဆံ အနည်းအကျဉ်းစုမိနေပြီ။ ပြီးတော့ ဒီအချိန်က ကျွန်မရဲ့ ဆောင်းတွင်းကျောင်းပိတ်ရက်လေ။ ကျွန်မတို့ တရုတ်ပြည်သွားပြီး ကီအွန်ဆန့်သမီးလေးကြည့်ဖို့ စဉ်းစားကြတယ်။ မဖြစ်နိုင်စရာ မရှိဘူးလေ။ အခု ကျွန်မတို့က အမှန်အကန် တောင်ကိုရီးယားတွေ ဖြစ်နေကြပြီပဲ။ တရုတ်ပြည် သွားလို့ ဘေးတွေ့စရာအကြောင်း မရှိတော့ဘူး။ တရုတ်ပြည်သွားမယ့်ခရီးမှာ တခြားရည်ရွယ်ချက် တခုလည်း ပါသေးတယ်။ မမ ကီအွန်ဆန်ကို ကျွန်မတို့အပြန်မှာ ဆိုးလ်ကို ခေါ်လာဖို့။

ကျွန်မတို့ ရှန်ဟိုင်းအထိ လေယာဉ်စီးပြီး ဟန်းကျူတ်ကို ခရီးဆက်ကြတယ်။ မိသားစု ပြန်တွေ့ရတာ ပျော်စရာ ကောင်းလိုက်တာ။ ဒါပေမဲ့ ကီအွန်ဆန်က မိသားစုအသစ်နဲ့ အဆင်ပြေနေတော့ တောင်ကိုရီးယားကို လိုက်မလာချင်ဘူး။ ချစ်စရာ သမီးလေး တယောက်လည်း ရှိနေတော့လေ။ ဒါနဲ့ပဲ ကျွန်မတို့ မမ မပါဘဲ ဆိုးလ်ကို ပြန်လာခဲ့ကြ။

နောက်ပိုင်းမှာ ကီအွန်ဆန်ကို ပြန်စဉ်းစားဖို့ ကျွန်မတို့ တိုက်တွန်းနေတုန်းပဲ။

"တနေ့ကျ မမ ဖုံးကွယ်ထားတာ ပေါ်သွားရင် အဖမ်းခံရလိမ့်မယ်။ အဲဒီအခါ အကျိုးဆက်တွေက မသေးဘူး။ တောင်ကိုရီးယားကို လာပြီး တောင်ကိုရီးယားနိုင်ငံသား ဖြစ်အောင်လုပ်၊ ပိုက်ဆံစုပြီးမှ တရုတ်ပြည် ပြန်ရင် ဘာပြဿနာမှ မရှိတော့ဘူး"

သီတင်းပတ် အနည်းငယ် ကြာပြီးတဲ့နောက် မမ သဘောပေါက်လာတယ်။ ကျွန်မတို့ဆီ ခဏတော့ လာမယ်လို့ ပြောတယ်။ ကျွန်မဖြင့် ပျော်လိုက်တာ။

ဒါပေမဲ့ တရုတ်ပြည်ကနေ သူ ဘယ်လိုထွက်ခဲ့မလဲဆိုတဲ့ ပြဿနာက ရှိနေတုန်း။ သူ့မှာ အစစ်အမှန် တရုတ်အိုင်ဒီကတ်တခု ရှိပေမယ့် အဲဒါနဲ့ နိုင်ငံကူးလက်မှတ်လျှောက်ရင် အလိမ်ပေါ်သွားနိုင်တယ်။ အကောင်းဆုံးနဲ့ တခုတည်းသော နည်းလမ်းကတော့ ကျွန်မတို့လုပ်သလို အခြားနိုင်ငံတခုမှတဆင့်

တရားမဝင် ထွက်လာဖို့ပဲ။

၂၀၀၆ တုန်းက ကျွန်မတို့ကို ကူညီခဲ့တဲ့ မှောင်ခိုသမားတွေရဲ့ ဖုန်းနံပါတ်ကို ကျွန်မ အပြေးအလွှား ရှာကြည့်လိုက်တယ်။ သူတို့က သိပ်ပြီး အားတက်သရော မရှိကြဘူး။

ကီအွန်ဆန်ကို ကျွန်မတို့က တောင်းတောင်းပန်ပန်၊ ခဲခဲယယနဲ့ ခေါ်ရတာ။ မွန်ဂိုလီးယား သံကန္တာရကို ဖြတ်မလျှောက်စေရဘူးလို့ ကတိ ပေးထားတာ။ ကျွန်မတို့ ဆိုးလ်ကိုရောက်တော့ သဲကန္တာရကို ဖြတ်လျှောက်စရာ မလိုဘဲ မြောက်ကိုရီးယားကနေ တောင်ကိုရီးယားလာတဲ့ လမ်းကြောင်းရှိတာ သိလိုက်ရတယ်။ မှောင်ခိုသမားတွေက တောင်ကိုရီးယား နိုင်ငံကူးလက်မှတ် အတုလုပ်ပေးပြီး တောင်ကိုရီးယားသွားတဲ့ လေယာဉ်ပေါ် တင်ပေးလိုက်လိမ့်မယ်။ အင်ချွန်းလေဆိပ် ရောက်တဲ့အခါ အာဏာပိုင်တွေဆီမှာ အဖမ်းခံလိုက်ဖို့ပဲ။ အဲဒီနည်းက 'အစိမ်းရောင် နယ်ခြားစည်း' မှာ၊ ဒါမှမဟုတ် ဂိုဘီသဲကန္တာရထဲမှာ အသက်စွန့်စရာ မလိုဘူး။ ပိုက်ဆံပေးနိုင်ရင် ဘာမဆို ဖြစ်တယ်။

မှောင်ခိုသမားတွေက ဝမ် ၁၀ သန်း (ဒေါ်လာ တသောင်းခန့်) တောင်းကြတယ်။ ကျွန်မနဲ့ အမေ မွန်ဂိုလီးယားကို ဖြတ်လာတုန်းက ပေးရတဲ့ငွေရဲ့သုံးဆလောက်ပဲ။ အမေ ဈေးဆစ်တော့မှ ဝမ် ခုနစ်သန်းခွဲနဲ့ ဈေးတည့်သွားကြတယ်။

*

၂၀၀၈ မေလအတွင်း ကီအွန်ဆန် နိုင်ငံကူးလက်မှတ်အတု ကိုင်ပြီး တရုတ်ပြည်ကနေ တောင်ကိုရီးယားကို ထွက်လာခဲ့တယ်။ လောလောဆယ်တော့ လင်နဲ့ သမီးလေးကို ထားရစ်ခဲ့ရတာ ပေါ့။ သူ့လင်မိသားစုက အတော် ကောင်းတာပဲ။ သူတို့က ကီအွန်ဆန် ဆုံးဖြတ်ချက်ကို နားလည်ပြီး ယုံကြည်စိတ်ချမှုလည်း ရှိကြတယ်။ သူတို့မိသားစုကို ကျွန်မ တကယ်ပဲ လေးစားပါရဲ့။

ဒါပေမဲ့ အနားကပ်ခါမှ ကီအွန်ဆန် ခရီးစဉ် ပြောင်းသွားတယ်။ မှောင်ခိုသမားတွေ ပြောထားတာက ကီအွန်ဆန်ကို လေယာဉ်လက်မှတ် တစောင် ပေးမယ်တဲ့။ နောက်ဆုံးကျတော့ ပင်လယ်ဝါကို သင်္ဘောနဲ့ ဖြတ်ပြီး တောင်ကိုရီးယားနယ်မြေထဲ ရောက်ရတာ။ သူ့ကို မှာထားတဲ့အတိုင်း ကီအွန်ဆန်ဟာ သူ့ကိုယ်သူ မြောက်ကိုရီးယားပြည်ပြေးအဖြစ် အကောက်ခွန်ကို ပြောပြလိုက်တယ်။

ကျွန်မတို့တုန်းကလိုပဲ သူ့ကို အမျိုးသားထောက်လှမ်းရေးက စစ်ကြောရေး

ဝင်တာပေါ့။ တလလောက်ကြာတော့ သူ ပြန်လွတ်လာတယ်။ စစ်ကြောရေး ပြီးသွားပြီ။ ဟာနာဝန်ကို သူ မသွားရဘူး။ အဲဒီအချိန်က ဟာနာဝန်မှာလည်း ပြည်ပြေးတွေ ပြည့်ကျပ်လို့။ ၂၀၀၈ ထဲမှာ မြောက်ကိုရီးယား ပြည်ပြေး ၂၈၀၀ ကျော် ရောက်လာတယ်။ ဒီတိုင်းပြည်မှာ ကျွန်မတို့ ရှိနေတာလည်း တကြောင်းကြောင့် ဟာနာဝန်ကို ကီအွန်ဆန် ဝင်စရာ မလိုတော့ဘူး။

*

အဲဒါနဲ့ ကီအွန်ဆန် ကျွန်မတို့နဲ့အတူလာနေတယ်။ အခုလို အတူနေရတာ ကျွန်မဖြင့် ပျော်လိုက်တာ။ ထုံးစံအတိုင်း မမကတော့ မြန်မြန်ဆန်ဆန်ကြီးကို နေသားကျသွားတော့ပဲ။ ဒါပေမဲ့ သူ့အသည်းနှလုံး က တရုတ်ပြည်မှာ သူ့လင် သူ့သမီးနဲ့အတူ ကျန်ခဲ့ပြီ။ ကွန်ပျူတာပေါ်ကနေ သူ့လင်နဲ့ စကား ပြောတာ နေ့တိုင်းပဲ။ သူတို့နှစ်ယောက် မခွဲနိုင်ကြဘူး။ သူ့လင်က သူ့ကို အတော်ချစ်ပုံရတယ်။ သူ့လင်နဲ့ သမီးကို သူလွမ်းနေမှာပဲ။ ဟန်မပျက်အောင်သာ နေနေတာ။ တနေ့မှာ ဆိုဂျူးပုလင်း အခွံတလုံး တွေ့တယ်။ စိတ်ညစ်တာတွေကို ဆိုဂျူးနဲ့ ဖြေနေတယ်ထင်ပါရဲ့။

ကီအွန်ဆန်က တနှစ်မှာ နှစ်ခါ တရုတ်ပြည်ပြန်ပြီး မိသားစုနဲ့ တွေ့တယ်။ တခါသွားရင် တလကြာတယ်။ သူ့လင် တပ်ကထွက်ရင် တရုတ်ပြည်ကို ပြန်မှာ။ သမီးလေးကို အတူတကွ ပြုစုပျိုးထောင်မယ်ဆိုတဲ့ အတွေးနဲ့ သူတို့လင်မယား ပျော်နေကြတယ်။

အဲဒီအချိန်အတွင်းမှာပဲ ကျွန်မ ဘဝရှေ့ရေးအတွက် အသေးစိတ် စီစဉ်ရတော့တာ။ ကျွန်မ အသက် ၂၂ နှစ်ရှိပြီ။ စာလိုက်နိုင်အောင် အတန်းတွေ တက်အပြီးမှာ ပိုက်ဆံရဖို့အတွက် အလုပ်မလုပ်ဘဲ ကောလိပ်တက်ဖို့ ဆုံးဖြတ်လိုက်တယ်။ တောင်ကိုရီးယားမှာ အလုပ်ကောင်းကောင်း လိုချင်ရင် ပညာ မရှိလို့ မဖြစ်ဘူး။ ဒီမှာ အလုပ်အကိုင်ဈေးကွက်က အင်မတန် ပြိုင်ဆိုင်မှု များတယ်။

တောင်ကိုရီးယားမှာ မိဘတွေက သူတို့ရဲ့သားသမီးတွေကို အကောင်းဆုံးတက္ကသိုလ်မှာ တက်နိုင်ဖို့ အတွက် သူငယ်တန်းကစပြီး ကြိုတင် ပြင်ဆင်ပေးကြတယ်။ အင်္ဂလိပ်ဆရာတွေ ငှားပြီးတော့တောင် သင်ကြတာ။ သားသမီးတွေ ဆယ်ကျော်သက်အရွယ်ရောက်တော့ ကျောင်းဆင်းချိန်မှာ ညနေ သင်တန်းတွေကို ညမိုးချုပ်တဲ့အထိ တက်ခိုင်းကြပြန်ရော။ ကိုးနှစ်လုံးလုံး ကျောင်းထွက်နေခဲ့ရတဲ့ ကျွန်မအဖို့တော့ အင်မတန်ကြီးမားတဲ့ အားနည်းချက်ပါပဲ။

ကံကောင်းတာက တိုင်းပြည်မှာ ဂုဏ်သိက္ခာ အမြင့်မားဆုံးဖြစ်တဲ့ ဆိုးဂန်းတက္ကသိုလ်က ကျွန်မလို မြောက်ကိုရီးယားက ကျောင်းသားတွေအတွက် အထူးအစီအစဉ်တခု ဖွင့်ပေးထားတယ်။ ကျွန်မတို့ အနေနဲ့ တောင်ကိုရီးယား

ကျောင်းသားတွေလို ဝင်ခွင့်စာမေးပွဲလည်း ဖြေစရာ မလိုဘူး။ အင်တာဗျူး ဝင်ဖို့ပဲ လိုတယ်။ ကျောင်းလခလည်း လျှော့ပေါ့ပေးတယ်။ ဒါဟာ တကယ့်အခွင့်အရေးကြီးဖြစ်လို့ ဆိုဂန်းတက္ကသိုလ်မှာ တက်ဖို့ ကျွန်မ ဆုံးဖြတ်လိုက်တယ် ဆိုပါတော့။ ဆိုဂန်းတက္ကသိုလ်မှာ မြောက်ကိုရီးယားကျောင်းသား ၄၀ လောက် ရှိတယ်။ ဒီအစီအစဉ်မျိုးသာ မရှိလို့ကတော့ ဒီတိုင်းပြည်မှာ ကျွန်မတို့လို ကျောင်းသားတွေ အလုပ်ကောင်းကောင်း ရမှာမဟုတ်ဘူး။

ကျောင်းဝင်ဖို့ အင်တာဗျူးဖြေရတာ အဆင်ပြေပါတယ်။ အထူးပြု ဘာသာရပ်အဖြစ် တရုတ်စာပေနဲ့ ယဉ်ကျေးမှုကို ယူလိုက်တယ်။ ကျွန်မ အကောင်းဆုံး ကြိုးစားနေဆဲပါ။

ကျွန်မအတွက် ပညာရေးစရိတ်ရအောင် တောင်ကိုရီးယား စူပါမားကက်တခုမှာ အလုပ်ဝင်လုပ် နေကြတဲ့ အမေနဲ့ မမကတော့ ကျွန်မအပေါ် မျှော်လင့်ချက် ကြီးကြီးမားမားတွေ ထားလို့ပေါ့ရှင်။ အမေနဲ့ မမ ကီအွန်ဆန်က အိမ်နဲ့ သိပ်မဝေးတဲ့ Homeplus စူပါမားကက်က စားသောက်ဆိုင်မှာ လုပ်ကြတာ။ ကျွန်မကို လွတ်လွတ်လပ်လပ် စာကြည့်ပါစေဆိုပြီး သူတို့က ဧည့်ခန်းထဲမှာ အိပ်ကြတယ်။

တခါတခါ မနက်မိုးလင်းရင် အိပ်ရာက မထချင်ဘူး။ ညဉ့်နက်သန်းခေါင်အထိ စာကြည့်တာကိုး။ ပါမောက္ခတွေ ကူညီကြတာ၊ အားပေးကြတာ ကျွန်မ ကံကောင်းတယ်။ အထူးသဖြင့် အင်္ဂလိပ်စာ ပါမောက္ခ နိုဂျေးဟွန်းဆို အတန်းမတက်ခင် အစောကြီး ရောက်လာပြီး ကျွန်မကို သီးသန့်သင်ပေး တယ် ရှင့်။

တောင်ကိုရီးယားကျောင်းသားတွေလည်း ကျွန်မကို ကူညီကြတယ်။ သူတို့ကို ရင်ထဲက လှိုက်ပြီး ကျေးဇူးတင်ကြောင်း ပြောလိုက်ပါရစေ။

ဒါပေမဲ့ တချို့ကတော့ စတယ်ကြီးတွေနဲ့ သူစိမ်းပြင်ပြင်လိုပဲ။ သူတို့ မြောက်ကိုရီးယား ကျောင်းသားတွေကို 'ရန်သူတွေ' ဆိုပြီး သတိထားနေကြတာ။ ၁၉၅၀ ကတည်းက ကိုရီးယား နှစ်နိုင်ငံ စစ်ဖြစ်နေခဲ့တာ ဒီနေ့အထိပဲလေ။ တချို့ တောင်ကိုရီးယားတွေက ကျွန်မတို့ ပြည်ပြေးတွေ အခွင့်အရေး ရတာကို မရှုဆိတ်ကြဘူး။ ပြီးတော့ ကျွန်မမှာ တောင်ကိုရီးယား နိုင်ငံကူးလက်မှတ် ရှိတာ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိတာကိုလည်း မလိုလားကြဘူး။ ကျွန်မဟာ ဒီတိုင်းပြည်က လူတိုင်းလို ဒေါင်ဒေါင်မြည် နိုင်ငံသားတယောက်ပါ။ ဒါပေမဲ့ တချို့က ကျွန်မကို သူတို့နဲ့ တန်းတူ ရည်တူ သဘောထားကြတာ မဟုတ်ဘူးရှင့်။ အရှေ့တောင်အာရှက ဖိလစ်ပိုင်တွေ၊ ကမ္ဘောဒီးယားတွေ၊ သူတို့ အင်မတန် စက်ဆုပ်တဲ့

ဆင်းရဲတဲ့လူမျိုးတွေကို ဆက်ဆံသလို ကျွန်မကို ဆက်ဆံကြတာ။

တခါတခါ တက္ကသိုလ်မှာ တခြားကျောင်းသားတွေနဲ့ စကားပြောနေတုန်း သူတို့က ကိုရီးယား နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးကို ဆန့်ကျင်တယ်လို့ ပြောကြတယ်။ ဆင်းရဲတဲ့ မြောက်ကိုရီးယား တွေဆီ သူတို့ရဲ့အခွန်ငွေတွေ ရောက်သွားမှာစိုးလို့တဲ့ရှင့်။ ဒီစကားမျိုးကြားတဲ့အခါ ကျွန်မဖြင့် ရင်နာလိုက်ရတာ။ သတင်းစာတွေကလည်း တမျောင့်။ ကင်အီဆွန်း တည်ထောင်ခဲ့တဲ့ အကြွင်းမဲ့ အာဏာရှင်အစိုးရနဲ့ မြောက်ကိုရီးယားပြည်သူတွေကို တခုတည်းလို့ သူတို့ ရေးကြတယ်ရှင့်။ တကယ်တော့ မြောက်ကိုရီးယားပြည်သူတွေဟာ အစိုးရရဲ့ အဓိကသားကောင်တွေပဲ မဟုတ်ဘူး လား။ တောင်ကိုရီးယားဟာ သုခဘုံ အမြဲတမ်း မဟုတ်ခဲ့ပေမယ့် ကျွန်မတို့ကို ကြိုဆိုလက်ခံတာ၊ ဒီမှာနေခွင့်ရတာအတွက် ကျေးဇူးတင်ရပါတယ်ရှင်။

တောင်ကိုရီးယားကို ရောက်စနှစ်တွေမှာ ကျွန်မတို့ စိတ်ညစ်တိုင်း မီးတွေ အားလုံးမှိတ်ပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ဝိုင်းဖွဲ့စကားပြောကြတယ်။ မြောက်ကိုရီးယားသီချင်းတွေလည်း ဆိုကြတယ်။ ဒါပေမဲ့ စိတ်ချ၊ ကင်ဂျုံအီအစိုးရကို ကျွန်မတို့ ဘယ်တော့မှ ကာကွယ်မပြောဘူးရှင့်။

ကျွန်မမှာ မြောက်ကိုရီးယား ပြည်ပြေး သူငယ်ချင်းတွေ ရှိတယ်။ အဲဒီအထဲမှာ ကင်အစိုးရရဲ့ အလုပ်စခန်းတခုကနေ ထွက်ပြေးလာတဲ့ ကျွန်မချစ်သူလည်း အပါအဝင်ပေါ့။ ကျွန်မနဲ့တွေ့တော့ သူက အရှေ့အာရှသတင်းစာမှာ အလုပ်သင် အယ်ဒီတာတယောက်ပါ။ တောင်ကိုရီးယားမှာ ကျောင်းတက်နေတဲ့ မြောက်ကိုရီးယား ဒုက္ခသည်တွေအကြောင်း ဆောင်းပါးရေးဖို့လာရင်း ကျွန်မနဲ့ တွေ့ကြတာ။ အဲဒီလိုနဲ့ 'သံကန့်လန့်ကာ' ရဲ့ အခြားတဖက်မှာ မြောက်ကိုရီးယား နှစ်ယောက် ချစ်ခြင်းအစ မျက်စိက ဖြစ်သွားတယ်ဆိုပါတော့ရှင်။

ကျွန်မချစ်သူက မြောက်ကိုရီးယားရဲ့စတာလင်ဝါဒီအစိုးရကို အသည်းအသန် မုန်းတယ်။ ကျွန်မမှာ လည်း သူနဲ့ပတ်သက်လာတော့ နိုင်ငံရေးအမြင်တွေ ဖွံ့ဖြိုးလာတာ အမှန်ပဲ။ သူက နိုင်ငံရေး စိတ်ဓာတ် သိပ်ကို ပြင်းပြတာ။ မြောက်ကိုရီးယား အာဏာရှင်အစိုးရကို ပြုတ်ကျသွားစေချင် နေတယ်။ ကျွန်မကတော့ သူနဲ့ နည်းနည်း ကွဲတယ်။ ကျွန်မက ကမ္ဘာကြီး မေ့လျော့ထားတဲ့ မြောက်ပိုင်းက ကျွန်မရဲ့လူမျိုးကို လှုံ့ဆော်မှု ပေးချင်တာ။

ကျွန်မ စိတ်ဓာတ် တက်ကြွနေတယ်။ မြောက်ကိုရီးယားတွေအတွက် ခြေလှျင်အသင်းမှာ ပါဝင်လိုက် တယ်။ အလုပ်ပိတ်ရက်တွေမှာ ဆိုးလ်ဝန်းကျင်က တောင်တွေပေါ်တက်ကြတယ်။ မြောက်ကိုရီးယား သင်းအုပ်ဆရာတယောက်

ဦးဆောင်တဲ့ ပရိုတက်စတင့် ကျောင်းတော်ကိုလည်း ကျွန်မ တက်ရောက်စ ပြုနေပြီ။ ကျွန်မက အထူးတလည် ဘာသာရေး လိုက်စားသူ မဟုတ်ပေမယ့် အခု ကိုယ့်ကိုယ်ကို မိသားစုကြီးတခုရဲ့ အစိတ်အပိုင်းအဖြစ် ခံစားမိတာတော့ အမှန်ပဲ။

တခါတခါ ဒီနိုင်ငံမှာ မိသားစုစိတ်ဓာတ် ပျောက်ဆုံးနေသလို ထင်ရတယ်။ တိုင်းပြည်စီးပွားရေး သိပ်ကောင်းနေပေမယ့် လူတွေက ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ ကိုယ့်လမ်းကိုယ်လျှောက်နေ ကြတယ်။

ဒီနေ့ ဒီစာရေးနေချိန်မှာ ကျွန်မအသက် ၂၅ နှစ်ပါ။ ကျွန်မမှာ ရှေ့ရေးအတွက် စီမံထားတာတွေ ရှိပါတယ်။ ဒီမှာ ကျွန်မ လုပ်ချင်တာတွေကို စိတ်ကူးယဉ် အိပ်မက် မက်လို့ရတယ်။ ကမ္ဘာကြီး အကြောင်း လေ့လာလို့ ရတယ်။ မနှစ်က ရုရှားတောင် သွားခဲ့သေးတယ်။ စကားရည်လုပြိုင်ပွဲမှာ ဆုရလို့ ဆိုက်ဘေးရီးယားကို သွားရတာ။ တပတ်ကြာတယ်။

လေယာဉ်စီးရတာကို ကျွန်မ စိတ်လှုပ်ရှားနေပြန်တယ်။ ဒီခရီးဟာ ကျွန်မဘဝမှာ ပထမဆုံး အပန်းဖြေ ခရီးပါ။ လွန်ခဲ့တဲ့ နှစ်ပိုင်းအတွင်း ချုံဂျင်းမှာ ဒုက္ခသုက္ခတွေနဲ့ နေခဲ့စဉ်တုန်းက ဒီလိုခရီးမျိုး သွားဖို့ အိပ်မက်တောင် မက်ရဲခဲ့တာ မဟုတ်ဘူး။

ရုရှားရောက်တုန်း ဗလာဒီဗော့စတော့မြို့ထဲ သွားတော့ ဆောက်လုပ်ရေး လုပ်ငန်းခွင်တခုမှာ အလုပ်သမားတွေ တွေ့တယ်။ အဲဒါ ကင်ဂျုံအီအစိုးရ စေလွှတ်ထားတဲ့ မြောက်ကိုရီးယားတွေလို့ လမ်းညွှန်က ပြောတယ်ရှင့်။ နိုင်ငံခြားငွေကြေး ရအောင် ပင်လယ်ရပ်ခြားမှာ အလုပ် သွားလုပ်ခိုင်း တာတဲ့။ အလုပ်သမားတွေကို ဒီမှာအလုပ်လုပ်ဖို့ အစိုးရက ပို့လိုက်တဲ့အခါ သားမယားတွေကို အပေါင်ပစ္စည်းအဖြစ် ထိန်းသိမ်းထားတယ်လို့ လမ်းညွှန်က ဆက်ပြောတယ်ရှင့်။

အလုပ်သမားတွေ မြင်ရတော့ ကျွန်မရင်ထဲ နာကျင်လိုက်တာ။ သူတို့နဲ့ စကားပြောချင်လိုက်တာ လည်း တပိုင်းကိုသေလို့။ ပြောများ ပြောလိုက်မိရင် ကျွန်မတို့ ဒုက္ခရောက်မှာ သေချာတာပေါ့။ တပြည်တည်းသားတွေနဲ့ စကားမပြောဘဲ ပြန်လာရတာ စိတ်မကောင်းလိုက်တာ။

ဆိုးလ်မှာ ကျွန်မ ဘဝသစ်ကို တည်ဆောက်နေပါတယ်။ ဒီမှာနေရတာ စိတ်ချမ်းသာတယ်။ ကျွန်မ အချိန်ဖြုန်းတဲ့နေရာလေးက ဒေါက်တာ ရော်ဘင်ဆိုတဲ့ ကဖေးဆိုင်လေးပါ။ ကျွန်မနေတဲ့တိုက်ခန်းနဲ့ အနီးကလေး။ အဲဒီမှာ ကျွန်မရဲ့အဖြူရောင်လက်ပ်တော့ပ်လေးနဲ့ လေ့လာရင်း၊ နေ့လယ် အိပ်မက်တွေ မက်ရင်း အချိန်ဖြုန်းရတာ။ ဆိတ်ငြိမ်တဲ့ဝန်းကျင်ကို ကျွန်မ သဘောကျတယ်။ အသံဗလံတွေ ဆူနေရင် မကြိုက်ဘူး။

တောင်ကိုရီးယားမှာက ကျွန်မ တခုခုလုပ်ချင်ရင် ဖြစ်မြောက်အောင် လုပ်လို့ရတယ်။ ကျွန်မရဲ့ ပထမဆုံး ရည်မှန်းချက်က ကောလိပ် ဒီပလိုမာ ရဖို့၊ ပြီးတော့ မဟာဘွဲ့တခုရဖို့။ အဲဒါမတိုင်ခင် ကျောင်းကို တနှစ်လောက်နားပြီး အင်္ဂလိပ်စာ တိုးတက်အောင် လုပ်ဖို့နဲ့ ခရီးထွက်ပြီး ကမ္ဘာကြီးကို စူးစမ်းကြည့်ဖို့လည်း စိတ်ကူးထားတယ်။ အမေရိကမှာ ပညာသင်ကြားခွင့် ရဖို့လည်း ကျွန်မ ကြိုးစားနေပါတယ်။ အောင်မြင်လိမ့်မယ်လို့တော့ ထင်တာပဲ။

ပြီးတော့ လူတွေကို မျှော်လင့်ချက်ပေးနိုင်တဲ့ အလုပ်တခု ကျွန်မ လိုချင်တယ်။ ကလေးစိတ်ပညာရှင် တယောက်ဖြစ်ဖို့ မျှော်မှန်းထားတယ်။ တရုတ်ပြည်မှာတုန်းက အမိမဲ့ကလေးတွေ၊ မိဘတွေက စွန့်ပစ်ထားလို့ ကိုယ့်ဝမ်းကိုယ်ကျောင်းနေရတဲ့ ကလေးတွေ တွေ့ခဲ့ဖူးလို့ ကလေးဘဝ အရေးပါပုံကို ကျွန်မ သဘောပေါက်ခဲ့တယ်။ ကျွန်မကိုယ်တိုင်ရဲ့ အတွေ့အကြုံကြောင့်လည်း ဖြစ်မှာပါ။ ကျွန်မ မောင်လေးအကြောင်း စဉ်းစားမိလို့လည်း ဖြစ်နိုင်ပါတယ်။

ဒီနှစ်မှာ သူ့အသက် ၁၁ နှစ်ရှိပြီ။ အားလပ်ရက်အတွင်း အမေ၊ မမနဲ့ ကျွန်မတို့ မောင်လေးကို တွေ့ဖို့ တရုတ်ပြည် ပြန်သွားကြတယ်။ ကျွန်မတို့မှာ တောင်ကိုရီးယားနိုင်ငံကူးလက်မှတ်တွေ ရှိနေပြီဖြစ်လို့ ဘာမှကြောက်စရာ မလိုတော့ဘူး။

ကျွန်မတို့ ခရီးစဉ်နဲ့ ပတ်သက်လို့ မောင်လေးရဲ့ အဖေ လယ်သမားနဲ့ ဖုန်းဆက်ပြီး စီစဉ်ကြတာပါ။ တရုတ်ပြည်မြောက်ပိုင်းက ကိုရီးယားလူမျိုးတွေ အများကြီးရှိတဲ့ ယန်ကျီမြို့မှာ ကျွန်မတို့ ဆုံတွေ့ကြမယ်။ မောင်လေး သားအဖကို ကျွန်မတို့စရိတ်ခံပြီး တရုတ်ပြည်မှာ လျှောက်လည်ကြမယ် လို့လည်း ကတိပေးထားတယ်။

ပင်လယ်ဝါကို သင်္ဘောနဲ့ တညဖြတ်၊ အဲဒီနောက် ရထားစီးပြီး ကျွန်မတို့ ချိန်းထားတဲ့ ကုန်တိုက်ကြီး ရှေ့ကို လမ်းလျှောက်လာကြတယ်။ ကျွန်မ ရင်တွေ ခုန်လိုက်တာ။ မောင်လေးနဲ့ ပြန်တွေ့ရတော့မှာ ပါလား။ ကျွန်မထွက်လာတော့ သူ့အသက် နှစ်နှစ်ပဲရှိသေးတာ။ ကျွန်မကို မှတ်မှ မှတ်မိပါ့မလား။

ယန်ကျီမြို့လယ်ကောင် စကြံပေါ်မှာ လူတွေ အများကြီးပဲ။ မောင်လေး သားအဖကို ကျွန်မ မှတ်မိပါ့မလားလို့ တွေးနေမိတယ်။ သူတို့ နည်းနည်းတော့ ပြောင်းလဲနေကြမှာပါ။ ဒါပေမဲ့ တကယ်တွေ့တဲ့အချိန်မှာ သူတို့ကို မှတ်မိဖို့ မခက်ပါဘူး။ ကုန်တိုက်အဝမှာ ရပ်နေတဲ့ သူတို့သားအဖကို ခွဲခြားသိဖို့ အလွယ်လေးပါ။ လူပုံအလယ်မှာ သူတို့သားအဖပုံစံက ညစ်ပတ် စုတ်ပြဲနေတဲ့ အဝတ်အစားတွေ ဝတ်ပြီး ကလေကချေတွေပုံ ပေါက်နေတာကိုး။ မြင်ရတာ စိတ်မကောင်းလိုက်တာ။ ကျွန်မတို့ မြင်မြင်ချင်း အပြန်အလှန် မှတ်မိကြတယ်ရှင့်။

ပြန်လည် တွေ့ဆုံခန်းက အေးအေးဆေးဆေးပါ။ လယ်သမားက ပြုံးပြီး ကျွန်မတို့ကို တွေ့ရလို့ တကယ် ဝမ်းသာနေပုံပဲ။ သူ အတော်လေး အိုစာသွားပြီ။ ဆံပင်တွေဖြူပြီး အသားအရေတွေ နေလောင် နေလိုက်တာ။

မောင်လေးက ကျွန်မကို သိပ်အမှုမထားဘဲ အရိုင်းအစိုင်းလေးတယောက်လို ပြုမူနေတော့တယ်။ ရိုင်းရိုင်းစိုင်းစိုင်းနဲ့ စာမတတ် ပေမတတ်တဲ့ မောင်လေးအတွက် ကျွန်မရင်ထဲမှာ ဗလောင်ဆူနေတော့ တာ။ စားသောက်ဆိုင်မှာ စားကြသောက်ကြတော့လည်း မောင်လေးဟာ အဆုံးအမ မခံခဲ့ရတဲ့ ကလေးတယောက်လို သူ့စိတ်ရှိတိုင်း ကြဲနေတော့တာ။ ကျွန်မက သူ့ကို စကားပြောဖို့ ကြိုးစားပေ မယ့် သူစိတ်အဝင်စားဆုံး ကျွန်မရဲ့အိုင်ဖုန်းကို ကလိချင်နေတာပဲ။ စားသောက်ခန်းက ပြန်ထွက်ရင် သူ့အတွက် ကြည့်ပျော်ရှုပျော်ဖြစ်မယ့် အဝတ်အစားလေး ဝယ်ပေးဦးမှ။ အမေက သူ့သားအတွက် တလ ဝမ်တသိန်း (ဒေါ်လာ တရာလောက်) သူ့လင်ဆီ ပို့ပေးနေခဲ့တာ။ ဒီလောက်ငွေဟာ တောင်ကိုရီးယားမှာ အများကြီးလို့ မဆိုသာပေမယ့် တရုတ်ပြည် ကျေးလက်ပိုင်းမှာတော့ မနည်းလှဘူး ရှင့်။ လယ်သမားက သားကို ဝယ်မပေးဘဲ သူ့ချည်း သုံးပစ်နေတယ် ထင်ပါရဲ့။ တခါတခါ ကျွန်မတို့ မောင်လေးအတွက် အဝတ်အထည်တွေလည်း ပို့ပေးခဲ့သေးတယ်။ အဲဒါ လယ်သမားကို မေးကြည့်တော့ ခပ်တည်တည်နဲ့ ရောင်းစားလိုက်ပြီတဲ့လေ။ စိတ်ဓာတ်ကျလိုက်တာ။

*

အဲဒီနောက် ကျွန်မတို့ ရှန်ဟိုင်းကို အလည်သွားကြတယ်။ မောင်လေးတို့သားအဖ ပျော်စေချင်လို့ပါ။ ဒါပေမဲ့ သူတို့နဲ့ ကြာကြာတွေ့ရလေ စိတ်ရှုပ်စရာ ကောင်းလေပဲ။ ခရီးစဉ်တခုလုံးအတွက် ကျွန်မတို့ ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီး ရှာဖွေထားတဲ့ ပိုက်ဆံနဲ့ အမေက အကုန်အကျ ခံတာ။ သူတို့သားအဖ ကတော့ တလမ်းလုံး ကပ်ပါးရပ်ပါးတွေလိုပဲ။ ရှန်ဟိုင်းမှာ ကျွန်မတို့ အပန်းဖြေဥယျာဉ်သွားကြတယ်။ လက်မှတ်ခ ဈေးကြီးတဲ့ သရီးဒီရုပ်ရှင် ကြည့်ကြတယ်။ ဒါတောင် မောင်လေးက အတောမသတ် အောင် ပူဆာနေသေးတာ။ ဖအေလုပ်သူကလည်း နည်းနည်းကလေးတောင် သူ့သားကို မဟန့်ဘူး။

မောင်လေးကို ဒီဖအေ့လက်ထဲမှာ ဆက်ထားနေလို့ မဖြစ်တော့ဘူးလို့ ကျွန်မ နားလည်လိုက်ပြီ။ သူ့ကို တောင်ကိုရီးယားအပြန်မှာ ခေါ်သွားဖို့ ဆုံးဖြတ်လိုက်တယ်။

အဲဒီအကြောင်း အမေနဲ့ ဆွေးနွေးတော့ အမေက သဘောမတူဘူး။ အမေက တရုတ်လို နည်းနည်းပါးပါးလောက်ပဲ ပြောတတ်တာ။ သူ့သားနဲ့ ဆက်သွယ်ဖို့

အခက်အခဲတွေ ရှိတယ်။

ဒါ့အပြင် ချန်းချင်ကို တောင်ကိုရီးယားခေါ် သွားဖို့ ဘယ်လောက်တောင် ခက်ခဲတယ်ဆိုတာ အမေသိတယ်။ ဆိုးလ်ကို ရောက်ပြီး ကျွန်မတို့ ဖုန်းဆက်တော့ လယ်သမားက သူ့သားကို မပေးနိုင်ဘူးလို့ ပြောခဲ့တာ။ သူက သားကို ဆုံးရှုံးခံရမှာ ကြောက်နေတယ်။ သူ့သားအတွက် ကျွန်မတို့ ပို့ပေးတဲ့ လစဉ်ထောက်ပံ့ငွေ မရတော့မှာကိုလည်း ကြောက်နေတာ သေချာတယ်။

ကျွန်မတို့နဲ့အတူ မောင်လေး လိုက်လာရင် ငွေရေးကြေးရေး ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်မှာ အမေ သိနေတယ်။ သူက တရုတ်လူမျိုးဖြစ်လို့ အာဏာပိုင်တွေက သူ့ကို ပြည်ပြေးအဖြစ် အသိအမှတ် ပြုကြမှာ မဟုတ်ဘူး။ ငွေကုန်ကြေးကျခံပြီး မှောင်ခိုသမား အကူအညီနဲ့ မောင်လေးကို တောင်ကိုရီးယား ခေါ်လာပြီးရင် အမေက သူ့ကို မွေးစားရလိမ့်မယ်။ သူ တောင်ကိုရီးယားမှာ တရားဝင် နေနိုင်ဖို့အတွက် ဒီနည်းပဲရှိတာ။ မြောက်ကိုရီးယားက ထွက်ပြေးလာသူတွေကိုပေးတဲ့ တောင်ကိုရီးယားအစိုးရရဲ့ ငွေကြေးထောက်ပံ့မှုကို မောင်လေး မရနိုင်ဘူး။

ဒါ့အပြင် အင်မတန် ပြိုင်ဆိုင်မှုကြီးမားတဲ့ ဒီလူ့အဖွဲ့အစည်းအတွင်းမှာ သူ့ကို မွေးစားဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ ကိုရီယားစကားလည်း မပြောတတ် မဆိုတတ်နဲ့ ကျောင်းထားဖို့ ခက်တယ်လို့ အမေက အကြောင်းပြတယ်။

ခရီးစဉ်အတွင်း ကျွန်မ သူနဲ့ စကားပြောဖို့ ကြိုးစားပါတယ်။ သူ့သဘော သူ့ဆန္ဒနဲ့များ တောင်ကိုရီးယားကို လိုက်လာချင်မလားလို့။ အဲဒီလိုမှ မဟုတ်ရင် သူ့အဖေက ကျွန်မတို့ကို 'လူခိုးမှု' နဲ့ တရားစွဲမှာ။

ဒီကိစ္စ ပြောဖို့ ဆိုဖို့ အခွင့်အလမ်းကို မသာခဲ့ဘူး။ သူ့အဖေက ကျွန်မတို့ကို တချက်လေးမှ အလွတ်မပေးဘူး။ ကျွန်မနဲ့ မောင်လေး မျက်နှာချင်းဆိုင်တာနဲ့ သူ့မျက်နှာကြီး စူပုပ်နေပြီ။ မောင်လေးကတော့ ကျွန်မကို ဟိုဟာ ဝယ်ပေးပါ၊ ဒီဟာ ဝယ်ပေးပါ လုပ်နေတာပဲ။ သူ့လိုဘ ပြည့်တယ်လို့ မရှိဘူး။

ခရီးစဉ်ပြီးဆုံးချိန်မှာ ကျွန်မ တောင်ကိုရီးယားကို စိတ်ညစ်ညစ်နဲ့ ပြန်လာခဲ့ရ။ မောင်လေးကို ဘယ်တော့များမှ ထပ်တွေ့ရပါဦးတော့မလဲ။ နောက်တကြိမ် ပြန်တွေ့တဲ့အခါ မောင်လေး အခုထက် ပိုဆိုးနေမှာလား။

တလတခါ ကျွန်မ သူ့ဆီ ဖုန်းဆက်နေတုန်းပဲ။ ယာတောနဲ့ သိပ်မဝေးတဲ့ ရွာတရွာမှာ သူ ဖုန်းသွားပြောရတာ။ ကျွန်မ သူနဲ့ အဆက်အသွယ် မပြတ်ဖို့ ကြိုးစားတယ်။ သူ့အနာဂတ်ကို တည်ဆောက်ပေးဖို့ ကျွန်မ ဆုံးဖြတ်ထားတယ်။

[၁၇]

၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၉၊ တနင်္လာနေ့၊ ညနေပိုင်း၊ ၇ နာရီ ၉ မိနစ်။ ဒီစာအုပ်ကို လက်စသတ်နေချိန်မှာ မြောက်ကိုရီးယား ပြည်ပြေး မိတ်ဆွေတယောက်ဆီက ကျွန်မ စာတစောင် လက်ခံရရှိတယ်။

“ကင်ဂျုံအီ သေသွားပြီ” တဲ့။

အဲဒီအချိန်မှာ ကျွန်မ နောက်တာလို့ ထင်လိုက်မိတယ်။ ဒီလို ကောလာဟလတွေက ခဏခဏ ကြားနေရတာလေ။ ကျွန်မမိတ်ဆွေကတော့ အတည်ပါတဲ့။ မြောက်ကိုရီးယား သတင်းကြေညာက မျက်ရည်လည်ရွဲနဲ့ ဒီသတင်းကို အခုပဲ ကြေညာသွားတယ်။ ဒါအမှန်ပဲ။ ၁၉၉၄ အတွင်း ကင်အီဆွန်း သေတုန်းက ကြေညာတာလည်း ဒီအမျိုးသမီးပဲ။ ချက်ချင်းပဲ ကျွန်မချစ်သူဆီ ဖုန်းဆက်လိုက်တယ်။ အဲဒီနောက် အမေ့ဆီ။ ပြီးတော့ ကီအွန်ဆန်ဆီ ဒီသတင်းပြောဖို့ သွားလိုက်တယ်။ ကျွန်မတို့ရဲ့ မွေးရပ်မြေမှာ ဒုက္ခတွေပေးခဲ့တဲ့ အာဏာရှင်အကောင်ကြီး သေသွားပြီ။

“ဒီသတင်းကြားရတာ ကိုယ်တော့ ပျော်လိုက်တာ” လို့ ချစ်သူက ပြောတယ်ရှင့်။ ကျွန်မအဖို့ကတော့ ဝမ်းလည်းမသာ၊ ဒဏ်ခတ်လိုစိတ်လည်း မရှိ။ ကျွန်မစိတ်ထဲမှာ မေးခွန်းတခုပဲ ရှိတယ်။ ကိုရီးယား နှစ်နိုင်ငံ ပူးပေါင်းမှာလား။

ဒါပေမဲ့ မြန်မြန်နဲ့တော့ ဖြစ်မလာနိုင်ဘူးဆိုတာ ကျွန်မ သိပါတယ်။ ကင်ဂျုံအီ သေခြင်းဟာ မြောက်ကိုရီးယား ကင်မျိုးဆက်နိဂုံး မဟုတ်ပါဘူး။ သူ့တတိယမြောက်သား ကင်ဂျုံအန်က အာဏာရှင် တတိယမျိုးဆက်အတွက် အခုကတည်းက ကြိုတင်ပြင်ဆင်နေပြီပဲ။ မြောက်ကိုရီးယား ဟာ အာဏာကို မျိုးဆက် တဆက်ပြီးတဆက် လက်ဆက်ကမ်းတဲ့ တခုတည်းသော ကွန်မြူနစ် နိုင်ငံပါ။

အာဏာရှင်အသစ် ကင်ဂျုံအန်က ကျွန်မထက် အသက် သုံးလေးနှစ်ပဲ ကြီးတာပါ။ သူက အခု တိုင်းပြည်အနာဂတ်ကို ဆုံးဖြတ်တော့မယ်။ သူ့ကို ပထမဆုံးအကြိမ် တွေ့ဖူးတုန်းက သူ့ရဲ့ ဖောင်းဖောင်းအစ်အစ် မျက်နှာကို ကျွန်မ ကြည့်လို့ မရခဲ့ဘူး။ ဒါပေမဲ့ သူ့ရဲ့ နုနယ်ပျိုမျစ်မှုကတော့ ကျွန်မကို မျှော်လင့်ချက် ပေးပါရဲ့။ သူဟာ စနစ်ကို ပြောင်းပစ်မယ့်လူ ဖြစ်နိုင်မလား။ သူက ဆွစ်ဇာလန်မှာ ပညာသင်ယူခဲ့တာ။ ကျန်တဲ့ ကမ္ဘာကြီး အလုပ်လုပ်နေပုံကို သူသိတယ်။ အဲဒီအသိက သူ့ကို မှန်ကန်တဲ့လမ်းကြောင်းဆီ လမ်းညွှန်ပေးနိုင်မလား။ အထင်ကရ ကျွမ်းကျင်သူ အများအပြား ကတော့ သံသယတွေကိုယ်စီနဲ့ပါ။ ကျွန်မသာ သူ့အပေါ် မျှော်လင့်လို့မဆုံး။

ဘာပဲဖြစ်ဖြစ် သူ့မှာ အမှားအတွက် ဆင်ခြေဆင်လက် မရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ မြောက်ကိုရီးယားတွေက အစိုးရကို တနေ့တခြား စိတ်ကုန်လာလို့ပဲ။ မြောက်ကိုရီးယားကလွဲလို့ တခြားနေရာတွေမှာ ပိုကောင်းကြောင်း လူတွေ သိနေကြပြီ။ အာဏာရှင်တွေပြောတဲ့ 'ဆိုရှယ်လစ် သုခဘုံ' ဆိုတာနဲ့ အဝေးကြီးဖြစ်ကြောင်း လူတွေသိနေကြပြီ။

၂၀၁၂ ဧပြီ ၁၅ မှာ မြောက်ကိုရီးယားအစိုးရက 'ရာသက်ပန်သမ္မတကြီး' ကင်အီဆွန်းရဲ့ ရာပြည့်မွေးနေ့ အထိမ်းအမှတ်ပွဲ ကျင်းပဖို့ ပြင်ဆင်နေကြတယ်။ အဲဒါ မြောက်ကိုရီးယား ချမ်းသာပြီး အင်အားကြီးမားတဲ့နိုင်ငံတခု ဖြစ်လာလိမ့်မယ်လို့ ဝါဒဖြန့်ထားတဲ့အချိန်ပဲ။ သတင်းစာတွေထဲမှာ ဒီခေါင်းစီးတွေ မြင်ရတော့ ကျွန်မ မပြုံးဘဲ မနေနိုင်ဘူးရှင့်။ ကျွန်မ ငယ်ငယ်တုန်းက ကင်အီဆွန်း လည်း သက်ရှိထင်ရှား ရှိနေသေးချိန်မှာ သူက နေ့တိုင်း ထမင်းနဲ့ အမဲသားဟင်း စားရမယ်လို့ ကတိပေးထားခဲ့တယ်။ အခု နှစ်ပေါင်း ၂၀ ကျော်လာပြီးနောက်မှာ ဒီဟာလေးတောင် အကောင်အထည် မဖော်နိုင်ခဲ့ဘူး။ အစိုးရအနေနဲ့ ရာပြည့်ပွဲကို ခမ်းကြီးနားကြီး လုပ်နေပေမယ့် 'ချမ်းသာပြီး အင်အားကြီးမားတဲ့နိုင်ငံ' ဆိုတာကတော့ လိမ်ဆင်ကြီးပဲ။

တကယ်တော့ ဒီကင်ဂျုံအန်နဲ့ သူ့မိသားစု ဖြစ်ချင်တာက အာဏာကို တတ်နိုင်သမျှ ကြာကြာ ဆုပ်ကိုင်ထားဖို့ပါ။ ဆင်းရဲတွင်းထဲမှာ ချုံးကျနေကြတဲ့ မြောက်ကိုရီးယား ၂၂ သန်းကို သူတို့ခေါင်းထဲ ထည့်ကြတာ မဟုတ်ပါဘူး။

ဒါပေမဲ့ ဒီအစိုးရ တာရှည်မခံတော့ဘူးလို့ ကျွန်မ ယုံကြည်ပါတယ်။ အဲဒါကို အတိအကျ သေချာပေါက် မပြောနိုင်ပေမယ့် တရုတ်နယ်စပ်က မှောင်ခိုသမားတွေ ပြောတာတော့ အစိုးရအပေါ် မြောက်ကိုရီးယား ပြည်သူတွေ သစ္စာမခံကြတော့ဘူးတဲ့။ ပြည်ပြေးအသစ်တွေနဲ့တွေ့တိုင်း အစိုးရကို ပြည်သူတွေ အထင်မကြီးတော့ဘူးဆိုတဲ့ စကားပဲ ကြားရ။ ကင်ဂျုံအန်ဟာ မကြာခင် အာရပ်နွေဦးလို တော်လှန်ရေးမျိုးနဲ့ နဖူးတွေ့ ဒူးတွေ့ တွေ့ရလိမ့်မယ်လို့ ကျွန်မ ထင်နေတယ်။

အဲဒီအတိုင်း ဖြစ်လာလို့ကတော့ ကျွန်မတို့ မွေးရပ်မြေ အွန်ဒီအုတ်ကို တခေါက်တကျင်း ပြန်နိုင်မှာပဲ။ ငယ်ငယ်တုန်းက နေခဲ့တဲ့အိမ်ကို ကြည့်မယ်။ ကျောင်းနေဖက် သူငယ်ချင်းတွေနဲ့ တွေ့မယ်။ သူငယ်ချင်းတွေကို ကျွန်မ သိပ်လွမ်းတာပဲ။ တောင်ကိုရီးယား သူငယ်ချင်းတွေ သူတို့ရဲ့ ငယ်သူချင်းတွေနဲ့ တွေ့တာမြင်တိုင်း အားကျလိုက်တာ။ ကျွန်မရဲ့ကလေးဘဝကို မြောက်ကိုရီးယား အစိုးရ လုယူသွားမှန်း သိတာ အဲဒီအချိန်တွေမှာပေါ့ရှင်။

ဒါပေမဲ့ ကျွန်မက ထိုင်မှိုင်နေမယ့် လူစားမဟုတ်ဘူး။ ဒီတောင်ကိုရီးယားမှာ

ကျွန်မအတွက် အနာဂတ် ရှိတယ်။ ကျွန်မ တခြားလူတွေကို မျှော်လင့်ချက်ပေးနိုင်ချင်တယ်။ ဒီပြိုင်ဆိုင်မှု ပြင်းထန်တဲ့ လူ့အဖွဲ့အစည်းနဲ့ လိုက်လျောညီထွေ ဖြစ်အောင် ကြိုးစားရင်း ကျွန်မနဲ့ ဘဝတူ မြောက်ကိုရီးယားတွေ အခက်အခဲ တွေ့ကြတယ်။ သူတို့ကိုယ်သူတို့ တောင်ကိုရီးယားတွေနဲ့ ယှဉ်ကြည့်ရင်း သိမ်ငယ်စိတ်တွေ ဝင်ကြတယ်။ တောင်ကိုရီးယားတွေကို တုပဖို့ ကြိုးစားကြပေ တောင်ကိုရီးယားတွေက သူတို့ကို အဖက်မတန်သလို ကြည့်ကြတယ်။ မကြာမကြာ ကျွန်မလို ဒုက္ခသည်တွေဟာ မကျေမချမ်းဖြစ်ပြီး စိတ်ကျရောဂါ စွဲကပ်ကြတယ်။

ဒါကြောင့် ကျွန်မရည်မှန်းချက် အောင်မြင်ချင်တာပါ။ အဲဒီလိုဖြစ်ရင် တခြားလူတွေကို သူတို့အတွက် မျှော်လင့်ချက် ရှိပါတယ်လို့ ကျွန်မ သတိပေးနိုင်မှာပဲ။ ဒီမှာ ပျော်ရွှင်ဖို့ ဖြစ်နိုင်တယ်၊ အောင်မြင်ဖို့ ဖြစ်နိုင်တယ်ဆိုတာ ကျွန်မရဲ့ တပြည်တည်းသားတွေကို ပြလိုက်ချင်တာ။ ကျွန်မရဲ့ ရည်မှန်းချက်တွေ ကြီးမားလွန်းတာ သိပေမယ့် အဲဒါတွေကို အောင်မြင် ပေါက်မြောက်နိုင်လိမ့်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်။ ကျွန်မကိုယ်ထဲမှာ အကောင်းမြင်စိတ် အရိုးစွဲနေတာပါ။ အဲဒါ အမေ့ဆီက ရတာပဲ။ ဒီစိတ်လေးတခုကြောင့်ပဲ ကျွန်မတို့ ဒုက္ခတွေကျော်နင်းပြီး အခု တောင်ကိုရီးယားမှာ ဘဝသစ်တွေ ထူထောင်နေကြပြီ။

* * *

နိဂုံးစကား

၂၀၁၄ စက်တင်ဘာ။

၂၀၁၂ ဇူလိုင်လအတွင်း လေယာဉ်ပြေးလမ်းပေါ် နိမ့်ဆင်းလာတုန်း ကျွန်မ ပြတင်းပေါက် အပြင်ဘက်ကို ငေးကြည့်နေမိတယ်။ အပြင်ဘက်မှာ မှောင်စပျိုးနေပေမယ့် စိတ်ကူးထဲမှာသာ မြင်ယောင်ကြည့်ခဲ့ရတဲ့ ဒီတိုင်းပြည်ကို စူးစမ်းလေ့လာဖို့ အောင့်မထားနိုင်တော့ဘူး။ အမှောင်ရိပ်ကို ဖြတ်ပြီး နိမ့်ချည်မြင့်ချည်ဖြစ်နေတဲ့ ကွင်းတွေနဲ့ အိမ်တချို့ ပြန့်ကျဲနေတဲ့ ကျေးလက်ပိုင်းကို တွေ့နေရတယ်။ ကျွန်မ မျက်စိရှေ့မှာ မစ်ဆိုရီပြည်နယ်အတွင်း စပရင်းဖီးလ်လေဆိပ်ကလေး။ ဒါဆို ဒါဟာ အမေရိကန် ပြည်ထောင်စုပေါ့နော်။ ဒီနေရာမှာ ကျွန်မ စိတ်ပျက်သွားတယ်လို့ ဝန်ခံရမယ်။ ကျွန်မက မိုးထိတိုက်ကြီးတွေ မြင်ရမယ်လို့ ထင်ထားတာ။ အခုတော့ စပရင်းဖီးလ်က မြို့ဆိုးတခုလို ပါပဲလား။

ဒီကိုရောက်ဖို့ ခရီးရှည်ကို ဆိုးလ်မှစတင်ခဲ့တာပါ။ ဆိုးလ်ကနေ ရှီကာဂိုကို လေယာဉ်စီး၊ အဲဒီကမှ လေယာဉ်ပြောင်းစီးပြီး စပရင်းဖီးလ်ကို ရောက်လာတာ။ အခုတော့ အမေရိကန် ပြည်ထောင်စု အလယ်တကြောကို ကျွန်မ ရောက်လာခဲ့ပြီပေါ့။ ကျွန်မနဲ့ပါလာတဲ့ ကျောင်းသား နှစ်ယောက်နဲ့အတူ လေဆိပ်မှာ စောင့်နေကြတယ်။ သူတို့နှစ်ယောက်က ဘယ်လာရစ်ကပါ။ ကျောင်းကိုယ်စားလှယ်တွေ ရောက်လာတော့ ကျွန်မတို့ ကားပေါ်တက်ကြ။ ညက ပိန်းပိတ်အောင် မှောင်မည်းလို့။ ကျွန်မတို့ အိပ်ချင်မူးတူးနဲ့ ကျေးလက်ပိုင်းကို ဖြတ်သန်းလာကြ။ ဗိုက်ကလည်း ဆာလိုက်တာ။ လမ်းပေါ်မှာ နာရီဝက်လောက် ကြာပြီးတဲ့နောက် စားသောက်ဆိုင် တဆိုင်အရောက်မှာ ကျွန်မ ဟမ်ဘာဂါတခု မှာလိုက်တယ်။ ဟမ်ဘာဂါဖိုးကို ကျွန်မ ပေးရမှာ။ အဆန်းပဲနော်။ ကိုရီးယားမှာဆိုရင် ဧည့်သည်က ပိုက်ဆံ မပေးရဘူး။ အစစ အရာရာ အိမ်ရှင်တွေက ရှင်းသွားတာချည်းပဲ။ အဲဒါ ကျွန်မတို့ရဲ့ ရိုးရာထုံးစံလေ။ စားလို့ သောက်လို့ပြီးကြတဲ့အခါ ခရီးပန်းတိုင်ဖြစ်တဲ့ တက္ကသိုလ်ပရိဝုဏ်ရောက်တဲ့ အထိ ကားဆက်စီးလာကြတယ်။ အဲဒီနေ့က ခရီးပန်းပြီး ချက်ချင်း အိပ်ပျော်သွားရော။

မနက်မိုးလင်းတော့ ဗိုက်က ဆာလာပြန်တာနဲ့ စားစရာရှာရင်း ပတ်ဝန်းကျင်ကို လေ့လာဖို့ ကျွန်မ ထွက်လာခဲ့တယ်။ အဲဒီမှာ ဒီမြို့က ငယ်ငယ်လေးဖြစ်မှန်း သိရလို့ အံ့သြမိတာ။ ကွင်းတကွင်း အလယ်မှာ ကျွန်မ ရောက်နေတော့သလိုပဲရှင့်။ လမ်းတွေပေါ် လျှောက်သွားတော့ စတိုးဆိုင်တဆိုင်မှ မတွေ့ရဘူး။ လမ်းထောင့်တိုင်းမှာ မီနီမားကက်လေးတွေရှိတဲ့ ဆိုးလ်နဲ့များ ကွာလိုက်တာ။ ဒါပေမဲ့ ဖြတ်သွားဖြတ်လာလူတွေက ကျွန်မနဲ့ တွေ့တိုင်း ဖော်ဖော်ရွေရွေ နှုတ်ဆက်ကြတယ်ရှင့်။ ဒီကလူတွေ အတော် ဖော်ရွေကြတာပဲ။ အခု

ကျွန်မ အမေရိကန်ပြည်ထောင်စုကို တကယ် ရောက်နေပြီ။

ဒါဟာ ဆိုးလ်မှာ လပေါင်းများစွာ မက်ခဲ့တဲ့ အိပ်မက် တကယ်ဖြစ်လာတာပါ။ သူငယ်ချင်းတယောက် ပြောလို့ အမေရိကန်သံရုံးကတင်တဲ့ အွန်လိုင်းကြော်ငြာတခုကို လေ့လာကြည့်တယ်။ အမေရိကမှာ ပညာသင်ဖို့ ပညာသင်ဆု ကမ်းလှမ်းတဲ့ကြော်ငြာပါ။ တောင်ကိုရီးယားမှာ ကျောင်းသားတိုင်း နိုင်ငံခြားမှာ၊ အထူးသဖြင့် အမေရိကမှာ ပညာသွားသင်ဖို့ စိတ်ကူးယဉ်အိပ်မက် မက်ကြတယ်။ အမေရိကဆိုတာ ကိုရီးယားတွေ အသွားချင်ဆုံး တိုင်းပြည်ပဲ။ ကျွန်မကိုယ်တိုင်လည်း စိတ်ကူးယဉ်ခဲ့ တာပေါ့လေ။ အမေရိကန် လူနေမှုဘဝကို ကိုယ်တွေ့ကြုံချင်လို့။ ပြီးတော့ အသိဉာဏ်နယ်ပယ် ချဲ့တွင်ချင်လို့။ ကျွန်မ မြောက်ကိုရီးယားမှာ နေတုန်းကတောင် အမေရိကန်ကို စွဲခဲ့တာရှင့်။ ကျောင်းမှာတုန်းက အမေရိကကို ကျွန်မတို့ရန်သူလို့ သင်ခဲ့ရတာ။ အမေရိကန်တွေမှာ ရွှေရောင်ဖျော့ ဆံပင်၊ နှာခေါင်းကြီးကြီးနဲ့ မျက်လုံးစိမ်းစိမ်းတွေ ရှိတယ်လို့ ပြောကြတယ်။ ကျွန်မတို့အဖို့တော့ ‘လူဖြူ’ ဆိုရင် အမေရိကန်တွေပဲလို့ မှတ်တာ။ ဥရောပတိုက်သားတွေရှိမှန်း မသိဘူး။ မြောက်ကိုရီးယားမှာ အခုထိ ပြင်ပကမ္ဘာကို စွဲလမ်းနေကြတုန်း။ မြောက်ကိုရီးယားတချို့ အမေရိကန် တီဗီရှိုးတွေ ခိုးကြည့်ကြတယ်။ အဲဒီလိုကြည့်တာ အန္တရာယ်ကြီးမားပေမယ့် ပြင်ပ ကမ္ဘာကို ကြည့်ပြီး စိတ်ကူးယဉ်ရတာပေါ့ရှင်။ တကယ်တော့ တချို့လူတွေ မြောက်ကိုရီးယားက ထွက်ပြေးပြီး တရုတ်ပြည်ကတဆင့် ထိုင်းတို့၊ လာအိုတို့ သွားကြတာဟာ တောင်ကိုရီးယားထက် အမေရိကန်ပြည်ထောင်စုမှာ ခိုလှုံခွင့်ရချင်လို့ပဲ။ ကျွန်မ ပညာသင်ဆု လျှောက်တယ်ဆိုတာ အမေရိကန်ပြည်ထောင်စုကို ရောက်ဖူးချင်၊ ကြည့်မြင်ချင်တာလည်း ပါတယ်။ မြောက်ကိုရီးယားမှာ အခုထိ ရှိနေသေးတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေအကြောင်း နိုင်ငံတကာသိအောင် ပြောပြချင်တာလည်း ပါတယ်ရှင့်။

အမေရိကန်သံရုံးမှာ ကျွန်မကို အင်တာဗျူးလုပ်တော့ ကျွန်မ ဒီအတိုင်း ပြောပြလိုက်တယ်။ ကျွန်မ အမေရိကန်ပြည်ထောင်စုကို သွားချင်တာ ငွေရှာချင်လို့ မဟုတ်ဘူး။ အလုပ်လိုချင်လို့ မဟုတ်ဘူး။ အတွေ့အကြုံ ရချင်လို့။ ဝတ်မွတ်မှုကြောင့် မွေးရပ်မြေကို စွန့်ခွာလာခဲ့တဲ့အကြောင်း ကျွန်မ ပြန်ပြောင်း ပြောပြလိုက်တယ်။ အခုလည်း ကျွန်မမှာ မတူခြားနားတဲ့ ငတ်မွတ်မှုတခု ရှိနေတုန်းပါလို့ ပြောလိုက်တယ်။ ကမ္ဘာကြီးကို ကြည့်မြင်ချင်တဲ့ ငတ်မွတ်မှုပါ။ တခြားလူတွေနဲ့အတူ နေထိုင်ပုံ နေထိုင်နည်းကို ကျွန်မ သင်ယူချင်ပါတယ်။ သံရုံးအရာရှိတွေ မေးလိုက်တာတော့ အများကြီးပဲ။

လိုအပ်ချက်တခုက ကျွန်မကို TOEFL တက်ရမယ်တဲ့။ ကျွန်မ စိုးရိမ်တာ

တကယ်ဖြစ်လာပြီ။ စာမေးပွဲမှာ စိတ်ပျက်စရာ ကောင်းလောက်အောင် အမှတ်နည်းတယ်။ ပညာသင်ဆု ရဖို့ဆိုရင် အနည်းဆုံး အမှတ် ၆၀ ရရမှာ ဖြစ်ပေမယ့် ကျွန်မရတာ ၄၅ မှတ်တည်း။ အားယုတ်လိုက်တာ။ ကံကောင်းထောက်မလို့ သံရုံးက ကျွန်မကို နောက်ထပ် အခွင့် အရေးတခုပေးဖို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်မ အားပြန်တက်ပြီး အမှတ်ကောင်းအောင် ကြိုးစားတာပေါ့။

ထွက်ခွာမယ့်ရက်မတိုင်ခင် တလအလိုမှာ ကျွန်မဆီ ပညာသင်ဆု ရတယ်လို့ အကြောင်းကြားတယ် ရှင့်။ ကျွန်မအပါအဝင် မြောက်ကိုရီးယား ပြည်ပြေးသုံးယောက်ပဲ ရွေးချယ်ခံရတာ။ ပျော်လိုက်တာ၊ မိုးမမြင် လေမမြင်ပဲ။ အမေဆိုတာ 'ကျွန်မသမီး အမေရိက သွားတော့မှာ' လို့ လှည့်ကြွားလို့ကို မဆုံးတော့ဘူးရှင့်။

အဲဒါ ၂၀၁၂ ဇူလိုင်လအတွင်း မစ်ဆိုရီမှာ တနှစ်ကြာ ပညာသင်ဖို့ သွားခဲ့တဲ့အကြောင်းပါ။ ကျွန်မ အင်္ဂလိပ်စာ တိုးတက်အောင်လုပ်ရင်း စိတ်ပညာ သင်ယူနေပါတယ်။ တကယ်တော့ အနောက်ကမ္ဘာ ကို ရောက်ဖူးတာ ဒါ ပထမဆုံးအကြိမ် မဟုတ်ပါဘူး။ လွန်ခဲ့တဲ့လပိုင်းက ပါရီကို ရောက်ခဲ့ဖူးပြီ။ တပတ်ကြာခဲ့တယ်။ အခု ရှင့်လက်ထဲမှာ ကိုင်ထားတဲ့ စာအုပ်ရဲ့ ပြင်သစ်လို ထုတ်ဝေခြင်းကို ပြင်သစ်ဂျာနယ်လစ်တွေဆီ လက်ဆောင်သွားပေးတာပါ။ ကမ္ဘာကျော် အယ်လီဇေးလမ်းမကြီးနားက ဟိုတယ်ဟောင်းလေးတခုမှာ ကျွန်မ တည်းခိုတယ်။ ကျွန်မရဲ့ ခရီးသွား အစီအစဉ်ထဲမှာ အင်တာဗျူး တွေ တင်းကျမ်းပဲ။ ပြင်သစ်ဂျာနယ်လစ်တွေ မေးလိုက်တာများ စုံတကာစေ့လို့။ သူတို့ အရင်က မြောက်ကိုရီးယား လူမျိုးတယောက်ကို မမြင်ဖူးခဲ့ကြတော့ ကျွန်မကို စိတ်ဝင်စားကြတာပေါ့ရှင်။ မနက်စောစောပိုင်း တီဗီမှာတောင် ကျွန်မ ပါသေး။ ကဖေးဆိုင်တွေမှာ ကျွန်မတို့ အင်တာဗျူးလုပ်ပြီး စိန်းမြစ်နားမှာ ဓာတ်ပုံတွေရိုက်ကြတယ်။ အဲဒီအချိန်က ဆောင်းကုန်ခါနီးအချိန်။ မြစ်ကမ်း တလျှောက်မှာ လေအေးလေး တိုက်ခတ်လို့။ ဒါပေမဲ့ ကျွန်မကတော့ ကင်မရာတွေရှေ့မှာ တည်တည်ငြိမ်ငြိမ်ပါ။

ဒီ ခေတ်ဆန်လှတဲ့ သမိုင်းဝင်မြို့ကို ရောက်ပြီး အငတ်ဘေးအကြောင်း ပြောနေရတာ မဆန်းဘူး လား။ အတွေ့အကြုံအရ ရတတ်သမျှ ကျွန်မ သင်ယူပါတယ်။ ပြင်သစ်ဟင်းလျာ အကြောင်း မေ့ထားလို့ မဖြစ်သေးဘူး ရှင့်။ ကျွန်မကတော့ စားသောက်ဆိုင်တဆိုင် ရောက်တိုင်း ဟင်းလျာ အရသာတမျိုး မှာစားတာပဲ။ ပထမညမှာ နာမည်ကျော် ငန်းအသည်းဟင်း မြည်းစမ်းကြည့်တယ်။ ကျွန်မအဖို့ အားလုံး အဆန်းချည်းပဲ။ သိုးကလေး ပေါင်ထိပ်သားနဲ့ ပြင်သစ်ဒိန်ခဲတောင် မြည်းကြည့်လိုက်သေး။ ဒိန်ခဲပြာကို တယောက်က ကျွေးတော့

အားနာပါးနာ လက်ခံလိုက်ပေမယ့် မြင်လိုက်တာနဲ့ ကျွန်မမျက်နှာ ရှုံ့မဲ့သွားရော။ အဲဒါက မှိုတွေတက်နေပြီး အနံ့ကလည်း စူးစူးဝါးဝါးကြီး။ အဲဒါနဲ့ ကျွန်မ နည်းနည်းလေးပဲ စားကြည့်ကြိုက်သွားရော။ ကျွန်မ နှစ်ခါတောင် ထပ်စားလိုက်တယ်။ ကိုရီးယားတွေ ကင်ချီကြိုက်သလို ပြင်သစ်တွေ ဒိန်ခဲကြိုက်ကြ ထင်ပါရဲ့။ ပြီးတော့ ပြင်သစ်အချို့ပွဲကလည်း ကောင်းမှကောင်း။ အိဖဲလ်မျှော်စင်ရှေ့မှာလည်း ကျွန်မ ဓာတ်ပုံ ရိုက်ခဲ့သေးတယ်ရှင့်။ အဲဒီပုံကို ကျွန်မ သိပ်ကြိုက်တာ။ ဆိုးလ်ကို ပြန်ရောက်တော့ အဲဒီပုံကို ကျွန်မရဲ့ ဆဲလ်ဖုန်းမှာ နောက်ခံအဖြစ် ထည့်ထားလိုက်တယ်။ အမှတ်တရပေါ့ရှင်။

*

မစ်ဆိုရီမှာ ဝန်းကျင်အခြေအနေ သိပ်ကွဲပြားပေမယ့် ရက်တွေ ညောင်းလာတာနဲ့အမျှ ကျွန်မကို အမေရိက အလယ်ပိုင်းတကြောက ဆွဲဆောင်နေမှန်း သိလာတယ်။ အမေရိကကို တကယ်သိချင်ရင် ကျေးလက်ပိုင်း သွားရမယ်လို့ ကြားဖူးတာ တကယ်မှန်တာပဲ။ ကျေးလက်ပိုင်းက လူတွေ သိပ်ယဉ်ကျေးကြတာ။ သူတို့ ရင့်အတွက် အမြဲတမ်း တံခါးဖွင့်ပေးထားကြတယ်။ ဒါမျိုး ကိုရီးယားမှာ မရှိဘူး။ ဒီဖော်ရွေမှုကို အနောက်ယဉ်ကျေးမှုရဲ့ လက္ခဏာသွင်ပြင်တခုအဖြစ် ကျွန်မ လေးစားမိရဲ့။ ညှာတာမှုမရှိတဲ့ လူတွေလည်း ရှိတော့ရှိတာပေါ့။ လူမျိုးရေးခွဲခြားတဲ့ ကားသမားတွေ စော်ကားတာ ကျွန်မ နှစ်ကြိမ် ခံရဖူးတယ်ရှင့်။ ဒါပေမဲ့ သူတို့က ခြွင်းချက်ပါ။ ဒီမှာ ကမ္ဘာ့အရပ်ရပ်က လူတွေနဲ့ အပေါင်းအသင်း လုပ်နိုင်တယ်။

အမေရိကန်လူ့အဖွဲ့အစည်းဟာ လူမျိုးပေါင်းစုံပါဝင်တဲ့ လူ့အဖွဲ့အစည်းကြီးပါ။ ကျွန်မ မိတ်ဆွေ တယောက်ရဲ့ကားနဲ့ ဝေါလ်မတ်မှာ မကြာမကြာ ဈေးသွားဝယ်ကြတယ်။ အဲဒီမှာ ကုန်ပစ္စည်းတွေ မြင်ရတာနဲ့ကို ကျွန်မ သွားရည်ယိုနေပြီ။ အငတ်ဘေးက လွတ်မြောက်လာခဲ့သူ ဆိုတော့ စားစရာ မြင်ရင် ဟန်မဆောင်နိုင်ဘူးရှင့်။ ဈေးနှုန်းကလည်း တောင်ကိုရီးယားမှာထက် ချိုတယ်။ ကျွန်မတို့ စားစရာတွေ ဝယ်ပြီး အဆောင်ထဲမှာ ပါတီပွဲလေး ကျင်းပကြတာ။ ထိုင်းအစားအစာနဲ့ အာရပ် အစားအစာတွေလည်း စားဖူးနေပြီ။ ဆော်ဒီမိတ်ဆွေတွေက ကျွန်မကို ကက်ပ်ဆာ (ထမင်းနဲ့ ကြက်သား) ကျွေးကြတယ်ရှင့်။ ကျွန်မ သိပ်ကြိုက်တာ။ အမေရိကမှာနေတုန်း ကိုယ်အလေးချိန် တက်လာလိုက်တာ ကျွန်မဖြင့် ဘုတ်ထိုင်းလေးကို ဖြစ်လို့။

အရာရာတိုင်းဟာ ကျွန်မအတွက် အသစ်ဆန်းချည်း ဖြစ်နေတော့တာပါ။ စစချင်းမှာ တရုတ်မလေး တယောက်နဲ့အတူ တခန်းတည်း နေရတယ်။ မိသားစုပြင်ပက လူတယောက်နဲ့အတူ တခန်းတည်း အိပ်ဖူးတာ ဒါ ပထမဆုံးပဲ။ အစပိုင်းမှာ သိပ်မလွယ်ဘူးရှင့်။ သူက သိပ်ဟောက်တာကိုး။ နောက်မှ တဖြည်းဖြည်း

ကျင့်သားရသွားတာ။

ကျွန်မ လျှောက်လည်းလည်ခဲ့သေးတယ်ရှင့်။ ငွေကုန်ကြေးကျများပေမယ့် ဒီတိုင်းပြည်ကြီးကို ကျွန်မ စူးစမ်းလေ့လာကြည့်ချင်လှတယ်။ နယူးယောက်စီးတီးကို သွားချင်တယ်။ အဲဒါ ကျွန်မ သွားလည်ဖို့ အမြဲတမ်း စိတ်ကူးယဉ်ခဲ့ရတဲ့ မြို့ကြီးလေ။ တခါတခါ နယူးယောက်စီးတီးက ကဖေးဆိုင်တဆိုင်မှာ ကော်ဖီတခွက်လောက် ထိုင်သောက်ချင်စိတ် ပေါ်လာမိတယ်။ စိတ်ကူးထဲမှာ အင်မတန် ခေတ်မီ တိုးတက်နေတဲ့ မြို့ကြီးကို မြင်အောင် ကြည့်ခဲ့မိတာ အကြိမ်ကြိမ်ပေါ့။ ကျွန်မ တကယ် ရောက်သွားတော့ စိတ်ကူးထဲမှာ မြင်အောင် ကြည့်ခဲ့မိတာနဲ့ တခြားစီပါလား။ ဒီမြို့ကြီးက ခရီးသည်တွေ ခေတ်ကျတဲ့နေရာပဲ။ အဆောက်အအုံတွေ ပူးကပ် ကျပ်ညပ်နေလိုက်တာ အသက်ရှူတောင် ကျပ်တယ်။ နယူးယောက်စီးတီးထက်စာရင် ရှီကာဂိုကို သဘောကျတယ်။ နယူးယောက်စီးတီးလို မမွမ်းကျပ်ဘူး။ အတော့်ကို အဆင့်အတန်းမြင့်တဲ့ မြို့ပဲ။

ကျွန်မရဲ့ပညာရေးအကြောင်း ပြောပြရရင် လုပ်ရကိုင်ရတာ အတော် ခက်ခဲတယ်။ မနည်းကြီး ကြိုးစားရတာ။ သုံးလလောက် ကြာအောင် တနေ့ လေးနာရီနှုန်းနဲ့ အင်္ဂလိပ်စာသင်တန်း တက်ရတယ်။ ပြီးတော့မှ စိတ်ပညာအတန်းတွေ တက်ရတာ။ အဲဒါက အင်္ဂလိပ်လိုချည်း သင်လို့ ကျွန်မအဖို့တော့ စိန်ခေါ်မှုအသစ်ပါပဲ။ ကျွန်မ ဂရုတစိုက် သင်ယူပေမယ့် တခါတလေ ပါမောက္ခ ပြောတာရဲ့ တဝက်လောက်ပဲ နားလည်တယ် ရှင့်။ အပတ်စဉ် အက်ဆေး ရေးရတာလည်း ကျွန်မအဖို့တော့ ခက်တာပဲ။ ဘယ်လောက်ပဲ ကြိုးစားပြီး ရေးပေမယ့် ‘စီ’ အဆင့်က မတက်ဘူး။ အမေရိကန်ကျောင်းသားတွေက ကျောင်းစရိတ်ရအောင် အချိန်ပိုင်း အလုပ်လုပ်ကြတယ်။ အင်မတန် လေးစားစရာပါ။ မကြာခဏ ညည်းတွားနေတဲ့ တောင်ကိုရီးယား ကျောင်းသားတွေ နမူနာ ယူသင့်တယ်။

အတန်းတတန်းမှာ ကျွန်မတို့ကျောင်းသားတွေ ကိုယ့်နိုင်ငံအကြောင်း ကိုယ်ပြောရတယ်ရှင့်။ ကျွန်မက မြောက်ကိုရီးယားအကြောင်း ပြောရတာပေါ့။ အတန်းထဲမှာ ကျွန်မရဲ့ဇာတိနိုင်ငံအကြောင်း ကောင်းကောင်းသိသူ တယောက်မှ မပါဘူး။ ကျွန်မက ကျွန်မကြုံတွေ့ခဲ့ရတဲ့ စိန်ခေါ်မှုတွေ အကြောင်း ပြောပြတော့ သူတို့ ကျွန်မကို လေးလေးစားစား ဆက်ဆံလာကြတယ်။ အထူးသဖြင့် ကျွန်မရဲ့ အမေရိကန် အခန်းဖော်က ကျွန်မအကြောင်းကို ပိုပြီး စိတ်ဝင်စားတယ်ရှင့်။ ကျွန်မ စာအုပ်တအုပ် ရေးထားတာ သူသိတယ်။ ဒါပေမဲ့ ပြင်သစ်လိုပဲဆိုတော့ သူ မဖတ်နိုင်။ အခု အင်္ဂလိပ်လို ထွက်လာပါပြီ။

*

မြောက်ကိုရီးယားတွေအပေါ် စာနာစိတ်ထားကြတာ လူတိုင်းတော့ မဟုတ်ဘူး။ တောင်ကိုရီးယား ကျောင်းသားတွေက ကျွန်မရဲ့ဇာစ်မြစ်ကို သိသွားတဲ့အခါ ခပ်ဖယ်ဖယ်လုပ်ကြတယ်။ တောင်ကိုရီးယားမှာ မြောက်ပိုင်းဟာ 'ရန်သူ' ဖြစ်နေတုန်းပဲ။ မြောက်ကိုရီးယား သူလျှိုတွေကို ကြောက်တဲ့ အကြောက်ကလည်း တောင်ကိုရီးယားမှာ အမြဲတမ်း ရှိနေတယ်။

ကျွန်မကိုယ် ကျွန်မတော့ ကိုရီးယားတယောက်လို့ပဲ ယူဆထားတာပါ။ ကျွန်မ ဘယ်ကလဲလို့ သူများတွေမေးတိုင်း 'ကျွန်မ ကိုရီးယားကပါ' လို့ ဖြေတာချည်းပဲ။ 'မြောက်လား၊ တောင်လား' လို့မေးရင် 'နှစ်ခုစလုံး' လို့ ပြန်ပြောလိုက်တယ်။ ဒါဟာ ဖြစ်နိုင်ခြေရှိသမျှ အကောင်းဆုံးအဖြေလို့ ကျွန်မထင်တယ်။ ကျွန်မ ကိုရီးယားကျွန်းဆွယ်အခြေအနေကို ကမ္ဘာကြီးသိအောင် လုပ်ချင်တယ်။ ဒါမှ ကျွန်မလူမျိုးတွေရဲ့ ဒုက္ခကို မေ့မနေကြမှာ။ ဒီစာအုပ်ကို ရေးတာ အဲဒီရည်ရွယ်ချက်ကြောင့်ပဲ။ ဒီပြဿနာအပေါ် ကမ္ဘာကြီး မျက်စိဖွင့်ကြည့်အောင် လုပ်ဖို့ဆိုရင် အင်္ဂလိပ်လို ပြောတတ်ဖို့ လိုတယ်။

အမေရိကန်ပြည်ထောင်စုမှာ နေလိုက်တာ ကျွန်မရဲ့ ဂ်လိပ်စာ အတော် တိုးတက်လာပေမယ့် သိပ်အကောင်းကြီးတော့ မဟုတ်သေးဘူး။ ၂၀၁၃ မေလမှာ ကျွန်မ ဆိုးလ်ကို ပြန်လာပြီး မကြာခင် အင်္ဂလိပ်စာစွမ်းရည် စမ်းသပ်ဖို့ အခွင့်ကြုံလာရော။ နွေရာသီမှာ လန်ဒန်က ကျွန်မကို ဖိတ်ကြားလာ တယ်။ စကင်ဒီနေဗီယန် တီဗီအစီအစဉ်မှာ စကားပြောဖို့၊ ဒီစာအုပ်ကို နော်ဝေလို ထုတ်ဝေပြီးနောက် ကျွန်မကို ဖိတ်ကြားလာတာ။ ကျွန်မ ရင်တော့ အထိတ်သား။ ကျွန်မက ကြယ်ပွင့်ကြီးတွေ ပြောပြီးရင် ပြောရမှာ။ အစီအစဉ် တင်ဆက်သူက ကျွန်မကို အင်္ဂလိပ်လို ပြောစေချင်တယ်။ ထုတ်လုပ်သူက ကျွန်မရဲ့ အင်္ဂလိပ်စာအဆင့်အတန်းကို ဖုန်းထဲမှာ စမ်းသပ်တယ်။ ကျွန်မ ချီတုံချတုံ ဖြစ်ပြီး နည်းနည်း စိတ်ပူမိတယ်။ ခါတိုင်းက ကျွန်မ စကားပြန်နဲ့ ပြောခဲ့တာချည်းပဲ။ အခုဟာ ကတော့ ပရိသတ်ရှေ့မှောက်မှာ ပြောဖို့ အထူးအခွင့်အရေးပါ။ ဒါပေမဲ့ နောက်ဆုံးမှာ ဖိတ်ကြားချက်ကို ကျွန်မ လက်ခံလိုက်တယ်။ ချီတုံချတုံ ဖြစ်နေတဲ့ကြားက လန်ဒန်ကို ကျွန်မ ထွက်လာခဲ့တယ်။

နော်ဝေထုတ်လုပ်သူတွေက ကျွန်မကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြတယ်။ ပြောမယ့်နေ့မှာ လူတိုင်းက အားပေးကြတယ်။ ကျွန်မ စိုးရိမ်ပူပန်နေတာ အသိသာကြီး။ စကင်ဒီနေဗီယန် ရော့ခ်စတား တချို့က အညတရ အခြေအနေကနေ သူတို့ အောင်မြင်ကျော်ကြားလာပုံကို ပြောပြကြ တယ်။ အဲဒီနောက် မျက်လုံးစိမ်းစိမ်းနဲ့ လူထွားကြီးတယောက် စကားစပြောတယ်။ အဲဒါ ကမ္ဘာကျော် အင်္ဂလိပ်လူမျိုး အဆိုတော် စတင်းတဲ့ရှင့်။

ကျွန်မ သူ့သီချင်းတွေ နားမထောင်ဖူးဘူး။ ငယ်သေးလို့လည်း ဖြစ်မယ်။

သူ့သီချင်းအမျိုးအစားကို မြောက်ကိုရီးယားမှာ ပိတ်ပင်ထားလို့လည်း ဖြစ်မယ်။ အစီအစဉ် တင်ဆက်သူက စတင်းကို သိသလားလို့ မေးတော့ ပွဲမစခင် သူ့အတ္ထုပ္ပတ္တိကို ဂူးဂဲလ်မှာ ကြည့်ထားတယ်လို့ ပြောလိုက်တယ်။ ပရိသတ်ဆိုတာ ရယ်လိုက်ကြတာ။ အွန်ဒီအုတ်မှာ နေထိုင်ခဲ့ရတဲ့ ကျွန်မဘဝအကြောင်းကို ပြောပြလိုက်တယ်။ စစချင်းမှာ ပြောရတာ ကြောက်နေတယ်။ ကျွန်မပြောတဲ့ အင်္ဂလိပ်စကားက လည်း ထော့ကျိုး ထော့ကျိုးနဲ့။ နောက်တော့ တဖြည်းဖြည်းနဲ့ အရှိန်ရလာပြီး မကြောက်တော့ဘူး။ ကြောက်စိတ်ကို မေ့သွားရော။ ကျွန်မဘဝအကြောင်းကို နိုင်ငံခြားဘာသာစကားတခုနဲ့ ပြောတာ ဒါ ပထမဆုံးအကြိမ်ပါ။ လူတိုင်း စိတ်ဝင်တစား နားထောင်နေကြတယ်။ အဖေသေတဲ့အကြောင်း ပြောနေတုန်း ကျွန်မ ဈာန်ဝင်သွားလိုက်တာ။ ကျွန်မ ဘယ်တော့မှ ပြန်မရောက်နိုင်တော့တဲ့ အဖေ့သင်္ချိုင်း အကြောင်းလည်း ပါတယ်။ ပြောရင်း ပြောရင်း မျက်ရည်တွေ ပါးနှစ်ဖက်ပေါ် စီးကျလာလိုက်တာ။ ကျွန်မပြောပြီးတော့ ပရိသတ်က ဩဘာ ပေးကြတယ်။ စတင်းလည်း ကျွန်မဆီ ရောက်လာပြီး စကားပြောတယ်။ သူနဲ့ ကျွန်မ တွဲပြီး ဓာတ်ပုံရိုက်ကြတယ်။ ရက်ပိုင်းအကြာမှာ ကျွန်မ သတင်းရတယ်။ ကျွန်မစာအုပ်က နော်ဝေမှာ ရောင်းအကောင်းဆုံး စာရင်းဝင်တယ်တဲ့။

လန်ဒန်ကနေ ဆိုးလ်ကို ပြန်လာပြီးနောက် ဆိုဂန်းတက္ကသိုလ်က ကျွန်မ ဘွဲ့ရပါတယ်။ ဒါပေမဲ့ ခက်ခဲတဲ့အပိုင်းက အခုမှ စတာ။ ကျွန်မနှစ်သက်တဲ့ အလုပ်တခု ရှာရမယ်။ ဒါမှ အိုကြီးအိုမနဲ့ အခုထိ အလုပ်လုပ်နေရသေးတဲ့ အမေ့ကို ကူညီနိုင်မှာ။ ကျွန်မရဲ့ ရည်မှန်းချက်ပန်းတိုင်က ကလေး စိတ်ပညာရှင်တယောက် ဖြစ်ဖို့။ အဲဒီအတွက် မဟာဘွဲ့တခုယူဖို့ အမေရိကန်ပြည်ထောင်စုကို ပြန်သွားချင်တယ်။ ဒါပေမဲ့ အရင်ဆုံး အင်္ဂလိပ်စာ တိုးတက်အောင် လုပ်ရမယ်။ ပညာသင်ဆု လျှောက်ရမယ်။

ကျွန်မ ဒီစာအုပ်ရေးတဲ့ ရည်ရွယ်ချက်က အကြွင်းမဲ့ အာဏာရှင်စနစ် ဖိနှိပ်ခြင်း ခံနေရတဲ့ မြောက်ကိုရီးယားက ကျွန်မလူမျိုးတွေရဲ့အခြေအနေကို ကမ္ဘာက သိစေချင်လို့ပါ။ ဒါကြောင့် အခု ဆိုးလ်အခြေစိုက် NGO တခုမှာ ကျွန်မ ပါဝင်လုပ်ကိုင်နေပါတယ်။ မြောက်ကိုရီးယား လူ့အခွင့်အရေး အတွက် နိုင်ငံသားများ မဟာမိတ်အဖွဲ့ NKHR က ကမ္ဘာ့ခေါင်းဆောင်တွေကို ၃၈ မျဉ်းပြိုင် မြောက်ဘက် ကိုရီးယားကျွန်းဆွယ်ရဲ့ ကံကြမ္မာကို ပြောင်းပစ်ဖို့နဲ့ ဆိုးလ်မှာ ခိုလှုံနေကြတဲ့ မြောက်ကိုရီးယား ပြည်ပြေးတွေကို ကူညီကြဖို့ ဆော်ဩစည်းရုံးနေပါတယ်။ ဒီ NGO အလုပ်နဲ့ ကျွန်မ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် မာဇူကီ ဒါရုစ်မန်နဲ့ တွေ့ဖို့ ဂျကာတာကို သွားရတယ်။ ဒီ အင်ဒိုနီးရှားသံတမန်က ကင်ဂျုံအန်အစိုးရ ကျူးလွန်ထားတဲ့ ရာဇဝတ်မှုတွေ အကြောင်း အစီရင်ခံစာ တင်ပြဖို့ တာဝန်ရှိသူပါ။ ဒီ နိုင်ငံတကာ ကြိုးပမ်းမှုတွေက သူ့နယ်စပ်စည်းထဲ

ကုလသမဂ္ဂ စစ်ဆေးသူတွေကို အဝင်မခံတဲ့ အာဏာရှင်လေးရဲ့ ခေါင်းမာမှုနဲ့ ထိပ်တိုက်တွေ့ခဲ့ကြ တယ်။ ဒါပေမဲ့ တနေ့ကျရင် ဒီ နိုင်ငံတကာ ကြိုးပမ်းမှုတွေ အောင်မြင်မယ်၊ ကင်မင်းဆက် ပြိုလဲသွားလိမ့်မယ်လို့ ကျွန်မ ယုံကြည်ထားပါတယ်။

အခု ဒီစာအုပ်ရဲ့နောက်ဆုံးစာကြောင်းတွေ ရေးနေရင်း သတိရလိုက်တာ တခုရှိတယ်။ အွန်ဒီအုတ်မှာ နေခဲ့တုန်းက ကျွန်မတို့အဆောက်အအုံ ပထမထပ်မှာ သားသည်အမေလေး တယောက် နေတယ်ရှင့်။ အငတ်ဘေး ဆိုးသထက် ဆိုးလာချိန်မှာ သူ့ကလေးကို ကျွေးဖို့မွေးဖို့ အခက်တွေ့လာတာပေါ့။ နောက်ဆုံး ကလေးကို ရေတောင် ဝအောင် မတိုက်နိုင်တော့ဘူး။ ဒါနဲ့ ကလေးသေသွားရော။

အဲဒီကလေးလို ကျွန်မဖြစ်နိုင်ခဲ့တာ။

အဲဒီလိုမဖြစ်ဘဲ အိပ်မက်တွေ အကောင်အထည် ဖော်ဖို့ ခွန်အားတွေ ရလာတဲ့အတွက် ကျွန်မ ကံကောင်းတာပေါ့။

အနာဂတ်အတွက် ရည်မှန်းချက်တွေထဲမှာ ကျွန်မ တယောက်တည်း အကောင်အထည် ဖော်လို့ မရတာ တခ ုရှိတယ်။ အဲဒါကတော့ အာဏာရှင် မင်းဆိုးမင်းညစ်လက်အောက်မှ လွတ်ကင်းတဲ့ ကျွန်မရဲ့ မြောက်ပိုင်းက ပြည်သူတွေကို တွေ့ဖို့ပဲ။ ဒါကို ဖြစ်အောင်လုပ်ဖို့ မြောက်ကိုရီးယားမှာ လတ်တလော ဖြစ်ပျက်နေတဲ့ ရင်တုန်ပန်းတုန် အနိဋ္ဌာရုံတွေကို တကမ္ဘာလုံးက မျက်လုံး ဒေါက်ထောက် ကြည့်နေရမယ်။ ကျွန်မတို့တိုင်းပြည်ကို ကင်မင်းဆက်က ကမ္ဘာကြီးနဲ့ ခြားထားတော့ ကမ္ဘာကြီးအနေနဲ့ ကျွန်မတို့ကို မေ့သွားတော့တာပေါ့။ ဒီစာအုပ်က ကျွန်မတို့ခံစားနေရတဲ့ ဒုက္ခတွေ၊ ဒီအစိုးရလက်ချက်ကြောင့် ဖြစ်ပေါ်နေတဲ့ ကြေကွဲစရာ ဖြစ်ရပ်တွေကို ကမ္ဘာကြီးသိအောင် နည်းနည်းလောက်ပဲဖြစ်ဖြစ် ဆောင်ရွက်လိုက်နိုင်တယ်ဆိုရင် ကျွန်မရဲ့ကြိုးပမ်းမှု အဟောသိကံ မဖြစ်ဘူးပေါ့ရှင်။

စိန်ဝင်းစိန်

၂၃. ၃. ၂၀၁၇

Whisper Of Words